# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက် | ၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၅ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၅၉)၊ အမှတ် (၃၀၇)


**မိတ်ဆွေကောင်းနှင့်ပေါင်းသင်း**

မိတ်ဆွေဟူသည် မိတ်ဆွေကောင်း၊ မိတ်ဆွေညံ့ဟူ၍ နှစ်မျိုးရှိရာ မိတ်ဆွေကောင်းတို့ကို ပေါင်းသင်းဆက်ဆံ ဆည်းကပ်ရာ၏။ ထိုမိတ်ဆွေကောင်းတို့အား ပေါင်းသင်း ဆက်ဆံ မှီဝဲဆည်းကပ်ခြင်းဖြင့် မိမိအတွက် အကျိုးများရာ၏။ မိတ်ဆွေကောင်းအပေါ် ယုတ်ညံ့သောစိတ်ဖြင့် မပြစ်မှားရာ။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၇၈)

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

## ရေနံစူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော် စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့်အတည်ပြုရန် သဘောမတူသူမရှိသည့်အတွက် အတည်ပြုဆက်လက်ဆောင်ရွက်သွားမည်

နေပြည်တော် ဩဂုတ် ၄

**ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။**

အစည်းအဝေးတွင် လက်ပံတန်း မဲဆန္ဒနယ်မှ ဦးကျော်မင်း၏ လက်ပံတန်းမြို့နယ် မကျီးကွင်းကျေးရွာ အုပ်စုပိုင် စားကျက်မြေ (၁၆၃ ဒသမ ၆၂) ဧက စားကျက်မြေ အားလုံးကို တည်ဆဲဥပဒေများနှင့် ညီညွတ်ခြင်းမရှိဘဲ ပယ်ဖျက်ခဲ့သည့်အတွက် မည်သို့ ပြန်လည်ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ပြည်ထောင်စု အစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်မြင့်က ၂၀၂၀ ပြည့်နှစ် ဇွန် ၂၈ ရက်တွင် လက်ပံတန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးရုံး၌ ညှိနှိုင်းဆွေးနွေး သဘောတူဆုံးဖြတ်ချက်အရ မိုးပုလဲဖြူ ကုမ္ပဏီ(ယခင် မဏိကမ္ဘာကုမ္ပဏီ)က လက်ရှိလုပ်ကိုင်နေသော ဧရိယာ ၉၁ ဒသမ ၅၅ ဧကအနက်မှ ၅၁ ဒသမ ၅၅ ဧကအား ဒေသဖွံ့ဖြိုးရေးအတွက် ပြန်လည်သုံးစွဲနိုင်ရန် ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့သို့ ပြန်လည်အပ်နှံသွားမည် ဖြစ်ပါကြောင်း၊ အဆိုပါ နုတ်ပယ်ခွင့်ပြုပြီး စားကျက်မြေ ဧရိယာ ၁၆၃ ဒသမ ၆၂ ဧကအနက် အခြားမြေ ၂၀ ဒသမ ၁၆ ဧကသည် လက်ရှိမြေပြင်တွင် လမ်းမြေ ၄ ဒသမ ၀၅ ဧက၊ အိုင်မြေ ၁ ဒသမ ၈၆ ဧက၊ ရိုးမြေ ၆ ဒသမ ၅၄ ဧကနှင့် ကျန်အခြားမြေ ၇ ဒသမ ၇၁ ဧကတို့အား အသုံးချဆောင်ရွက်ထားရှိရာ အဆိုပါ အခြားမြေ ၂၀ ဒသမ ၁၆ ဧကအနက် လမ်းမြေ ၄ ဒသမ ၀၅ ဧကကို ချန်လှပ်၍ စုစုပေါင်း ၁၆ ဒသမ ၁၁ ဧကကို ကျွဲ၊ နွားများ လွတ်ကျောင်း မွေးမြူနိုင်ရန်အတွက် စားကျက်မြေအဖြစ် ပြန်လည် သတ်မှတ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

သပိတ်ကျင်း မဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်နိုင်၏ သပိတ်ကျင်းမြို့နယ်အတွင်း အုန်းဇုန်းကျေးရွာအုပ်စုနှင့် ချောင်းကြီးကျေးရွာအုပ်စု (၂)ခု၏ အုပ်စုခြားနယ်နိမိတ် သတ်မှတ်ပေးရန်နှင့် သပိတ်ကျင်းမြို့နယ်နှင့် စဉ့်ကူးမြို့နယ် (၂)ခုကြား တိကျသော မြို့နယ်ခြားနယ်နိမိတ်သတ်မှတ်ပေးရန်ကိစ္စအား သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးတင်မြင့်က ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၁ ရက်တွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်အုပ်ချုပ်ရေးမှူးများ၊ နှစ်ဖက်မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့် မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းဦးစီးဌာနမှူးများ၊ ခရိုင်နှင့် မြို့နယ်သစ်တောဦးစီးမှူးများ ပါဝင်သော အဖွဲ့ဖြင့် ထပ်မံကွင်းဆင်းခဲ့ရာတွင် ပဏာမကွင်းဆင်းစစ်ဆေးသတ်မှတ်ထားသည့် မြို့နယ်ခြား နယ်နိမိတ် သတ်မှတ်ချက်များအပေါ် ဒေသခံများက လက်ခံနိုင်ခြင်း မရှိသည်ကို သိရှိရပါကြောင်း၊ မြို့နယ်ခြားနယ်နိမိတ်ကို အဆိုပါအတိုင်း သတ်မှတ်မည်ဆိုပါက မလိုလားအပ်သော အငြင်းပွားမှုများ ဖြစ်ပေါ်လာနိုင်သည့်အတွက် နှစ်ဖက်မြို့နယ်မှ သက်ဆိုင်ရာဌာနများမပါဝင်ဘဲ တိုင်းဒေသကြီးအဆင့်မှ ကျွမ်းကျင်ပညာရှင်များ ပါဝင်သည့်အဖွဲ့ဖြင့် အဆင့်မြင့်တိုင်းတာရေးစက်များ အသုံးပြုတိုင်းတာနိုင်ရေးအတွက် ညှိနှိုင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

စာမျက်နှာ ၇ ကော်လံ ၁ ✻






ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပစဉ်။

သတင်းစဉ်


ကိုဗစ်–၁၉ ရောဂါကို လက်ပူတိုက်ဖြေရှင်းနိုင်မည့် နည်းလမ်းမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော စာ ၁၃

COVID – 19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၄–၈–၂၀၂၀) ရက်နေ့၊ ည(၈:၀၀) နာရီ စာ ၁၆



KBZ BANK

(6) CONSECUTIVE YEARS

'BANK OF THE YEAR IN MYANMAR 2018'

Awarded by Financial Times (The Banker)

မြန်မာ့အလင်း

# စားသုံးသူတိုင်း အခွင့်အရေးရှိ

လူတိုင်းလူတိုင်း စားသုံးသူများဖြစ်ကြသည်။ လူတိုင်းလူတိုင်းသည် နေ့စဉ်နှင့်အမျှ မိမိတို့စားသောက်မှု၊ ဝတ်ဆင်မှု၊ နေထိုင်မှု၊ ရှင်သန်မှု၊ ပျော်ရွှင်မှု စသည် စသည်တို့အတွက် လိုအပ်သမျှသော ကုန်ပစ္စည်းများနှင့် ဝန်ဆောင်မှုများတို့ကို မိမိတို့ကိုယ်တိုင် ထုတ်လုပ်နိုင်သည် မဟုတ်ရာ ဈေးကွက်တင်ရောင်းချနေသည့် ကုန်စည်များကို ဝယ်ယူစားသောက်သုံးနေကြရသလို မိမိတို့အတွက် လိုအပ်သည့်ဝန်ဆောင်မှုအမျိုးမျိုးတို့ကိုလည်း အခကြေးငွေပေး၍ ရယူကြရသည်။ ယင်းသို့ အခကြေးငွေပေးကာ ဝယ်ယူကြရသည့် ကုန်စည်များနှင့် ဝန်ဆောင်မှုများအတွက်လည်း စားသုံးသူအခွင့်အရေး အပြည့်အဝခံစားခွင့်ရှိရမည် ဖြစ်သည်။

စားသုံးသူအခွင့်အရေးများ အပြည့်အဝရရှိနိုင်စေရေး အပါအဝင် စားသုံးသူကာကွယ်ရေး၊ ဘေးအန္တရာယ်ကင်းရှင်းရေး စသည့်ရည်ရွယ်ချက်များဖြင့် စားသုံးသူကာကွယ်ရေးဥပဒေကို ၂၀၁၉ ခုနှစ် မတ်လ ၁၅ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းခဲ့ရာ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် မိမိတို့၏ ကုန်စည် သို့မဟုတ် ဝန်ဆောင်မှုတို့ကို ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ ထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်း၊ ရောင်းချခြင်း၊ ဝန်ဆောင်မှုပေးခြင်းတို့ပြုလုပ်ရန် လိုအပ်သည်။ ဥပဒေပါတားမြစ်ချက်များအနက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက ထောင်ဒဏ်၊ ငွေဒဏ်နှင့် ဒဏ်နှစ်ရပ်စလုံး စသည်ဖြင့် ပြစ်မှုနှင့် သင့်လျော်သည့် ပြစ်ဒဏ်တစ်ခုခုကို ချမှတ်ခံကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံဈေးကွက်အတွင်း ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်းစနစ်ဖြစ်စေရေးနှင့် စပ်လျဉ်း၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအဌမနေ့တွင် မေးမြန်းဖြေကြားဆွေးနွေးခဲ့ရာ စားသုံးသူများရော၊ စီးပွားရေးလုပ်ငန်းရှင် (ရေသန့်လုပ်ငန်းရှင်) များပါ ဂရုပြုလေ့လာမှတ်သားကြရန်နှင့် ဈေးကွက်အတွင်း ရောင်းချသည့် သောက်ရေသန့်များအားလုံး ကျန်းမာရေးနှင့်ညီညွတ်စေရေးအတွက် အားလုံးကအလေးထားကြရန်အတွက် တိုက်တွန်းနှိုးဆော်လိုသည်။ မြန်မာနိုင်ငံတွင် တရားဝင်မှတ်ပုံတင်ထားသော ရေသန့်လုပ်ငန်း ၂၀၀၀ ခန့် ရှိနေသည်ဟု သတင်းများတွင် တွေ့ရှိရသော်လည်း တရားမဝင်၊ မှတ်ပုံမတင်ဘဲ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချနေသည့် ရေသန့်မည်မျှရှိမည်ကို မည်သူမျှမသိနိုင်။

မသန့်ရှင်းသော ရေဘူးများ၊ အမှုန်အနည် အနံ့ဆိုးပါနေသည့် ရေများ၊ သိုလှောင်မှု၊ သယ်ဆောင်မှုတို့ သန့်ရှင်းမှုမရှိ၊ စနစ်မကျသည့် ရေသန့်ဘူးများက မြို့ကြီးများတွင်ရော အနယ်နယ်အရပ်ရပ် ဒေသအနှံ့အပြားတို့တွင် ရှိနေသည်။ တစ်ခေတ်တစ်ခါက တွင်းရေ၊ ကန်ရေ၊ မြစ်ရေ၊ ချောင်းရေတို့ကို အဓိကထားသောက်သုံးခဲ့ကြသော်လည်း ဒေသအနှံ့အပြားတွင် ရေသန့်လုပ်ငန်းများပေါ်ပေါက်လာပြီး ရေသန့်ယဉ်ကျေးမှု ထွန်းကားလာသည်နှင့်အမျှ ကျေးလက်ရော မြို့ပြတွင်ပါ ရေသန့်ကို သုံးစွဲလာကြခြင်းဖြစ်သည်။ သို့ရာတွင် သာမန်ရေထက် အဆများစွာ တန်ဖိုးပေးဝယ်ယူသောက်သုံးကြရသည့် ရေသန့်များမှာ သတ်မှတ်ထားသည့် စံချိန်စံညွှန်းများ မီရေး၊ သန့်ရှင်းမှုအတွက် အာမခံချက်ရှိရေး၊ ကျန်းမာရေးနှင့်ညီညွတ်ရေးတို့အတွက်မူ တိတိကျကျမရှိကြသည်က များသည်။

ဥပဒေအရ စားသုံးသူတိုင်းတွင် အခွင့်အရေးရှိသည်။ ကုန်ပစ္စည်း ဝန်ဆောင်မှုအပေါ် စိတ်ကျေနပ်မှု၊ ဘေးအန္တရာယ်ကင်းရှင်းမှုတို့ ရရှိနိုင်ရမည်။ နစ်နာမှုများအတွက် ရှင်းလင်းတင်ပြခွင့် တိုင်ကြားခွင့်တို့ရှိသလို နစ်နာဆုံးရှုံးမှုတို့အတွက် ကုစားခွင့်ရရှိရမည်လည်းဖြစ်သည်။ စီးပွားရေးလုပ်ငန်းရှင်များဘက်တွင်လည်း ဖြောင့်မတ်မှန်ကန်ဖို့၊ အရည်အသွေးစံသတ်မှတ်ချက်များအပေါ် အာမခံနိုင်ဖို့၊ မိမိကုန်ပစ္စည်းကို ဝယ်ယူစားသုံးသူများ မနစ်နာစေရေးအတွက် တာဝန်ယူနိုင်ဖို့လိုအပ်သည်။ စည်းကမ်းလိုက်နာ၊ ကျင့်ဝတ်ထိန်းသိမ်းခြင်းအားဖြင့် ရောင်းသူဝယ်သူတို့ နှစ်ဦးနှစ်ဝ အကျိုးဖြစ်ထွန်းနိုင်ကြပါစေကြောင်း။ ။

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး၌ သတင်းရယူခွင့်ရမည့် မီဒီယာသမားများအား ပြင်ဆင်အသိပေးခြင်း

**နေပြည်တော် သြဂုတ် ၄**

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ –(၂၁)ရာစု ပင်လုံ စတုတ္ထအစည်းအဝေးကို ၂၀၂၀ ပြည့်နှစ် သြဂုတ် ၁၂ ရက်မှ ၁၄ ရက် အစား သြဂုတ် ၁၉ ရက်မှ ၂၁ ရက်အထိ နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၁) နှင့် (၂)တို့၌ ကျင်းပသွားမည်ဖြစ်သည်။

ညီလာခံကို ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အစီအမံများနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ရာ သတင်းမီဒီယာအရေးအတွက်ကိုလည်း ကန့်သတ်ဖိတ်ကြားထားပြီး အခမ်းအနားသို့ တက်ရောက်သတင်းရယူခွင့်ရရှိမည့် မီဒီယာသမားများစာရင်းကို ပြန်ကြားရေးဝန်ကြီးဌာနက မကြာမီထုတ်ပြန်ကြေညာပေးသွားမည်ဖြစ်သည်။

တက်ရောက်သတင်းရယူမည့် သတင်းမီဒီယာသမားများအနေဖြင့် ယခင်ထုတ်ပြန်ထားသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး သတ်မှတ်ချက်များနှင့် အညီ ပူးပေါင်းပါဝင် ဆောင်ရွက်ရမည်ဖြစ်ပြီး သြဂုတ် ၁၄ ရက် မွန်းတည့် ၁၂ နာရီထက်နောက်မကျဘဲ နေပြည်တော်စည်ပင်ဧည့်ရိပ်သာသို့ ရောက်ရှိသတင်းပို့ရမည် ဖြစ်သည်။

အသေးစိတ်သိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ ဦးမျိုးညွန့် ဖုန်း – ၀၉၄၂၀၇၂၃၂၄၄ နှင့် ဖုန်း ၀၆၇–၃၄၁၂၁၂၅ ၊ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ ဒေါ်ယုယုဝင်း ဖုန်း ၀၉၅၀၆၁၇၁၅ နှင့် ဖုန်း ၀၁ – ၅၄၄၅၈၂ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အမေရိကန် - အာဆီယံ စီးပွားရေးကောင်စီကိုယ်စားလှယ်အဖွဲ့ ဥက္ကဋ္ဌတို့ Virtual Meeting ဖြင့် တွေ့ဆုံဆွေးနွေး

**ရန်ကုန် သြဂုတ် ၄**

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် အမေရိကန် – အာဆီယံ စီးပွားရေးကောင်စီအဖွဲ့ ဥက္ကဋ္ဌ Mr.Alexander C. Feldman ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့သည် ယနေ့ နံနက်ပိုင်းက Virtual Meeting ဖြင့် တွေ့ဆုံရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နေအိမ်မှ တွေ့ဆုံဆွေးနွေးသည်။



ဆွေးနွေးပွဲတွင် ကိုဗစ် – ၁၉ အလွန် စီးပွားရေး ပြန်လည်ထူထောင်ရေး၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ၊ စိုက်ပျိုးရေး ၊ လျှပ်စစ်စွမ်းအင်နှင့် ဆက်သွယ်ရေးကိစ္စရပ်များ၊ လူငယ်များ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးများ ၊ ပြည်တွင်းပြည်ပ ခရီးသွားကဏ္ဍ ဆောင်ရွက်မှုအခြေအနေနှင့် စက်ရုံအလုပ်ရုံများ ပုံမှန်လည်ပတ်မှုအခြေအနေများ၊ ပြည်ပမှ လာရောက်ရင်းနှီးမြှုပ်နှံမှုအခြေအနေများနှင့် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်မှုများတွင် အမေရိကန်–အာဆီယံ စီးပွားရေးကောင်စီမှ ထောက်ပံ့ကူညီ ဆောင်ရွက်ပေးမည့် အစီအစဉ်များအား ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံဆွေးနွေးပွဲသို့ အမေရိကန် – အာဆီယံ စီးပွားရေးကောင်စီ ဒုတိယဥက္ကဋ္ဌနှင့် ဒေသတွင်း ဦးဆောင်ညွှန်ကြားရေးမှူး ဖြစ်သူ Mr.MichaelMichalak ၊ မြန်မာကော်မတီ၏ဥက္ကဋ္ဌ ကုမ္ပဏီဖြစ်သော Chevron ရေနံကုမ္ပဏီတို့မှ ဦးဆောင်သည့် အကြီးတန်းမစ်ရှင်အဖွဲ့မှ တာဝန်ရှိသူများ ပါဝင်ဆွေးနွေးကြကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

## အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီနှင့် မေးခွန်းရှင်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် သြဂုတ် ၄**

အမျိုးသားလွှတ်တော်၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေး ကော်မတီသည် မေးခွန်းရှင်ကိုယ်စားလှယ်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအား ဖိတ်ကြား၍ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော်၊ ကော်မတီရေးရာဆောင် အမှတ်(I-20) အပေါ်ထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အောက်ပုံ)**



အစည်းအဝေးတွင် ကော်မတီဥက္ကဋ္ဌ ဦးသိမ်းဆွေက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယအကြိမ်၊ အမျိုးသားလွှတ်တော်၊ ပထမပုံမှန်အစည်းအဝေးမှ (၁၆) ကြိမ်မြောက် ပုံမှန်အစည်းအဝေးအထိ ကတိဖြစ်ပေါ်ခဲ့သည့် မေးခွန်းများနှင့်စပ်လျဉ်း၍ ကတိကဝတ်စာရင်းမှ ပယ်ဖျက်နိုင်ရေးအတွက် မေးခွန်းရှင် ကိုယ်စားလှယ်များနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများအား ကော်မတီအဖွဲ့ဝင်များက မေးမြန်းဆွေးနွေး၍ ပေါင်းစပ်အတည်ပြုခြင်းများ ဆောင်ရွက်ခဲ့ကြသည်။

အစည်းအဝေးသို့ ကော်မတီအဖွဲ့ဝင်များ၊ မေးခွန်းရှင်ကိုယ်စားလှယ်များ၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

## နမ္မတူတွင် မဲစာရင်းများကပ်ထားမှုကို ပြည်သူများလာရောက်ကြည့်ရှုပြီး အချက်အလက်မှန်ကန်စေရေး ပြင်ဆင်လျှောက်ထားလျက်ရှိ

**နမ္မတူ သြဂုတ် ၄** – ရှမ်းပြည်နယ်မြောက်ပိုင်း ကျောက်မဲခရိုင် နမ္မတူမြို့နယ်၌ ၂၀၂၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များက ရပ်ကွက်/ကျေးရွာများအလိုက် ဇူလိုင် ၂၅ ရက်မှ သြဂုတ် ၇ ရက်အထိ မဲဆန္ဒရှင်အမည်စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာဆောင်ရွက်ထားရှိမှုအား ပြည်သူများက လာရောက်ကြည့်ရှုပြီး အချက်အလက်မှန်ကန်စေရေး ပြင်ဆင်လျှောက်ထားလျက်ရှိကြောင်း သိရသည်။

နမ္မတူမြို့နယ်တွင် ဇူလိုင် ၂၅ ရက်မှ သြဂုတ် ၃ ရက်အထိ ၁၀ ရက်အတွင်း မဲဆန္ဒရှင်အမည်စာရင်းများ ပထမအကြိမ် ကပ်ထားကြေညာ ဆောင်ရွက်ထားရှိမှုအား ပြည်သူ ၄၅၁၇ ဦးခန့် လာရောက်ကြည့်ရှုကြပြီး မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန် ပုံစံ(၃)ဖြင့် လျှောက်ထားသူ ၂၂၆ ဦး၊ ကန့်ကွက်လွှာ ပုံစံ(၄)ဖြင့် လျှောက်ထားသူ ၇၆ ဦးနှင့် အချက်အလက်ပြင်ဆင်လွှာ ပုံစံ (၄–က)ဖြင့် လျှောက်ထားသူ ၈၃ ဦးရှိကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဒေါ်ယမင်းရွှေစင်စိုး က ပြောသည်။

နမ္မတူမြို့နယ်၌ ပထမအကြိမ် ကပ်ထားကြေညာသည့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင် ၃၀၄၃၃ ဦးရှိပြီး မဲရုံပေါင်း ၄၈ ရုံရှိကြောင်း သိရသည်။

**လူမော် (ပြန်/ဆက်)**

## တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၄၆ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်း တင်သွင်းထားသော တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၈. ၁ .၂၀၁၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၁/၂၀၁၆)၊ ၂၆.၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် (၂/၂၀၁၇)၊ ၁၆.၅.၂၀၁၇ ရက်စွဲပါကော်မရှင်၏ကြေညာချက်အမှတ် (၈/၂၀၁၇)နှင့် ၁၄.၁၁.၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၉/၂၀၁၇) တို့တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် လေးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည်-

| | | | |
|---|---|---|---|
| ( ၁ ) | ကြည်း ၁၈၁၉၀<br>ဗိုလ်ချုပ် တင်ဆွေဝင်း | အစား | ကြည်း ၁၈၈၃၄<br>ဗိုလ်ချုပ် အောင်မျိုးထွန်း |
| ( ၂ ) | ကြည်း ၁၈၆၄၅<br>ဗိုလ်မှူးချုပ် နိုင်ဝင်း | အစား | ကြည်း ၂၆၉၃၆<br>ဒုတိယဗိုလ်မှူးကြီး နိုင်လင်း |
| ( ၃ ) | ကြည်း ၁၇၉၈၉<br>ဗိုလ်မှူးကြီး ခင်မောင်ချို | အစား | ကြည်း ၂၉၁၄၉<br>ဒုတိယဗိုလ်မှူးကြီး ရန်နိုင်ကျော် |
| ( ၄ ) | ရေ ၃၆၈၉<br>ဗိုလ်မှူး အောင်ကျော်နှင်း | အစား | ရေ ၃၈၉၀<br>ဗိုလ်မှူး ထွန်းထွန်းလတ် |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် ( ၁၄၇ / ၂၀၂၀ )
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်)

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် တစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပခဲ့သည့် ဒုတိယအကြိမ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၂၁. ၈. ၂၀၁၇ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် (၂၀/၂၀၁၇) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | |
|---|---|---|
| ကြည်း ၁၈၆၃၇<br>ဗိုလ်မှူးကြီး အောင်လွင် | အစား | ကြည်း ၂၃၀၅၇<br>ဗိုလ်မှူးကြီး အောင်ကျော်ထွန်း |

(လှသိန်း)
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မိုးအသင့်အတင့် ထစ်ချုန်းရွာမည်

နေပြည်တော် ဩဂုတ် ၄

နေပြည်တော်နှင့် အနီးတစ်ဝိုက်တို့တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တို့တွင် ယနေ့ မိုးအသင့်အတင့် မိုးထစ်ချုန်း ရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် ပြည်ထောင်စုအစိုးရအဖွဲ့က ပေးပို့လာသော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အမျိုးသားစီမံကိန်း ဥပဒေကြမ်းနှင့် ၂၀၂၀ ပြည့်နှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတို့နှင့်စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင် (ခ) ဦးထွန်းထွန်းဟိန်၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးမောင်မောင်ဝင်းနှင့် ဦးဆက်အောင်၊ ဥပဒေကြမ်းပူးပေါင်းကော်မတီနှင့် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီတို့မှ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများ၊ တွဲဖက်အတွင်းရေးမှူးများနှင့် ကော်မတီဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး ကမ်းပြိုဘေးကြောင့် ကြိုတင်ပြောင်းရွှေ့ခဲ့ရသူများနှင့် ရေဘေးသင့်ပြည်သူများအား ထောက်ပံ့

**နေပြည်တော် ဩဂုတ် ၄**

နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမှုများကြောင့် အနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ကြီးကြပ်မှုဖြင့် ရေဘေးသင့်ပြည်သူများကို ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။



ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးသည် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကိုကိုနိုင်နှင့် တိုင်းဒေသကြီးနှင့် ခရိုင်အဆင့် တာဝန်ရှိသူများနှင့်အတူ ဟင်္သာတမြို့နယ်အတွင်း ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြို၍ ကြိုတင်ပြောင်းရွှေ့ကြရသည့် ပြည်သူများအား ဖောင်ဆိပ်ကျေးရွာဘုန်းတော်ကြီးကျောင်းစုရပ်သို့ သွားရောက်တွေ့ဆုံ အားပေးစကား ပြောကြားသည်။ ထို့နောက် ကမ်းပါးပြိုသည့်နေရာသို့သွားရောက်ပြီး နေအိမ်ပြောင်းရွှေ့နေကြသူများကို အားပေးစကားပြောကြားကာ ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြိုကျမှုဖြစ်ပွားနေသည့်နေရာသို့ သွားရောက်ကြည့်ရှုပြီး (ဝဲပုံ) ပြန်လည်နေရာချထားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ ဒေသခံရပ်မိရပ်ဖများနှင့် တွေ့ဆုံညှိနှိုင်းဆွေးနွေး၍ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်သည်။

ထို့နောက် ကမ်းပြိုဘေးကျရောက်နိုင်မှုကြောင့် အိပ်ပျက်ကျေးရွာအုပ်စုအတွင်းရှိ နေအိမ်များကြိုတင်ဖျက်သိမ်း ပြောင်းရွှေ့ခဲ့ကြရသည့် အိမ်ထောင်စု ၄၁ စုအတွက် အိမ်ဆောက်ပစ္စည်းဖိုး ထောက်ပံ့ငွေကျပ် ၄၁ သိန်း၊ ဆန်ရိက္ခာဖိုး ထောက်ပံ့ငွေကျပ် ၃၁၀၈၀၀၀၊ ခေါက်ဆွဲခြောက်များနှင့် ကိုဗစ်-၁၉ ကြိုတင်ကာကွယ်ရေးတွင် အသုံးပြုနိုင်ရန်အတွက် ဆပ်ပြာနှင့် နှာခေါင်းစည်းများ ထောက်ပံ့ပေးသည်။ ထို့အပြင် ယနေ့ နံနက်ပိုင်းက ဟင်္သာတမြို့ ဖောင်ဆိပ်ကျေးရွာအနီးရှိ ဦးမိုးလေးဖြတ်တာကျိုးပေါက်မှုကြောင့် ထပ်မံပြောင်းရွှေ့ရသည့် အိမ်ထောင်စုများအတွက်လည်း ထောက်ပံ့ကူညီမှုများကို အမြန်ဆုံး ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဟင်္သာတမြို့ရှိ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းကျောင်းရှိ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး သင်ရိုးညွှန်းတမ်းများ ပြန်လည်လေ့လာသုံးသပ်ဆောင်ရွက်ထားရှိမှုများ၊ သင်တန်းကျောင်းရှိ နည်းပြအရာရှိများနှင့် ဆရာ ဆရာမများကို တစ်ဦးချင်းစွမ်းဆောင်ရည် မြှင့်တင်နိုင်ရေး ဆောင်ရွက်ရန်ကိစ္စများ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲဆောင်ရွက်မှုများနှင့် ပတ်သက်၍ သုတေသနဆောင်ရွက်မည့်အခြေအနေများ၊ အလုပ်ရုံဆွေးနွေးပွဲများ၊ နှီးနှောဖလှယ်ပွဲများ၊ သင်တန်းများကို ကိုဗစ်-၁၉ ကာလနှင့် လျော်ညီစွာ Video Conferencing စနစ်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရေးတို့ကို မေးမြန်းဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် ပိန်းဇလုပ်မြို့၊ ဖြူးမြို့နယ် ဇေယျဝတီမြို့နှင့် အုတ်တွင်းမြို့နယ်များသို့ သွားရောက်ပြီး နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမှုများကြောင့် အနိမ့်ပိုင်းဒေသများတွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်၍ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းကြရသော ပြည်သူများအား အားပေးစကား ပြောကြားကာ ရေဘေးသင့်အိမ်ထောင်စု ၉၅၂ စု၊ လူဦးရေ ၄၇၂၀ အတွက် ဆန်ရိက္ခာဖိုး တစ်ပတ်စာ ထောက်ပံ့ငွေ စုစုပေါင်း ငွေကျပ် ၉၉၁၂၀၀၀၊ အိမ်ဆောက်ပစ္စည်းဖိုး စုစုပေါင်းငွေကျပ် ၃၁ သိန်း၊ ကယ်ဆယ်ရေးပစ္စည်းများ၊ ခေါက်ဆွဲခြောက်၊ ဆပ်ပြာနှင့် နှာခေါင်းစည်းများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေမူပိုင်ခွင့်ဆိုင်ရာ အစည်းအဝေးသို့ တက်ရောက်ဆွေးနွေး



ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် စာပေမူပိုင်ခွင့်ဆိုင်ရာအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ သတင်းစဉ်

**ရန်ကုန်  ဩဂုတ်  ၄**

စာပေမူပိုင်ခွင့်ဆိုင်ရာအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ်(၂၂၈)ရှိ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးဦးစီးဌာန၏ ဗဟိုပုံနှိပ်စက်ရုံ အစည်းအဝေးခန်းမ၌ကျင်းပရာ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် တက်ရောက်ဆွေးနွေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာ၌ စာပေမူပိုင်ခွင့်နှင့် ပတ်သက်၍ စိတ်ကူးစိတ်သန်းဖလှယ်ရန် ပထမဆုံးတွေ့ဆုံဆွေးနွေးခြင်းဖြစ်ပါကြောင်း၊ စာပေမူပိုင်ခွင့်ဆိုင်ရာ ပြဿနာများ ယခင်ကတည်းက ရှိခဲ့သော်လည်း ညှိနှိုင်းဖြေရှင်းနိုင်မှုကြောင့် ပြဿနာကြီးမားစွာမရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယခုအခါ နည်းပညာပြောင်းလဲလာမှုကြောင့် Online ပေါ်တွင် စာပေဆိုင်ရာ ထုတ်လုပ်ဖြန့်ချိ ရောင်းဝယ်ခြင်းများ၊ စာပေမူပိုင်ခွင့်ချိုးဖောက်မှု၊ အလွဲသုံးစားမှုများ ပိုများလာပြီး ဆုံးရှုံးနစ်နာမှုများနှင့်အတူ ပြဿနာများလည်း ယခင်ကထက် ပိုမိုရှုပ်ထွေးလာပါကြောင်း၊ New Media တွင်ကျယ်လာချိန်တွင် ပုံနှိပ်မီဒီယာ (Print Media)၏ အခန်းကဏ္ဍမှာ များစွာထိခိုက် သက်ရောက်မှုများ ရှိလာခဲ့ပါကြောင်း။

New Media ကြောင့် စာပေရေးသားမှု၊ ဖန်တီးမှုပုံသဏ္ဍာန်များစွာ ပြောင်းလဲလာသကဲ့သို့ ဖတ်ရှုသူ၊ တစ်နည်းအားဖြင့် စားသုံးသူများ၏ ပုံစံလည်း ပြောင်းလဲလာပါကြောင်း၊ ထို့အပြင် နိုင်ငံတကာနှင့် ဆက်စပ်ဆောင်ရွက်မှုများ ယခုအခါ ပိုမိုများပြားလာသည်နှင့်အညီ နိုင်ငံတကာတွင် ကျင့်သုံးနေသော စာပေမူပိုင်ခွင့်ဆိုင်ရာများကိုလည်း လေ့လာသိရှိပြီး လိုက်လျောညီထွေ ဆောင်ရွက်နိုင်ရန် လိုအပ်လာပါကြောင်း၊ ထို့ကြောင့် စာပေမူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲတစ်ရပ် ယခင်က ကျင်းပရန်စီစဉ်ထားရှိခဲ့သော်လည်း Covid-19 ကြောင့် မကျင်းပနိုင်ခဲ့ခြင်းဖြစ်ပါကြောင်း၊ အခြေအနေပေးသည့်အခါ ဆက်စပ်သော နယ်ပယ်ကဏ္ဍစုံမှ ပညာရှင်များပါဝင်သည့် စာပေမူပိုင်ခွင့်ဆိုင်ရာ ဆွေးနွေးပွဲကို ကျယ်ကျယ်ပြန့်ပြန့်ဖြင့်ကျင်းပရန် စီစဉ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်က စာပေမူပိုင်ခွင့်ဆိုင်ရာ စုပေါင်းစီမံခန့်ခွဲမှု အဖွဲ့အစည်းများ ဖွဲ့စည်းဆောင်ရွက်နိုင်ရေးကိစ္စရပ်များနှင့် စာပေမူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေးများ ဆုံးရှုံးမှုမရှိစေရေးအတွက် စုပေါင်းကာကွယ်တားဆီးဆောင်ရွက်ရမည့် ကိစ္စရပ်များအား ဆွေးနွေးတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာကြသည့် စာပေပညာရှင်များဖြစ်ကြသော ဆရာချစ်ဦးညို၊ ဆရာမ မနှင်းဖွေး၊ ဆရာမ ဂျူး၊ ဆရာ မောင်လှမျိုး(ချင်းချောင်းခြံ)၊ ဆရာမ ပုညခင် တို့ကလည်းကောင်း၊ မူပိုင်ခွင့်ဆိုင်ရာ ကျွမ်းကျင်သူ အကယ်ဒမီ ဆွေဇင်ထိုက်နှင့် ဥပဒေပညာရှင်များဖြစ်ကြသည့် စစ်တွေ ဦးသန်းမောင်နှင့် ဦးဌေးဦးတို့က လည်းကောင်း၊ ထုတ်ဝေသူများဖြစ်ကြသည့် ဦးမြင့်ထွန်း၊ ဦးမျိုးအောင်၊ ဦးစန်းမွန်အောင်နှင့် ဦးဝင်းလှိုင်ဦးတို့က လည်းကောင်း၊ IT ပညာရှင် ဦးသောင်းစုငြိမ်းက လည်းကောင်း သက်ဆိုင်ရာကဏ္ဍများအလိုက် ပါဝင်ဆွေးနွေးကြသည်။

အစည်းအဝေးသို့ ကာတွန်းပညာရှင် ဦးမောင်မောင်အောင်နှင့် ဦးမောင်မောင် ဖောင်တိန်၊ ဓာတ်ပုံပညာရှင် ဦးကျော်ကျော်ဝင်း၊ ထုတ်ဝေသူ ဦးဝင်းမျိုးနှင့် ဦးဝင်းချိုတို့လည်း တက်ရောက်ကြသည်။

စာပေနှင့် အနုပညာမူပိုင်ခွင့်ဥပဒေကို ၂၀၁၉ ခုနှစ် မေ ၂၄ ရက်တွင် ပြည်ထောင်စုလွှတ်တော် ၂၀၁၉ ခုနှစ် ဥပဒေအမှတ် (၁၅)ဖြင့် ပြဋ္ဌာန်းထားရှိရာ အဆိုပါဥပဒေပုဒ်မ ၂ (က) အရ သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပုဒ်မ ၄(က)ပါ မူပိုင်ခွင့်ဆိုင်ရာလုပ်ငန်းများ ကြီးကြပ်ဆောင်ရွက်နိုင်ရန်နှင့် ပုဒ်မ (၆၀/၆၂)တို့ အရ စာပေနှင့် အနုပညာမူပိုင်ခွင့် သို့မဟုတ် ဆက်နွှယ်သည့် အခွင့်အရေးဆိုင်ရာ စုပေါင်းစီမံခန့်ခွဲသည့် အဖွဲ့အစည်း Collective Management Organization (CMOs)များ ဖွဲ့စည်းနိုင်ရန်တို့နှင့် စပ်လျဉ်း၍ ယခုကဲ့သို့ စာပေမူပိုင်ခွင့်ဆိုင်ရာ အစည်းအဝေးအား ပြုလုပ်ခြင်းဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ထူး INDO ASEAN Oceanic Business Summit & Expo ဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနား တက်ရောက်




**နေပြည်တော်  ဩဂုတ်  ၄**

အိန္ဒိယနိုင်ငံ Confederation of Indian Industry (CII) မှ ယနေ့ နံနက် ၁၁ နာရီက ကျင်းပသော INDO ASEAN Oceanic Business Summit & Expo ဆွေးနွေးပွဲနှင့် ကုန်စည်ပြပွဲ ဖွင့်ပွဲအခမ်းအနားကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးသည် Guest of Honor အဖြစ် တက်ရောက် အမှာစကားပြောကြားသည်။ (ယာပုံ)

ဒုတိယဝန်ကြီးက ယခုအခမ်းအနားသည် အိန္ဒိယ၊ အာဆီယံ၊ အာရှပစိဖိတ်နိုင်ငံများအကြား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များနှင့်အညီ စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုကို အရှိန်အဟုန်မြှင့်တင်ပေးနိုင်မည့် အစီအစဉ်တစ်ရပ်ဖြစ်ပါကြောင်း၊ ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု (RCEP) သဘောတူညီချက်သည် ၂၀၂၀ ပြည့်နှစ် နှစ်ကုန်တွင် သဘောတူ လက်မှတ်ရေးထိုးနိုင်ရန် မျှော်မှန်းထားပါကြောင်း၊ ထိုသို့ရေးထိုးနိုင်ပါက ပွင့်လင်း၍ အလုံးစုံပါဝင်သည့် နိုင်ငံစုံကုန်သွယ်မှုစနစ်ကို ပိုမိုပေါင်းစည်းပါဝင်နိုင်မည်ဖြစ်ပြီး ကမ္ဘာ့အကြီးဆုံး လွတ်လပ်သော ကုန်သွယ်မှုဒေသလည်း ဖြစ်လာမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စီးပွားရေး သက်ရောက်မှုများအား တုံ့ပြန်နိုင်ရန်၊ ကိုဗစ်-၁၉ အလွန် New Normal ပုံစံသစ်တွင် ပိုမိုကြံ့ခိုင်၍ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေရန်တို့အတွက် အပြန်အလှန်လေးစားယုံကြည်မှုဖြင့် ပူးပေါင်းလက်တွဲ ရင်ဆိုင်သွားကြရမည် ဖြစ်ပါကြောင်း၊ ကပ်ရောဂါကာလအတွင်း အီလက်ထရွန်နစ် ကူးသန်းရောင်းဝယ်ရေး စနစ်သည် ကမ္ဘာ့ကုန်သွယ်ရေးအတွက် အရေးပါသော ကဏ္ဍတစ်ရပ်ဖြစ်လာသည်ကို မြင်တွေ့ရပြီး စီးပွားရေး ပြန်လည်ဦးမော့လာစေရန် အခွင့်အလမ်းတစ်ရပ်အဖြစ် အသုံးချဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ မိမိတို့မြန်မာနိုင်ငံတွင်လည်း ကိုဗစ်-၁၉ ကြောင့် စီးပွားရေး ပြန်လည်ကုစားမှု အစီအမံများကို မြန်မာနိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက် (MSDP) နှင့်အညီ ရေးဆွဲဆောင်ရွက်နေပါကြောင်း၊ မြန်မာနိုင်ငံ၌ ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ဆိပ်ကမ်းများအား အိန္ဒိယနှင့် ပင်လယ်ကမ်းဒေသနိုင်ငံ ဆိပ်ကမ်းများနှင့် ချိတ်ဆက်နိုင်ရန် တည်ဆောက်လျက်ရှိပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ အိန္ဒိယနိုင်ငံမှ Hon’ble Minister of State ဖြစ်သူ Mr. Hardeep Singh Puri၊ အိန္ဒိယ၊ ဖီဂျီ၊ ဖိလစ်ပိုင်၊ မလေးရှား၊ ကမ္ဘောဒီးယားနိုင်ငံတို့မှ ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး၊ အာဆီယံနှင့် မိတ်ဖက်နိုင်ငံများမှ သံအမတ်ကြီးများ၊ အဆင့်မြင့်အရာရှိကြီးများ၊ အသင်းအဖွဲ့များနှင့် စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်ကြကြောင်း သိရသည်။ **သတင်းစဉ်**

## တရားလွှတ်တော်ရှေ့နေများကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ၁၁ ဦး၏ အမည်စာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
တရားလွှတ်တော်ရှေ့နေများကောင်စီ
ကြေညာချက်အမှတ် ၃/၂၀၂၀
၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁ ရက်
(၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၄ ရက်)

**တရားလွှတ်တော်ရှေ့နေများကောင်စီဝင်အဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ၁၁ ဦး၏ အမည်စာရင်းကြေညာခြင်း**

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ်လ ၂ ရက်နေ့တွင် ကျင်းပသော တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်ပွဲရလဒ်နှင့်အညီ အောက်ပါတရားလွှတ်တော်ရှေ့နေ ၁၁ ဦးသည် တရားလွှတ်တော်ရှေ့နေများကောင်စီဝင်များအဖြစ် ရွေးကောက်တင်မြှောက်ခံရကြောင်း တရားလွှတ်တော်ရှေ့နေများကောင်စီ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေများ၏ နည်းဥပဒေ ၁၆ အရ ကြေညာအပ်ပါသည် -

| စဉ် | တရားလွှတ်တော်ရှေ့နေ အမည် | တရားလွှတ်တော်ရှေ့နေလိုင်စင် အမှတ် | နိုင်ငံသားစိစစ်ရေးကတ်ပြား အမှတ် |
|---|---|---|---|
| ၁။ | ဦးမြသိန်း | စဉ် - ၉၇၃ | ၁၂/မရက(နိုင်) ၀၀၇၀၁၄ |
| ၂။ | ဦးနေလ | စဉ် -၂၀၆၂ | ၁၂/တမန(နိုင်) ၀၀၆၅၄၀ |
| ၃။ | ဦးသိန်းသန်းဦး | စဉ် - ၃၆၉၅ | ၉/ခအဇ(နိုင်) ၀၄၈၀၃၁ |
| ၄။ | ဦးညာဏ်ဝင်း | စဉ် - ၁၂၀၃ | ၁၂/ပဇတ(နိုင်) ၀၁၁၀၆၀ |
| ၅။ | ဒေါ်ခင်နုသာ | စဉ် - ၂၅၂၃ | ၁၂/ဥကတ(နိုင်) ၀၀၉၀၈၁ |
| ၆။ | ဦးကျော်ဟိုး | စဉ် - ၁၉၃၃ | ၁၄/ပသန(နိုင်) ၁၃၃၁၆၁ |
| ၇။ | ဦးခင်မောင်သန်း | စဉ် - ၁၇၈၄ | ၉/မဟမ(နိုင်) ၀၁၈၀၆၉ |
| ၈။ | ဦးစိန်ဝင်းချမ်း | စဉ် - ၂၃၄၄ | ၁၃/တကန(နိုင်) ၀၆၆၆၉၉ |
| ၉။ | ဦးသက်ဆွေ | စဉ် - ၄၅၁၁ | ၇/ပခန(နိုင်) ၀၇၈၈၇၉ |
| ၁၀။ | ဦးအောင်ကျော်မင်း | စဉ် - ၅၁၁၈ | ၁၂/ဒလန(နိုင်) ၀၈၅၇၄၀ |
| ၁၁။ | ဦးခင်မောင်ဇော် | စဉ် -၄၀၆၀ | ၉/ပမန(နိုင်) ၀၀၂၀၄၇ |

(ဒေါက်တာသီတာဦး)
အတွင်းရေးမှူး
တရားလွှတ်တော်ရှေ့နေများကောင်စီ

ပြည်သူသာလျှင် အဓိက

# သတ္တမအကြိမ် အစိုးရနှင့် NCA–S EAO အလုပ်အဖွဲ့ ညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် သြဂုတ် ၄

**သတ္တမအကြိမ် အစိုးရနှင့် NCA–S EAO အလုပ်အဖွဲ့ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန(NRPC)၌ ကျင်းပသည်။** (အောက်ပုံ)



အစည်းအဝေးသို့ အစိုးရကိုယ်စားလှယ်များအဖြစ် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်နှင့် ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးကော်မရှင် အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ခင်ဇော်ဦး (အငြိမ်းစား)၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးပြုံးချို (ခ) ဦးငွေးဝင်းအောင်၊ ငြိမ်းချမ်းရေးကော်မရှင် အကြံပေးအဖွဲ့ဝင် ဦးလှမောင်ရွှေနှင့် ဦးမိုးဇော်ဦး၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးဇော်ငွေးတို့ တက်ရောက်ကြပြီး NCA–S EAO ကိုယ်စားလှယ်များအဖြစ် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်း(RCSS/SSA)၊ ညှိနှိုင်းရေးမှူး ဦးမျိုးဝင်း(ABSDF)၊ ညှိနှိုင်းရေးအဖွဲ့ဝင်များဖြစ်ကြသည့် ပဒိုစောတာဒိုမူး (KNU)၊ ဦးလှငွေး (ABSDF)၊ စောမြရာဇာလင်း (ALP)၊ ဒေါက်တာလျန်မှုန်းဆာခေါင်း(CNF)၊ ဆလိုင်းထလာဟေး(CNF)၊ စောစိန်ဝင်း (DKBA)၊ ပဒိုစောအယ်ကလူစေး (KNU)၊ စောကျော်ညွန့် (KNLA–PC)၊ ကြာဆော်လမွန် (LDU)၊ နိုင်အောင်မငေး(NMSP)၊ ခွန်မြင့်ထွန်း(PNU)နှင့် ဒေါက်တာစိုင်းဦး(RCSS/SSA)တို့ တက်ရောက်ကြသည်။

### ပြောင်းလဲနိုင်သည်ကို သက်သေပြ

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦးက သြဂုတ် ၂ ရက်တွင် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ JMC ဆိုင်ရာကိစ္စရပ်များကို ညှိနှိုင်းဆွေးနွေးခဲ့ကြရာ နှစ်ဖက်အကြား နားလည်မှုရှိရှိ၊ ယုံကြည်မှုရှိရှိနှင့် မပြေလည်သေးသည့် သဘောထားကွဲလွဲမှုများကို ပြေလည်အောင်ညှိနှိုင်းနိုင်မည့် အခြေအနေကို ဖန်တီးပေးခဲ့သည့်အတွက် ဆွေးနွေးညှိနှိုင်းရင်း ရပ်တည်ချက်သဘောထားများကို သဘောတူညီချက်အဖြစ် ပြောင်းလဲနိုင်ခဲ့ပါကြောင်း၊ ယင်းသည် အပြန်အလှန်နားလည်မှုနှင့် မတူညီမှုများကို ဘုံသဘောထားအဖြစ်ရရှိအောင် ပြောင်းလဲနိုင်သည်ကို သက်သေပြခဲ့ခြင်း ဖြစ်ပါကြောင်း။

### သဘောတူထားပြီးဖြစ်

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး၌ ချုပ်ဆိုမည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) တွင် ထည့်သွင်းမည့် သဘောတူညီချက်များရယူနိုင်ရန် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ ဆွေးနွေးညှိနှိုင်းခဲ့သည်မှာ ယခုဆိုလျှင် သတ္တမအကြိမ်ရှိပြီ ဖြစ်ပါကြောင်း၊ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက် ၁၃ ချက်ရရှိထားပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှုအတွက် ဆွေးနွေးမည့်ခေါင်းစဉ်ကြီး ၈ ခုကို သဘောတူထားပြီး အသေးစိတ်ခေါင်းစဉ်များကို ဆက်လက်ဆွေးနွေးညှိနှိုင်းရန် ရှိပါကြောင်း၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးဆိုင်ရာ လမ်းညွှန်အခြေခံမူအနေဖြင့် အချက် နှစ်ချက်ကို သဘောတူထားပြီး ဖြစ်ပါကြောင်း။

ယနေ့အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းကြမည့် NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များနှင့် အဆင့်လိုက်အကောင်အထည်ဖော်မှု၊ လမ်းညွှန်အခြေခံမူ သဘောတူညီချက်ကိစ္စရပ်များသည် မိမိတို့အကြား နှစ်ဖက်သဘောထားများကို များစွာဆွေးနွေးထားပြီးဖြစ်ပါကြောင်း၊ နှစ်ဖက်အဆိုပြုချက်များကို ဘုံသဘောတူညီချက်ရရှိရန် ယနေ့အစည်းအဝေးတွင် ထပ်မံဆွေးနွေးပေးကြရန် တိုက်တွန်းပြောကြားလိုပါကြောင်း။

မိမိတို့ ဆွေးနွေးညှိနှိုင်းရရှိလာမည့် သဘောတူညီချက်များသည် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) တွင် ထည့်သွင်းချုပ်ဆိုမည် ဖြစ်သည့်အတွက် ၂၀၂၀ ပြည့်နှစ်အလွန် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အခြေခံချမှတ်နိုင်ရန် မိမိတို့ကြိုးပမ်းနိုင်ခဲ့ကြသည်ဟု ဆိုနိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် အနာဂတ်အတွက်ရည်မှန်း၍ စေ့စပ်ညှိနှိုင်းကြရာတွင် စိတ်ရှည်လက်ရှည်နှင့် သဘောထားကြီးကြီးထားကာ အပြန်အလှန်နားလည်မှုများဖြင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်စွာကျင်းပနိုင်ရေးကို ဦးတည်ညှိနှိုင်းဆွေးနွေးပေးကြရန် တိုက်တွန်းလိုပါကြောင်း။

မိမိတို့ရပ်တည်ချက်သဘောထားများကို ဆုပ်ကိုင်ညှိနှိုင်းနေခြင်းမျိုး မဟုတ်ဘဲ မိမိတို့ဆွေးနွေးဖက်များအကြား အပြန်အလှန်တူညီသည့် သဘောထားများကို ဦးစားပေးရှာဖွေကာ ဘုံသဘောတူညီချက်အဖြစ် ပြောင်းလဲလာရန်နှင့် နည်းလမ်းရှာဖွေကြရန် တိုက်တွန်းလိုပါကြောင်း၊ ယနေ့ဆွေးနွေးမှုများမှတစ်ဆင့် သဘောတူညီချက်များရရှိပြီး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

### ရလဒ်ကောင်းများကို ယူဆောင်ပေးနိုင်

ထို့နောက် NCA–S EAO ၏ NCA အကောင်အထည်ဖော်မှုဆိုင်ရာ မူဘောင်ညှိနှိုင်းရေးအဖွဲ့ခေါင်းဆောင် စဝ်စိုင်းငင်းက (၈) ကြိမ်မြောက် JICM ဆုံးဖြတ်ချက်များ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး အောင်မြင်စွာ ကျင်းပနိုင်ရေးနှင့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း(၃) ချုပ်ဆိုနိုင်ရေးတို့အတွက် မိမိတို့ နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များအနေဖြင့် ၂၀၂၀ ပြည့်နှစ် နှစ်ဦးပိုင်းမှစ၍ ယခုချိန်အထိ ဆွေးနွေးညှိနှိုင်းမှု အစည်းအဝေးများကို စဉ်ဆက်မပြတ် ကျင်းပပြုလုပ်ခဲ့ပြီး ရလဒ်ကောင်းများကို ယူဆောင်ပေးနိုင်ခဲ့ပါကြောင်း။

ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေးကို သြဂုတ်လ တတိယပတ်တွင် ကျင်းပမည်ဖြစ်ပြီး ယခုနှစ်ရက်တာ အစည်းအဝေးတွင် ပြီးခဲ့သည့် နှစ်ဖက်ညှိနှိုင်းအစည်းအဝေးမှ ချန်ထားခဲ့သည့် ဆက်လက်ညှိနှိုင်းရန် အချက်များကို သဘောတူညီချက်ရရှိရန် ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ပါကြောင်း။

ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃) တွင် ထည့်သွင်းချုပ်ဆိုမည့် အကြောင်းအရာများ၊ ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ – (၂၁) ရာစုပင်လုံ စတုတ္ထအစည်းအဝေး ကျင်းပရေးဆိုင်ရာကိစ္စရပ်များ၊ ညီလာခံနှင့် ဆက်စပ်အစည်းအဝေးများ ကျင်းပရေးနှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဆက်လက်ညှိနှိုင်းဆွေးနွေးသွားမည် ဖြစ်ပါကြောင်း။

ယခုအစည်းအဝေးမှ ရရှိလာမည့်ရလဒ်များကို မိမိတို့ NCA–S EAO ညှိနှိုင်းရေးအဖွဲ့အနေဖြင့် လာမည့်သြဂုတ် ၆၊ ၇ ရက်များတွင် ကျင်းပမည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ (PPST) အစည်းအဝေးထံတင်ပြပြီး အတည်ပြုချက်ရယူနိုင်ရေး ဆောင်ရွက်သွားရန် ရှိပါကြောင်း။

သြဂုတ် ၁၀၊ ၁၁ ရက်များ၌ ကျင်းပမည့် JICM အစည်းအဝေးပြင်ဆင်ရေး အစည်းအဝေးမှတစ်ဆင့် သြဂုတ် ၁၃ ရက်တွင် ကျင်းပမည့် JICM အစည်းအဝေးတွင် နှစ်ဖက်ညှိနှိုင်းရေးအဖွဲ့များ၏ အစည်းအဝေးရလဒ်ဖြစ်သည့် ပြည်ထောင်စုသဘောတူစာချုပ် အစိတ်အပိုင်း (၃)တွင် ထည့်သွင်းချုပ်ဆိုမည့် အကြောင်းအရာများကို နှစ်ဖက်ခေါင်းဆောင်အကြီးအကဲများက အပြီးသတ် အတည်ပြုပေးသွားမည် ဖြစ်ပါကြောင်း၊ ယခုကျင်းပသည့် နှစ်ရက်တာညှိနှိုင်းအစည်းအဝေးတွင် ရလဒ်ကောင်းများရရှိအောင် ဝိုင်းဝန်းကြိုးပမ်း ညှိနှိုင်းဆွေးနွေးပေးကြပါရန် တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ယနေ့အစည်းအဝေးတွင် (၈) ကြိမ်မြောက် JICM အစည်းအဝေး ဆုံးဖြတ်ချက်များ အကောင်အထည်ဖော်ရေးအတွက် နှစ်ဖက်အဆိုပြုချက်များ၊ NCA အကောင်ထည်ဖော်မှုဆိုင်ရာ မူဘောင်သဘောတူညီချက်၊ ၂၀၂၀ ပြည့်နှစ်အလွန် အဆင့်လိုက် ရှေ့လုပ်ငန်းစဉ်များ၊ အဆင့်လိုက်အကောင်ထည်ဖော်မှုများ၊ အခြေခံမူသဘောတူညီချက်များကို ဆွေးနွေးကြသည်။

ယခုအစည်းအဝေးကို သြဂုတ် ၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **သတင်း–မျိုးမြင့်၊ ဟန်လင်းနိုင်၊ ဓာတ်ပုံ–ကိုထိန်**

## ဒုတိယဝန်ကြီး ဦးတင်လတ် မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများအား တွေ့ဆုံ

**နေပြည်တော် သြဂုတ် ၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်လတ်သည် ယမန်နေ့ ညနေပိုင်းက မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများအား ရန်ကုန်မြို့ရှိ Tom Yan Koong စားသောက်ဆိုင်၌ အလွတ်သဘောတွေ့ဆုံ၍ ကိုဗစ်–၁၉ အလွန် ခရီးစဉ်လမ်းကြောင်းသစ်များ ပြန်လည်စတင်ရာတွင် တာဝန်ယူမှု တာဝန်ခံမှုရှိစေရန် ဆောင်ရွက်ရမည့် အစီအစဉ်များ၊ ခရီးလှည့်လည်ရေး လုပ်ငန်းများ Deposite နှင့် အာမခံကိစ္စရပ်များ၊ ကိုဗစ်–၁၉ relief plan ၏ ချေးငွေဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

### ကြည့်ရှုစစ်ဆေး

ထို့နောက် ဒုတိယဝန်ကြီးသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၅) ရပ်ကွက် ကျောက်ရေတွင်းလမ်းရှိ ဝန်ကြီးဌာနပိုင် မြေနေရာတွင် ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်မည့် အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။ (ယာပုံ)

**သတင်းစဉ်**



# မိုင်းလုပ်ငန်းများနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

ဦးကြည်ဝင်း (MQPSA)

**ဓာတ်သတ္တုတူးဖော်သော မြေအောက်မိုင်းများ (Under Ground Mine) နှင့် စက်မှုကုန်ကြမ်းများ၊ ကျောက်စိမ်းမိုင်းများ၊ အလှဆင်ကျောက်များ၊ လမ်းခင်းကျောက်များ၊ အဆောက်အအုံသုံးကျောက်များ၊ တူးဖော်ထုတ်လုပ်သောမြေပြင်မိုင်းများ (Surface Quarry Mine) များ၊ ယင်းလုပ်ငန်းများနှင့် ဆက်စပ်နေသော ဓာတ်သတ္တုသန့်စင်စက်ရုံများ၊ ကျောက်ခွဲစက်များ၊ မိုင်းဖောက်ခွဲခြင်းများ၊ သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းများအားလုံးကို မိုင်းလုပ်ငန်းများဟု ခြုံငုံသတ်မှတ်လိုက်ခြင်းဖြစ်သည်။**

သဘာဝပတ်ဝန်းကျင်ဆိုသည်မှာ ဧရိယာတစ်ခုအတွင်း သဘာဝပထဝီအနေအထားကို မူလအခြေအနေအတိုင်းရှိနေစေခြင်းဟူ၍ ခြုံငုံ၍ ဆိုလိုကြသည်။ လူတို့မြင်တွေ့နေရသော အရာများ၊ မြို့ပြများတိုးတက်လာခြင်း၊ နေအိမ်တိုက်တာအဆောက်အအုံများ အဆင့်အတန်းမြင့်မားလာခြင်း၊ ပတ်ဝန်းကျင်အသံများ ဆူညံလာခြင်းတို့မှာ တစ်နေရာမှ တစ်နေရာရွေ့လျားပြောင်းလဲနေကြသည်ဖြစ်ရာ သဘာဝပတ်ဝန်းကျင်မှာ အတည်တကျမရှိနိုင်တော့ပေ။ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုတို့သည် အဓိကအရေးပါလာတော့သည်။ မိုင်းလုပ်ငန်းများသည် နိုင်ငံအသီးသီးအစိုးရများက ချမှတ်ထားသော သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတမူဝါဒများကို လိုက်နာကျင့်သုံးလျက် ထုတ်လုပ်မှုလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် ကျင့်ဝတ်များနှင့် ညီညွတ်ရန် လိုအပ်ပေသည်။

**လူမှုဘဝတွင် မရှိမဖြစ်ဆောင်ရွက်နေရမည့် မိုင်းလုပ်ငန်းများ**

မိုင်းလုပ်ငန်းများမှ ကျွန်ုပ်တို့နေ့စဉ်လူမှုဘဝအတွက် အသုံးအဆောင်ပစ္စည်းများ၊ ဆေးဝါးများ၊ အဆောက်အအုံ တိုက်တာနေအိမ်များ၊ လမ်းပန်းဆက်သွယ်ရေးနှင့် လေယာဉ်ကွင်းကြီးများ၊ အလှဆင်ကျောက်ပြားများ၊ စိုက်ပျိုးရေးလုပ်ငန်းအတွက် ပစ္စည်းကိရိယာများ၊ ဓာတ်မြေဩဇာများ၊ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုများကို ထုတ်လုပ်ပေးလျက်ရှိနေပေသည်။ မြေအောက်ဓာတ်သတ္တုတူးဖော်ရေးမိုင်းများမှ ခနောက်စိမ်း၊ သံ၊ သံဖြူ၊ ငွေ၊ ကြေးနီ၊ နီကယ်၊ သွပ်၊ ခဲစသည့် သတ္တုရိုင်းများ တူးဖော်ထုတ်လုပ်၍ မြေပြင်ရှိ သတ္တုသန့်စင်စက်ကြီးများတွင် ပြန်လည်သန့်စင်ကြရသည်။

ဂျစ်ပဆမ်ကျောက်များ၊ ဆား၊ ပိုတက်ရှ်၊ ကျောက်မီးသွေး၊ အဆင့်မီထုံးကျောက်၊ ကာအိုလင်း၊ စက်မှုကုန်ကြမ်းရွှံ့စေး၊ စီလီကာသဲများ၊ ဘိလပ်မြေများ၊ ကွန်ကရစ်ပိုက်လုံးကြီးများ၊ ဘလောက်တုံးကြီးများ၊ အုတ်၊ ပလတ်စတာ၊ ပလတ်စတာဘုတ်များကိုလည်း မြေပြင်မိုင်းလုပ်ငန်းနှင့် စက်ရုံကြီးများမှ ထုတ်လုပ်ပေးလျက်ရှိသည်။ လမ်းခင်းကျောက်များနှင့်ကတ္တရာများကိုလည်း ထိုနည်းအတူ ထုတ်လုပ်ပေးလျက်ရှိပါသည်။ မော်တော်ကားလမ်း တစ်မိုင်ခင်းရန်အတွက် ကြိတ်ခွဲထားသော လမ်းခင်းကျောက် ကျောက်တန်ချိန်တစ်သန်း၏ လေးပုံတစ်ပုံခန့်ကို အသုံးပြုနေကြရသည်ဖြစ်ရာ ကမ္ဘာတစ်ခုလုံး၏ နှစ်စဉ်လမ်းခင်းကျောက် လိုအပ်ချက်ကို ခန့်မှန်းတွက်ချက်နိုင်မည်ဖြစ်သည်။

**မြေအောက်မိုင်းများမှ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ**

မြေအောက်မိုင်းများမှ ဓာတ်သတ္တုများ၊ ရွှေနှင့် စိန်အလူမီနီယံ၊ မဂ္ဂနီးစ်၊ ကြေးနီ၊ ခရိုမီယံနှင့် နီကယ်များကို ထုတ်လုပ်ပေးလျက်ရှိသည်။ မြေအောက်မိုင်းများသည်



မိုင်းဖောက်ခွဲရာမှ ထွက်ပေါ်လာသောအရာများကြောင့် ပတ်ဝန်းကျင်ထိခိုက်စေမှုကို တွေ့ရစဉ်။

မြေပြင်မှ ၂၄၄၀ မီတာခန့်အထိ တူးဖော်လျက်ရှိရာ Tunnel များနှင့် Level များမှ ထွက်ရှိလာသည့် စွန့်ပစ်မြေစာကျောက်စာများ၏ ပမာဏမှာ မနည်းလှပေ။ ယမ်းဖောက်ခွဲရာမှ ထွက်ရှိလာသည့် အလွန်မြင့်မားသော ဖိအားများ၊ အပူချိန်များသည် သဘာဝပတ်ဝန်းကျင်ကို ထိခိုက်စေပါသည်။ ထုတ်လုပ်မှု လုပ်ငန်းစဉ်များတွင် ရေအများအပြား အသုံးပြုကြရသည်။ မြေအောက်မိုင်းများမှ မီသိန်းဓာတ်ငွေ့၊ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ ထုတ်လွှတ်ပေးလျက်ရှိသည်။ မြေအောက်ဓာတ်သတ္တုမိုင်းများမှ ထွက်ပေါ်လာသည့် မီးများကို ငြိမ်းသတ်ရန် ခက်ခဲသဖြင့် မြေအောက်မိုင်းများတွင်ပင် ဆက်လက်လောင်ကျွမ်းစေလျက်ရှိရာမှ အဆိပ်ဓာတ်ငွေ့များ ထွက်ပေါ်လျက်ရှိပြီး နှစ်ပေါင်းများစွာ လောင်ကျွမ်းနေခြင်းဖြစ်သည်။ ကမ္ဘာပေါ်တွင်ရှိသော ရာနှင့်ချီသည့် မြေအောက် မိုင်းကြီးများမှာ မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နေသဖြင့် မီသိန်းနှင့် ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ငွေ့များ လေထုအတွင်း ရောက်ရှိနေကြသည်။ ထိုကဲ့သို့သော မြေအောက်မိုင်းကြီးများမှာ အမေရိကန်၊ တရုတ်၊ ရုရှားနှင့် အိန္ဒိယနိုင်ငံတို့တွင် တည်ရှိနေကြပေသည်။

Black Smith Institute ၏ ၂၀၀၇ ခုနှစ် ကြေညာချက်အရ သဘာဝပတ်ဝန်းကျင် အညစ်ညမ်းဆုံးလုပ်ငန်းများအနက် မိုင်းလုပ်ငန်းများမှာ ထိပ်ဆုံး (၁၀)နေရာတွင် အဆင့် (၇) ၌ ရှိခဲ့သည်။

**မြေပြင်မိုင်းများ**

မြေပြင်မိုင်းများ ယမ်းဖောက်ခွဲရာ၌ ယမ်းများ၏ ပေါက်ကွဲအားမှာ တစ်စက္ကန့်လျှင် မီတာ ၂၀၀၀ မှ မီတာ ၇၀၀၀ အထိ ပေါက်ကွဲမှုအားများ ပျံ့နှံ့စေပါသည်။ ဓာတ်ငွေ့ထုထည်မှာ ယမ်းတွင်းများရှိ ယမ်းများအတွင်း တစ်ကီလိုဂရမ်လျှင် ၆၀၀ လီတာမှ ၁၀၀၀ လီတာထွက်ရှိ တွန်းကန်ကာ အပူချိန်သည်လည်း ၆၀၀ ကီလိုဂရမ်ကယ်ဗင်မှ ၁၇၀၀ ကီလိုဂရမ်ကယ်ဗင်အထိ ထွက်ရှိသည်။ ပေါက်ကွဲချိန် အပူချိန်မှာ ၁၉၀၀ စင်တီဂရိတ်မှ ၄၅၀၀ စင်တီဂရိတ် ထုတ်လွှတ်ပေါက်ကွဲခြင်းဖြစ်၍ စွမ်းအင်ထုထည်ကြီးမားစွာဖြစ်ပေါ်ခြင်း၊ တုံ့ပြန်မှုမြင့်မားခြင်း၊ အပူချိန်မြင့်မားစွာ ထုတ်လွှတ်ခြင်း၊ ဓာတ်ငွေ့များ ယမ်းတွင်းအောက်ခြေမှ ထုတ်လွှတ်ခြင်း၊ အသံမြည်ဟည်းကျယ်လောင်စွာ ထွက်ပေါ်ခြင်းတို့ဖြစ်ပေါ်သည်။ ကျောက်မိုင်းများတွင် ယမ်းများအလွန်အကျွံသုံးစွဲဖောက်ခွဲရာမှ မြေကြီးတုန်ခါမှု ဖြစ်ပေါ်စေပါသည်။ မြေကြီးတုန်ခါမှုသည် အနီးတစ်ဝိုက်လူနေအိမ်များနှင့် စက်ရုံများ၊ အဆောက်အအုံများကိုသက်ရောက်ထိခိုက်စေသည်။ ယမ်းဖောက်ခွဲရာမှ ထွက်ပေါ်လာသော ရေလှိုင်းမှုလှိုင်းမှာ တစ်စက္ကန့်လျှင် ၂ လက်မနှုန်းထက်နည်းပါက ထိခိုက်မှုနည်းပြီး တစ်စက္ကန့်လျှင် ၅ ဒသမ ၄ လက်မရှိပါက ထိခိုက်မှုများ ဖြစ်ပေါ်စေကာ အများဆုံးတစ်စက္ကန့်လျှင် ၇ ဒသမ ၆ လက်မရှိပါက ကြီးမားသော ထိခိုက်မှုများဖြစ်စေပါသည်။

ယမ်းဖောက်ခွဲရာမှ ထွက်ပေါ်လာသော ကာဗွန်မိုနော့ဆိုက်၊ ကာဗွန်ဒိုင်အောက်ဆိုက်၊ နိုက်ထရိုဂျင်ဒိုင်အောက်ဆိုက်၊ ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်ငွေ့များသည် လူတို့၏ ကျန်းမာရေးကို များစွာထိခိုက်စေပါသည်။ မြေပြင်မိုင်းလုပ်ငန်းများမှ ထွက်ပေါ်လာသည့် ဆူညံသံများအန္တရာယ်၊ လေထုညစ်ညမ်းမှုအန္တရာယ်များကြောင့် သက်ရှိသတ္တဝါများ နေထိုင်ရာနေရာများ ပျက်စီးခြင်း ကြုံတွေ့ကြရသည်။ မြေပြင်မိုင်းများ၏ ဧရိယာအတွင်း ရေဝပ်သောနေရာများတွင် အက်စစ်များ၊ အယ်လ်ကာလီများ၊ စက်သုံးဆီများမှ အနံ့ဆိုးများနှင့် ဓာတ်ငွေ့များ ရောနှောဖြစ်ပေါ်စေသည်။ စွန့်ပစ်မြေစာပုံများရှိခြင်းဖြင့်လည်းကောင်း၊ ရေမြောင်းများမရှိပါကလည်းကောင်း ရေဝပ်မှုများ ဖြစ်ပေါ်လာရသည်။ ထိုရေများ အနိမ့်ပိုင်းသို့ စီးဆင်းသွားသည့်အခါ ကျောက်စရစ်များနှင့် အကျိအချွဲများပါသွားကာ ဆာလဖိုက်ဓာတ်များထွက်ရှိသည်။ ဆာလဖိုက်ဓာတ်များကြောင့် မြေဆီလွှာများ မြေဩဇာကုန်ခန်းစေသည်။ ချောင်းများတွင်လည်း အလားတူသက်ရောက်စေသည်။ ဤသို့ဖြင့် နွေရာသီတွင် ရေများ ပိုမိုခန်းခြောက်လာသည်။ မြေအောက်ရေများမှာလည်း ရွံ့စရာကောင်းသော အခြေအနေသို့ ရောက်ရှိသွားသည်။ အနီးရှိ မြေပြင်မိုင်းများမှ

> **“မြေပြင်ကျောက်မိုင်းဧရိယာများအတွင်း အလွယ်တကူ ရေများစီးဆင်းထွက်သွားစေရန် ရေမြောင်းများ ဖောက်လုပ်ပေးခြင်း၊ ပစ္စည်းများ ထုတ်လုပ်သည့် နေရာပတ်လည်တွင် ကြားခံ (Buffer Area) များနှင့် စိမ်းလန်းမြေ (Green Zone) များထားရှိပေးခြင်း၊ သစ်ပင်များ စိုက်ပျိုးထားရှိခြင်းသည်လည်း မိုင်းလုပ်ငန်းများမှ ထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များ၊ လျော့ကျစေသော အချက်တစ်ချက် ဖြစ်ပါသည်။ သစ်ပင်များသည် လေထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို စုပ်ယူ၍ အောက်ဆီဂျင်ကို ထုတ်လုပ်ပေးရာ သစ်ပင်တစ်ပင်သည် တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ် ဝ ဒသမ ၄၉ လီတာ ထုတ်ပေးပြီး တစ်ရက်လျှင် ၁၂ လီတာခန့် ထုတ်ပေးနိုင်သည်ဟု ဆိုပါသည်”**

ရေကိုသုံးစွဲခြင်းဖြင့် အပင်များပျက်စီးသည်။ ဝပ်ရှော့များ၊ စက်ယန္တရားများမှ အမဲဆီ၊ ချောဆီများမှာလည်း စွန့်ပစ်ဆီအဖြစ် ရေတွင်မျောပါကာ ရေဆိုးများအဖြစ် ပျံ့နှံ့သွားစေသည်။ ရေဆိုးများ ပျံ့နှံ့ခြင်းသည် အရေးကြီးသော ပြဿနာဖြစ်သည်။ မြေပြင်မိုင်းများမှထွက်ရှိသော ကျောက်မှုန့်ဖုန်မှုန့်များသည် ရေတွင်ပျော်ဝင်ကာ ဓာတုတုံ့ပြန်မှုအန္တရာယ်များ ပျံ့နှံ့စေသည်။ ရေတိုက်စားခြင်း၊ သက်ရှိသတ္တဝါများ အသက်ဆုံးရှုံးခြင်း၊ မြေဆီလွှာ ပျက်စီးမှုများ ဖြစ်ပေါ်စေသည်။

မိုင်းလုပ်ငန်းများသည် လေထုရေထုများတွင် သက်ရောက်မှုများရှိနေသည်ကို U.S Environmental Protection Agency (EPA) က အမေရိကန်နိုင်ငံတွင်းရှိ မိုင်းလုပ်ငန်းများမှ အမျိုးအစားကွဲပြားခြားနားသော သက်ရောက်မှု ၁၀၀ ခန့်မှာ ကျောက်အမှုန်များ၊ ဆာလဖာဒိုင်အောက်ဆိုက်ဓာတ်များကို လေထုအတွင်း ထုတ်လွှတ်သဖြင့် ထိခိုက်မှုရှိနေသည်ဟု ဆိုသည်။ ဆာလဖာအစုအပုံများမှ ဆာလဖျူရစ်အက်စစ်ဓာတ်များ ဖြစ်ပေါ်စေသည်။ အမေရိကန်နိုင်ငံရှိ မိုင်းလုပ်ငန်းများသည် ၁၉၃၁၂ ကီလိုမီတာ အရှည်ရှိသော မြစ်များ၊ ချောင်းများမှတစ်ဆင့် ဆာလဖာများ၊ ဆာလဖာဒိုင်အောက်ဆိုက်များ ရေတွင်ပျော်ဝင်နေသည်ဟုလည်း Mineral Policy Center In Washington D.C မှ ထုတ်ပြန်ထားပါသည်။

မြေပြင်ကျောက်မိုင်းဧရိယာများအတွင်း အလွယ်တကူ ရေများစီးဆင်းထွက်သွားစေရန် ရေမြောင်းများ ဖောက်လုပ်ပေးခြင်း၊ ပစ္စည်းများ ထုတ်လုပ်သည့် နေရာပတ်လည်တွင် ကြားခံ (Buffer Area) များနှင့် စိမ်းလန်းမြေ (Green Zone) များထားရှိပေးခြင်း၊ သစ်ပင်များ စိုက်ပျိုးထားရှိခြင်းသည်လည်း မိုင်းလုပ်ငန်းများမှ ထွက်ရှိသော ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်များ၊ လျော့ကျစေသော အချက်တစ်ချက် ဖြစ်ပါသည်။ သစ်ပင်များသည် လေထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်ဓာတ်ကို စုပ်ယူ၍ အောက်ဆီဂျင်ကို ထုတ်လုပ်ပေးရာ သစ်ပင်တစ်ပင်သည် တစ်နာရီလျှင် အောက်ဆီဂျင်ဓာတ် ဝ ဒသမ ၄၉ လီတာ ထုတ်ပေးပြီး တစ်ရက်လျှင် ၁၂ လီတာခန့် ထုတ်ပေးနိုင်သည်ဟု ဆိုပါသည်။ သစ်ပင်များ ကာရံထားသဖြင့် ကျောက်မှုန့်နှင့်ဓာတ်ငွေ့များ အဝေးသို့ ရောက်သွားနိုင်ခြင်းမရှိတော့ပေ။

**မိုင်းလုပ်ငန်းများ ရပ်ဆိုင်းရမှာလား**

မိုင်းလုပ်ငန်းများကြောင့် သဘာဝပတ်ဝန်းကျင်များ ထိခိုက်ပျက်စီးသည်ဟု ဆိုကြသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ရခြင်းအကြောင်းများစွာ ရှိပါသည်။ သဘာဝပတ်ဝန်းကျင် ထိခိုက်ခြင်းကြောင့် ကမ္ဘာကြီး ပူနွေးလာခြင်း၊ မိုးများစွာရွာသွန်းခြင်း၊ လေထုညစ်ညမ်းခြင်း၊ ရေထုညစ်ညမ်းလာခြင်း၊ ကမ္ဘာ့ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်များကို တစ်ကမ္ဘာလုံးက ခံစားနေကြရသည်။ ထိုသို့ဆိုလျှင် မိုင်းလုပ်ငန်းများကို ရပ်ဆိုင်းပစ်ရမည်လားဟု ဆိုပါကလည်း မိုင်းလုပ်ငန်းများမှ ထုတ်လုပ်ပေးသော လူတို့ နေ့စဉ်သုံးစွဲနေရသည့် မရှိမဖြစ်ပစ္စည်းများကို မိုင်းလုပ်ငန်းများနှင့် စက်ရုံကြီးများမှ ထုတ်လုပ်ပေးနေခြင်းဖြစ်သည်။ ထို့ကြောင့်လည်း မိုင်းလုပ်ငန်းများကို ရပ်တန့်ရန် မဖြစ်နိုင်ပေ။ သို့သော် သဘာဝပတ်ဝန်းကျင် ထိခိုက်မှုများကို လျှော့ချရန် နည်းလမ်းများကို အသုံးပြု၍ သတ်မှတ်ထားသည့် စည်းကမ်းဥပဒေများအတိုင်း လိုက်နာကျင့်သုံးဆောင်ရွက်ကြရန် လိုအပ်ပေသည်။

သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျှော့ချရန်အတွက် သဘာဝပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်များ ရေးဆွဲ၍ စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကနဦးပတ်ဝန်းကျင်ဆန်းစစ်ခြင်း၊ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ချက်ပြုလုပ်ခြင်း စသော သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းခြင်းလုပ်ငန်းများကို လုပ်ငန်းစီမံကိန်း ပမာဏများအလိုက် လုပ်ဆောင်ကြရမည်သာဖြစ်ပါကြောင်း တိုက်တွန်းလိုက်ရပေသည်။ ။

*** ရှေ့ဖုံးမှ**

မြန်အောင်မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်၏ မြန်အောင်မြို့နယ် တောင်ရိုးဒေသ ထိန်သေးကုန်းမြေပြာအင်ပင် လမ်းပေါ်ရှိ ရေသိုးချောင်းတံတားကို အမာခံ တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိသိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက အဆိုပါ သစ်သားတံတားကို ပေ ၆၀ အရှည်ကွန်ကရစ်တံတားအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ရန်ပုံငွေတွင် ထည့်သွင်းလျာထားပြီး ရန်ပုံငွေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## တံတားအသစ် တည်ဆောက်ခြင်းလုပ်ငန်းကို နောက်ပိုင်းဘဏ္ဍာနှစ်များ ကာလတွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်

ငပုတော မဲဆန္ဒနယ်မှ ဦးသန်းအောင်၏ ငပုတောမြို့နယ်၊ ချောင်းဂကျေးရွာနှင့် အောက်သောင်းကျေးရွာသို့ ဆက်သွယ်သော ပျက်စီးနေသည့် တံတားအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အမီ ပြန်လည်တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်းက အဆိုပါ သစ်သားတံတားသည် ချောင်းဂကျေးရွာအတွင်းရှိ အိမ်ခြေ ၆၄၅ အိမ်၊ လူဦးရေ ၂၂၀၀ ကျော် တို့အား အကျိုးပြုသည့် တံတားဖြစ်ပါကြောင်း၊ အဆိုပါ တံတားအသစ် ပြန်တည်ဆောက်ရန်အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ရန်ပုံငွေတင်ပြထားခြင်း မရှိပါသဖြင့် အဆိုပါသစ်သားတံတားကို ပြုပြင်ထိန်းသိမ်းရေးဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး တံတားအသစ် တည်ဆောက်ခြင်းလုပ်ငန်းကို နောက်ပိုင်းဘဏ္ဍာနှစ်များ ကာလတွင် ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထီးချိုင့် မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ ထီးချိုင့်မြို့နယ်ရှိ ခုတင် ၅၀ ဆံ့ ဆေးရုံသစ်ကို မည်သည့်အချိန်တွင် ဖွင့်လှစ်မည်နှင့် လက်ရှိအသုံးပြုနေသော ဆေးရုံဟောင်းကို မည်သို့ဆက်လက်အသုံးပြုမည်ကို သိရှိလိုခြင်း မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ထီးချိုင့်မြို့နယ် ခုတင် ၅၀ ဆံ့ ဆေးရုံသစ်မြေနေရာတွင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က တိုးချဲ့နှစ်ထပ်လူနာဆောင်နှင့် ခြောက်ခန်းတွဲလေးထပ် ဝန်ထမ်းအိမ်ရာ အဆောက်အဦများကို ဆောက်လုပ်ပေးခဲ့ပြီး တိုးချဲ့နှစ်ထပ် အဆောက်အဦလူနာဆောင် သီးသန့်ဖြစ်၍ ကုသရေးဝန်ဆောင်မှုများ ဆောင်ရွက်ရန် အဆောက်အဦထပ်မံလိုအပ်သည်ကို စိစစ်တွေ့ရှိပါကြောင်း၊ ကုသရေးအတွက်လိုအပ်သည့် ခွဲစိတ်ခန်း၊ သားဖွားခန်း၊ ဓာတ်မှန်ခန်းပါ နှစ်ထပ် အဆောက်အဦ ဆောက်လုပ်ရန် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်၌ ခွင့်ပြုငွေ ငွေကျပ် ၁၇၇ ဒသမ ၃၀၀ သန်းနှင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၌ လျာထားငွေ ငွေကျပ် ၃၉၉ ဒသမ ၅၀၀ သန်းပါရှိပြီး ဆောက်လုပ်လျက်ရှိပါကြောင်း၊ ခုတင် ၅၀ ဆံ့ ဆေးရုံသစ်ကို ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပြောင်းရွှေ့ဖွင့်လှစ်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိနေပါကြောင်း။

လက်ရှိ အသုံးပြုလျက်ရှိသော ဆေးရုံဟောင်းတွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရောဂါတိုက်ဖျက်ရေးဌာန၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန၊ ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာန၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ခုခံကျကာလသားရောဂါတိုက်ဖျက်ရေးဌာန၊ အာဟာရဖွံ့ဖြိုးရေးလုပ်ငန်း၊ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း၊ ဆီးချို၊ သွေးတိုးရောဂါ တိုက်ဖျက်ရေးလုပ်ငန်း၊ ဖွားသေစာရင်းလုပ်ငန်းများနှင့်အတူ ပြင်ပလူနာကုသရေးဌာနအဖြစ် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ပခုက္ကူ မဲဆန္ဒနယ်မှ ဦးပိုက်ကို၏ ပခုက္ကူမြို့နယ်၊ မန်ကျည်းပင်ပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က မန်ကျည်းပင်ပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲ အသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခဲ့ရာ ဝန်ကြီးဌာနက စီမံကိန်းနှင့်ဖွံ့စည်းပုံစိစစ်ရေးအဖွဲ့သို့ ဝန်ထမ်းအင်အား၊ ဖွဲ့စည်းပုံအဆိုပြုချက်နှင့်အတူ ညှိနှိုင်းပေးပို့ထားပြီးဖြစ်ပါကြောင်း၊ သို့ရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများက အမှုတွဲတင်ပြရာတွင် အချိန်ကြန့်ကြာမှုမရှိစေရန် One Stop Service ပုံစံနှင့် ဆောင်ရွက်နိုင်ရန်အတွက် ပြည်ထောင်စုအစိုးရအဖွဲ့မှ ထုတ်ပြန်ထားသောမူဝါဒနှင့် လုပ်ငန်းစဉ်များအား ပြင်ဆင်ထုတ်ပြန်နိုင်ရေး ပြင်ဆင်ဆောင်ရွက်လျက် ရှိပါကြောင်း၊ ၎င်း မူဝါဒအသစ် အမိန့်ကြော်ငြာစာ ထုတ်ပြန်ပြီးမှသာ မူဝါဒအသစ်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးသို့ တင်ပြဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ အကြောင်းပြန်ကြားလာပါကြောင်း၊ သို့ပါ၍ ပြည်ထောင်စုအစိုးရအဖွဲ့၏ မူဝါဒအမိန့်ကြော်ငြာစာထုတ်ပြန်ပြီးမှသာ ပခုက္ကူမြို့နယ် မန်ကျည်းပင်ပုကျေးရွာတွင် ကျေးလက်ကျန်းမာရေးဌာနခွဲအသစ်တိုးချဲ့ဖွင့်လှစ်ခွင့်ရရှိရန် ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်း ဖြေကြားသည်။

ဆက်လက်၍ ကလေး မဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၏ ကလေးမြို့နယ်အတွင်း မြစ်သာမြစ်အရှေ့ဘက်ခြမ်းရှိ ကျေးရွာချင်းဆက်လမ်းပိုင်းများကို တစ်ဆက်တစ်စပ်တည်း သွားလာနိုင်ရေးအတွက် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိလိုခြင်းမေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာ ကျော်လင်းကလည်းကောင်း၊ ရွှေပြည်သာ မဲဆန္ဒနယ်မှ ဦးဉာဏ်လင်း၏ ရွှေပြည်သာမြို့နယ်တွင် ဘောလုံးကွင်းနှင့် ယှဉ်တွဲ၍ လေ့ကျင့်ရေးပစ္စည်းများနှင့် အတူ ပြေးခုန်ပစ် အားကစားကွင်းတစ်ကွင်းကို ၂၀၂၀-၂၀၂၁ ခု ဘတ်ဂျက်နှစ်တွင် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း၊ ရွှေဘို မဲဆန္ဒနယ်မှ ဒေါက်တာ အေဇင်လတ်၏ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေသန့်ကို ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်းစနစ်ဖြစ်စေရန် မည်သို့ပညာပေးကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်းမေးခွန်းနှင့် လေးမျက်နှာ မဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ မြန်မာနိုင်ငံ၏ ကဏ္ဍပေါင်းစုံပါဝင်သော အမျိုးသားအာဟာရဖွံ့ဖြိုးမှုဆိုင်ရာ (၅)နှစ် စီမံကိန်း (Multi Sectoral National Plan of Action on Nutrition MSNPAN) ဆောင်ရွက်နေမှုများကို သိလိုခြင်းမေးခွန်းတို့နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က လည်းကောင်း ရှင်းလင်းဖြေကြားကြသည်။



ဒုတိယဝန်ကြီး ဦးတင်မြင့်



ဒုတိယဝန်ကြီး ဒေါက်တာကျော်လင်း



လက်ပံတန်း မဲဆန္ဒနယ်မှ ဦးကျော်မင်း



မြန်အောင် မဲဆန္ဒနယ်မှ ဦးခင်မောင်လတ်

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က လျှပ်စစ်နှင့် စွမ်းအင် ဖွံ့ဖြိုးတိုးတက်ရေးကော်မတီက တင်သွင်းသည့် ရေနံ စူးစမ်းရှာဖွေခြင်း၊ ရေနံတူးဖော်စမ်းသပ်ခြင်းနှင့် ရေနံထုတ်လုပ်ခြင်းဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာတင်ပြချက်အတိုင်း ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ သဘောထားရယူရာ သဘောမတူသူ မရှိသည့်အတွက် အတည်ပြုကြောင်းနှင့် ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

## ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာအသိပညာများ ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များ ဆွေးနွေး

ယင်းနောက် ခရမ်းမဲဆန္ဒနယ်မှ ဒေါက်တာအေးမင်း တင်သွင်းသည့် ပုဂ္ဂလိက ပြင်ပဆေးကုခန်းဆရာဝန် (G.P General practitioner- အထွေထွေရောဂါကုဆရာဝန်) များ၊ အခြားကျန်းမာရေးဆိုင်ရာပညာရှင်များနှင့် ဒေသတွင်းစိတ်ပါဝင်စားသူများပါဝင်သည့် စား/သုံး/နေထိုင်မှုဆိုင်ရာ ကျန်းမာရေးအသိပညာပေးအဖွဲ့ကဲ့သို့သောအဖွဲ့များ ဖွဲ့စည်း၍ ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာအသိပညာများ ထိထိရောက်ရောက်၊ ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခြင်းဖြင့် ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း မြှင့်တင်ပေးပါရန် ပြည်ထောင်စုအစိုးရအားတိုက်တွန်းကြောင်း အဆိုကို လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ကျောက်တန်း မဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုးက ကူးစက်တတ်သောရောဂါမဟုတ်သည့် ရောဂါအများစုသည် လူတို့၏အပြုအမူ အနေအထိုင်၊ အစားအသောက်၊ ဘဝနေထိုင်မှုပုံစံနှင့် များစွာပတ်သက်နေပါကြောင်း၊ မြန်မာနိုင်ငံတွင်ရှိသည့် ကျန်းမာရေးပြဿနာသည် ဆင်းရဲမွဲတေမှု၊ ဆေးရုံ၊ ဆေးခန်း၊ ဆေးဝါးလက်လှမ်းမမီမှုအပြင် ကျန်းမာရေးဗဟုသုတအပေါ်တွင်လည်း များစွာပတ်သက်နေသည့်အတွက် ပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းအားဖြင့် ဖြည့်ဆည်းပေးနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ ထို့ပြင် ဒေသကိုအခြေခံ၍ အလိုအပ်ဆုံးသော ပညာပေးလုပ်ငန်းများ၊ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ရောဂါဖြစ်ပွားမှုနှုန်း၊ သေဆုံးမှုနှုန်းကို လျှော့ချစေနိုင်မည်ဖြစ်ပါကြောင်း အကြံပြုထောက်ခံဆွေးနွေးသည်။

တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီး စိုင်းအိုက်လှက ကျန်းမာရေးမြှင့်တင်ရန် ကောင်းမွန်သောမြို့ပြစနစ်ကို တည်ထောင်ရန် လိုအပ်ပါကြောင်း၊ ကျန်းမာရေးနှင့် ညီညွတ်သည့်၊ အားကစားလုပ်နိုင်သည့် လမ်းများ၊ အပန်းဖြေနေရာများ များစွာရှိနိုင်ရန်အတွက် ဒီဇိုင်းရေးဆွဲခြင်း၊ လေထု၊ ရေထု ညစ်ညမ်းမှုနည်းပါးအောင် ဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ကျန်းမာရေးဆိုင်ရာအသုံးစရိတ်များကို ဘဏ္ဍာနှစ်အလိုက် တိုးမြှင့်သုံးစွဲနေသော်လည်း ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးကဏ္ဍတို့တွင် သုံးစွဲသည့် အသုံးစရိတ်တို့ကို ညီညွတ်မျှတရန်အတွက် ဘဏ္ဍာနှစ်အလိုက် ရေရှည်တည်တံ့ခိုင်မာစေသည့် မူဝါဒချမှတ်ရန်ကိုလည်း အကြံပြုလိုပါကြောင်း၊ ကျန်းမာရေးမြှင့်တင်ခြင်းသည် ကျယ်ပြန့်ပြီး Community Level တစ်ခုတည်း မဟုတ်ဘဲ နိုင်ငံတော်အဆင့် ပြည့်စုံသော မူဝါဒများချမှတ်ပြီး ဝန်ကြီးဌာနများ ချိတ်ဆက်၍ ကောင်းမွန်လက်တွေ့ကျသော ဥပဒေများအပြင် နည်းပညာအကူညီများကို ရယူဆောင်ရွက်သင့်ပါကြောင်း ဆွေးနွေးသည်။

## ပြင်ပဆရာဝန်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့နှင့်တွဲဖက်၍ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိ

အလားတူ စေတုတ္တရာ မဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ ဆိပ်ဖြူ မဲဆန္ဒနယ်မှ ဦးအောင်သိုက်နှင့် တွံတေး မဲဆန္ဒနယ်မှ ဦးမြင့်လွင်တို့က ဆွေးနွေးကြသည်။

အဆိုနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်က ဝန်ကြီးဌာန၏ ကျန်းမာရေးရည်မှန်းချက်များဖြစ်သည့် လူတိုင်းသက်တမ်းစေ့အသက်ရှည်စွာနေနိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေးတို့ကို ရရှိနိုင်ရေးအတွက် အကောင်အထည်ဖော်လျက်ရှိသော နည်းဗျူဟာများအနက် ပထမဦးစားပေးနည်းဗျူဟာသည် ကျေးလက်ဒေသအောက်ခြေအထိ ကျန်းမာရေးအသိပညာပေးလုပ်ငန်းဖြစ်ပါကြောင်း၊ ပြင်ပဆရာဝန်များနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် မြန်မာနိုင်ငံဆရာဝန်အသင်း၊ အထွေထွေရောဂါကုဆရာဝန်များအဖွဲ့နှင့် တွဲဖက်၍ ကျန်းမာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဆောင်ရွက်နေသည့် စီမံချက်လုပ်ငန်းများတွင် ကျန်မာရေးအသိပညာမြှင့်တင်ရေးလုပ်ငန်းများကို အမြဲတစေ ပါဝင်စေလျက် စဉ်ဆက်မပြတ် အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိပါကြောင်း။

ကျန်းမာရေးနှင့်သက်ဆိုင်သည့် သတိပေးနှိုးဆော်ချက်များ၊ ပညာပေးဓာတ်လမ်းတိုများ၊ အဓိကအသိပေးလိုသော အကြောင်းအရာများကို ပြန်ကြားရေးဝန်ကြီးဌာန MRTV၊ မြန်မာ့အသံရေဒီယို၊ တိုင်းရင်းသားအသံလွှင့်အစီအစဉ်များ၊ FM ရေဒီယိုများ၊ ဒေသဆိုင်ရာ FM ရေဒီယိုများနှင့် ညှိနှိုင်းပေါင်းစပ်ပြီး ပညာပေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဝန်ကြီးဌာန၏ Facebook စာမျက်နှာ၊ ဝန်ကြီးဌာနရှိ ဦးစီးဌာနများ ၊ ဆေးနှင့် ဆေးနှီးနွှယ်တက္ကသိုလ်များ၊ ကျန်းမာရေးစီမံချက်များ၏ Facebook နှင့် Viber စာမျက်နှာများ၊ ဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာများတွင် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဆိုင်ရာ လုပ်ငန်းများ ကို Online မှတစ်ဆင့် ကျယ်ပြန့်စွာဆောင်ရွက်ပေးလျက်ရှိသည့်အတွက် အဆိုအား မှတ်တမ်းတင်သင့်ပါကြောင်း ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုရှင်၏ သဘောထားကို မေးမြန်းရာ အဆိုရှင်က မှတ်တမ်းတင်ပေးပါရန် ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုအား မှတ်တမ်းတင်ရန် လွှတ်တော်၏ သဘောထားကိုရယူရာ သဘောမတူသူ မရှိသည့်အတွက် မှတ်တမ်းတင်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇) ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဩဂုတ် ၆ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်**

## ဝေနိမြစ်ရေ သာပေါင်းမြို့တွင် စိုးရိမ်ရေမှတ်ရောက်နိုင်

**နေပြည်တော် ဩဂုတ် ၄**

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ပေ၀က်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ သာပေါင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။ **မိုး/ဇလ**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိနေ

**နေပြည်တော် ဩဂုတ် ၄**

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ထုတ်ပြန်ချက်အရ ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ယနေ့ မြန်မာစံတော်ချိန် ၁ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားအလွန်ကောင်းနေသည်။ **မိုး/ဇလ**

# လွှတ်တော်ရေးရာ

❀ကျောဖုံးမှ

မိုင်တိုင်အမှတ် (၈၅/၃)မှ (၈၈/၅)အထိ ၃ မိုင် ၂ ဖာလုံတို့အား ပေ ၃၀ အကျယ် ကတ္တရာကွန်ကရစ် ခင်းခြင်းလုပ်ငန်းများဆောင်ရွက်နိုင်ရန်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်း ရန်ပုံငွေတွင် လျာထား တင်ပြတောင်းခံခဲ့သော်လည်း ရန်ပုံငွေကန့်သတ်ချက်အရ မိုင်တိုင်အမှတ် (၈၅/၂) မှ (၈၆/၁) အတွင်းရှိ ၆ ဒသမ ၅ ဖာလုံအား ကတ္တရာကွန်ကရစ်ခင်းခြင်း လုပ်ငန်းဆောင်ရွက်ရန်အတွက် ငွေကျပ် သန်း ၅၀၀ သာလျာထားနိုင်ခဲ့ပါသဖြင့် ကျန်ရှိနေသည့် လမ်းပိုင်းများအား နောင်လာမည့် ဘဏ္ဍာရေးနှစ်များတွင် ရန်ပုံငွေ ဆက်လက်လျာထားတင်ပြပေးသွားမည်ဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

## ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် ဆောင်ရွက်ပေးမည်

မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးလင်းတင်ဒွေး၏ မွန်ပြည်နယ် မော်လမြိုင်ခရိုင် ချောင်းဆုံမြို့နယ်အတွင်းရှိ ကျေးရွာတချို့၌ လိုအပ်လျက်ရှိသော စာသင်ကျောင်းဆောင်များကို ၂၀၂၀ - ၂၀၂၁ဘဏ္ဍာရေးနှစ်အတွင်း ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်းက ချောင်းဆုံမြို့နယ်တွင် ကျောင်းပေါင်း ကိုးကျောင်း ရှိပါကြောင်း၊ ယင်းကိုးကျောင်းအနက် တကူပတီခြံ အခြေခံပညာ မူလတန်းကျောင်းတွင် အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းပြီး ပေ (၉၀x ၃၀) Steel Structure တစ်ထပ်ကျောင်းဆောင်သစ် တစ်ဆောင်၊ တကူပတီ အခြေခံပညာမူလတန်းကျောင်းတွင် အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းပြီး ပေ(၉၀x၃၀) RCC နှစ်ထပ်ကျောင်းဆောင်တစ်ဆောင်၊ မုကွဲ အခြေခံပညာ မူလတန်းကျောင်းတွင် အန္တရာယ်ရှိကျောင်းဆောင်အား ဖျက်သိမ်းပြီး ပေ (၇၀x ၃၀) RCC နှစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင် အသီးသီး ဆောက်လုပ်ပေးရန် လာမည့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်းရန်ပုံငွေတွင် လျာထားဆောင်ရွက်ပြီး ဖြစ်ပါကြောင်း၊ ဆက်လက်၍ လိုအပ်ချက်ရှိနေသည့် အခြေခံပညာကျောင်း ခြောက်ကျောင်းတွင်လည်း ကျောင်းဆောင်သစ်များ ဆောက်လုပ်ပေးရန် လာမည့် ၂၀၂၁ –၂၀၂၂ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း (တည်ဆောက်ရေး) ရန်ပုံငွေတွင် မြို့နယ်ဦးစားပေးအစီအစဉ်အရ ထည့်သွင်း လျာထားနိုင်ရေး စီစဉ်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘွဲခိန်း၏ ချင်းပြည်နယ် ထန်တလန်မြို့နယ် လုံဇာရ်ကျေးရွာအုပ်စု ခွါဖိုးကျေးရွာသည် ရေရှားပါးနေပါသဖြင့် ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် သောက်ရေသန့်သွယ်ယူပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော် က ကျေးရွာနေပြည်သူများ သောက်သုံးရေ ရရှိရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် စိမ့်စမ်းရေသွယ်လုပ်ငန်းကို အရှည် ၃ မိုင် ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ လက်ရှိ ရေရယူသုံးစွဲလျက်ရှိသည့် စိမ့်စမ်းရေထွက်သည် နွေရာသီတွင် ရေထွက်နှုန်းလျော့ပြီး သောက်သုံးရေ မလုံလောက်သည့် အနေအထားဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ခွါဖိုးကျေးရွာ ရေရရှိရေးလုပ်ငန်းအား နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။



ပြည်ထောင်စုဝန်ကြီး
ဦးဟန်ဇော်



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်
အမှတ်(၄)မှ ဦးလှဦး



ဒုတိယဝန်ကြီး
ဦးလှကျော်



ချင်းပြည်နယ် မဲဆန္ဒနယ်
အမှတ်(၃)မှ ဦးဘွဲခိန်း

ကချင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၁)မှ ဒေါက်တာခွန်ဝင်းသောင်း၏ ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်အတွင်းရှိ တာလီရေလွှဲဆည်အား နီးစပ်ရာ ဘဏ္ဍာရေးနှစ်တွင် အမြန်ဆုံးပြုပြင်တည်ဆောက်ပေးနိုင်ရန်အတွက် မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က တာလီရေလွှဲဆည် တည်ဆောက်ပေးနိုင်ရန်အတွက် အကြိုပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် လိုအပ်သည့်ရန်ပုံငွေကို ၂၀၂၀ – ၂၀၂၁ဘဏ္ဍာရေးနှစ်တွင် ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေ (ငွေလုံးငွေရင်း) အသုံးစရိတ်လျာထားချက်စာရင်းတွင် ထည့်သွင်းထားပြီးဖြစ်ပါကြောင်း၊ ရေလွှဲဆည်တည်ဆောက်ခြင်းလုပ်ငန်းများကို ၂၀၂၁ – ၂၀၂၂ ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း၊ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်း လုပ်ငန်းကို ၂၀၂၂ – ၂၀၂၃ဘဏ္ဍာရေးနှစ်တွင်လည်းကောင်း နှစ်အလိုက်အသီးသီး အကောင် အထည်ဖော်ဆောင်ရွက်သွားရန် ရည်မှန်းထားသည့် အခြေအနေများဖြစ်ပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ “ဝ” ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့နယ်တွင် အဆင့်မီစက်မှုလယ်ယာ ထွန်စက်စခန်းတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးလှကျော်က ဟိုပန်မြို့နယ်တွင် အဆင့်မီ စက်မှုလယ်ယာထွန်စက်စခန်းတစ်ခု ဆောက်လုပ်ပေးရန် မိမိဌာန၏ လက်ရှိဖွဲ့စည်းပုံအင်အားအခြေအနေနှင့် စခန်းသစ်များ တိုးချဲ့နိုင်ခြင်း မရှိသေးသည့်အခြေအနေ ရှိနေပါကြောင်း၊ ဟိုပန်မြို့နယ်အတွက် ကွမ်းလုံစက်မှုလယ်ယာစခန်းမှ တာဝန်ယူဆောင်ရွက်ပေးလျက်ရှိသည့်အတွက် လတ်တလောတွင် စက်မှုလယ်ယာထွန်စက်စခန်းတစ်ခု ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

## လွှတ်တော်ကိုယ်စားလှယ်များ၏ မေးမြန်းချက်များကို ပြန်လည်ရှင်းလင်းဖြေကြား

အလားတူ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂) မှ ဦးသက်နိုင်စိုး၏ တနင်္သာရီတိုင်းဒေသကြီး လောင်းလုံးမြို့နယ်နှင့် ဆက်စပ်လျက်ရှိသည့် မြန်မာ့ပင်လယ်ပြင်တွင် ငါးဖမ်းဆီးလျက်ရှိသည့် ငါးနီတူ (ပလာကျင်းကျန်) ငါးဖမ်းလှေများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၉)မှ ဦးမြမင်းဆွေ၏ ပခုက္ကူမြို့နယ်ရှိ တန့်ကြည်တောင် စိမ်းလန်းစိုပြည်ရေးအတွက် တန့်ကြည်တောင်တန်းတစ်လျှောက်တွင် တစ်ဖက်ပိတ်ရေလှောင်တမံများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းတို့နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနက ပေးပို့သော ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ထိန်းသိမ်းရေးနည်းဥပဒေများကို ပြင်ဆင်သည့် နည်းဥပဒေများနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလာခြင်းအား လွှတ်တော်သို့ အသိပေးတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အဆိုပါပြင်ဆင်သည့် နည်းဥပဒေများအား ပြင်ဆင်ချက်အဆိုနှင့် စပ်လျဉ်း၍ ပြင်ဆင်ချက် တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲများကို အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး နဝမနေ့ကို ဩဂုတ် ၆ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်**

❀ ကျောဖုံးမှ

| စဉ် | နေ့ရက် | ကျောင်းသားဦးရေ | အစီအစဉ် | နံနက်ပိုင်း | နေ့လယ်ပိုင်း |
|---|---|---|---|---|---|
| ၁ | ၁၀-၈-၂၀၂၀ | (၅၀၀) ဦးအောက် | (၅)နေရာခွဲ၍ တန်းစီရန်၊ | ၀၉ : ၀၀ နာရီမှ ၁၀ : ၃၀ နာရီအထိ ခုံအမှတ် (၁) မှ (၁၂၅) အထိ<br>၁၀ : ၃၀ နာရီမှ ၁၂ : ၀၀ နာရီအထိ ခုံအမှတ် (၁၂၆) မှ (၂၅၀) အထိ | ၁၂ : ၃၀ နာရီမှ ၁၄ : ၀၀ နာရီအထိ ခုံအမှတ် (၂၅၁) မှ (၃၇၅) အထိ<br>၁၄ : ၀၀ နာရီမှ ၁၅ : ၃၀ နာရီအထိ ခုံအမှတ် (၃၇၆)မှ (၅၀၀) အထိ |
| ၂ | ၁၀-၈-၂၀၂၀ | (၅၀၀) မှ (၁၀၀၀) ဦး အထိ | (၁၀)နေရာခွဲ၍ တန်းစီရန်၊ | ၀၉ : ၀၀ နာရီမှ ၁၀ : ၃၀ နာရီအထိ ခုံအမှတ် (၁)မှ (၂၅၀) အထိ<br>၁၀ : ၃၀ နာရီမှ ၁၂ : ၀၀ နာရီအထိ ခုံအမှတ် (၂၅၁) မှ (၅၀၀) အထိ | ၁၂ : ၃၀ နာရီမှ ၁၄ : ၀၀ နာရီအထိ ခုံအမှတ် (၅၀၁) မှ (၇၅၀) အထိ<br>၁၄ : ၀၀ နာရီမှ ၁၅ : ၃၀ နာရီအထိ ခုံအမှတ် (၇၅၁)မှ (၁၀၀၀) အထိ |
| ၃ | ၁၀-၈-၂၀၂၀ | (၁၀၀၀) ဦးအထက် | (၁၆)နေရာခွဲ၍ တန်းစီရန်၊ | ၀၉ : ၀၀ နာရီမှ ၁၀ : ၃၀ နာရီအထိ ခုံအမှတ် (၁) မှ (၄၀၀) အထိ<br>၁၀ : ၃၀ နာရီမှ ၁၂ : ၀၀ နာရီအထိ ခုံအမှတ် (၄၀၁) မှ (၈၀၀) အထိ | ၁၂ : ၃၀ နာရီမှ ၁၄ : ၀၀ နာရီအထိ ခုံအမှတ် (၈၀၁) မှ (၁၂၀၀) အထိ<br>၁၄ : ၀၀ နာရီမှ ၁၅ : ၃၀ နာရီအထိ ခုံအမှတ် (၁၂၀၁)မှ နောက်ဆုံးအထိ |

၄။ ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်ရာ၌ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များနှင့်အညီ တိကျစွာ လိုက်နာဆောင်ရွက်နိုင်ရေးအတွက် အောက်ဖော်ပြပါအတိုင်း မိဘပြည်သူများက ပူးပေါင်းဆောင်ရွက် ကူညီပေးကြပါရန် ပန်ကြားအပ်ပါသည်-

(က) အောင်စာရင်းကြည့်ရှုရန် လာစဉ်တွင်လည်းကောင်း၊ အပူချိန်တိုင်းတာနေချိန်တွင် လည်းကောင်း၊ စနစ်တကျ လက်ဆေးနေစဉ်တွင်လည်းကောင်း၊ အောင်စာရင်းကြည့်ရှုနေစဉ်တွင် လည်းကောင်း၊ တစ်ဦးနှင့် တစ်ဦး( Physical Distancing ) အနည်းဆုံး(၆)ပေ ကွာခြားရန်၊

(ခ) အောင်စာရင်းလာရောက်ကြည့်ရှုသူများ ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို စနစ်တကျ လုံခြုံစွာ တပ်ဆင်ရန်နှင့် အကယ်၍ ဖြစ်နိုင်ပါက မျက်နှာကာ (Face Shield) ကိုလည်း စနစ်တကျ လုံခြုံစွာ တပ်ဆင်ကြပါရန်၊

(ဂ) အသက်အရွယ်ကြီးရင့်သူ (အသက် ၆၀ နှင့်အထက်)နှင့် နာတာရှည်ရောဂါရှိသူများ (ဆီးချို၊ သွေးတိုး၊ ကင်ဆာ၊ အဆုတ်၊ အသည်း စသည့် )၊ နေမကောင်းသောသူများ (ချောင်းဆိုးခြင်း၊ ဖျားနာခြင်း၊ အသက်ရှူရခက်ခဲခြင်း စသည့် COVID–19 ရောဂါ သံသယလက္ခဏာများရှိသူများ)နှင့် လွန်ခဲ့သည့်(၁၄)ရက်အတွင်း COVID–19 ရောဂါ အတည်ပြုလူနာ တစ်ဦးဦးနှင့် နီးကပ်စွာထိတွေ့ခဲ့မှု (Primary Contact ) ရှိခဲ့သူများကို အောင်စာရင်းကြည့်ရှုရန် ကျောင်းသို့လာရောက်ခြင်း လုံးဝခွင့်မပြုပါ။

၅။ Online ဖြင့် အောင်စာရင်းကြည့်ရှုရာတွင် အင်တာနက်လိုင်းမရသော ဒေသများနှင့် လမ်းပန်းဆက်သွယ်ရေး ခက်ခဲသောဒေသများအတွက် အောင်စာရင်းထုတ်ပြန်ကြေညာမည့် (၉.၈.၂၀၂၀)ရက်နေ့ (တနင်္ဂနွေနေ့)တွင် အောင်စာရင်းနှင့် ပတ်သက်၍ မရှင်းလင်းသည်များရှိလာပါက မေးမြန်းစုံစမ်းနိုင်ရန် အောက်ဖော်ပြပါ Call Center အဖွဲ့(၇)ဖွဲ့ဖြင့် လက်ခံဖြေကြားပေးသွားမည် ဖြစ်ပါသည်။

| စဉ် | အဖွဲ့ခေါင်းဆောင်အမည် | ရာထူး | ဌာန | ဖုန်းနံပါတ် |
|---|---|---|---|---|
| ၁။ | ဒေါက်တာကျော်ဝင်းစိုး | ညွှန်ကြားရေးမှူး | အခြေခံပညာဦးစီးဌာန | ၀၆၇ – ၃၄၀၇၈၂၁ |
| ၂။ | ဦးသန်းစိုးအောင် | ညွှန်ကြားရေးမှူး | အခြေခံပညာဦးစီးဌာန | ၀၆၇ – ၃၄၀၇၈၁၁ |
| ၃။ | ဒေါက်တာတင်ယုယုအေး | ညွှန်ကြားရေးမှူး | အခြေခံပညာဦးစီးဌာန | ၀၆၇ – ၃၄၀၇၆၉၁ |
| ၄။ | ဦးအေးလွင် | ညွှန်ကြားရေးမှူး | အခြေခံပညာဦးစီးဌာန | ၀၆၇ – ၃၄၀၇၆၈၆ |
| ၅။ | ဒေါက်တာဥမ္မာသန်း | ညွှန်ကြားရေးမှူး | အခြေခံပညာဦးစီးဌာန | ၀၆၇ – ၃၄၀၇၈၁၉ |
| ၆။ | ဦးမြင့်ဇော် | ညွှန်ကြားရေးမှူး | မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | ၀၁ – ၆၅၃၅၀၉ |
| ၇။ | ဒေါက်တာကျော်မိုးလွင် | ညွှန်ကြားရေးမှူး | မြန်မာနိုင်ငံစာစစ်ဦးစီးဌာန | ၀၆၇ – ၃၄၃၀၁၆၉ |

၆။ ၂၀၂၀-ပြည့်နှစ်၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အမှတ်စာရင်းနှင့် အောင်လက်မှတ်ထုတ်ပေးခြင်း၊ အဖြေလွှာ ပြန်လည်စစ်ဆေးပေးရန်လျှောက်ထားခြင်း( Complaint ) အစီအစဉ်များကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ COVID–19 ရောဂါ ကာကွယ်၊ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ပေးနိုင်ရန်အတွက် ထပ်မံအသိပေး ကြေညာသွားမည်ဖြစ်ပါသည်။

**မြန်မာနိုင်ငံစာစစ်ဦးစီးဌာန**
**ပညာရေးဝန်ကြီးဌာန**


# ၄-၈-၂၀၂၀၊ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အင်္ဂမနေ့မှတ်တမ်း

## ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်းစနစ် ဖြစ်စေရန် မည်သို့ပညာပေးကြီးကြပ်ဆောင်ရွက်နေသည်ကို သိလိုခြင်းနှင့်စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ** ॥ ॥ ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေဇင်လတ် မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်အေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)** ॥ ॥ လေးစားရတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အားလုံးမင်္ဂလာပါရှင်။ ယနေ့ကျွန်မမေးမြန်းမယ့် မေးခွန်းက ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေသန့်များ ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်းစနစ်ဖြစ်စေရန် မည်သို့ပညာပေး ကြီးကြပ်ဆောင်ရွက်နေသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းတဲ့ မေးခွန်းဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးရှင်။ ဒီမေးခွန်းမေးမြန်းဖို့အတွက် ကျွန်မအနေနဲ့ ပထမဦးစွာ မေးမြန်းရတဲ့ရည်ရွယ်ချက်ကို အကျဉ်းမျှဆွေးနွေးပါရစေ။ ၂၀၁၁ ခုနှစ်တုန်းက ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က ပြောပါတယ်။ လူတွေသောက်သင့်တဲ့ရေသန့်ဆိုလို့ရှိရင် အချက်လေးချက်နဲ့ ညီညွတ်သင့်တယ်လို့ ဆိုပါတယ်။ အဲဒါက ဘာလဲဆိုတော့ ပထမဦးဆုံးအချက်အနေနဲ့ အဏုဇီဝပိုးမွှားဆိုင်ရာ ရှုထောင့်ကနေ ကြည့်မယ်ဆိုလို့ရှိရင် လူတွေရဲ့ဘေးဥပဒ်ဖြစ်စေတဲ့ ပိုးမွှားတွေမပါဝင်ဖို့၊ နံပါတ်(၂)အချက်အနေနဲ့ ဓာတ်သတ္တုဆိုင်ရာ ရှုထောင့်ကကြည့်မယ်ဆိုလို့ရှိရင်လည်း လူတွေအတွက် ကျန်းမာရေးကိုအဆိပ်သင့်စေနိုင်တဲ့ ဓာတ်သတ္တုတွေ ရေထဲမှာ ပျော်ဝင်မနေစေဖို့နဲ့ ရေရှည်မှာကင်ဆာအဖြစ် ပြောင်းလဲစေနိုင်တဲ့ ဓာတ်သတ္တုတွေ ရေထဲမှာမပျော်ဝင်စေဖို့လိုတယ်လို့ ဆိုပါတယ်။ နံပါတ်(၃) အချက်အနေနဲ့ ရေဒီယိုဓာတ်ကြွမှုဆိုင်ရာ ရှုထောင့်ကကြည့်မယ်ဆိုလို့ရှိရင်လည်း ရေဒီယိုဓာတ်ကြွပစ္စည်းတွေဟာ ရေထဲမှာ ပါဝင်မနေစေဖို့လိုတယ်လို့ ဆိုပါတယ်။ နံပါတ်(၄)အချက်အနေနဲ့ ရေရဲ့အရောင်၊ အနံ့၊ အဆင်း၊ အရသာဟာလည်း လူတွေလက်ခံနိုင်ဖွယ်ရာ ဖြစ်ရမယ်လို့ဆိုပါတယ်။ အဲဒီတော့ ကျွန်မ ဒီနေ့မေးမြန်းတဲ့မေးခွန်းက ကျွန်မတို့နိုင်ငံရဲ့ ဈေးကွက်မှာ ယနေ့ ရေသန့်ဆိုပြီး ရောင်းချနေတဲ့၊ ပြည်သူတွေတန်ဖိုးတစ်ခုပေးပြီးတော့ ဝယ်ယူသောက်သုံးနေရတဲ့ ရေသန့်တွေဟာ အထက်ပါအချက်လေးချက်နှင့် တတ်အားသရွေ့ ညီညွတ်စေဖို့အတွက် ကျွန်မရဲ့မေးခွန်းက ရည်ရွယ်တာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးရှင်။ ဒီလိုကျန်းမာရေးနှင့်ညီညွတ်တဲ့ရေသန့်များကို ပြည်သူများအနေနဲ့ ဝယ်ယူသောက်သုံးခွင့်ရဖို့ဆိုတာကလည်း ဒီရေသန့်တွေ ထုတ်လုပ်၊ ဖြန့်ဖြူး၊ သယ်ယူ၊ ရောင်းချတဲ့ စနစ်အဆင့်ဆင့်တွေမှာ ကျန်းမာရေးနှင့် ညီညွတ်နိုင်တဲ့ လိုက်ပါဆောင်ရွက်နိုင်ဖွယ်ရာများကို လိုက်ပါဆောင်ရွက်နိုင်မှသာလျှင် ကျွန်မတို့က ဒီအခွင့်အရေးကို ရရှိမှာဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ဒီစနစ်အဆင့်ဆင့်မှာ ကျွန်မတို့ ဘယ်လိုကြီးကြပ်ဆောင်ရွက်နေတာလဲ။ ဒါကို ပြည်သူလူထုသိရှိဖို့နဲ့ ကျွန်မတို့ သတိပြုနိုင်ဖို့အတွက် ကျွန်မအနေနဲ့ ဒီမေးခွန်းကို မေးမြန်းရခြင်းဖြစ်ပါကြောင်း ထပ်မံရှင်းလင်းအပ်ပါတယ်။ အဲဒီတော့ ကျွန်မတို့ ဥပမာအနေနဲ့ဆိုရင် ရေသန့်တွေ ထုတ်လုပ်တဲ့အခါမှာ ဒီရေသန့်တွေမှာပါဝင်တဲ့ ဇက်တီးရီးယားပိုးမွှားတွေကို အတိုင်းအတာတစ်ခုအထိ လျော့ကျနည်းပါး သေစေဖို့အတွက်ဆိုရင် စက်ရုံတွေမှာသုံးတဲ့ နည်းလမ်းတွေက Ozone Generator ဒါမှမဟုတ်ရင် UV မီးချောင်းတွေကို သုံးတယ်လို့ ကျွန်မလေ့လာသိရှိရပါတယ်။ အဲဒီတော့ ဒီမှာသုံးတဲ့ UV မီးချောင်းတွေဟာ တချို့နားမလည်တဲ့ဒေသတွေမှာဆိုလို့ရှိရင် အလှမွေးငါးကန်တွေမှာသုံးတဲ့ မီးချောင်းတွေနဲ့ ရောညှပ်ပြီးသုံးခြင်းဟာ အင်မတန်မှ အန္တရာယ်များပါတယ်။ နောက် ဒီ UV မီးချောင်းတွေရဲ့အာနိသင်ဟာ အချိန်အတိုင်းအတာတစ်ခုကို ရောက်တဲ့အခါမှာ ပိုးမွှားတွေသေစေတဲ့ အစွမ်းကလည်း အာနိသင်က နည်းပါးတတ်ပါတယ်။ အဲဒါကြောင့်မို့လို့ အချိန်အတိုင်းအတာတစ်ခုရောက်တိုင်း ဒီမီးချောင်းတွေဟာ လဲလှယ်ပြီးတော့ သုံးရမှာဖြစ်ပါတယ်။ အဲဒီတော့ ဒီမီးချောင်းများကို အဲဒီလိုမျိုး မလဲလှယ်ဘဲနဲ့ မီးချောင်းကျွမ်းမှသာသုံးလို့ရှိရင် ဒီစက်ရုံကထွက်လာတဲ့ရေသန့်တွေဟာ ဇက်တီးရီးယားပိုးမွှားတွေ မပါဝင်တဲ့ ရေသန့်များဖြစ်ဖို့ဆိုတာက စိတ်မချရတော့ပါဘူး။ ဒါကြောင့်မို့လို့ ထုတ်လုပ်ခြင်းအဆင့်မှာလည်း ဒါကိုကြီးကြပ်ဖို့၊ လိုက်နာကြဖို့အတွက် လိုအပ်နေတယ်ဆိုတာကို ကျွန်မက ဆွေးနွေးလိုခြင်း ဖြစ်ပါတယ်။



ဒုတိယဝန်ကြီး
ဒေါက်တာဒေါ်မြလေးစိန်



ရွှေဘိုမဲဆန္ဒနယ်မှ
ဒေါက်တာဒေါ်အေဇင်လတ်

ဒီရေသန့်စက်ရုံမှာ အသုံးပြုတဲ့ရေသန့်ဘူးတွေကို နောက်ဆုံးသန့်စင်ရမယ့်ရေဟာ ရေသန့်နဲ့သာ သုံးရမယ်ဆိုပေမယ့်လည်း ဒီသတ်မှတ်ချက်ကို လိုက်နာတဲ့ စက်ရုံတွေဟာလည်း အတိုင်းအတာတစ်ခုပဲရှိတယ်လို့ ကျွန်မလေ့လာသိရှိရပါတယ်။ ကျွန်မတို့အနေနဲ့ ထပ်မံလေ့လာကြည့်တဲ့အခါမှာ ရေသန့်စက်ရုံတွေမှာ ဒီစက်ရုံက အစဉ်သဖြင့် ထွက်ရှိလာတဲ့ ရေသန့်တွေကို အစဉ်တစိုက် ထိန်းသိမ်းပြီးတော့ ဓာတ်ခွဲနေတာမျိုးကို ပြုလုပ်လေ့မရှိကြဘဲနဲ့ ဒီရေသန့်များကို FDA ထောက်ခံချက်ရဖို့အတွက် ဆောင်ရွက်စဉ်ကပဲ ရေသန့်ဓာတ်ခွဲမှုကို ပြုလုပ်လေ့ရှိကြတယ်လို့လည်း သိရှိရပါတယ်။ ဒါကြောင့်မို့လို့ ရေသန့်စက်ရုံများမှာ မိမိတို့စက်ရုံတွေက ထွက်ရှိလာတဲ့ ရေသန့်ကို အစဉ်တစိုက် အရည်အသွေးကိုစစ်ဆေးပြီးတော့ ဓာတ်ခွဲနိုင်တဲ့၊ မှတ်တမ်းတင်တဲ့ဌာနများလည်း ရှိသင့်ဖို့အတွက်လည်း တိုက်တွန်းလမ်းညွှန်ပေးဖို့ လိုတဲ့အတွက်လည်း ကျွန်မ မေးမြန်းရခြင်းဖြစ်ပါတယ်။

သယ်ယူဖြန့်ဖြူးရောင်းချတဲ့စနစ်မှာ ဆိုလို့ရှိရင်လည်း ရေတွေကို နေရောင်ခြည်နဲ့ တိုက်ရိုက်အချိန်အကြာကြီး မထိတွေ့စေဖို့လည်း လမ်းညွှန်ဖို့ လိုအပ်လာပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ နေရောင်ခြည်နဲ့ ကြာရှည်စွာ ထိတွေ့ရလို့ရှိရင် ရေတွေကနေပြီးတော့ ဓာတ်တိုးမှုများ ဖြစ်ပေါ်လာပြီးတော့ တချို့ဓာတ်ပေါင်းတွေဟာ ရေရှည်မှာ ကင်ဆာဖြစ်နိုင်တယ်ဆိုတဲ့ အထောက်အထားတွေလည်း သိရှိလာရတဲ့အတွက်ကြောင့်မို့လို့ ဖြစ်ပါတယ်။ ကျွန်မကို Power Point အသုံးပြုခွင့်ပေးပါရှင်။ ကျွန်မ ဒီမှာပြသထားတာကတော့ ရေမသန့်ရှင်းမှုကြောင့် ဖြစ်ပေါ်လာတဲ့ ရောဂါတွေဖြစ်ပါတယ်။ ဒီနေရာမှာ အင်္ဂလိပ်စာလုံးများနဲ့ပဲ ကျွန်မဖော်ပြထားခြင်းကို ခွင့်ပြုပေးဖို့ တောင်းပန်အပ်ပါတယ်။ ဒါကလည်း ရေကြောင့်ဖြစ်ပွားလေ့ရှိတဲ့ အဖြစ်များတဲ့ ရောဂါတွေကို ကျွန်မပြသထားတာပဲ ဖြစ်ပါတယ်။ ဒါကလည်း ရေမှာပါဝင်တဲ့ ဓာတ်သတ္တုတွေကြောင့်မို့လို့ ဓာတုပစ္စည်းတွေကြောင့်မို့လို့ဖြစ်တဲ့၊ ဖြစ်နိုင်တဲ့ နေရာတွေ ပြသထားတာဖြစ်ပါတယ်။ ဒါကလည်း ရေမှာပါဝင်တဲ့၊ အဖြစ်များတဲ့ ခဲ၊ မာကျူရီ၊ အာဆင်းနစ်ဓာတ်ပေါင်းတွေပါရင် လူတွေမှာဖြစ်နိုင်တာကို ပြသထားတာ ဖြစ်ပါတယ်။ ဒါကတော့ ရေကိုသယ်ယူတဲ့အခါမှာ ဒီလိုစနစ်ကို လုပ်သင့်တာကို ပြသထားတာဖြစ်ပါတယ်။ ဒါကလည်း ရေကို ကျန်းမာရေးနဲ့ ညီညွတ်ဖို့အတွက် သယ်ယူခြင်းစနစ် အသုံးပြုရာမှာ ပြသထားတာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ အဲဒီတော့ ကျွန်မဒီမှာဆွေးနွေးတဲ့ ကျန်းမာရေးနဲ့ ညီညွတ်တဲ့ ရေသန့်စနစ်ကို ထုတ်လုပ်ဖြန့်ဖြူးသယ်ယူတဲ့အခါမှာ ကုန်ကျစရိတ်တွေလည်း ရှိလာမှာဖြစ်တဲ့အတွက် နိုင်ငံတော်အနေနဲ့ကလည်း လိုအပ်တဲ့ပံ့ပိုးကူညီမှု၊ ဖြေလျှော့မှုတွေ ဆောင်ရွက်ပေးသင့်သလို ကြီးကြပ်လမ်းညွှန်ဖို့လည်း လိုအပ်တဲ့အတွက်ကြောင့်မို့လို့ ကျွန်မအနေနဲ့ အထက်ပါမေးခွန်းကို မေးမြန်းလိုက်ရပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ** ॥ ॥ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန် ဖြစ်ပါတယ်။

### ဖြေကြားချက်

**ဒေါက်တာဒေါ်မြလေးစိန် (ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)** ॥ ॥ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးရှင်။ ရွှေဘိုမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ရဲ့ ကြယ်ပွင့်ပြမေးခွန်းအား ကျွန်မ ဒေါက်တာဒေါ်မြလေးစိန်မှ ပြန်လည်ဖြေကြားသွားမှာ ဖြစ်ပါတယ်ရှင်။ ကျွန်မတို့အနေနဲ့ သောက်ရေသန့်လုပ်ငန်းတွေကို ဆောင်ရွက်တဲ့အခါမှာ ထုတ်လုပ်ဖြန့်ဖြူးသယ်ယူရောင်းချတဲ့အခါမှာ ကျန်းမာရေးနှင့် ညီညွတ်သော ထုတ်လုပ်ဖြန့်ဖြူး သယ်ယူရောင်းချခြင်းစနစ်ဖြစ်စေရန် မည်သို့ပညာပေး ကြီးကြပ်ဆောင်ရွက်သည်ကို သိရှိလိုခြင်းနှင့် ပတ်သက်ပြီးတော့ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ဆောင်ရွက်နေတဲ့လုပ်ငန်းစဉ်များကို တင်ပြလိုပါတယ်။ Power Point အသုံးပြုခွင့်ပြုပါရှင်။ အချိန်အနည်းငယ်ပိုပေးဖို့လည်း မေတ္တာရပ်ခံအပ်ပါတယ်။ (၁)ကတော့ မူဝါဒပါ။ သောက်ရေသန့်လုပ်ငန်းများအား ကြီးကြပ်ကွပ်ကဲနိုင်ရန်အတွက် သောက်ရေသန့်ကွပ်ကဲမှု မူဝါဒ(၃)ရပ်အား ၄-၈-၂၀၁၇ ရက်နေ့မှာ ထုတ်ပြန်ညွှန်ကြားခဲ့ပါတယ်။ ဒါကတော့ ညွှန်ကြားခဲ့တဲ့ ညွှန်ကြားလွှာဖြစ်ပါတယ်။ ရေသန့်ကွပ်ကဲမှု မူဝါဒ (၃)ရပ်ကတော့ (၁) ထောက်ခံချက်မရှိတဲ့ ရေသန့်လုပ်ငန်း၊ ထောက်ခံချက်ရှိ သက်တမ်းကုန် ရေသန့်လုပ်ငန်းနှင့် ထောက်ခံချက်ရှိ သက်တမ်းရှိသော ရေသန့်လုပ်ငန်းဆိုပြီးတော့ ဒီသုံးခုကနေပြီးတော့ ရပ်ဆိုင်းမယ်၊ ကတိကဝတ်လက်မှတ်ရေးထိုးမယ်။ ဈေးကွက်က ပြန်ရုပ်သိမ်းမယ်။ ထောက်ခံချက် အတိုင်း လျှောက်ခိုင်းမယ် စတဲ့ ကျွန်မတို့ရဲ့ မူဝါဒတွေနှင့် ဆောင်ရွက်လျက် ရှိပါတယ်။

ဈေးကွက်မတိုင်မီ စိစစ်ခြင်းအနေဖြင့် ဈေးကွက်ကိုမတင်မီ Good Manufacturing Practice (GMP)နှင့် ညီညွတ်စွာထုတ်လုပ်ခြင်း ရှိ/မရှိ ကွင်းဆင်းစစ်ဆေးခြင်း၊ သောက်ရေသန့်နမူနာ ကောက်ယူဓာတ်ခွဲစစ်ဆေးခြင်း၊ အမှတ်တံဆိပ်သတ်မှတ်ချက်များနှင့် ညီ/မညီစစ်ဆေးခြင်း၊ အထက်ပါ သတ်မှတ်ချက်များနှင့် ကိုက်ညီပါက အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ထုတ်ပေးပြီး သက်တမ်းနှစ်နှစ်ရှိပါတယ်။ ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်းအနေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး နှင့် ဧရာဝတီတိုင်းဒေသကြီးမှာ ထောက်ခံချက် လျှောက်ထားမှုလုပ်ငန်းစဉ် မြန်စေရေးအတွက် စက်ရုံကွင်းဆင်းစစ်ဆေးသည်မှစ၍ ထောက်ခံချက်ထုတ်ပေးနိုင်သည့် အဆင့်အထိ စိစစ်ပြီး One Page Report ဖြင့် နေပြည်တော်ရုံးချုပ်သို့ ထောက်ခံတင်ပြပေးခြင်းစနစ်အား ကျင့်သုံးဆောင်ရွက်လျက်ရှိပါတယ်။ ဈေးကွက်တင်ပြီးနောက် စိစစ်ခြင်းတွင် ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသော သောက်ရေသန့်များအား ဈေးကွက်နမူနာ ကောက်ယူဓာတ်ခွဲစစ်ဆေး၍ သတ်မှတ်ချက်နှင့် ကိုက်ညီမှုမရှိပါက ဈေးကွက်မှ ပြန်လည်သိမ်းဆည်းဖျက်ဆီးစေခြင်း၊ လုပ်ငန်းအား ခံဝန်ကတိထိုး၍ ထုတ်လုပ်မှု ယာယီရပ်ဆိုင်းခြင်း၊ လိုက်နာမှုမရှိပါက အစားအသောက်ဥပဒေအရ တရားစွဲဆိုခြင်းများနှင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချမည်ဆိုပါက အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိပြီးမှသာ ဈေးကွက်တင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ ရှောင်တခင်ကွင်းဆင်းစစ်ဆေးရာတွင် ထောက်ခံချက်မရှိဘဲ ထုတ်လုပ်ဖြန့်ဖြူးနေသည်ကို တွေ့ရှိပါက ရေသန့်များကွပ်ကဲမှုမူဝါဒအရ ၎င်းစက်ရုံအား ချက်ချင်းပိတ်သိမ်းအရေးယူပြီး ဈေးကွက်တွင်း ဖြန့်ဖြူးထားသော ထုတ်ကုန်များအား ဈေးကွက်မှ ပြန်လည်သိမ်းဆည်းဖျက်ဆီးစေခြင်း၊ လုပ်ငန်းအား ဝန်ခံကတိရေးထိုးခြင်းနှင့် ထောက်ခံချက် အမြန်ဆုံးလျှောက်ထားရန် ညွှန်ကြားခြင်းတို့ကို ဆောင်ရွက်နေပါတယ်။

စီမံချက်အနေနဲ့ စားသုံးမှုများသော အစားအသောက်များ ဘေးအန္တရာယ်ကင်းရှင်းရန် ဈေးကွက်ထောက်လှမ်းရေး လုပ်ငန်းစီမံချက်အား ၂၀၂၀ ပြည့်နှစ် မတ်လမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအထိ ရေးဆွဲထားပြီး တစ်တိုင်းပြည်လုံးအနေဖြင့် ဆောင်ရွက်လျက်ရှိရာ သောက်ရေသန့်နမူနာ ကောက်ယူစစ်ဆေးခြင်းလည်း ပါဝင်ပါတယ်။ သင်တန်းပေးခြင်းများတွင် ၂၀၁၈-၂၀၁၉ ခုနှစ်မှာ နေပြည်တော်၊ ပြည်ထောင်စုနယ်မြေ၊ ရန်ကုန်တိုင်းဒေသကြီးတို့တွင် (၁၁)ကြိမ် ပြုလုပ်ခဲ့ပြီး သင်တန်းသား ၅၀၃ ဦး တက်ရောက်ခဲ့ပါတယ်။ ကချင်ပြည်နယ် လစဉ်စီမံချက်များရေးဆွဲ၍ အသိပညာပေးလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်ခြင်း၊ ကရင်ပြည်နယ် သောက်ရေသန့်လုပ်ငန်းရှင်များအသင်းအား ဖွဲ့စည်း၍ ပညာပေးသင်တန်းများ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်တွင် နှစ်ကြိမ် ဆောင်ရွက်ပေးခြင်း၊ စစ်ကိုင်းတိုင်းဒေသကြီး ရေသန့်လုပ်ငန်းများအား သင်တန်းပို့ချရေး သင်တန်းဆင်းလက်မှတ်များပေးအပ်ခြင်း၊ ခရိုင်နှင့် မြို့နယ်များတွင် အဆိုပါသင်တန်းများပို့ချနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ မကွေးတိုင်းဒေသကြီး ၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ လမ်းညွှန်ချက်ဖြင့်

*စာမျက်နှာ ၁၀ သို့*

> **"ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချနေသော သောက်ရေသန့်များအား ဈေးကွက်နမူနာ ကောက်ယူဓာတ်ခွဲစစ်ဆေး၍ သတ်မှတ်ချက်နှင့် ကိုက်ညီမှု မရှိပါက ဈေးကွက်မှ ပြန်လည်သိမ်းဆည်းဖျက်ဆီးစေခြင်း၊ လုပ်ငန်းအား ခံဝန်ကတိထိုး၍ ထုတ်လုပ်မှုယာယီရပ်ဆိုင်းခြင်း၊ လိုက်နာမှုမရှိပါက အစားအသောက်ဥပဒေအရ တရားစွဲဆိုခြင်းများနှင့် သောက်ရေသန့် ထုတ်လုပ်ရောင်းချမည်ဆိုပါက အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက် ရရှိပြီးမှသာ ဈေးကွက်တင်ခွင့် ရရှိမှာဖြစ်ပါတယ်"**

စာမျက်နှာ ၉ မှ

Bottle Drinking Water Safety Project ကို ၂၀၁၈ ခုနှစ် အောက်တိုဘာလတွင် ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိခြင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရှောင်တခင်စစ်ဆေးနိုင်ရေးအတွက် မြို့နယ် အစားအသောက်နှင့် ဆေးဝါးကော်မတီများနှင့် ဆွေးနွေး၍ စီမံချက်များ ရေးဆွဲဆောင်ရွက်လျက်ရှိပါတယ်။ သင်တန်းပေးပြီး လုပ်ငန်းများအား ရှောင်တခင်ကွင်းဆင်းစစ်ဆေးခြင်းပြုလုပ်၍ စနစ်တကျ လိုက်နာဆောင်ရွက်ခြင်းမရှိပါက ဖော်ပြပါအတိုင်း ဆောင်ရွက်လျက်ရှိပါတယ်။

အသိပညာပေးခြင်းအနေဖြင့် သောက်ရေသန့်ဘူးများအား သိုလှောင်ရာတွင် ပူလွန်းသောနေရာ သို့မဟုတ် နေရောင်ခြည်တိုက်ရိုက်ထိတွေ့သောနေရာများတွင် မထားရှိရန်၊ အမိုး၊ အကာအောက် အေးမြ၍ ခြောက်သွေ့သော နေရာတွင် ထားရှိရန်၊ သောက်ရေသန့်ဘူးများအား သယ်ယူဖြန့်ဖြူးရာတွင် အမိုး၊ အကာပါသော ကားများဖြင့် သယ်ယူဖြန့်ဖြူးရန်တို့ကို ထောက်ခံချက်ထုတ်ပေးစဉ် ညွှန်ကြားဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ အသိပညာပေးခြင်းတွင် ပလတ်စတစ်အသုံးပြု ထုပ်ပိုးသော စားသောက်ကုန်များ နေရောင်ခြည်နှင့် အချိန်ကြာမြင့်စွာ တိုက်ရိုက်ထိတွေ့ ခြင်း မရှိစေရေး၊ အစားအသောက်အန္တရာယ်ကင်းရှင်းရေးတို့နှင့် ပတ်သက်၍ အသိပညာပေးခြင်းများ စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါတယ်။ သတိပြုဖွယ် ပလတ်စတစ်အစားအသောက်ကုန် ထုပ်ပိုးပစ္စည်းအန္တရာယ်နှင့် ပလတ်စတစ်နှင့် ပြုလုပ်ထားသော အစားအသောက်ထုပ်ပိုးပစ္စည်းများနှင့် ပတ်သက်၍ သိကောင်းစရာများကို ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် FDA Website များမှာ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဒါကတော့ ကျွန်မတို့ ထုတ်ပြန်ထားတဲ့ ထုပ်ပိုးပစ္စည်းရဲ့ အန္တရာယ်နှင့် ပတ်သက်တဲ့ လက်ကမ်းစာစောင်တွေဖြစ်ပါတယ်။ အသိပညာပေးခြင်းအစီအစဉ်များကို ၂၀၁၇ ခုနှစ်မှာ ၁၃၃ ကြိမ်၊ ၂၀၁၈ ခုနှစ်မှာ ၂၀၅ ကြိမ်၊ ၂၀၁၉ ခုနှစ်မှာ ၁၇၇ ကြိမ်၊ ၂၀၂၀ ပြည့်နှစ်မှာလည်း အသိပညာပေးခြင်းအစီအစဉ်များ ဆက်လက်ဆောင်ရွက်နေပါတယ်။ သောက်ရေသန့်ဘူးများ သယ်ယူဖြန့်ဖြူးရောင်းချခြင်းကို နီးနွယ်ဌာနများနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်ခြင်းများ၊ လိုအပ်ပါက လိုက်နာဆောင်ရွက်ရမည့် အချက်များကို ဖောက်ဖျက်ပါက အရေးယူပေးနိုင်ရန် နီးနွယ်ဌာနများဖြစ်သော ပြည်ထဲရေးဝန်ကြီးဌာနနှင့် စည်ပင်သာယာရေးကော်မတီအဖွဲ့များကိုလည်း ညှိနှိုင်းအကြောင်းကြားပေးနိုင်ပါရန် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက လမ်းညွှန်ပြီးတော့ တင်ပြပြီးဆောင်ရွက်လျက်ရှိနေပါတယ်။ သောက်ရေသန့်လုပ်ငန်းများ ထုတ်လုပ်ဖြန့်ဖြူး ဈေးကွက်တင်ရောင်းချခြင်းများအား ကြီးကြပ်ကွပ်ကဲရန် ညွှန်ကြားချက်များထုတ်ခြင်း၊ သောက်ရေသန့်လုပ်ငန်းများ ထောက်ခံချက်လျှောက်ရာတွင် လိုက်နာရမည့်အချက်များ ကြေညာချက်များ ထုတ်ခြင်း၊ လက်ရှိဖြစ်ပွားနေသော Coronavirus Disease 2019(COVID-19)ကာကွယ်ထိန်းချုပ်ရေးနှင့် ပတ်သက်၍ သောက်ရေသန့်ထုတ်လုပ်ရောင်းချသည့် လုပ်ငန်းရှင်များအနေဖြင့် အထူးသတိပြုလိုက်နာဆောင်ရွက်ရမည့် ကြေညာချက်များ ထုတ်ပြန်ကြီးကြပ်ကွပ်ကဲဆောင်ရွက်လျက်ရှိပါတယ်။

ဆက်လက်ပြီးတင်ပြမယ့်အချက်တွေကတော့ ကျွန်မတို့ရဲ့ညွှန်ကြားချက်တွေဖြစ်ပါတယ်။ သောက်ရေသန့်လုပ်ငန်းများ ထုတ်လုပ်ဖြ န့်ဖြူးဈေးကွက်တင်ရောင်းချခြင်းအား ကြီးကြပ်ကွပ်ကဲမှုနှင့်ပတ်သက်ပြီးတော့ တိုင်းဒေသကြီးနှင့်ပြည်နယ်မှာရှိတဲ့ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနများ၊ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနခွဲများကို စိစစ်ရန်အတွက် ညွှန်ကြားချက်များထုတ်ပြန်ထားတာ ဖြစ်ပါတယ်။ နောက်တစ်ခုက စားသောက်ကုန်ထုတ်လုပ်တဲ့အခါမှာ ထုပ်ပိုးရာမှာအသုံးပြုတဲ့ ပလတ်စတစ်တွေဟာ Good Grade Plastic ကိုအသုံးပြုရန်အတွက် ညွှန်ကြားချက်တွေ ထုတ်ထားတာဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ Corona Virus ဖြစ်တဲ့အခါမှာလည်း Virus ကြောင့် ကာကွယ်ထိန်းချုပ်ရေးနှင့်ပတ်သက်ပြီးတော့ ကြေညာချက်တွေ ထုတ်ပြီးတော့ ရေသန့်နှင့်ပတ်သက်ပြီးတော့ ပညာရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိနေပါတယ်။ နောက်ဆုံးအနေနဲ့ကတော့ သောက်ရေသန့်လုပ်ငန်းတွေကို ကောင်းမွန်သောထုတ်လုပ်မှု ကျင့်စဉ်နှင့်အညီ ဆောင်ရွက်ရန်အတွက် လမ်းညွှန်ချက်များကို ဌာနရဲ့ဝက်ဘ်ဆိုက်မှာ ၂၁-၇-၂၀၂၀ ရက်နေ့မှာ ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ လမ်းညွှန်ချက်များကတော့ (၁)သက်ဆိုင်ရာနယ်ပယ်၊ (၂) အဓိပ္ပာယ်ဖွင့်ဆိုချက်များ စတဲ့အချက်ပေါင်း(၁၉)ချက်ပါတယ်။ စက်ရုံရဲ့တည်နေရာ၊ အဆောက်အဦ၊ ဖွဲ့စည်းပုံ၊ အခန်းတွင်းအပြင်အဆင်၊ ရေအရင်းအမြစ်၊ ရေသွယ်တန်းအသုံးပြုခြင်း၊ ရေသန့်စင်စက်များ၊ သောက်ရေသန့်ထည့်သွင်းသည့်ဘူးကို ဝန်ထမ်း၊ သောက်သုံးရေသန့်ထုတ်လုပ်သည့်လုပ်ငန်းစဉ်၊ အမှတ်တံဆိပ်ကပ်ခြင်း၊ သယ်ယူပို့ဆောင်ခြင်း၊ ရေစွန့်ပစ်ခြင်း၊ သန့်ရှင်းရေး ဆောင်ရွက်ခြင်း၊ ပိုးမွှားထိန်းချုပ်ခြင်း၊ အရည်အသွေးထိန်းသိမ်းခြင်းနှင့် အထောက်အပံ့ပစ္စည်းများ၊ မှတ်တမ်းများ စသဖြင့် ဆောင်ရွက်ထားပါတယ်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရဲ့ Website မှာလည်း သက်တမ်းရှိတဲ့ သောက်ရေသန့်လုပ်ငန်းများရဲ့ စာရင်းကို လစဉ်ထုတ်ပြန်ပြီး ဆောင်ရွက်လျက်ရှိနေပါတယ်။ ကျန်းမာရေးနှင့် ညီညွတ်သော သောက်ရေသန့်လုပ်ငန်းများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း စနစ် ပေါ်ထွက်လာစေရန်အတွက် ထုတ်လုပ်သူ၊ ဖြန့်ဖြူးရောင်းချသူ၊ စားသုံးသူများ သိရှိလိုက်နာရန်အတွက် Website များ၊ လူမှုကွန်ရက်စာမျက်နှာမှာ အားလုံးကို အသိပညာပေးခြင်းများ စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိပါတယ်။ ကျန်းမာရေးနှင့် ညီညွတ်သန့်ရှင်းမှုမရှိသော အခြေအနေများနှင့် သိုလှောင်ထားပါက အမျိုးသားအစားအသောက် ဥပဒေအရ ပြစ်ဒဏ်ချမှတ်နိုင်ပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ မိုက်ပေးပါ။

**ဒေါက်တာအေဇင်လတ်(ရွှေဘိုမဲဆန္ဒနယ်)**။ ။ ဆက်စပ်မေးခွန်း မေးခွင့်ပြုပါရှင်။ ဥက္ကဋ္ဌကြီးရှင်။ ကျွန်မရဲ့မေးခွန်းနဲ့ပတ်သက်ပြီးတော့ ဒုတိယဝန်ကြီးမှ ပြည့်စုံစွာ ဖြေကြားသွားတာကို ကျွန်မအနေနဲ့ ကျေးဇူးတင်ရှိကြောင်း ပထမဦးစွာပြောကြားလိုပါတယ်။ ဖြေကြားသွားတဲ့အခါမှာ ပညာပေးကြီးကြပ်ဆောင်ရွက်နေသည်နှင့် စပ်လျဉ်းတဲ့မေးခွန်းမှာ ပညာပေးခြင်းမှာ အားရဖွယ်ရာကောင်းလောက်အောင်ကို အကြိမ်အရေများနှင့် ဆောင်ရွက်ထားတာကိုလည်း ကျွန်မအနေနဲ့ အသိအမှတ်ပြုကျေးဇူးတင်ရှိပါတယ်။ ကြီးကြပ်ဆောင်ရွက်တဲ့အပိုင်းမှာ ကျွန်မသိလိုတဲ့ ဆက်စပ်နှစ်ချက်ကိုပဲ ထပ်မံမေးခွင့်ပြုပါရှင်။ ပထမအချက်အနေနဲ့ ကြီးကြပ်ဆောင်ရွက်ခြင်းမှာ စောစောက ကျွန်မမေးမြန်းစဉ်မှာလည်း ပါရှိခဲ့ပါတယ်။ စက်ရုံကထွက်ရှိလာတဲ့ ရေသန့်ရဲ့ အရည်အသွေးကို အစဉ်တစိုက်ဖြင့်ကြည့်ရှုမှတ်တမ်းတင်တဲ့ မှတ်တမ်းဌာနမျိုး အဲဒီရေသန့်စက်ရုံတွေမှာထားရှိဖို့ အစိုးရအနေနဲ့ အကြံပြုတိုက်တွန်းဖို့ အစီအစဉ်ရှိ/မရှိ ကျွန်မသိလိုပါတယ်။

နောက် ဒုတိယအချက်အနေနဲ့ ခုနတုန်းက ဒုတိယဝန်ကြီးက ဖြေသွားတယ်။ ဘယ်လိုမျိုးတွေ လိုက်နာဆောင်ရွက်ရမယ်။ အမိုးအကာတွေနဲ့ သယ်ရမယ်။ ဘယ်လိုနေရာမှာထားရမယ်။ အကယ်၍ ဥပမာအနေနဲ့ ကျွန်မပြောလိုခြင်းဖြစ်ပါတယ်။ အဲဒီသတ်မှတ်ထားတဲ့သတ်မှတ်ချက်တွေ မညီညွတ်ဘဲနဲ့ မလိုက်နာတဲ့ရေသန့်စက်ရုံမျိုး တွေ့ရှိခဲ့လို့ရှိရင်ရော ဘယ်လိုမျိုးအရေးယူမှုများ ပြုလုပ်သလဲဆိုတာကို ကျွန်မအနေနဲ့ ဆက်စပ်မေးခွန်းမှာ ထည့်သွင်းမေးမြန်းချင်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ဖြေကြားရန်ဖြစ်ပါတယ်။

**ဒေါက်တာဒေါ်မြလေးစိန်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းတဲ့မေးခွန်းကို အထူးပဲ ကျေးဇူးတင်ရှိပါတယ်ရှင်။ ကျွန်မတို့ အနေနဲ့ စက်ရုံတွေမှာဆောင်ရွက်ရမယ့်လုပ်ငန်းစဉ်တွေအားလုံးကို ချမှတ်တဲ့အခါမှာ ခုန လွှတ်တော်ကိုယ်စားလှယ်တော်ကြီး တင်ပြသွားတဲ့ကိစ္စတွေလည်း ပါဝင်ပါတယ်။ ကျွန်မ အသေးစိတ်မတင်ပြပါဘူး။ ကျွန်မတို့ရဲ့ ဆောင်ရွက်ရန်လမ်းညွှန်ချက်တွေဟာ အများကြီးဆောင်ရွက်ထားပါတယ်။ အဲဒီထဲမှာ တင်ပြထားပြီးဖြစ်ပါတယ်။ နောက်တစ်ခုကတော့ အဲဒီလို မဆောင်ရွက်လို့ရှိရင် ကျွန်မတို့မှာ အစားအသောက်နဲ့ဆိုင်တဲ့ဥပဒေရှိပါတယ်။ အဲဒီဥပဒေကလည်း ပြန်ပြီး Revise လုပ်ထားပြီးသားဖြစ်ပါတယ်။ ဒီဥပဒေတွေအရ ကျွန်မတို့ အရေးယူဆောင်ရွက်နိုင်ခြင်းရှိပါတယ်။ ကျေးဇူးတင်ပါတယ်ရှင်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုမေးမြန်းသွားတဲ့မေးခွန်းဟာ ၂၀၁၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၅၀ မှာ နိုင်ငံသားများအတွက် အကျိုးဖြစ်ထွန်းစေတဲ့ မေးခွန်းများ၊ ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းတွင်ထည့်သွင်းပြီး နိုင်ငံတော်ပိုင် သတင်းစာများမှာ ဖော်ပြခြင်းကိုဆောင်ရွက်ရမယ်လို့ ပြဋ္ဌာန်းထားတဲ့အတွက် ယခု မေးခွန်းနှင့် ဖြေကြားချက်များကို နိုင်ငံတော်ပြန်တမ်းနှင့် နိုင်ငံတော်ပိုင်သတင်းစာများမှာ ထည့်သွင်းဖော်ပြသွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။

# အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်ရေးတွင် အကျိုးပြုအဏုဇီဝသက်ရှိများ အသုံးချနိုင်ရေးအတွက် သုတေသနလုပ်ငန်းများဆောင်ရွက်နေ

**နေပြည်တော် ဩဂုတ် ၄**

စိုက်ပျိုးရေးသုတေသန ဦးစီးဌာန၊ စိုက်ပျိုးရေးအဏုဇီဝသုတေသနဌာနစုမှ သုတေသနပညာရှင်များသည် အကျိုးပြု အဏုဇီဝသက်ရှိများ၏ အခန်းကဏ္ဍမြင့်တင်ရေးနှင့် အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်ရေးတွင် အကျိုးပြုအဏုဇီဝသက်ရှိများ အသုံးချနိုင်ရေးအတွက် ဓာတ်ခွဲခန်းသုတေသနလုပ်ငန်းများကို အစီအစဉ်များချမှတ်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ယာပုံ)**



ညွှန်ကြားရေးမှူးချုပ် ဒေါက်တာနိုင်ကြည်ဝင်းက ယမန်နေ့က စိုက်ပျိုးရေးအဏုဇီဝဓာတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးရာ ဌာနစုတာဝန်ခံ ဒေါက်တာမော်မော်သန်းက ဓာတ်ခွဲခန်းအတွင်း သုတေသနအလိုက် တာဝန်ချထားမှု၊ လုပ်ငန်းတာဝန်များနှင့် လက်ရှိဆောင်ရွက်လျက်ရှိသည့် သုတေသနများကို ရေးဆွဲချမှတ်ထားသည့် အစီအစဉ်အတိုင်း ဆောင်ရွက်နေမှုနှင့် ISO 9001: 2015 (QMS) အသိအမှတ်ပြုလက်မှတ်ရရှိထားသော ဓာတ်ခွဲခန်း၏ စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လုပ်ကိုင်နေမှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အကျိုးပြုအဏုဇီဝသက်ရှိများ၏ အခန်းကဏ္ဍမြင့်တင်ရေးနှင့် အော်ဂဲနစ်စိုက်ပျိုးထုတ်လုပ်ရေးတွင် အကျိုးပြုအဏုဇီဝများ အသုံးချနိုင်ရေးအတွက် သုတေသနလုပ်ငန်းအစီအစဉ် (၃) ရပ်အောက်ရှိ စီမံကိန်းများထဲမှ ထုတ်လုပ်မှုအဆင့်ဆင့်တွင် ပါဝင်သော ရိုင်ဇိုဘီယမ် ဗက်တီးရီးယားများ၏ အသက်ရှင်သန်မှု ဦးရေစစ်ဆေးခြင်း သုတေသနစီမံကိန်း၏ ဓာတ်ခွဲခန်းသုတေသနများအား ကြည့်ရှုစစ်ဆေးရာ ကုလားပဲသီးနှံအတွက် (Growth Pouches) စက္ကူအိတ်ညိုထဲတွင် ထည့်၍ စိုက်ပျိုးထားသည့် သုတေသနနှင့် ပဲပုပ်သီးနှံအတွက် (Gemell Roll Tubes) ထဲတွင် ထည့်၍ စိုက်ပျိုးထားသည့် သုတေသနတို့ကို သုတေသနလက်ထောက်- ၃ ဒေါ်နီလာမြင့်နှင့် ဒေါ်မီမီဂျွန်တို့က ရှင်းလင်းတင်ပြသည်။

ထို့နောက် မျိုးဆက်သစ်သုတေသနအလုပ်သင် ဝန်ထမ်းငယ်များက စိုက်ပျိုးရေးအဏုဇီဝ ဓာတ်ခွဲခန်းအတွင်း၌ ပဲတီစိမ်းပင်၏ အမြစ်ဖုမှ ရိုင်ဇိုဘီယမ် သက်ရှိဗက်တီးရီးယားများကို စနစ်တကျ မွေးမြူခြင်းနှင့် အဆိုပါ အကျိုးပြုဗက်တီးရီးယား၏ Gram-Negative ဖြစ်မှုကို မိုက်ခရိုစကုပ်အောက်တွင် စစ်ဆေးခြင်းတို့ကို လက်တွေ့ပြသခြင်းတို့အပေါ် ဓာတ်ခွဲခန်းများအတွက် လိုအပ်သည့် ဓာတ်ခွဲခန်းသုံးပစ္စည်းများ၊ စက်ပစ္စည်းကိရိယာများ၊ ဓာတ်ခွဲခန်းသုံး ဓာတုဆေးများနှင့် အခြေခံလိုအပ်ချက်များအားလုံးကို တတ်နိုင်သမျှ ထောက်ပံ့ပေးလျက်ရှိရာ သုတေသနပညာရှင်များ၊ အလုပ်သင်များနှင့် ကျွမ်းကျင်ဝန်ထမ်းများကလည်း စနစ်တကျ သိပ္ပံနည်းလမ်းကျစွာဖြင့် အကျိုးရှိစွာ အသုံးပြု၍ စိုက်ပျိုးထုတ်လုပ်သူ တောင်သူလယ်သမားများအတွက် အကျိုးရှိမည့် သုတေသနရလဒ်ကောင်းများ ဖော်ထုတ်နိုင်ရေး ကြိုးစားအားထုတ်ရန် ညွှန်ကြားရေးမှူးချုပ်က မှာကြားကြောင်း သိရသည်။

**ဇူလိုင်မိုး**

# ယခုနှစ် ခုနစ်လတာကာလအတွင်း ဧရာဝတီလင်းပိုင် ခုနစ်ကောင်သေဆုံး

**မန္တလေး ဩဂုတ် ၄**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဇူလိုင်လအထိ ခုနစ်လတာကာလအတွင်း ဧရာဝတီလင်းပိုင် ခုနစ်ကောင် သေဆုံးမှုရှိခဲ့ကြောင်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးတာဝန်ခံ ဦးကျော်လှသိန်းက ပြောကြားသည်။

"သေဆုံးခဲ့တဲ့ ခုနစ်ကောင်မှာ နှစ်ကောင်ကတော့ အသက်ကြီးကောင်အနေနဲ့ သေဆုံးသွားတာလို့ယူဆရပါတယ်။ တစ်ကောင်ကတော့ အရိုးစုပဲဆိုတော့ ဘာကြောင့်သေတာလဲဆိုတာ မသိပါဘူး။ ကျန်တဲ့ လေးကောင်ကတော့ ရှော့တိုက်ငါးဖမ်းသူတွေကြောင့်လို့ ယူဆထားပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

ငါးလုပ်ငန်းဦးစီးဌာနနှင့် သားငှက်ထိန်းသိမ်းရေးအဖွဲ့ (မြန်မာနိုင်ငံအစီအစဉ်) တို့ ပူးပေါင်း၍ မန္တလေးမှ ဗန်းမော်အထိ ၂၀၂၀ ပြည့်နှစ်အတွက် ဖေဖော်ဝါရီလတွင် ဧရာဝတီလင်းပိုင် စစ်တမ်းကောက်ယူမှုအရ ၇၉ ကောင် တွေ့ရှိခဲ့ကြောင်း သားငှက်ထိန်းသိမ်းရေးအဖွဲ့ (WCS) မှ သိရသည်။

လင်းပိုင်စစ်တမ်းကောက်ယူမှုအရ ၂၀၁၈ ခုနှစ်တွင် ၇၆ ကောင် တွေ့ရှိခဲ့ပြီး ခြောက်ကောင် သေဆုံးခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ၇၂ ကောင် တွေ့ရှိခဲ့ပြီး သုံးကောင် သေဆုံးခဲ့ကြောင်း၊ ယခုနှစ် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလတွင် ၇၉ ကောင်တွေ့ရှိခဲ့ပြီး လက်ရှိအချိန်အထိ ခုနစ်ကောင်သေဆုံးသောကြောင့် ထိန်းသိမ်းရေးလုပ်ငန်းများ ပိုမိုလုပ်ဆောင်ရန် လိုအပ်လျက်ရှိကြောင်း ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးတာဝန်ခံ ဦးကျော်လှသိန်းက ပြောကြားသည်။

"ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးလုပ်ငန်းတွေကို ၂၀၀၂ ခုနှစ်က စတင်ဆောင်ရွက်ခဲ့ပြီး ဒီနေ့အထိသုတေသနပြုလုပ်ငန်းတွေ ဆောင်ရွက်နေပါတယ်။ ၂၀၀၅ ခုနှစ်မှာ မန္တလေးမှ ကျောက်မြောင်းကြား (ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေး ဧရိယာ ၁) ထူထောင်ခဲ့ပြီး ၂၀၁၈ ခုနှစ်မှာ ထီးချိုင့်- ကသာ- ရွှေကူ (ဧရာဝတီလင်းပိုင်ထိန်းသိမ်းရေးဧရိယာ ၂) အဖြစ် သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့တွေ၊ဌာနဆိုင်ရာတွေနဲ့ ပူးပေါင်းပြီး သတ်မှတ်နိုင်ခဲ့ပါတယ်။ သတ်မှတ်ဧရိယာ နှစ်ခုစလုံးမှာ သက်ဆိုင်ရာအဖွဲ့တွေ ပူးပေါင်းပြီး လစဉ်ပုံမှန် ကင်းလှည့်လုပ်ငန်းတွေ ဆောင်ရွက်ပါတယ်။ တစ်လနှစ်ခါပါ။ ဒါ့အပြင် တစ်နှစ် နှစ်ခေါက် လှည့်လည်ဆောင်ရွက်တဲ့လုပ်ငန်းတွေလည်း ရှိပါတယ်။ တစ်ခေါက်က လင်းပိုင်သုတေသနပြုစစ်တမ်းကောက်ယူမှုနဲ့ ကျန်တစ်ခေါက်က ငါးရစ်ငါးသန်ကာလ ငါးမဖမ်းဆီးရေးအတွက်ပါ" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်တို့ High Level Dialogue ကျင်းပ

**နေပြည်တော် ဩဂုတ် ၄**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် တွဲဖက်အဖွဲ့ဝင်အဖြစ် ပါဝင်ထားသည့် အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ ဖိုရမ် (Asia Pacific Forum of National Human Rights Institutions- APF) နှင့် High Level Dialogue (HLD) တစ်ရပ်ကို ဩဂုတ် ၃ ရက်မှစတင်၍ Virtual Online Conferencing စနစ်အသုံးပြု၍ ကျင်းပလျက်ရှိသည်။ **(အောက်ပုံ)**

အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်ကို အာရှ-ပစိဖိတ်ဒေသတွင်းရှိ အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်း ၂၅ ဖွဲ့ဖြင့် ဖွဲ့စည်းထားပြီး ဖိုရမ်အဖွဲ့ဝင် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်နှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် လိုအပ်သည့် နည်းပညာနှင့် ကျွမ်းကျင်မှုတို့ကို ပံ့ပိုးဆောင်ရွက်ပေးလျက်ရှိသည့် ဖိုရမ်တစ်ရပ်ဖြစ်သည်။

ကော်မရှင်နှင့် APF တို့အကြား High Level Dialogue ကို အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများ၏ ထူးခြားသောလက္ခဏာရပ်များ၊ ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသော စိန်ခေါ်မှုများ၊ ကော်မရှင်အဖွဲ့ဝင်များ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများ အစရှိသည်တို့ကို အသစ်ပြန်လည်ဖွဲ့စည်းခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့်ဆွေးနွေး၍ ကော်မရှင်၏ စွမ်းဆောင်ရည်နှင့် လူ့အခွင့်အရေးမြှင့်တင်ရေး၊ ပညာပေးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် အာရှ-ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်မှ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ပြုလုပ်နိုင်ရန် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်သည်။

High Level Dialogue (HLD) သို့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးလှမြင့်၊ ဒုတိယဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ပါဝင်တက်ရောက်ကြပြီး အာရှ- ပစိဖိတ် အမျိုးသားလူ့အခွင့်အရေးအဖွဲ့အစည်းများဖိုရမ်ဘက်မှ lead facilitator အဖြစ် APF NHRI Expert ဖြစ်သူ Ms. Rosslyn Joy Noonan နှင့် Principal Adviser of Capacity Assessments and International Engagement ဖြစ်သူ Ms. Pip Dargan၊ ဖိလစ်ပိုင်နိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် Ms. Karen Gomez-Dumpit တို့ ပါဝင်တက်ရောက်ကြသည်။

High Level Dialogue (HLD) တွင် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေး၊ ပညာပေးရေးနှင့် ကာကွယ်စောင့်ရှောက်ရေး ဆောင်ရွက်ချက်များ၊ ပါရီအခြေခံမူများ၊ ကော်မရှင်နှင့် အစိုးရအဖွဲ့အစည်းများ ထိတွေ့ဆက်သွယ်ဆောင်ရွက်မှုများ၊ ကော်မရှင်နှင့် ပြည်သူလူထု ထိတွေ့ဆောင်ရွက်မှုများ၊ ကော်မရှင်၏ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ထိတွေ့ဆောင်ရွက်မှုများ၊ ကော်မရှင်၏ စွမ်းဆောင်ရည် ဆန်းစစ်မှု အကြံပြုချက်များနှင့် ကော်မရှင်၏ မဟာဗျူဟာစီမံကိန်း (၂၀၂၀-၂၀၂၄) တို့ကို အကောင်အထည်ဖော်ဆောင်ရွက်ရေးကိစ္စရပ်များ၊ ရှေ့ဆက်ဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များ စသည်တို့ကို အပြန်အလှန်ဆွေးနွေးကြသည်။

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်နှင့် APF တို့၏ High Level Dialogue ကို ဩဂုတ် ၆ ရက်အထိ ဆက်လက်ကျင်းပသွားမည်ကြောင်း သိရသည်။

**သတင်းစဉ်**




## ဆောမြို့နယ်၌ မြစိမ်းရောင်(ငါးကဏ္ဍ) ချေးငွေပေးအပ်

**ဆော ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဆောမြို့နယ် မိအယ်ကျေးရွာရှိမြစိမ်းရောင် (ငါးကဏ္ဍ) ချေးငွေများကို ပခုက္ကူခရိုင်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ဥမ္မာထွန်းက မိအယ်ကျေးရွာရှိ မြစိမ်းရောင်ရန်ပုံငွေကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်ဝင်းဗိုလ်ထံသို့ ဒုတိယအကြိမ် ပြန်လည်ထုတ်ချေးနိုင်ရန်အတွက် ငွေကျပ် ၃၂၈၂၁၀၀၀၀ လွှဲပြောင်းပေးအပ်မှု အခမ်းအနားကို ပခုက္ကူခရိုင်ငါးလုပ်ငန်း ဦးစီးဌာနရုံး၌ ဩဂုတ် ၄ ရက်က ကျင်းပကြောင်း သိရသည်။ **သတင်းစဉ်**



## ရန်ကုန်စတော့အိတ်ချိန်း၌ ဇူလိုင်လအတွင်း အစုရှယ်ယာအရေအတွက် တစ်သိန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့

**ရန်ကုန် ဩဂုတ် ၄**

ရန်ကုန်စတော့အိတ်ချိန်း၌ ဇူလိုင်လအတွင်း အစုရှယ်ယာအရေအတွက် တစ်သိန်းကျော်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ဇွန်လနှင့် နှိုင်းယှဉ်ပါက အရောင်းအဝယ်ပမာဏ ၁၄ ရာခိုင်နှုန်းခန့် ကျဆင်းခဲ့ကြောင်း သိရသည်။

ရန်ကုန်စတော့အိတ်ချိန်းတွင် ဇူလိုင်လအတွင်း ရှယ်ယာပေါင်း ၁၂၅၀၀၀ ကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး ငွေပမာဏအနေဖြင့် ငွေကျပ် ၁ ဒသမ ၀၆ ဘီလီယံဖိုး အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။ တစ်ရက်လျှင် ပျမ်းမျှ ငွေကျပ် ၄၈ သန်းကျော် အရောင်းအဝယ်ဖြစ်ခဲ့ပြီး စတော့အညွှန်းကိန်း MYANPIX မှာ ၄၄၀- ၄၄၈ ကြား ရှိခဲ့သည်။

ကိုဗစ် - ၁၉ ဂယက်ကြောင့် ကမ္ဘာ့ရွှေဈေး စံချိန်တင် မြင့်တက်ခဲ့ပြီး ပြည်တွင်းရွှေဈေးနှုန်းလည်း လိုက်ပါမြင့်တက်ခဲ့သည်။ အခြားတစ်ဖက်တွင် ဒေါ်လာဈေးနှုန်း သိသိသာသာကျဆင်းခဲ့ပြီး မြန်မာ့ငွေကြေးခိုင်မာမှု ဖြစ်လာခဲ့သည်။ ရင်းနှီးမြှုပ်နှံသူအများစုသည် ကိုဗစ်ဂယက်နှင့် ရွှေဈေးမတည်ငြိမ်မှု၊ ဒေါ်လာဈေး မတည်ငြိမ်မှုများကြောင့် မြန်မာကျပ်ငွေကို လက်ဝယ်ကိုင်ဆောင်ထားသည့်အတွက် စတော့အရောင်းအဝယ် အနည်းငယ်အေးလျက်ရှိကြောင်း သိရသည်။




ရန်ကုန် စတော့အိတ်ချိန်းက စတုတ္ထအကြိမ်ကျင်းပမည့် YSX EXPO 2020 နှင့်ပတ်သက်၍ ရန်ကုန်စတော့အိတ်ချိန်း အမှုဆောင်အကြီးတန်းမန်နေဂျာ ဦးသက်ထွန်းဦးက " YSX EXPO 2020 ကို စက်တင်ဘာ ၁၂ နဲ့ ၁၃ ရက်မှာ အွန်လိုင်းပလက်ဖောင်း အသုံးပြုပြီး ဒစ်ဂျစ်တယ်ပြပွဲပုံစံမျိုး လုပ်သွားဖို့ စီစဉ်ထားပါတယ်။ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို ကာကွယ်တဲ့အနေနဲ့ လူစုလူဝေးနဲ့ကျင်းပတဲ့ အခမ်းအနားပုံစံမျိုးမဟုတ်ဘဲ ဒီအိတ်စပို့အွန်လိုင်းပလက်ဖောင်းကတစ်ဆင့် နိုင်ငံအတွင်းမှာရှိတဲ့ လုပ်ငန်းရှင်တွေ၊ ရင်းနှီးမြှုပ်နှံသူတွေအပြင် နိုင်ငံတကာမှာရှိတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေနဲ့လည်း ချိတ်ဆက်သွားဖို့ ရည်ရွယ်ထားပါတယ်" ဟု ပြောသည်။

ထို့ပြင် ဒစ်ဂျစ်တယ်ပြပွဲအတွင်း စကားဝိုင်းဆွေးနွေးပွဲ အစီအစဉ်မှတစ်ဆင့် စာရင်းဝင်ကုမ္ပဏီများက တာဝန်ရှိသူများ၊ ဘဏ္ဍာရေးနယ်ပယ်အသီးသီးမှ ထင်ရှားသောပုဂ္ဂိုလ်များနှင့် စကားဝိုင်းဆွေးနွေးပွဲများကို တိုက်ရိုက် ထုတ်လွှင့်ပေးမည်ဖြစ်ကြောင်း သိရသည်။ နိုင်ငံတွင်းရှိ စတော့ရှယ်ယာစာရင်းဖွင့်လှစ်လိုသူများအတွက်လည်း အိတ်စပို့အွန်လိုင်းပလက်ဖောင်းမှတစ်ဆင့် စာရင်းဖွင့်လှစ်ခွင့် ရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

၂၀၂၀ ပြည့်နှစ် ဧပြီလနှင့် မေလ ဒုတိယသီတင်းပတ်အတွင်း တစ်ရက်လျှင် ပျမ်းမျှ မြန်မာငွေကျပ် သန်း ၆၀ ကျော်ခန့် အရောင်းအဝယ်ရှိခဲ့သည်။

**ထင်ပေါ်ဝင်း(ကမာရွတ်)**
**ဓာတ်ပုံ - လင်းညွန့်**

## ရမည်းသင်းခရိုင်၌ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေး

**ရမည်းသင်း ဩဂုတ် ၄**

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာနမှူးရုံး အစည်းအဝေးခန်းမ၌ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းပါရှိပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသူများအား နိုင်ငံသားစိစစ်ရေးကတ် အချိန်မီရရှိစေရန် ကွင်းဆင်းဆောင်ရွက်ရေး ညှိနှိုင်းစည်းဝေးကို ယနေ့ နံနက် ၉ နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် ရမည်းသင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးထွန်းဇော်ဦးက မဲစာရင်းအပေါက်ဖြည့်ခြင်းလုပ်ငန်း၊ နိုင်ငံသားစိစစ်ရေးကတ် ကွင်းဆင်းဆောင်ရွက်ရာတွင် အားနည်းချက်၊ အားသာချက်တို့ကို ညှိနှိုင်းကြီးကြပ်ကာ ရှေ့လုပ်ငန်းစဉ်များ အောင်မြင်အောင်ဆောင်ရွက်နိုင်ရေး ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပျော်ဘွယ်မြို့နယ်နှင့် ရမည်းသင်းမြို့နယ်ဦးစီးမှူးတို့က မဲဆန္ဒရှင်ပြည်သူများ မဲစာရင်းပါရှိပြီး နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ စာရင်းကို စနစ်တကျကောက်ယူကာ ဇူလိုင်လမှစတင်ပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့ရာ ယနေ့အထိ ကျေးရွာအုပ်စု ၃၃ အုပ်စုကို ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်ကျေးရွာအုပ်စုများကို စီမံချက်ပါနေ့ရက်အလိုက် တိုက်နယ်များခွဲကာ ကွင်းဆင်းဆောင်ရွက်ပေးပြီး အသက် ၁၈ နှစ်ပြည့်သူတိုင်း နိုင်ငံသား စိစစ်ရေးကတ်အချိန်မီရရှိအောင် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ဝင်းအောင် (ပြန်/ဆက်)**

## ကချင်ပြည်နယ်ရှိ ငါးလုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေး



**မြစ်ကြီးနား ဩဂုတ် ၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်ဇင်ထူးသည် မြစ်ကြီးနားမြို့ရှိ ကချင်ပြည်နယ်ငါးလုပ်ငန်းဦးစီးဌာနမှူးရုံးသို့ သွားရောက်၍ ကချင်ပြည်နယ်အတွင်းရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်၊ စခန်းများမှ ဝန်ထမ်းများနှင့်တွေ့ဆုံကာ ကိုဗစ်-၁၉ စီးပွားရေးပြန်လည်ကုစားမှုအစီအစဉ်ပါ ငါးမွေးမြူရေးကဏ္ဍ ပြန်လည်ဦးမော့လာစေရန်အတွက် နိုင်ငံတော်အစိုးရက ထောက်ပံ့ပေးမှုဖြင့်ဆောင်ရွက်သည့် ငါးမွေးတောင်သူများသို့ ငါးသားပေါက်ဖြန့်ဖြူးပေးခြင်းကို ကချင်ပြည်နယ်အတွင်း ဆောင်ရွက်ထားသည့် အစီအစဉ်များ၊ အဆောက်အအုံဆောက်လုပ်မှု၊ ဝန်ထမ်းရေးရာ၊ တင်ဒါ/အင်းလေလံ၊ ဘက်ထရီရှော့ဖြင့် တရားမဝင်ငါးဖမ်းဆီးမှုများ ကွင်းဆင်းစစ်ဆေးရေးနှင့် ရေဝတီလင်းပိုင်ထိန်းသိမ်းရေးကိစ္စတို့ကို ဆွေးနွေးမှာကြားသည်။ ထို့နောက် ဝန်ထမ်းများ၏ တင်ပြချက်အပေါ် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဗစ်တိုးရီးယားပြည်နယ်တွင် ကိုဗစ် -၁၉ အမိန့် ချိုးဖောက်သူများအား ပြစ်ဒဏ်သစ်ချမှတ်မည်

ဆစ်ဒနီ ဩဂုတ် ၄

**ဩစတြေးလျနိုင်ငံရှိ ဗစ်တိုးရီးယားပြည်နယ်တွင် ကိုဗစ် ၁၉ အတွက် ထုတ်ပြန်ထားသည့်ကန့်သတ်ချက်များကို ချိုးဖောက်သူများအား ပြစ်ဒဏ်အသစ်များချမှတ်သွားမည်ဟု ဩဂုတ် ၄ ရက်တွင် ကြေညာခဲ့သည်။**

ပြည်နယ်အတွင်း နောက်ထပ်ကူးစက်ခံရသူ ၄၃၉ ဦးထပ်မံတွေ့ရှိပြီးနောက် ယခုလိုအမိန့်ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ သီးခြားခွဲနေရန် ကန့်သတ်ခံရသူသည် ယင်းကန့်သတ်ချက်ကို ချိုးဖောက်ပါက ဩစတြေးလျဒေါ်လာ ၄၉၅၇ ဒဏ်ငွေဆောင်ရမည်ဖြစ်ပြီး ထပ်ခါထပ်ခါ ချိုးဖောက်သူသည် ဩစတြေးလျ ဒေါ်လာ ၂၀၀၀၀ ပေးဆောင်ရမည်ဖြစ်သည်။

အဆင့်(၄)သတ်မှတ်ထားသည့် လူအချင်းချင်းခပ်ခွာခွာ နေရမည့်စည်းကမ်းများကိုလိုက်နာခြင်းမရှိပါက ဩစတြေးလျ ဒေါ်လာ ၁၆၅၂ ဒေါ်လာပေးဆောင်ရန် မူလကတည်းက အမိန့်ထုတ်ထားပြီးဖြစ်သည်။ ဗစ်တိုးရီးယားပြည်နယ်တွင် ကူးစက်ခံရသူ ၆၅၀၀ ရှိနေပြီးနောက် ရောဂါကူးစက်ပျံ့နှံ့မှုကိုထိန်းချုပ်ရန် အခက်တွေ့နေရသည်။ အရာရှိများ ထုတ်ပြန်ထားသည့် စည်းကမ်းများကို လိုက်နာခြင်းမရှိသည့် ပြည်သူများကြောင့် ရောဂါထိန်းချုပ်ရေးလုပ်ငန်းစဉ်များတွင် အဟန့်အတားများတွေ့နေရသည်။ ၂၄ နာရီအတွင်း ကိုဗစ် - ၁၉ ကန့်သတ်ချက်များကို လိုက်နာခြင်းမရှိသည့်အတွက် ဒဏ်ငွေဆောင်ရသူ ၁၆၁ ဦး ရှိကြောင်း ၎င်းတို့ထဲမှ ၆၀ မှာ နှာခေါင်းစည်းမတပ်ဆင်သည့်အတွက် ဖမ်းဆီးခံရခြင်းဖြစ်သည်ဟု ဗစ်တိုးရီးယား ရဲအရာရှိများက ပြောသည်။

ဗစ်တိုးရီးယားပြည်နယ်တွင် ထုတ်ပြန်ထားသည့် အဆင့်လေးကန့်သတ်ချက်များသည် သီတင်းခြောက်ပတ်ကြာမြင့်မည်ဖြစ်ပြီး ဒေသခံများကိုလည်း နေ့စဉ် မရှိမဖြစ်လိုအပ်သည့် ဆေးဝါးနှင့်အစားအသောက်များဝယ်ယူရန်၊ အလုပ်နှင့်ကျောင်းသွားရန်၊ လေ့ကျင့်ခန်းလုပ်ရန်အတွက်သာ နေအိမ်အပြင်သို့ ထွက်ခွင့်ပြုထားသည်။

ဆင်ဟွာ



ဩစတြေးလျနိုင်ငံတွင် ကိုဗစ်- ၁၉ တုံ့ပြန်ရေးလုပ်ငန်းများ လုပ်ဆောင်နေကြသည်ကို တွေ့ရစဉ်။

# တောင်ကိုရီးယားတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ၁၃ ဦးသေဆုံးပြီး ၁၃ ဦး ပျောက်ဆုံးနေ

ဆိုးလ် ဩဂုတ် ၄

တောင်ကိုရီးယားနိုင်ငံတွင် လေးရက်ဆက်တိုက် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဩဂုတ် ၄ ရက်တွင် ၁၃ ဦးသေဆုံးပြီး အခြား၁၃ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း သဘာဝဘေးအန္တရာယ်နှင့် လုံခြုံစိတ်ချရမှုဆိုင်ရာဗဟိုဌာနက သတင်းထုတ်ပြန်သည်။

ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် ၁၃ ဦး၏ အလောင်းကို တွေ့ရှိခဲ့ပြီး အခြား ၁၃ ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ကြောင်း၊ ဩဂုတ် ၁ ရက်မှစတင်ကာ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် လူ ခုနစ်ဦး ဒဏ်ရာရရှိခဲ့ကြောင်း ၊ အဆိုပါလူများသည် ဆိုးလ်မြို့ ဧရိယာပတ်ဝန်းကျင်မှဖြစ်ကြောင်း သိရသည်။

အိမ်ထောင်စုပေါင်း ၆၂၉ စုမှ လူပေါင်း ၁၀၂၅ ဦးကို နေအိမ်မှ ရွှေ့ပြောင်းရန် ကယ်တင်ပေးခဲ့ရကြောင်း သိရသည်။ ချန်ချွမ် ပြည်နယ်မြောက်ပိုင်းမှ ဒေသခံ ၅၅၅ ဦး၊ ဂျယ်အွန်ဂျီပြည်နယ်မှ ၃၉၁ ဦး၊ ဂန်ဝန်ပြည်နယ်မှ ၇၀ နှင့် ဆိုးလ်မြို့မှ ကိုးဦးကို ပြောင်းရွှေ့ပေးခဲ့ရကြောင်း သိရသည်။ ပျက်စီး ဆုံးရှုံးမှုများ၏ ထက်ဝက်ခန့်ကို ပြန်လည်ထိန်းသိမ်းနိုင်ခဲ့ပြီး ရဲအရာရှိ၊ အစိုးရအရာရှိများ၊ မီးသတ်သမားများနှင့် စေတနာ့ဝန်ထမ်းများ စုစုပေါင်း ၂၅၀၀၀ ကျော် ကူညီပေးလျက်ရှိကြောင်း သိရသည်။

ဆင်ဟွာ


ဆိုးလ်မြို့ ဟန်မြစ်ဘေးရှိ ပန်းခြံတွင် ရေများဖုံးလွှမ်းနေသည်ကို တွေ့ရစဉ်။

# ဟာရီကိန်းမုန်တိုင်း အစ်ဆာအက်ကြောင့် အမေရိကန်နိုင်ငံ မြောက်ကာရိုလိုင်းနားတွင် မိုးသက်မုန်တိုင်းကျရောက်

ဝါရှင်တန် ဩဂုတ် ၄

အမေရိကန်ပြည်ထောင်စုမြောက်ကာရိုလိုင်းနားတွင် ဩဂုတ် ၃ ရက်ညပိုင်းက မုန်တိုင်း အစ်ဆာအက်ကြောင့် မိုးသက်မုန်တိုင်းကျရောက်ကြောင်း သိရသည်။ ရေကြီးမှုကြောင့် ကမ်းရိုးတန်းရှိ နေအိမ်များ ပျက်စီးရကြောင်း သိရသည်။

မြောက်ကာရိုလိုင်းနားအုပ်ချုပ်ရေးမှူး ရွိုင်ကော်ပါးက ပြည်နယ်အရေးပေါ်အခြေအနေကြေညာခဲ့ပြီး ကမ်းရိုးတန်းဒေသရှိ အချို့နေထိုင်သူများကို ကယ်ဆယ်ရေးအမိန့်ထုတ်ထားသည်။ မိုးရေချိန် ၁၈ စင်တီမီတာအထိရှိလာနိုင်သည်ဟု ပြည်နယ်အုပ်ချုပ်ရေးမှူးက သတိပေးထားသည်။ ဟာရီကိန်းမုန်တိုင်း သတိပေးချက်ကို ကာရိုလိုင်းနားရှိ အချို့သောနေရာများတွင် ထုတ်ပြန်ထားသည်။ ဖလော်ရီဒါမှ နယူးအင်္ဂလန်အထိ အပူပိုင်းမုန်တိုင်းသတိပေးချက်ထုတ်ပြန်ထားသည်ဟု အေဘီစီသတင်းဌာနတွင် ဖော်ပြထားသည်။ ဖလော်ရီဒါရှိ အဓိကကမ်းခြေများနှင့် ပန်းခြံများကို အာဏာပိုင်များက ပိတ်ထားသည်။ နယူးဂျာစီအုပ်ချုပ်ရေးမှူး ဖီလ်မာဖီကလည်း ဩဂုတ် ၃ ရက်ညပိုင်းတွင် အရေးပေါ်အခြေအနေထုတ်ပြန်ခဲ့ပြီး ဩဂုတ် ၄ ရက်တွင် ယင်းအမိန့်စတင်အာဏာသက်ရောက်မည်ဖြစ်သည်။

ဆင်ဟွာ

# ဖိလစ်ပိုင်နိုင်ငံတွင် အဗီဂန်ဆေးဖြင့် စမ်းသပ်ကုသမှု စတင်

မနီလာ ဩဂုတ် ၄

ဂျပန်နိုင်ငံမှ အဗီဂန်ဆေးကို လူသားတွင် စမ်းသပ်ကုသမှုကို ဩဂုတ် ၄ ရက်၌ စတင်လိုက်ပြီဟု ကြေညာခဲ့သည်။ ကိုဗစ် - ၁၉ ကုသရာတွင် အကျိုးသက်ရောက်မှု ရှိမရှိကို စစ်ဆေးမည်ဖြစ်သည်။



ဖိလစ်ပိုင်နိုင်ငံသည် အီဘိုလာကုသဆေးတစ်ခုဖြစ်သည့် ရမ်ဒီဆီဗာဆေးဖြင့်လည်း ကိုဗစ်- ၁၉ လူနာများအား စမ်းသပ်ကုသမှုများ ပြုလုပ်နေပြီး အဗီဂန်ဆေးဖြင့် စမ်းသပ်ကုသမှုအတွက် ဖိလစ်ပိုင်အစိုးရသည် ငွေကြေး ၁၈ သန်း ခွဲဝေဖြန့်ထားပြီးဖြစ်ကြောင်းနှင့် ကျန်းမာရေးကုသမှု စင်တာသုံးခုက လူပေါင်း ၈၀ မှ ၁၀၀ အထိ စမ်းသပ်ကုသမှု ပြုသွားရန် စိတ်ဝင်စားလျက်ရှိသည်။

ဂျပန်နိုင်ငံမှ ပေးပို့လိုက်သည့် အဗီဂန်ဆေးဝါး ၁၉၉၀၀၀ မှာ လွန်ခဲ့သည့် သီတင်းပတ်မှစတင်ကာ ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိလာပြီဖြစ်သည့်အတွက် လက်တွေ့စမ်းသပ်ကုသမှု ပြုလုပ်နိုင်တော့မည်ဟု ကျန်းမာရေး ဒုတိယဝန်ကြီး မာရီယာရိုဆာရီယိုက ပြောသည်။

ဆေးဝါးလက်တွေ့ စမ်းသပ်မှုများမှာ လုပ်ဆောင်နေဆဲဖြစ်သည်ဟု သိပ္ပံနှင့် နည်းပညာဝန်ကြီး ဖော်တူနာတို ဒီလာပန်နာက ဩဂုတ် ၃ ရက်တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။ အဗီဂန်သည် သောက်ဆေးဖြစ်ပြီး ဂျပန်နိုင်ငံ ဖူဂျီဖလင် ကုမ္ပဏီ၏ ထောက်ပံ့ပေးမှုဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။ ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်မှုမှာ မကြာသေးခင် ရက်ပိုင်းအတွင်း တစ်ဟုန်ထိုး တိုးမြင့်လာပြီး နှစ်ပတ်တာကာလအတွင်း ပိုမိုတင်းကျပ်သည့် ကိုဗစ် -၁၉ ကန့်သတ်ချက်များ ချမှတ်ပေးရန် ကျန်းမာရေးဝန်ထမ်းများက တောင်းဆိုခဲ့ကြသည်။

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ အရေအတွက်မှာ ဩဂုတ် ၂ ရက်က ၁၀၀၀၀၀ ရှိခဲ့ပြီး အရှေ့တောင်အာရှတွင် အင်ဒိုနီးရှားပြီးလျှင် ဒုတိယ ကူးစက်မှုအမြင့်ဆုံးနိုင်ငံဖြစ်သည်။ ကူးစက်မှုကို ထိန်းချုပ်နိုင်ရေးအတွက် ယင်းနေ့တွင်ပင် မြို့တော်မနီလာ၌ တစ်စိတ်တစ်ပိုင်း အသွားအလာပိတ်ဆို့ ကန့်သတ်မှု ချမှတ်ခဲ့သည်။

ကျိုဒိုနယူးစ်

## လာအို၌ သွေးလွန်တုပ်ကွေး ရောဂါကူးစက်ဖြစ်ပွားသူ ၆၉ ဦး ထပ်မံပေါ်ထွက်

ဗီယန်ကျင်း ဩဂုတ် ၄

လာအိုနိုင်ငံတွင် ဩဂုတ် ၄ ရက်၌ သွေးလွန်တုပ်ကွေးရောဂါ ထပ်မံကူးစက်ဖြစ်ပွားသူ ၆၉ဦးထွက်ပေါ်လာပြီး စုစုပေါင်းရောဂါကူးစက်ဖြစ်ပွားသူအရေအတွက် ၄၃၂၅ ဦး အထိရှိလာခဲ့ကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာနက ဖော်ပြသည်။ လာအိုနိုင်ငံ၌ ပြီးခဲ့သည့် ဇန်နဝါရီလမှစတင်ကာ သွေးလွန်တုပ်ကွေး အဖျားရောဂါကြောင့် ဆေးရုံတက်ရောက်ကုသမှုခံယူရသူ ၄၃၂၅ဦးအထိရှိခဲ့ပြီး ရောဂါပြင်းထန်၍ အသက်ဆုံးရှုံးရသူ ကိုးဦးအထိရှိကြောင်း လာအိုကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ကူးစက်ရောဂါ ထိန်းချုပ်ရေးဌာန ဒုတိယအထွေထွေအတွင်းရေးမှူး ဆီဆာဗျက် ဆူသာနီရာစေက ဩဂုတ်၄ ရက်တွင် မြို့တော် ဗီယန်ကျင်း၌ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင်ပြောကြားခဲ့သည်။

ဆင်ဟွာ

# ကိုဗစ်-၁၉ ရောဂါကို လက်ပူတိုက်ဖြေရှင်းနိုင်မည့် နည်းလမ်းမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော

**ဂျီနီဗာ ဩဂုတ် ၄**


ကိုဗစ်-၁၉ အတွက် ထိရောက်သည့် ကာကွယ်ဆေးရရှိရန် နိုင်ငံတကာက အလောတကြီးလုပ်ဆောင်လျက်ရှိနေသော်လည်း ကိုဗစ်-၁၉ ရောဂါအတွက် လက်ပူတိုက် ဖြေရှင်းနိုင်မည့် နည်းလမ်းမရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ဩဂုတ် ၃ ရက်တွင် ကမ္ဘာ့ပြည်သူများသို့ သတိပေးပြောကြားလိုက်သည်။

အစိုးရအဖွဲ့အစည်းများနှင့် ပြည်သူများအနေဖြင့် ရောဂါထိန်းချုပ်ရေးတွင် အခြေခံကျသည့် အချက်များဖြစ်သည့် ကိုဗစ်-၁၉ စစ်ဆေးခြင်းနှင့် စောင့်ကြည့်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းနှင့် နှာခေါင်းစည်းတပ်ဆင်ခြင်းတို့ကို အလေးအနက်ထား လုပ်ဆောင်ကြရန် လိုကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက တိုက်တွန်းထားသည်။

ကမ္ဘာတစ်ဝန်းရှိ ပြည်သူတို့၏ နေ့စဉ်လူနေမှုဘဝများ ပြောင်းလဲခဲ့ပြီး စီးပွားရေးဆိုင်ရာ အကျပ်အတည်းများ ကျရောက်ခဲ့ရသည်ဖြစ်ရာ ပြည်သူများအား ရောဂါကူးစက်ဖြစ်ပွားမှုမှ တားဆီးကာကွယ်နိုင်မည့် အစွမ်းထက်သည့် ကာကွယ်ဆေးအမြောက်အမြားထွက်ပေါ်လာရန် မိမိတို့အားလုံးက မျှော်လင့်စောင့်စားလျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့အထွေထွေဒါရိုက်တာ တက်ဒရိုစ် အက်ဒဟာနွမ် ဂီဘရီယက်ဆုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

သို့ရာတွင် ကိုဗစ်-၁၉ ကို လက်ပူတိုက် ဖြေရှင်းနိုင်သည့် နည်းလမ်းမရှိသကဲ့သို့ ဘယ်သောအခါမှလည်း ရှိလာနိုင်မည် မဟုတ်ကြောင်း၊ လောလောဆယ်အားဖြင့် ပြည်သူလူထုကျန်းမာရေးနှင့် ရောဂါထိန်းချုပ်ရေးတို့တွင် အခြေခံကျသည့် ဆောင်ရွက်ချက်များကို လိုက်နာဆောင်ရွက်ခြင်းဖြင့် ရောဂါကူးစက်ဖြစ်ပွားမှု ရပ်တန့်အောင် အတတ်နိုင်ဆုံးကြိုးပမ်းရန်သာ ရှိကြောင်း မစ္စတာ တက်ဒရိုစ် အက်ဒဟာနွမ်ဂီဘရီယက်ဆုက ပြောသည်။

ကမ္ဘာတစ်ဝန်းတွင် ပြည်သူ ၁၈ ဒသမ ၁ သန်းကျော် ကိုဗစ်- ၁၉ ကူးစက်ခံခဲ့ရပြီး သေဆုံးသူ ၆၉၀၀၀၀ကျော် ရှိကြောင်း တရားဝင်ထုတ်ပြန်ထားသည့် သတင်းအချက်အလက်များအရ သိရသည်။ **အေအက်ဖ်ပီ**



မေရီလန်းရှိ သုတေသန ဓာတ်ခွဲခန်းတစ်ခုတွင် ကာကွယ်ဆေးရရှိရေးအတွက် လေ့လာစမ်းသပ်မှု ဆောင်ရွက်နေကြသည့် ဆေးပညာရှင်အချို့ကို တွေ့ရစဉ်။

# ကိုဗစ် - ၁၉ ကူးစက်မှု ယခုထက် ပိုမိုမြင့်တက်လာပါက နိုင်ငံတော်အရေးပေါ်အခြေအနေ ပြဋ္ဌာန်းနိုင်ဟု ဂျပန်ကျန်းမာရေးဝန်ကြီးပြော

**တိုကျို ဩဂုတ် ၄**

ဂျပန်ကျန်းမာရေးဝန်ကြီး ကာတိုကက်ဆုနိုဘူက အကယ်၍ ကိုဗစ်- ၁၉ ကူးစက်မှု ပိုမိုမြင့်တက်လာပါက နိုင်ငံတော်အရေးပေါ်အခြေအနေ ပြဋ္ဌာန်းရန် ဖြစ်နိုင်ကြောင်း အရိပ်အမြွက်ပြောကြားလိုက်သည်။

ကာတိုက ဒေသဆိုင်ရာအာဏာပိုင်များအနေဖြင့် ကိုဗစ် – ၁၉ ရောဂါကူးစက်ပျံ့နှံ့မှု ထိန်းချုပ်ရန် လုပ်ငန်းစဉ်များ ဆောင်ရွက်နေသည်ကို သူ့အနေဖြင့် သတိပြုမိကြောင်း ဩဂုတ် ၄ ရက်က သတင်းထောက်များအား ပြောကြားလိုက်သည်။




ဂျပန်ကျန်းမာရေးဝန်ကြီး ကာတိုကက်ဆုနိုဘူ။

သို့သော်လည်း အစိုးရအနေဖြင့် ထိုကဲ့သို့သော ဗိုင်းရပ်စ် ထိန်းချုပ်ရေးလုပ်ဆောင်မှုများ အကောင်အထည်ဖော် ဆောင်ရွက်နေသည့်တိုင် အကယ်၍ ကိုဗစ်- ၁၉ ပိုမိုကူးစက်ပျံ့နှံ့လာပါက နိုင်ငံတော်အရေးပေါ် အခြေအနေ ကြေညာနိုင်ကြောင်း ပြောကြားလိုက်သည်။

အိုကီနာဝါခရိုင်က ၎င်း၏ ကိုယ်ပိုင်ခရိုင်အရေးပေါ် အခြေအနေတစ်ရပ် ကြေညာခဲ့စဉ် တခြားခရိုင်များကလည်း ပြည်သူများအား မလိုအပ်ဘဲ အပြင်မထွက်ကြရန်နှင့် စီးပွားရေးလုပ်ငန်းလည်ပတ်ချိန်ကို လျှော့ချရန် တိုက်တွန်းပြောကြားထားသည်။

ကာတိုက အကယ်၍ နိုင်ငံတော်အရေးပေါ်အခြေအနေ နောက်တစ်ခု ကြေညာမည်ဆိုပါက အစိုးရအနေဖြင့် ပညာရှင်များ၏ အမြင်ကိုရယူရမည်ဖြစ်ပြီး အမျိုးမျိုးသော အခြေအနေ အကြောင်းအရာများကို ကြည့်ရှုသုံးသပ်ပြီးနောက် သေချာသော ဆုံးဖြတ်ချက်ကို ချသင့်ကြောင်း ပြောကြားလိုက်သည်။

အစိုးရအနေဖြင့် ကိုဗစ်-၁၉ လမ်းကြောင်းကို အဆက်မပြတ်စောင့်ကြည့်နေရမည်ဖြစ်ပြီး အကူအညီများ ပိုမိုပေးဆောင်ရမည်ဖြစ်ကြောင်း ၎င်းက ပြောကြားလိုက်သည်။ **အင်န်အိတ်ချ်ကေ**

# ရေဘေး ဒုက္ခသည်များကို ကူညီရန် ထိုင်းဝန်ကြီးချုပ် တိုက်တွန်း

**ဗန်ကောက် ဩဂုတ် ၄**

ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာက ဩဂုတ် ၃ ရက်တွင် အင်အားပြင်းမုန်တိုင်း စင်လကုတိုက်ခတ်မှုကြောင့် ပြည်နယ်အတော်များများတွင် ဘေးဒုက္ခရောက်နေသူများအား ကူညီရန်သက်ဆိုင်ရာအာဏာပိုင်များအား တိုက်တွန်းလိုက်ကြောင်း နိုင်ငံတကာသတင်းတစ်ရပ်တွင် ဖော်ပြလိုက်သည်။

မြောက်ပိုင်း ချင်းမိုင်နှင့် နန်ပြည်နယ်တို့ရှိ သက်ဆိုင်ရာအာဏာပိုင်များ၊ အရှေ့မြောက်ပိုင်း လွိုင်နှင့် အလယ်ပိုင်း ဖစ်ဆန်နုလွတ်ဒေသတို့ရှိ အာဏာပိုင်များကို ထိုင်းဝန်ကြီးချုပ် ပရာယုချန်အိုချာက ရေဘေးသင့်ဒေသများရှိ ပြည်သူများအား ကယ်ဆယ်ရေးများဆောင်ရွက်ရန်၊ မြေနိမ့်ပိုင်းမှ ကုန်းမြင့်ဘက်သို့ မပြောင်းရွှေ့ရသေးသူများအား ပြောင်းရွှေ့မှုများ လုပ်ဆောင်ရန် တိုက်တွန်းကြောင်း သိရသည်။

သို့သော်လည်း တချို့ဒေသများတွင် ရေကြီးရေလျှံမှုများကို လယ်သမားများနောက်ပိုင်းလများတွင် မိုးခေါင်ခြင်းကို ကြုံတွေ့ခဲ့ပါက အသုံးပြုနိုင်ရန် စီမံခန့်ခွဲမှုများအသေအချာ လုပ်ဆောင်ရန်လည်း တိုက်တွန်းခဲ့သည်။ ထို့အပြင် အဆိုပါပြည်နယ်များတွင် တပ်စွဲထားသော တပ်မတော်သားများအား ဒေသဆိုင်ရာအာဏာပိုင်များနှင့်ပူးပေါင်း၍ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်လည်း တိုက်တွန်းထားကြောင်း သိရသည်။

ပြည်ထဲရေးဝန်ကြီး အနူပေါင်ပိုချင်ဒါသည် ဩဂုတ် ၃ ရက်က လွိုင်ပြည်နယ်ရှိ ရေကြီးရေလျှံဖြစ်ပွားသည့် နေရာများသို့ သွားရောက်ခဲ့ပြီး ရေကြီးမှုများကို ကာကွယ်နိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ခဲ့သည်။ **ဆင်ဟွာ**

# အိန္ဒိယနိုင်ငံ၌ ကိုဗစ် – ၁၉ ကူးစက်မှု ၁ ဒသမ ၈ သန်း ကျော်လွန်လာ

**နယူးဒေလီ ဩဂုတ် ၄**

အိန္ဒိယနိုင်ငံ၌ ကိုဗစ်- ၁၉ ကူးစက်မှုသည် ၁ ဒသမ ၈ သန်း ကျော်လွန်လာပြီး ၁၈၀၃၆၉၅ အထိ ရောက်ရှိလာကြောင်း ဩဂုတ် ၃ ရက်တွင် အိန္ဒိယ ကျန်းမာရေးဝန်ကြီးဌာနက ကြေညာလိုက်သည်။

အိန္ဒိယနိုင်ငံတွင် ဩဂုတ် ၃ ရက်က ကိုဗစ်-၁၉ ကူးစက်ခံရသူ ၅၂၉၇၂ ဦး ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

တစ်ချိန်တည်းမှာပင် လွန်ခဲ့သော ၂၄ နာရီအတွင်း ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၇၇၁ ဦးအထိ ရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ ကြောင့် နိုင်ငံတစ်ဝန်း သေဆုံးသူဦးရေသည် ၃၈၁၃၅ ဦး အထိ ဖြစ်လာကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါမှ လွတ်မြောက်ချမ်းသာရာရပြီး ဆေးရုံမှ ဆင်းသွားသူပေါင်း ၁၁၈၆၂၀၃ ဦး ရှိပြီး လတ်တလောတွင် ရောဂါသည်ပေါင်း ၅၇၉၃၅၇ ဦး ဆေးကုသမှုပေးလျက် ရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံသည် ဓာတ်ခွဲနမူနာ အများအပြား စမ်းသပ်စစ်ဆေးရန် လုပ်ဆောင်လျက်ရှိသည်။ ဩဂုတ် ၂ ရက်အထိ စုစုပေါင်း ၂၀၂၀၂၈၅၈ ဦး အထိ စမ်းသပ်စစ်ဆေးပြီးကြောင်း သိရသည်။ ဩဂုတ် ၂ ရက် တစ်နေ့တည်းကိုပင် ကိုဗစ်- ၁၉ စစ်ဆေးမှု ၃၈၁၀၂၇ ဦးအထိ ပြုလုပ်ခဲ့သည်။

ဩဂုတ် ၃ ရက်သည် နိုင်ငံအတွင်း ကိုဗစ်- ၁၉ ဖြစ်ပွားမှု ၅၀၀၀၀ ကျော်ရှိလာသည့် ငါးရက်မြောက်နေ့ဖြစ်သည်။ အဆိုပါ ကိုဗစ်-၁၉ ကူးစက်ခံရသူများထဲတွင် ပြည်ထဲရေးဝန်ကြီး အမစ်ရှား၊ တောင်ပိုင်း တမီလ်နာဒူးအုပ်ချုပ်ရေးမှူး ဘန်ဝါရီလယ်ပူရိုချစ်၊ တောင်ပိုင်းကာနာတာကာပြည်နယ် ဝန်ကြီးချုပ် ဘီအက်စ်ယေ ဒီယူရက်ပါ၊ ဘီဂျေပီပါတီဥက္ကဋ္ဌ ဆွာတန်တရာ ဒက်ဗ်ဆင်းတို့လည်း ပါဝင်ကြောင်း သိရသည်။

ဩဂုတ် ၂ ရက်က မြောက်ပိုင်း ဥတ္တာပရာဒေ့ရှ်ပြည်နယ်အမျိုးသမီးဝန်ကြီးတစ်ဦး ကိုဗစ်- ၁၉ ရောဂါကြောင့် သေဆုံးခဲ့သည်။ **ဆင်ဟွာ**



အိန္ဒိယနိုင်ငံ၌ ကိုဗစ် – ၁၉ စစ်ဆေးရန် နှာခေါင်းတို့ဖတ်စ ယူနေသည်ကို တွေ့ရစဉ်။

# သိပ္ပံပညာရှင်များ စိုးရိမ်နေကြရတဲ့ ကာကွယ်ဆေးနဲ့ နိုင်ငံရေးလွှမ်းမိုးမှု

ဖြိုးစန္ဒီမွေး



မြောက်ကာရိုလိုင်းနားရှိ ဇီဝနည်းပညာဌာနသို့ လာရောက်သည့်အမေရိကန်သမ္မတ ထရမ့်ကို တွေ့ရစဉ်။

အမေရိကန်ပြည်ထောင်စုမှာ ဧပြီလအတွင်းက ကိုဗစ်-၁၉ ကူးစက်မှု အလွန်မြင့်တက်နေခဲ့ပြီး အသွားအလာပိတ်ဆို့ ကန့်သတ်မှုတွေ ပြုလုပ်ခဲ့ရပါတယ်။ နောက်ပြီး ဆေးရုံတွေမှာလည်း လူနာတွေနဲ့ ပြည့်နှက်ကုန်ပါတယ်။

### အကောင်းဆုံးမျှော်လင့်ချက်

အဲဒီအချိန်မှာ ကျန်းမာရေးနဲ့ လူအရင်းအမြစ်ဝန်ဆောင်မှုဌာနက အိမ်ဖြူတော်မှာ တင်ပြချက်တစ်ခု ပြုလုပ်ခဲ့ပါတယ်။ အဲဒါကတော့ ကိုဗစ် – ၁၉ အတွက် ကာကွယ်ဆေးကို အလျင်အမြန် ထုတ်လုပ်နိုင်မှသာလျှင် ကပ်ရောဂါဆိုးကြီးကို ထိန်းချုပ်နိုင်ဖို့ အကောင်းဆုံးမျှော်လင့်ချက်ဖြစ်မယ်လို့ တင်ပြခဲ့ကြပါတယ်။ ကာကွယ်ဆေးရဖို့ နောက်ဆုံးသတ်မှတ်ထားတဲ့ ရက်ကတော့ အောက်တိုဘာ ၂၂ ရက်လို့ အဲဒီတုန်းက ဖော်ပြခဲ့ပါတယ်။ ကာကွယ်ဆေးတစ်ခုဖြစ်လာဖို့ နှစ်နဲ့ချီပြီး ကြိုးစားရပေမယ့် အခုကြုံတွေ့နေရတဲ့ အခြေအနေတွေကြောင့် ကာကွယ်ဆေးရရှိဖို့ အလျင်အမြန်လုပ်ဆောင်ရမယ့် ကာလဖြစ်နေပါတယ်။

### အစိုးရ၏အကူအညီ

လူတွေထောင်နဲ့ချီပြီး သေဆုံးရသလို အလုပ်မသွားနိုင်တဲ့ လူဦးရေဟာလည်း သန်းနဲ့ချီပြီး ရှိလာတယ်။ ဒါကြောင့် ကိုဗစ် – ၁၉ ဟာ အစိုးရနဲ့ပြည်သူ ပူးပေါင်းတိုက်ဖျက်ရမယ့်အရာဖြစ်ပြီး အစိုးရဟာ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းတွေနဲ့ ဇီဝနည်းပညာကုမ္ပဏီကြီးတွေကို ဒေါ်လာဘီလီယံနဲ့ချီပြီး ထောက်ပံ့ခဲ့တယ်။ ကာကွယ်ဆေးထုတ်လုပ်မှုအတွက် လိုအပ်တဲ့ အကူအညီတွေ ထောက်ပံ့တဲ့နေရာမှာ ကြိုးနီးစနစ်အတိုင်းမသွားဘဲ လျင်လျင်မြန်မြန် အထောက်အပံ့တွေရအောင် ကူညီပေးခဲ့တယ်။

### မဲဆွယ်စည်းရုံးပွဲနဲ့ ကာကွယ်ဆေး

အမေရိကန်သမ္မတထရမ့်ကတော့ နိုဝင်ဘာလ ရွေးကောက်ပွဲမတိုင်မီ ကာကွယ်ဆေးကို အလျင်အမြန်ရချင်ပါတယ်။ မဲဆွယ်စည်းရုံးပွဲကာလမှာ ကိုဗစ် –၁၉ ကာကွယ်ဆေးထုတ်လုပ်ရေးပြိုင်ပွဲဟာ အဓိကအကြောင်းအရာဖြစ်လာပြီး ထရမ့်ရဲ့သမ္မတသက်တမ်းကာလမှာ မျက်နှာသာပေးခြင်းမခံရတဲ့ သိပ္ပံနဲ့ ကျွမ်းကျင်သူတွေရဲ့ အခန်းကဏ္ဍဟာ အရေးပါလာတယ်။ စိုးရိမ်မှုတွေနဲ့ ပြည့်နှက်နေတဲ့ အိမ်ဖြူတော်ကပေးတဲ့ ဖိအားတွေကြောင့် ကာကွယ်ဆေးထုတ်လုပ်တဲ့ လုပ်ငန်းစဉ်မှာ နိုင်ငံရေးကြားဝင်စွက်ဖက်မှုတွေရှိလာမှာကို အစိုးရသုတေသီတွေက စိုးရိမ်နေကြပါတယ်။

### စိုးရိမ်နေကြ

ကာကွယ်ဆေး မြန်မြန်ရရှိဖို့နဲ့ လိုက်နာရမယ့် စည်းမျဉ်း စည်းကမ်းတွေကြားမှာသာ တူညီမှုမဖြစ်မှာကို စိုးရိမ်နေကြတယ်လို့ အစိုးရအရာရှိတွေ၊ သိပ္ပံပညာရှင်တွေနဲ့၊ ပြင်ပက ကျွမ်းကျင်သူတွေနဲ့ အင်တာဗျူးအရ သိရပါတယ်။ ဆေးကို လူသားတွေမှာ စမ်းသပ်မှုကာလနဲ့ ဘယ်အချိန်မှာ တရားဝင်ခွင့်ပြုပေးမလဲဆိုတာနဲ့ ပတ်သက်ပြီး အငြင်းပွားမှုတွေ ရှိနေပါတယ်။ ကာကွယ်ဆေးကို တရားဝင်ခွင့်ပြုမပေးမီ စမ်းသပ်ချိန်ပိုပြီး ကြာကြာယူလေ ပိုမိုစိတ်ချရပြီး အစွမ်းထက်တဲ့ ကာကွယ်ဆေးကို ရရှိနိုင်မှာပဲ ဖြစ်ပါတယ်။

### အားလုံးရဲ့မျှော်လင့်ချက်

ဒါပေမယ့်လည်း အမေရိကန်မှာ နေ့စဉ် လူ ၁၀၀၀ လောက် သေဆုံးနေတာတွေ၊ ကျောင်းတွေပြန်ဖွင့်ဖို့ မဖြစ်နိုင်သေးတာတွေနဲ့ တိုင်းပြည်တစ်ဝန်း စီးပွားရေး တစ်ရှိန်ထိုး ကျဆင်းသွားတာတွေကြောင့် မူလလူနေမှုပုံစံကို ပြန်ရဖို့က အားလုံးရဲ့ မျှော်လင့်ချက်ဖြစ်နေပါတယ်။ ဩဂုတ် ၁ ရက်မှာတော့ ရုရှားဟာ အောက်တိုဘာလကစပြီး တစ်နိုင်ငံလုံးအနှံ့ကာကွယ်ဆေးထိုးဖို့ အစီအစဉ်ရှိတယ်ဆိုပြီး ကြေညာခဲ့ပါတယ်။

### FDA အပေါ် ဖိအားပေးမည်ကိုစိုးရိမ်

အမေရိကန်သမ္မတထရမ့် အစိုးရအဖွဲ့နဲ့ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတွေဟာ ကာကွယ်ဆေးရရှိဖို့ ပူးပေါင်းကြိုးစားကြပေမယ့် မူလသတ်မှတ်တဲ့ အချိန်ဖြစ်တဲ့ အောက်တိုဘာလမှာ ကာကွယ်ဆေးရရှိဖို့ကတော့ မဖြစ်နိုင်သေးပါဘူး။ သတ်မှတ်ရက်နဲ့ လွဲချော်သွားနိုင်ပါတယ်။ အခုအခါမှာတော့ အမေရိကန်အစိုးရအဖွဲ့ဟာ ယခုနှစ် ကုန်ပိုင်းနဲ့ ၂၀၂၁ ခုနှစ် နှစ်စပိုင်းမှာ ကာကွယ်ဆေးကို သန်းနဲ့ချီပြီးထုတ်လုပ်နိုင်ဖို့ တွန်းအားပေးနေပါတယ်။ ဒါပေမယ့်လည်း ကာကွယ်ဆေးနဲ့ပတ်သက်ပြီး မပြည့်စုံသေးတဲ့အချက်တွေကို လျစ်လျူရှုပြီး နိုဝင်ဘာ ၃ ရက် ရွေးကောက်ပွဲမတိုင်မီ ကာကွယ်ဆေးကို အရေးပေါ် အတည်ပြုထောက်ခံပေးဖို့ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာန(FDA) အပေါ် အိမ်ဖြူတော်က ဖိအားတွေပေးမှာကို အစိုးရအတွင်းက ကျွမ်းကျင်ပညာရှင်တွေသာမက ပြင်ပကကျွမ်းကျင်ပညာရှင်တွေကပါ စိုးရိမ်နေကြဆဲဖြစ်တယ်လို့ ဖော်ပြခဲ့ကြပါတယ်။

### သမ္မတထရမ့်၏မျှော်လင့်ချက်

ကာကွယ်ဆေးအလျင်အမြန်ရရှိဖို့ အစိုးရအဖွဲ့ကနေ အရှိန်အဆမတန်မြှင့်တင်ခိုင်းမှာကို စိုးရိမ်နေတဲ့သူတွေ အများကြီးရှိပါတယ်။ ကာကွယ်ဆေးနှစ်မျိုး၊ သုံးမျိုး ထဲကနေ တစ်ခုကိုဆွဲထုတ်ခိုင်းပြီး အတင်းမြန်မြန်လုပ်ခိုင်းမှာကို ထိတ်လန့်နေကြတာပါ။ အခုအချိန်အထိ လူဦးရေ ထောင်ဂဏန်းလောက်ကို စမ်းသပ်မှုလုပ်ထားနိုင်ပြီး စိတ်ချရပုံပေါက်တယ်လို့ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာန ကာကွယ်ဆေးအကြံပေးကော်မတီရဲ့အဖွဲ့ဝင်တစ်ဦးဖြစ်သူ ဒေါက်တာပေါလ်က ပြောပါတယ်။ အမေရိကန်သမ္မတ ထရမ့်ကတော့ ကာကွယ်ဆေးကို လျင်လျင်မြန်မြန် အသိအမှတ်ပြုနိုင်ရေး မျှော်လင့်ချက်တွေ များနေပါတယ်။ လွန်ခဲ့တဲ့ သီတင်းပတ်ကပဲ မြောက်ကာရိုလိုင်းနားက ဇီဝနည်းပညာဓာတ်ခွဲခန်းကို သွားရောက်ခဲ့ပြီး သတ်မှတ်ထားတဲ့ အချိန်အတွင်း ကာကွယ်ဆေးရရှိဖို့ အလေးပေးပြောကြားခဲ့ပါတယ်။

> “ သမ္မတထရမ့် အစိုးရအဖွဲ့နဲ့ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီတွေဟာ ကာကွယ်ဆေးရရှိဖို့ ပူးပေါင်းကြိုးစားကြပေမယ့် မူလသတ်မှတ်တဲ့ အချိန်ဖြစ်တဲ့ အောက်တိုဘာလမှာ ကာကွယ်ဆေးရရှိဖို့ကတော့ မဖြစ်နိုင်သေးပါဘူး။ သတ်မှတ်ရက်နဲ့ လွဲချော်သွားနိုင်ပါတယ်။ အခုအခါမှာတော့ အမေရိကန်အစိုးရအဖွဲ့ဟာ ယခုနှစ်ကုန်ပိုင်းနဲ့ ၂၀၂၁ ခုနှစ် နှစ်စပိုင်းမှာ ကာကွယ်ဆေးကို သန်းနဲ့ချီပြီး ထုတ်လုပ်နိုင်ဖို့ တွန်းအားပေးနေပါတယ် ”

### ကာကွယ်ဆေးမြန်မြန်လိုချင်

ပြီးခဲ့တဲ့လအတွင်း တွစ်တာပေါ်မှာ ရေးသားခဲ့တဲ့ စာမှာလည်း သမ္မတထရမ့် ပြန်လည်ရွေးကောက်ခံရဖို့ ကာကွယ်ဆေးရရှိမှုတို့ကြား ဆက်စပ်နေမှုကို ဖော်ပြခဲ့ပါသေးတယ်။ ပင်ဆယ်ဗေးနီးယားမှာ ဩဂုတ် ၁ ရက်က ပြုလုပ်တဲ့ ရွေးကောက်ပွဲမှာတော့ အစားအသောက်နဲ့ ဆေးဝါးကွပ်ကဲရေးဌာနဟာ သူ့ရဲ့ ညွှန်ကြားမှုတွေနဲ့ ကောင်းကောင်း လုပ်နေတယ်လို့ ထရမ့်က ပြောခဲ့ပါတယ်။ ဒါကြောင့်မို့လည်း ကာကွယ်ဆေးမြန်မြန်ရဖို့ သူ့ရဲ့ မျှော်လင့်ချက်တွေ မြင့်တက်လာတယ်လို့ ထရမ့်က ပြောခဲ့ပါတယ်။ နှစ်ကုန်ပိုင်းမတိုင်မီ သတ်မှတ်ထားတဲ့ ရက်ထက်စောပြီး ကာကွယ်ဆေးရရှိဖို့ ကျွန်တော်တို့ မျှော်လင့်ထားတယ်လို့ ထရမ့်က ပြောပါတယ်။ ဒါ့အပြင် အပြီးသတ်နိုင်ဖို့ တော်တော်လေးနီးကပ်နေပြီလို့ ထရမ့်က ဆက်ပြောပါတယ်။

### FDA အပေါ်ယုံကြည်

သမ္မတထရမ့်ရဲ့ သမက်ဖြစ်သူ အကြံပေးအရာရှိတစ်ဦးဖြစ်တဲ့ ဂျားကူရှ်နာကတော့ သမ္မတထရမ့် ပြန်လည်ရွေးကောက်ခံရရေး ကြိုးပမ်းနေသူဖြစ်ပြီး ကာကွယ်ဆေးအတွက် ပြုလုပ်တဲ့ အစည်းအဝေးတွေကို မပျက်မကွက် တက်ရောက်သူလည်း ဖြစ်ပါတယ်။ ကာကွယ်ဆေးရရှိမှုအတွက် ကြိုးပမ်းရာမှာ နိုင်ငံရေးလွှမ်းမိုးမှုတွေ ပါဝင်လာမှာကို စိုးရိမ်နေကြပေမယ့် အမေရိကန်သမားတော် ဒေါက်တာ အန်သိုနီကတော့ FDA ကို ယုံကြည်စိတ်ချတယ်လို့ ပြောပါတယ်။ သမိုင်းကို ပြန်ကြည့်မယ်ဆိုရင် FDA ဟာ သိပ္ပံပညာကိုပဲကြည့်ပြီး ဆုံးဖြတ်ချက်တွေ ချခဲ့တယ်။ အခုတစ်ကြိမ်မှာလည်း ဒီအတိုင်းပဲဖြစ်လိမ့်မယ်လို့ ယုံကြည်တယ်လို့ ပြောကြားခဲ့ပါတယ်။

ကိုးကား – နယူးယောက်တိုင်းမ်စ်

## နိုင်ငံတကာသတင်းတိုတွာ

### တရုတ်နိုင်ငံတွင် ဓာတုစက်ရုံပေါက်ကွဲရာမှ သေဆုံးသူ ခြောက်ဦးရှိလာ

ဝူဟန် ဩဂုတ် ၄

ဟူပေပြည်နယ်အလယ်ပိုင်းရှိ ဓာတုဗေဒစက်ရုံတွင် ဩဂုတ် ၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားရာ ဩဂုတ် ၄ ရက်တွင် သေဆုံးသူ ခြောက်ဦးဖြစ်လာခဲ့သည်ဟု ဒေသခံအာဏာပိုင်များက ပြောသည်။ လေးဦးဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့မှာ အသက်အန္တရာယ်စိုးရိမ်ဖွယ်မရှိကြောင်း သိရသည်။

ရှန်တောင်မြို့တွင် ဩဂုတ် ၃ ရက် ညနေ ငါးနာရီခွဲခန့်က ပေါက်ကွဲမှုဖြစ်ပွားပြီး ညနေ ၇ နာရီတွင် မီးငြိမ်းသတ်နိုင်ခဲ့သည်။ ကုမ္ပဏီမှ ယခုအခါ ထုတ်လုပ်မှုအားလုံးကို ရပ်ဆိုင်းထားပြီး မည်သည့်အကြောင်းကြောင့် ပေါက်ကွဲရခြင်းဖြစ်သည်ကို ဆက်လက်စုံစမ်းဆဲဖြစ်သည်။

ဆင်ဟွာ

### နှာခေါင်းစည်းတပ်ဆင်ခြင်းသည် ကိုဗစ် -၁၉ ပျံ့နှံ့မှုကို လျှော့ချနိုင်ကြောင်း လေ့လာမှုများအရ တွေ့ရှိ

ဝါရှင်တန် ဩဂုတ် ၄

နှာခေါင်းစည်း မဖြစ်မနေဝတ်ဆင်ရန် အမိန့်ထုတ်ထားသည့် အမေရိကန်လူမှုအသိုင်းအဝိုင်းများတွင် ကိုဗစ် –၁၉ ကူးစက်ပျံ့နှံ့မှု လျော့ကျသွားသည်ကို တွေ့ရကြောင်း လေ့လာမှုများအရ သိရသည်။

နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရန် အမိန့်ထုတ်ပြီးငါးရက်အကြာတွင် ကိုဗစ် –၁၉ ကူးစက်ပျံ့နှံ့မှုသည် ၁ ရာခိုင်နှုန်းအောက် ကျဆင်းသွားကြောင်း၊ ၂၁ ရက်ကြာပြီးနောက်ပိုင်းတွင် ကူးစက်ပျံ့နှံ့မှုနှုန်းမှာ ၂ ရာခိုင်နှုန်း ကျဆင်းလာကြောင်း Lowa တက္ကသိုလ် ကျန်းမာရေးစီမံခန့်ခွဲမှုနှင့် မူဝါဒဆိုင်ရာဌာနမှ သုတေသီများ၏ လေ့လာမှုအရ သိရသည်။

ယင်းလေ့လာမှုကို ကျန်းမာရေးဆိုင်ရာ ဂျာနယ်တွင်ဖော်ပြခဲ့သည်။ ဧပြီ ၈ ရက်မှ မေ ၁၅ ရက်အတွင်း အမေရိကန်ပြည်ထောင်စုရှိ ပြည်နယ်ပေါင်း ၁၅ ခုနှင့် ဝါရှင်တန်ဒီစီရှိ မြို့တော်ဝန်တို့က ပါးစပ်နှာခေါင်းစည်းမဖြစ်မနေ တပ်ဆင်ရန် အမိန့်ကို လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့သည်။ မတ် ၃၁ ရက်နှင့် မေ ၂၂ ရက်ကြား ကိုဗစ် – ၁၉ ကူးစက်မှုနှုန်းကို သုတေသီများက လေ့လာဆန်းစစ်မှုများ ပြုလုပ်ခဲ့ကြသည်။ နှာခေါင်းစည်းတပ်ဆင်ရန် အမိန့်ထုတ်ထားသည့် ပြည်နယ်များနှင့် အမိန့်မထုတ်သည့် ပြည်နယ်များကြား ခြားနားမှုကို သုတေသီများက လေ့လာခဲ့ကြခြင်းဖြစ်သည်။

ဆင်ဟွာ

## အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

- မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်။
- ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် အိမ်ထောင်စုတစ်ခုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက်ကြည့်ရှု စစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်သွားကြရန်။
- မဲပေးခွင့် မဆုံးရှုံးစေရန် ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းများ ဆောင်ရွက်ကြရန်။

### ဆန္ဒမဲပေးပိုင်ခွင့် ရှိသူတွေက ဘယ်သူတွေလဲ

➢ အမျိုးသား၊ အမျိုးသမီးမရွေး၊ ဘာသာမရွေး-
➢ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင်-
 ✓ အသက် ၁၈ နှစ် ပြည့်ပြီးသူများ၊
➢ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သည့်
 ✓ နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများနှင့်
➢ သက်ဆိုင်ရာ မဲဆန္ဒနယ်၏ မဲစာရင်းတွင် ပါဝင်သည့်သူများ ဖြစ်သည်။

### ဆန္ဒမဲပေးပိုင်ခွင့် မရှိသူတွေက ဘယ်သူတွေလဲ

➢ သာသနာ့ဝန်ထမ်း၊
➢ ထောင်ဒဏ်ကျခံနေရသူ၊
➢ စိတ်ပေါ့သွပ်နေသည်ဟု သက်ဆိုင်ရာဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ်ခြင်းခံရသူ၊
➢ လူမွဲအဖြစ် ဆုံးဖြတ်ကြေညာခံထားရခြင်းမှ လွတ်မြောက်ခွင့်မရသေးသူ၊
➢ ရွေးကောက်တင်မြှောက်ခြင်းဆိုင်ရာဥပဒေအရ တားမြစ်ခြင်းခံရသူ၊
➢ နိုင်ငံခြားသား သို့မဟုတ် နိုင်ငံခြားသားအဖြစ် ခံယူထားသူတို့ဖြစ်သည်။

### မဲစာရင်းတွင် အမည်ပါရှိရေး ဆောင်ရွက်ရန်အချက်များ

✤ မဲဆန္ဒနယ်တစ်နယ်ထက်ပိုသော မဲဆန္ဒနယ်များ၏ မဲစာရင်းတွင် မိမိ၏ အမည်ပါရှိနေပါက မိမိမဲပေးလိုသည့် မဲဆန္ဒနယ်တွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊ မဲဆန္ဒနယ် တစ်ခုအတွင်းတွင် ရှိသော ရပ်/ကျေး တစ်ခုထက်ပိုသည့် မဲစာရင်းများတွင် မိမိ၏ အမည်ပါ ရှိနေပါက မိမိမဲပေးလိုသည့် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုတွင် မဲပေးနိုင်ရေးအတွက် မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ တင်ပြဆောင်ရွက်ရန်၊

✤ ဒေသတစ်ခုမှ အခြားဒေသတစ်ခုသို့ ပြောင်းရွှေ့လိုသည့်အခါ ၁၉၅၁ ခုနှစ် ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း နေထိုင်သူများ မှတ်ပုံတင်ရေး နည်းဥပဒေ ၂၆ (၂)နှင့် နည်းဥပဒေ ၂၇ (၁) တို့အရ ထုတ်ပေးသော ပုံစံ (၁၀) သို့မဟုတ် (၉၀/၁/န(သ) နှင့်အတူ လက်ရှိမဲဆန္ဒနယ်စာရင်း၌ မိမိအမည်ကိုပယ်ဖျက်၍ အခြား မဲဆန္ဒနယ်သို့ပြောင်းရွှေ့ပေးရန် တောင်းဆိုလွှာပုံစံ (၄-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်း ဆောင်ရွက်ရန်၊

✤ အပိုဒ်ခွဲ (ဆ) အရ ဆောင်ရွက်ပြီးနောက် မိမိ၏ အမည်ကို မဲစာရင်းမှ ပယ်ဖျက်ပြီးကြောင်း အထောက်အထားဖြစ်သည့် ပုံစံ (၄-ခ) ကို ယင်းရပ်/ကျေးကော်မရှင် အဖွဲ့ခွဲမှ ရယူရမည်။ ထို့နောက် မိမိပြောင်းရွှေ့ ရောက်ရှိသည့် နေရာ၏ အိမ်ထောင်စုဇယားနှင့် ပုံစံ(၄-ခ)တို့ ပူးတွဲ၍ တောင်းဆိုလွှာ ပုံစံ(၃) ကို မိမိပြောင်းရွှေ့ နေထိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲသို့ တင်သွင်းလျှောက်ထားရန်၊

✤ အနည်းဆုံး ရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ် ပြင်ပသို့ ရောက်ရှိနေပြီး မိမိ၏ အမြဲတမ်းနေရပ်သို့ ပြန်လည်ပြီး မဲပေးလိုခြင်း မရှိပါက မိမိရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲ ပေးပိုင်ခွင့်ရရှိရေးအတွက် တောင်းဆိုလွှာ ပုံစံ (၃-က) ဖြင့် သက်ဆိုင်ရာ ရပ်/ကျေး ကော်မရှင်အဖွဲ့သို့ တင်ပြလျှောက်ထားရန်။

### မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဩဂုတ် ၄**

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးရာမှ လှိုင်းအလွန်ကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်၊ မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ မှ ၄၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ပေမှ ၁၆ ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

### ရွေးကောက်ပွဲများသည်-

➢ ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
➢ ဒီမိုကရေစီ ရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
➢ ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မ ဖြစ်သည်။

✻ *ကျောဖုံးမှ*

မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းဆွေက "ရပ်ကွက်ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးတွေမှာ မဲစာရင်းတွေကို ဇူလိုင် ၂၅ ရက်ကစပြီး ကပ်ထားပါတယ်။ ဩဂုတ် ၇ ရက်အထိပါ။ မနက် ၇ နာရီကနေ ည ၉ နာရီအထိ သွားကြည့်လို့ရပါတယ်။ မဲစာရင်းကို လာကြည့်ဖြစ်အောင်ကြည့်ကြပါလို့ မဲဆန္ဒရှင်တွေကို ကျွန်တော် မေတ္တာရပ်ခံချင်ပါတယ်။ လာကြည့်ကြမှသာ မိမိနာမည်ပါတယ်၊ မပါဘူးဆိုတာ သိနိုင်သလို အမှားအယွင်းရှိရင်လည်း ချက်ချင်းပြင်နိုင်ဖို့ပါ။ ရပ်ကွက်တွေမှာလည်း ရက်ခြားဆိုသလို မဲစာရင်းလာကြည့်ကြဖို့ နှိုးဆော်ခိုင်းထားပါတယ်။ လိုအပ်တဲ့ ပြင်ဆင်မှုတွေကိုလည်း လုပ်ဆောင်ပေးနိုင်ဖို့ မှာကြားထားပါတယ်။ ပြင်ဆင်စရာရှိရင်လည်း ပုံစံအလိုက်ဖြည့်စွက်ပြီး ပြင်ပေးနေကြပါတယ် " ဟု ပြောသည်။

ကြည့်မြင်တိုင်မြို့နယ်၌ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲရုံးများကပေးပို့လာသောစာရင်းများအရ ဩဂုတ် ၃ ရက်အထိ မဲစာရင်းလာရောက်ကြည့်ရှုသူပေါင်း ၁၄၂၇၄ ဦး၊ ရာခိုင်နှုန်းအားဖြင့် ၁၇ ဒသမ ၅၀ ဖြစ်ပြီး မိမိအမည်စာရင်းမပါရှိ၍ ပုံစံ (၃) ဖြင့် ဖြည့်စွက်လျှောက်ထားသူ ၁၁၇၃ ဦး၊ မပါဝင်သင့်သူများ ပါဝင်နေခြင်းအားကန့်ကွက်သည့်ပုံစံ(၄)ဖြင့် ဖြည့်စွက်တင်ပြလာသူ ၁၂၇ဦး၊ အမှားပြင်ဆင်ရန် ပုံစံ(၄-ဂ) ဖြင့် ဖြည့်စွက်တင်ပြလာသူ ၈၉၆ ဦးရှိကြောင်း သိရသည်။

တင်ဝင်းလေး(ကြည့်မြင်တိုင်)

## သင့်မဲဖြင့် အနာဂတ်ကို ပုံဖော်ဖို့ မဲစာရင်းကို ကြည့်ကြစို့

# ယခင်ကထက် ပိုမိုစည်းလုံးခိုင်မာတဲ့ နိုင်ငံဖြစ်လာဖို့ မျှော်လင့်



ဒီစိန်ခေါ်မှုကြီးကို ရင်ဆိုင်ကျော်လွှားနိုင်ရင် ယခုအတွက်သာမက နောင်မျိုးဆက်တွေအတွက်ပါ အောင်မြင်မှုကြီးဖြစ်ပါလိမ့်မယ်။ စာရေးဆရာမကြီးတစ်ဦးက ပြောဖူးပါတယ်၊ နိုင်ငံတစ်နိုင်ငံရဲ့ သမိုင်းမှာ ဂုဏ်ယူဖွယ်ရာ ဖြစ်ရပ်တွေဟာ ခေတ်အဆက်ဆက်မှာ ခက်ခဲတဲ့ကာလတွေကို ကျော်ဖြတ်ဖို့ အင်အားတွေ ဖြစ်စေပါတယ်။ ဒို့တွေဟာ အခက်အခဲကြီးတွေကို ကျော်လွှားနိုင်စွမ်း ရှိခဲ့တယ်၊ ခုလည်း ကျော်လွှားနိုင်မှာပဲဆိုတဲ့ ယုံကြည်မှုစွမ်းအားပါ။ ပြည်သူတွေရဲ့စွမ်းအားနဲ့ Covid အလွန်ကာလမှာ ယခင်ကထက် ပိုမိုစည်းလုံးခိုင်မာတဲ့ နိုင်ငံဖြစ်လာဖို့ မျှော်လင့်ပါတယ်။

(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ၁-၆-၂၀၂၀ ရက်နေ့တွင် ဖေ့စ်ဘွတ်ခ်၌ ရေးသားဖော်ပြချက်မှ ကောက်နုတ်ချက်)

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၄-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီ

၁။ (၃-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ထပ်မံစစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၄၅၈)ခု နှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၄၄) ခု၊
- စုစုပေါင်း (၆၀၂)ခု အား စစ်ဆေးပြီးစီးခဲ့ရာတွင်-
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၃-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ ဓာတ်ခွဲနမူနာ (၈၃၃)ခု၊
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၈၈) ခု၊
- ပြည်သူ့ကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (မန္တလေး) မှ ဓာတ်ခွဲနမူနာ (၄၉) ခု နှင့်
- ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲနမူနာ (၁၄၄) ခု၊
- စုစုပေါင်း (၁,၃၁၄)ခု အား စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂) ဦး တွေ့ရှိရပါသည်။(အဆိုပါလူနာသစ် (၂) ဦး၏ သတင်းအား (၃-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ သတင်းတွင် ဖော်ပြခဲ့ပြီးဖြစ်ပါသည်။)

၃။ (၄-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၅) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၄-၈-၂၀၂၀) ရက်နေ့၊ နံနက် (၈:၀၀) နာရီ**

| | |
|---|---|
| (၃-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ထပ်မံဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၄၅၈) ခု |
| (၃-၈-၂၀၂၀) ရက်နေ့တွင် ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး ခုတင် (၁၀၀၀) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

## COVID-19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ

၁။ (၄-၈-၂၀၂၀) ရက်နေ့အတွက် COVID-19 ရောဂါ ဓာတ်ခွဲစစ်ဆေးရာတွင် -

- အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) (NHL) မှ (ပထမအသုတ်) ဓာတ်ခွဲနမူနာ (၂၈၁) ခုနှင့်
- ဆေးသုတေသနဦးစီးဌာန (DMR)မှ ဓာတ်ခွဲနမူနာ (၂၀၄) ခု၊
- စုစုပေါင်း (၄၈၅)ခု အား ယနေ့၊ ညနေတွင် စစ်ဆေးပြီးစီးခဲ့ရာ -
- • COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် မတွေ့ရှိရပါ။

၂။ (၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ မြန်မာနိုင်ငံတွင် COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၃၅၅) ဦးရှိပြီ ဖြစ်ပါသည်။

၃။ ဓာတ်ခွဲအတည်ပြု လူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာစစ်ဆေးမှုတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ စုစုပေါင်း (၃၀၂) ဦးရှိပါသည်။ ၎င်းတို့ အနက် (၂၈၇) ဦးအား ဆေးရုံမှဆင်းခွင့်ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာ ဆက်လက်ကန့်သတ်၍ စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၃-၈-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၄-၈-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၉) ဦးရှိပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | |
|---|---|
| (၄-၈-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ (ပထမအသုတ်) ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၈၁) ခု |
| (၄-၈-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာနမှ စစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၀၄) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) | (၀) ဦး |

**COVID-19 ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**

**(၄-၈-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ**

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၃၅၅) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၀) ဦး | (၃၀၂) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၀၂၉၂ | ၃၅၅ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၃၀၂ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၆၈၅၆

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၂၈၇ ဦး ( အသွားအလာ ဆက်လက်ကန့်သတ်ထားရှိ )

❖ ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဖော်ပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၂၇၀ | ၅ |
| ၂ | ရခိုင် | ၁၆ | |
| ၃ | ချင်း | ၁၄ | |
| ၄ | စစ်ကိုင်း | ၉ | |
| ၅ | ပဲခူး | ၉ | ၁ |
| ၆ | မွန် | ၇ | |
| ၇ | ကရင် | ၅ | |
| ၈ | ရှမ်း(တောင်) | ၄ | |
| ၉ | မန္တလေး | ၄ | |
| ၁၀ | ရှမ်း(မြောက်) | ၃ | |
| ၁၁ | မကွေး | ၃ | |
| ၁၂ | ရှမ်း(ရှေ့) | ၃ | |
| ၁၃ | နေပြည်တော် | ၂ | |
| ၁၄ | ဧရာဝတီ | ၂ | |
| ၁၅ | ကချင် | ၂ | |
| ၁၆ | တနင်္သာရီ | ၂ | |
| စုစုပေါင်း | | ၃၅၅ | ၆ |

❖ ယနေ့အချိန်ထိ ကယားပြည်နယ်တွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၄-၈-၂၀၂၀ ရက်၊ ည (၈) နာရီ




## ၄-၈- ၂၀၂၀ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၈၆၄၂၂ | ၂၄၄၈၃၀၅ | ၁၅၉၀၀၁ |
| ၂။ | ဘရာဇီး | ၂၇၅၁၆၆၅ | ၁၉၁၂၃၁၉ | ၉၄၇၀၂ |
| ၃။ | အိန္ဒိယ | ၁၈၆၅၉၄၇ | ၁၂၃၇၈၈၅ | ၃၉၀၈၁ |
| ၄။ | ရုရှား | ၈၆၁၄၂၃ | ၆၆၁၄၇၁ | ၁၄၃၅၁ |
| ၅။ | တောင်အာဖရိက | ၅၁၆၈၆၂ | ၃၅၈၀၃၇ | ၈၅၃၉ |
| ၆။ | မက္ကဆီကို | ၄၄၃၈၁၃ | ၂၉၅၆၇၇ | ၄၈၀၁၂ |
| ၇။ | ပီရူး | ၄၃၃၁၀၀ | ၂၉၈၀၉၁ | ၁၉၈၁၁ |
| ၈။ | ချီလီ | ၃၆၁၄၉၃ | ၃၃၃၉၇၆ | ၉၇၀၇ |
| ၉။ | စပိန် | ၃၄၄၁၃၄ | စိစစ်ဆဲ | ၂၈၄၇၂ |
| ၁၀။ | ကိုလံဘီယာ | ၃၂၇၈၅၀ | ၁၇၃၇၂၇ | ၁၁၀၁၇ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၄- ၈ - ၂၀၂၀

| | COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၁၅၀၅၆ | ၇၂၀၅၀ | ၅၃၈၈ |
| ဖိလစ်ပိုင် | ၁၁၂၅၉၃ | ၆၆၀၄၉ | ၂၁၁၅ |
| စင်ကာပူ | ၅၃၃၄၆ | ၄၇၁၇၉ | ၂၇ |
| မလေးရှား | ၉၀၀၂ | ၈၆၈၄ | ၁၂၅ |
| ထိုင်း | ၃၃၂၀ | ၃၁၄၂ | ၅၈ |
| ဗီယက်နမ် | ၆၇၀ | ၃၇၈ | ၈ |
| မြန်မာ | ၃၅၅ | ၃၀၂ | ၆ |
| ကမ္ဘောဒီးယား | ၂၄၀ | ၁၉၇ | ၀ |
| ဘရူနိုင်း | ၁၄၁ | ၁၃၈ | ၃ |
| လာအို | ၂၀ | ၁၉ | ၀ |

# မြဝတီမြို့ မြန်မာ-ထိုင်း အမှတ်(၂) ချစ်ကြည်ရေးတံတားမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၂၆ ဦး ဆက်လက်ဝင်ရောက်

မြဝတီ ဩဂုတ် ၄

ထိုင်းနိုင်ငံမှ မြန်မာရွှေ့ပြောင်းလုပ်သား ၅၂၆ ဦးသည် မြဝတီမြို့ မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေး တံတားမှ တစ်ဆင့် ယနေ့ ဆက်လက်ဝင်ရောက်လာခဲ့ကြောင်း သိရသည်။



ပြန်လည်ဝင်ရောက်လာသူများအား ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်နှင့် တာဝန်ရှိသူများက ကြိုဆိုခဲ့ပြီး ကျန်းမာရေးစစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ခရိုင်/မြို့နယ်မှ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအနေဖြင့် မေ ၁ ရက်မှ ၃၁ ရက်အထိ ၁၁၆၈၀၊ ဇွန် ၁ ရက်မှ ၃၀ ရက်အထိ ၂၅၃၃၈ ဦး၊ ဇူလိုင် ၁ ရက်မှ ၃၁ ရက်အထိ ၁၈၅၉၇ ဦး၊ ဩဂုတ် ၁ ရက်မှ ၄ ရက်အထိ ၂၆၈၇ ဦး စုစုပေါင်း ၅၈၃၀၂ ဦး ပြန်လည်ဝင်ရောက်ခဲ့ပြီး ဖြစ်သည်။ (ဓာတ်ပုံ)

ယနေ့ပြန်လည်ဝင်ရောက်သူများမှာ တိုင်းဒေသကြီး၊ ပြည်နယ်များမှ အမျိုးသား ၃၂၁ ဦး၊ အမျိုးသမီး ၂၀၅ ဦး စုစုပေါင်း ၅၂၆ ဦးဖြစ်ပြီး သက်ဆိုင်ရာအသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစခန်းများသို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ထိန်လင်းအောင်(ပြန်/ဆက်)

## COVID - 19 Call Center အချိန်ပြောင်းလဲဖွင့်လှစ်

နေပြည်တော် ဩဂုတ် ၄

COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် အတွက် COVID-19 Call Center ကို ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေး အော်ပရေတာလေးခု၊ Blue Ocean ကုမ္ပဏီတို့ ပူးပေါင်း၍ COVID-19 Call Center (ဖုန်းနံပါတ် ၂၀၁၉) အား ဧပြီ ၈ ရက်မှစ၍ နေ့စဉ် နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့၊ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း ၄၃ ဦး၊ မြန်မာနိုင်ငံ ဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန် ၁၇ ဦး စုစုပေါင်း ၆၀ ဖြင့် ဖွင့်လှစ်ထားရှိသည်။

ယခုအခါတွင် COVID - 19 Call Center ခေါ်ဆိုမှု အချိန်ကို နံနက် ၈ နာရီမှ ည ၈ နာရီအထိ **(အစား)** နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ပြောင်းလဲဖွင့်လှစ် ထားကြောင်း သိရသည်။

သတင်းစဉ်

# ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့

**နေပြည်တော် ဩဂုတ် ၄**

နိုင်ငံတကာခရီးသည်တင် လေယာဉ်များ ပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံများ၌ အခက်အခဲကြုံတွေ့နေရသည့် ကိုရီးယားသမ္မတနိုင်ငံရောက် မြန်မာနိုင်ငံသား ၃၉ ဦး၊ အမေရိကန်ပြည်ထောင်စုမှ ၂၈ ဦး၊ ပြင်သစ်မှ ငါးဦး၊ အီဂျစ်မှ ငါးဦး၊ အင်ဒိုနီးရှားမှ သုံးဦး၊ ဂျပန်မှ သုံးဦး၊ နော်ဝေမှ သုံးဦး၊ ဘယ်လ်ဂျီယံမှ သုံးဦး၊ အီတလီမှ တစ်ဦး၊ သင်္ဘောသား ၁၇ ဦး စုစုပေါင်း မြန်မာနိုင်ငံသား ၁၀၆ ဦး တို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် မြန်မာအပြည်ပြည်ဆိုင်ရာ လေကြောင်းလိုင်း (MAI) ကယ်ဆယ်ရေး လေယာဉ်အမှတ် 8M 802 ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ညပိုင်းတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိကြသည်။

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် (၂၁)ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့မှ သက်ဆိုင်ရာ အခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား ဆုံရပ်နိုင်ငံဖြစ်သည့် ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ချိတ်ဆက်လျက် ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာသံရုံးများနှင့် ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိရာ ကယ်ဆယ်ရေး လေယာဉ် ၁၆ ကြိမ်တိုင်တိုင် ပျံသန်းပြေးဆွဲလျက် မြန်မာနိုင်ငံသား စုစုပေါင်း ၉၄၄၂ ဦးအား မြန်မာနိုင်ငံသို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ခေါ်ဆောင်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ကိုရီးယားသမ္မတနိုင်ငံ အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။

# တာချီလိတ်မြို့ မြန်မာ-ထိုင်း နယ်စပ်ဂိတ်မှ နေရပ်ပြန်ရွှေ့ပြောင်း မြန်မာအလုပ်သမားများ ပြန်လည်ဝင်ရောက်

**တာချီလိတ် ဩဂုတ် ၄**

တာချီလိတ်မြို့ မြန်မာ-ထိုင်း နယ်စပ်ဂိတ် ချစ်ကြည်ရေးတံတားအမှတ် ၂ မှ နေရပ်ပြန်ရွှေ့ပြောင်း မြန်မာအလုပ်သမား ကလေး လူကြီး၊ ကျား မ ပေါင်း ၉၅ ဦး ယနေ့ မွန်းလွဲ ၁ နာရီက ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။



ပြန်လည်ဝင်ရောက်လာကြသည့် ရွှေ့ပြောင်း မြန်မာအလုပ်သမားများကို ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးချမ်းမြေ့စောနှင့် တာဝန်ရှိသူများက စနစ်တကျ ပြန်လည်လက်ခံလျက်ရှိပြီး ဩဂုတ် ၄ ရက်တွင် ပြန်လည်ဝင်ရောက်လာသူ ၄၀၀ ခန့် စာရင်းပေးသွင်းထားရာ မွန်းလွဲ ၁ နာရီအထိ ကျားမပေါင်း ၉၅ ဦးအား လက်ခံပြီးကြောင်း၊ ဆက်လက်၍ ပြန်လည်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ပြန်ဝင်ရောက်လာသော ရွှေ့ပြောင်း မြန်မာအလုပ်သမားများကို ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ခဲ့ပြီးနောက် မြို့မအားကစားကွင်းတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဆက်လက်၍ စာရင်းကောက်ယူမှုများ ပြုလုပ်လျက်ရှိသည်။ နေရပ်ပြန်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စာရင်းကောက်ယူပြီးပါက မိမိနေရပ်ဒေသသို့ နေ့ချင်းပြန်လည်ပို့ဆောင်ရန် မော်တော်ယာဉ်များ စီစဉ်ထားရှိပြီး ဒေသခံများကိုမူ မိုးကုတ် တရားဓမ္မရိပ်သာတွင် အသွားအလာကန့်သတ်ထားရှိရန် စီမံဆောင်ရွက်ထားကြောင်း ခရိုင်အုပ်ချုပ်ရေးမှူးထံမှ သိရသည်။

တာချီလိတ်ခရိုင်တွင် နယ်စပ်ဝင်ပေါက် ဂိတ်သုံးဂိတ်ရှိရာ မတ် ၂၃ ရက်မှ ဩဂုတ် ၄ ရက်အထိ အဆိုပါဂိတ်များမှ ပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်း မြန်မာအလုပ်သမားများမှာ တာချီလိတ်-မယ်ဆိုင် (ချစ်ကြည်ရေးတံတား ၂)မှ အမျိုးသား ၁၉၆၉ ဦး၊ အမျိုးသမီး ၁၆၆၈ ဦး စုစုပေါင်း ၃၆၃၇ ဦး၊ ဝမ့်ပုံ-မိုင်းမော (မြန်မာ-လာအို သင်္ဘောဆိပ်)မှ အမျိုးသား ၃၇၀၊ အမျိုးသမီး ၂၃၄ ဦး စုစုပေါင်း ၆၀၄ ဦး၊ မိုင်းယု-အထူး ၄ (မိုင်းယောင်း- အထူး ၄)မှ အမျိုးသား ၁၀၂၂ ဦး၊ အမျိုးသမီး ၆၄၇ ဦး စုစုပေါင်း ၁၆၆၉ ဦးရှိခဲ့ပြီး နယ်စပ်ဂိတ်သုံးခုမှ ပြန်လည်ဝင်ရောက်လာသော ရွှေ့ပြောင်းမြန်မာအလုပ်သမား ၅၉၁၀ ရှိပြီဖြစ်ကာ ရှမ်းပြည်နယ်အစိုးရ၏ ကူညီထောက်ပံ့မှုနှင့် တာချီလိတ်မြို့မှ စေတနာရှင်ပြည်သူများ၏ ကူညီလှူဒါန်းပေးမှုဖြင့် နေရပ်ပြန်များကို စောင့်ရှောက်ပေးလျက်ရှိပြီး ပါဝင်လှူဒါန်းလိုသူများကို လက်ခံလျက်ရှိကြောင်း ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်ထံမှ သိရသည်။

**ယာဆေး(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ကာလအတွင်း ပြောင်းစိုက် သမဝါယမအသင်းသားများ ဈေးကောင်းရရှိ

**နေပြည်တော် ဩဂုတ် ၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်ရှိ စိန်ပန်းနွယ် လယ်ယာနှင့် အထွေထွေစီးပွားရေးသမဝါယမအသင်းတွင် အသင်းသား ၄၀၀ ဦးရှိပြီး အသင်းသားများက ရာသီပေါ်သီးနှံ စိုက်ပျိုးရေး၊ တစ်ပိုင်တစ်နိုင် မွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ရာသီပေါ်သီးနှံများအဖြစ် ကြက်သွန်၊ ခရမ်းချဉ်၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ခရမ်းသီး၊ ပြောင်း စသည့်သီးနှံများကို အသင်းသားတစ်ဦးလျှင် ပျမ်းမျှသုံးကေနှုန်း စိုက်ပျိုးထားကြောင်း၊ ကိုဗစ်ကာလအတွင်း ကုန်စည်စီးဆင်းမှု အခက်အခဲများစွာနှင့် ယခုနှစ်တွင် စိုက်ပျိုးသီးနှံများအတွက် ရာသီဥတုပူပြင်းပြီး မိုးနည်းပါးသဖြင့် အချို့အသင်းသားတောင်သူများမှာ အခက်အခဲများ ကြုံတွေ့ရမည်ကို စိုးရွံ့နေကြသော်လည်း မိမိတို့အသင်းမှ အသင်းသားတောင်သူများသည် ယင်းအခက်အခဲများကြားမှပင် စိုက်ပျိုးခဲ့ရာ သီးနှံအထွက်ကောင်းပြီး ဈေးကောင်းရရှိခဲ့သဖြင့် ရရှိသည့်ဝင်ငွေသည် မိသားစုကျန်းမာရေး၊ ပညာရေးနှင့် အခြားလူမှုရေးကိစ္စများတွင် အထောက်အကူရရှိခဲ့ကြောင်း အသင်းဥက္ကဋ္ဌ ဦးသန်းထွန်းက ပြောသည်။ အဆိုပါအသင်းသည် စိုက်ပျိုးစရိတ်ပံ့ပိုးချေးငွေကို သမဝါယမအသင်းအချင်းချင်းက ရယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




# ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ ၂၈ ဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်



**ချင်းရွှေဟော် ဩဂုတ် ၄**

**ချင်းရွှေဟော် မြန်မာ-တရုတ်နှစ်နိုင်ငံနယ်စပ်ဂိတ်မှ ဝင်ရောက်လာသော တရုတ်နိုင်ငံမှပြန်လာသည့် မြန်မာနိုင်ငံသား နေရပ်ပြန်ပြည်သူများကို ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့နယ် ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျစီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဩဂုတ် ၃ ရက် ညနေ ၆ နာရီက ၂၁ ဦးနှင့် ယနေ့မွန်းလွဲ ၃ နာရီက ခုနစ်ဦး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၂၈ ဦးတို့အား ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။**

အဆိုပါ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူ ၂၈ ဦးတွင် အမျိုးသား ၁၅ ဦး၊ အမျိုးသမီး ၁၃ ဦး တို့ဖြစ်ပြီး မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်မှ တစ်ဦး၊ ရမည်းသင်းမြို့နယ်မှ နှစ်ဦး၊ မြစ်သားမြို့နယ်မှ နှစ်ဦး၊ မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မှ နှစ်ဦး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ တန့်ယန်းမြို့နယ်မှ နှစ်ဦး၊ သီပေါမြို့နယ်မှ တစ်ဦး၊ သိန္နီမြို့နယ်မှ လေးဦး၊ လောက်ကိုင်မြို့နယ်မှ ၁၀ ဦး၊ ကွမ်းလုံမြို့နယ်မှ နှစ်ဦး၊ ဟိုပန်မြို့နယ်မှ နှစ်ဦးတို့ဖြစ်ကြကာ ၎င်းနေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဦးပိုင်နှင့် ကော်မတီအဖွဲ့ဝင်များက နှုတ်ခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်များသို့ လွှဲပြောင်းပို့ဆောင်ပေးခဲ့သည့် နေရပ်ပြန်ပြည်သူများမှာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၇၇၉၁ ဦးနှင့် အမျိုးသမီး ၆၂၇၁ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၄၀၆၂ ဦးတို့ကို စနစ်တကျ လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

**ဇင်ဇင်(ပြန်/ဆက်)**

## အောက်တိန်းနံပါတ် 92 အဆင့်ရှိ ဓာတ်ဆီများ ထုတ်လုပ်နိုင်ရန် အသေးစားရေနံချက်စက်ရုံများကို ပခုက္ကူမြို့နယ်၌ တည်ဆောက်ခွင့်ပြုထား

**ပခုက္ကူ ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့နယ် ချောက်ကန်ကျေးရွာ အုပ်စု ကွင်းအမှတ် (၃၅၈/၁၈၉၆) ရှိ မြေလွတ်မြေရိုင်း ဧက ၂၀၀ ပေါ်တွင် တင်ဒါခေါ်ယူခွင့်ပြုခဲ့သည့် Mini Refinery အသေးစားရေနံချက်စက်ရုံငါးခုကို အောက်တိန်းနံပါတ် 92 အဆင့်ရှိ ဓာတ်ဆီများထုတ်လုပ်နိုင်ရန် ရည်ရွယ်၍ တည်ဆောက်ခွင့်ပြုထားကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

မင်းလှမြို့နယ် မန်းသံပုရာကန်တွင် မြန်မာနိုင်ငံ၏ အကြီးဆုံးရေနံချက်စက်ရုံတစ်ခု ရှိနေသော်လည်း ဒေသတွင်း ရေနံလက်ယက်တွင်းတိမ်များမှထွက်ရှိသည့် ရေနံများကို အဆင့်မီစက်သုံးဆီထုတ်လုပ်ရန် တိုင်းဒေသကြီးအစိုးရက စီစဉ်ခဲ့ခြင်းဖြစ်သည်။

"ဓာတ်ဆီဆိုင်တွေသွားရင် 92 ၊ 95 ပြောကြပါတယ်။ 92 ချက်နိုင်တဲ့စက်ရုံ မြန်မာပြည်မှာ မရှိသေးပါဘူး။ ရေနံတွေကို လေလံတင်ရောင်းချပြီးတော့မှ ဒီဆိုင်တွေကို ရောက်သွားတယ်။ 92 ဖြစ်သွားတယ်။ အဲဒါတွေကို သိနေတဲ့အတွက် ဒီစက်မှုဇုန်ကနေ 92 တွေထွက်ပြီးတော့ တိုင်းဒေသကြီးအတွက် ပိုကောင်းမယ် စဉ်းစားပြီး စက်ရုံတွေကို တည်တာပါ။ မန်းသံပုရာကန် က ထွက်တဲ့ဓာတ်ဆီက 68 အထိပဲ ချက်နိုင်ပါသေးတယ်" ဟု တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဦးမြင့်ဇော်က ပြောသည်။

လက်ယက်တွင်းတိမ်လုပ်ကွက်များမှ ထွက်ရှိသည့် ရေနံများကိုဝယ်ပြီး မန်းသံပုရာကန်၌ ချက်ရန်စီစဉ်ခဲ့သော်လည်း နည်းပညာအရ မဖြစ်နိုင်ဟု ဆိုသည့်အတွက် ဒေါ်လာငါးသန်းအထက် တန်ဖိုးရှိ ယခုလုပ်ငန်းကို ပြည်ထောင်စုသဘောတူညီချက်ဖြင့် ခွင့်ပြုခဲ့သည်ဟု တိုင်းဒေသကြီး သယံဇာတ၊ သဘာဝပတ်ဝန်းကျင်၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးက ပြောသည်။

" ပထမအချက်က တွင်းတိမ်ထွက်တဲ့ ရေနံအဆင့်က နိမ့်နေလို့ သံပုရာကန်မှာ ချက်လို့မရဘူး ။ နောက်တစ်ချက်က ပခုက္ကူမှာချက်မှာက တစ်နေ့ကို ဂါလန်သုံးထောင်ကနေ သုံးသောင်းအထိ ခပ်သေးသေးပဲ ချက်နိုင်တဲ့ Mini Refinery ဖြစ်ပါတယ်။ သံပုရာကန်က ဂါလန်သိန်းနဲ့ချီချက်မှ ချက်လို့ရမှာဆိုတော့ လည်နိုင်လောက်အောင် ရေနံထောက်ပံ့နိုင်တဲ့ အနေအထားလည်းမရှိဘူး" ဟုတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ပြောသည်။

ကုမ္ပဏီများက အချိုးကျကုန်ကျစရိတ်ကျခံ၍ စက်ရုံပတ်လမ်းများ၊ အဝင်အထွက်လမ်းများ ၊ ရေကျော်တံတားများနှင့် လျှပ်စစ်မီးသွယ်တန်းခြင်းလုပ်ငန်းများ တည်ဆောက်လျက်ရှိပြီး ကုမ္ပဏီငါးခုထဲမှ Sunny Global Manufacing Co.,Ltd. ၏ လုပ်ငန်းမှာ လည်ပတ်နိုင်ရန် နီးစပ်နေပြီဖြစ်ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရသည်။

**ဇေယျာတု(မကွေး)**

## မူဆယ်မြို့၌ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနက ပညာပေးသင်တန်းခြောက်မျိုးဖွင့်လှစ်ပို့ချ

**မူဆယ် ဩဂုတ် ၄**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်မြို့တွင် ကိုဗစ် - ၁၉ ရောဂါကြောင့် စီးပွားရေးအပေါ် ထိခိုက်မှုသက်သာရေးစီမံချက်အရ မွေးမြူထုတ်လုပ်မှုနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ပြန်လည်ဖော်ဆောင်နိုင်ရန်၊ တိရစ္ဆာန်ကျန်းမာရေးရောဂါကာကွယ်ထိန်းချုပ်ရေးနှင့် ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်လာစေရန် ရည်ရွယ်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ပညာပေးသင်တန်း ခြောက်မျိုးကို ဇူလိုင် ၇ ရက်မှ စက်တင်ဘာ ၁၅ ရက်အထိ သင်တန်းသား ၆၀၀ ဖြင့် ဖွင့်လှစ်ပို့ချလျက်ရှိသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်အောင်က တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ရှိသည့် ၁၁၈ မြို့နယ်၌ တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှုသင်တန်း၊ မေထုန်မဲ့သားစပ်သင်တန်း၊ ကျွဲ၊ နွား မွေးမြူရေးသင်တန်း၊ ဝက်မွေးမြူရေးသင်တန်း၊ သိုး၊ ဆိတ်မွေးမြူရေးသင်တန်းနှင့် ကြက်မွေးမြူရေး သင်တန်း စုစုပေါင်း ခြောက်မျိုးကို သင်ကြားပို့ချနေကြောင်း၊ အဆိုပါ သင်တန်းများ သင်ကြားပို့ချရန်အတွက် ရှမ်းပြည်နယ်အတွင်း ခုနစ်မြို့နယ် ပါဝင်ပြီး ယခုမူဆယ်မြို့တွင် ဖွင့်လှစ်ပို့ချနေသည့် မေထုန်မဲ့သားစပ် သင်တန်းကို သင်တန်းသားများအနေဖြင့် စာတွေ့လက်တွေ့ သင်ကြားပို့ချမှုအပေါ် စနစ်တကျ လိုက်နာမှတ်သားပြီး တိရစ္ဆာန်မျိုးကောင်း၊ မျိုးသန့်များ ပေါ်ထွန်းလာရန်အတွက် ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

ဆက်လက်ပြီး မူဆယ်ခရိုင်မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် တွေ့ဆုံပြီး အာဖရိကဝက် အပြင်းဖျားရောဂါ အပါအဝင် နယ်စပ်ဖြတ်ကျော်ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို စနစ်တကျဆောင်ရွက်ကြရန် ဒုတိယညွှန်ကြားရေးမှူးချုပ်က မှာကြားခဲ့ကြောင်း သိရသည်။

**ဆလိုင်းဗန်ရိုးထန်(ပြန်/ဆက်)**




### အကူအညီ တောင်းခံနိုင်

ပြည်သူလူထုအနေဖြင့် သဘာဝဘေးအန္တရာယ်များနှင့်ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄) နာရီ ဖွင့်လှစ်ထားရှိသော Hot-line ဖုန်းများဖြစ်သည့် ၀၆၇-၃၄၀၄၆၆၆ နှင့် ၀၆၇-၃၄၀၄၇၇၇ တို့သို့ အချိန်မရွေး ဆက်သွယ်သတင်းရယူ၊ အကူအညီတောင်းခံနိုင်ပါကြောင်း အသိပေးနှိုးဆော်အပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၄ - ၈ - ၂၀၂၀

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၃၀၀၀ |
| ရန်ကုန် | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၉၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၆၄၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၀၃၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ပြန်ဝယ်ဈေး | တစ်ကျပ်သား | ကျပ် | ၁၂၉၉၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | | တစ်ကျပ်သား | ကျပ် | ၁၂၂၆၄၀၀ |

(အောင်သမာဓိရွှေဆိုင်မှ ရယူပါသည်)

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၅၄၀/၅၇၀ | ကျပ် | ၅၇၀/၅၉၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၅၅၀/၅၈၅ | ကျပ် | ၅၈၅/၆၀၅ | ကျပ် |
| အောက်တိန်း ၉၂ | ၄၉၀/၅၂၀ | ကျပ် | ၅၅၀/၅၇၀ | ကျပ် |
| အောက်တိန်း ၉၅ | ၆၂၀/၆၃၅ | ကျပ် | ၆၇၅/၆၉၅ | ကျပ် |

(Yangon Petrol မှ ရယူပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၃၆၃ . ၁ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၀၈ . ၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၉၉၁ . ၆၀ |
| ဗြိတိန် | တစ်ပေါင်စတာလင် | ကျပ် | ၁၇၈၁ . ၂ |
| ဂျပန် | ၁၀၀ ယန်း | ကျပ် | ၁၂၈၆ . ၆ |
| ဩစတြေးလျ | တစ်ဒေါ်လာ | ကျပ် | ၉၇၄ . ၁၀ |
| တရုတ် | တစ်ယွမ် | ကျပ် | ၁၉၅ . ၂၅ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် | ၁၈ . ၁၇၄ |
| ကိုရီးယား | ၁၀၀ ဝမ် | ကျပ် | ၁၁၄ . ၁၆ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၂၃ . ၀၉ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၃ . ၈၅၁ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀၅၀၀ | ၁၀၅၀၀ | ၂၁၀ | ၂၂၀၅၀၀၀ |
| MTSH | ၃၇၅၀ | ၃၇၅၀ | ၁၇၁၅ | ၆၄၃၀၆၅၀ |
| MCB | ၈၁၀၀ | ၈၁၀၀ | ၆၉ | ၅၅၈၉၀၀ |
| FPB | ၂၂၀၀၀ | ၂၂၀၀၀ | ၇၀ | ၁၅၄၀၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၈ | ၂၂၅၀၀ |
| EFR | ၂၈၅၀ | ၃၀၀၀ | ၃၉၈ | ၁၁၈၆၈၀၀ |

ခင်ရတနာ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - ဝင်းကျော်
သတင်းထောက်ချုပ် - မြင့်ဆွေ
စာတည်းများ - ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ မြတ်မွန်ထွေး၊
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ ဇာခြည်အေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - ကျော်ဇင်ဦး၊ အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သီဟအောင်၊ သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၀၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၀၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၀၄၆၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# ၂၀၂၀ ပြည့်နှစ်၊ ဝင်ငွေခွန်ဥပဒေကြမ်း

**ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။**

*ယမန်နေ့မှအဆက်*

(င) ဤပုဒ်မတွင် –

(၁) **“အစီအစဉ်”**ဟု ဆိုရာတွင် အတိအလင်းဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ ဥပဒေကြောင်းအရ အရေးယူနိုင်သည်ဖြစ်စေ၊ အရေးယူခြင်းမပြုနိုင်သည်ဖြစ်စေ ပြုလုပ်သော မည်သည့်လုပ်ဆောင်ချက်၊ ယုံကြည်အပ်နှံမှု၊ ပေးအပ်မှု၊ သဘောတူညီမှု၊ စီစဉ်ဆောင်ရွက်မှု၊ နားလည်မှု၊ ကတိပြုမှု၊ စီစဉ်ထားမှု၊ အဆိုပြုချက်၊ သို့မဟုတ် လုပ်ကိုင်ဆောင်ရွက်ချက်မဆို ပါဝင်သည်။

(၂) **“အခွန်ဆိုင်ရာ အကျိုးခံစားခွင့်”** ဆိုသည်မှာ အောက်ပါ တစ်ခုခုကိုဆိုသည် –

(ကက) ပုဂ္ဂိုလ်တစ်ဦး၏ အခွန်ပေးဆောင်ရန် တာဝန်ရှိသည့် ငွေကြေးပမာဏ လျော့ကျသွားခြင်း၊

(ခခ) ပုဂ္ဂိုလ်တစ်ဦး၏ အခွန်ပေးဆောင်ရန် တာဝန်ရှိမှုကို ရွှေ့ဆိုင်းလိုက်ခြင်း၊

(ဂဂ) ပုဂ္ဂိုလ်တစ်ဦး၏အခွန်ပေးဆောင်ရန် တာဝန်ရှိမှုအပေါ် အခြားမည်သည့် ရှောင်ရှားမှုမဆို ပြုလုပ်ခြင်း။

## တွဲဖက်လုပ်ကိုင်သူများအကြား ဆောင်ရွက်ချက်များ

၈၆။ (က) ပုဒ်မ ၅၀ နှင့် မဆန့်ကျင်စေဘဲ ညွှန်ကြားရေးမှူးချုပ်သည် တွဲဖက်လုပ်ကိုင်သူနှစ်ဦးအကြား ဆောင်ရွက်ချက်တစ်ရပ်နှင့် စပ်လျဉ်းသည့် ဝင်ငွေ၊ အမြတ်အစွန်း၊ နုတ်ပယ်မှုများ၊ အရှုံးများ၊ သို့မဟုတ် အခွန်ခုနှိမ်မှုများအား လက်တစ်ကမ်း ဆောင်ရွက်ချက်ဖြင့် ဆိုပါက ရရှိခဲ့မည်ဖြစ်သည့် ဝင်ငွေ၊ မြတ်စွန်းငွေ၊ နုတ်ပယ်မှုများ၊ အရှုံးများ၊ သို့မဟုတ် အခွန်ခုနှိမ်မှုများအား သင့်လျော်မှန်ကန်စွာ ထင်ဟပ်စေရန် ယင်းလုပ်ငန်း ဆောင်ရွက်ချက်တွင် ပါဝင်သူနှစ်ဦးအကြား ခွဲဝေနိုင်သည်။

(ခ) ပုဒ်မခွဲ (က) ၏ယေဘုယျဖြစ်မှုအပေါ် ကန့်သတ်ခြင်းမဖြစ်စေဘဲ ပြည်တွင်းနေပုဂ္ဂိုလ်တစ်ဦးသည် ဆောင်ရွက်ချက်တစ်ခုကို ပြုလုပ်ရာတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပေါ်ပေါက်လာသည့် အကျိုးသက်ရောက်မှုအရ ဝင်ငွေသည် အခွန်လွတ်ငြိမ်းခွင့် နယ်မြေတစ်ခုနှင့် ဆက်စပ်နေသော ပြည်ပနေကုမ္ပဏီတစ်ခုဖြစ်သည့် တွဲဖက်လုပ်ကိုင်သူတစ်ဦးမှ တစ်ဆင့်ရရှိသည့် ပြည်ပဝင်ငွေ ဖြစ်ခဲ့လျှင် ညွှန်ကြားရေးမှူးချုပ်သည် ယင်းဆောင်ရွက်ချက်၏ အခွန်ဆိုင်ရာ အကျိုးသက်ရောက်မှုကို ပြောင်းပြန်ဖြစ်စေရန် ပြည်တွင်းနေပုဂ္ဂိုလ်၏ ဝင်ငွေနှင့် ပြည်ပအခွန်ခုနှိမ်မှုဆိုင်ရာ အနေအထားကို ပြန်လည်ကိုက်ညှိမည့် ဆုံးဖြတ်ချက်တစ်ရပ်ကို ချမှတ်နိုင်သည်။

(ဂ) ပုဒ်မခွဲ (က) ၏ယေဘုယျဖြစ်မှုအပေါ် ကန့်သတ်ခြင်းမဖြစ်စေဘဲ၊ ထို့ပြင် ပုဒ်မ ၅၀ နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦး (“လွှဲပြောင်းပေးသူ”ဟု ရည်ညွှန်းမည်)သည် ရရန်ပိုင်ခွင့် တစ်ခုကို တွဲဖက်လုပ်ကိုင်သူတစ်ဦး (“လွှဲပြောင်းလက်ခံသူ”ဟု ရည်ညွှန်းမည်)သို့ ထုခွဲရောင်းချလျှင် အောက်ပါအတိုင်း မှတ်ယူရမည် –

(၁) လွှဲပြောင်းပေးသူကို ယင်းရရန်ပိုင်ခွင့်အား ထုခွဲရောင်းချသည့်အချိန်က ယင်းရရန်ပိုင်ခွင့်၏ ပြင်ပဈေးကွက်ပေါက်ဈေးနှင့် ညီမျှသည့် အဖိုးစားနားနှင့် ယင်းရရန်ပိုင်ခွင့်၏ စာရင်းအရလက်ကျန်တန်ဖိုးတို့အနက်မှ များရာပမာဏဖြင့် ထုခွဲရောင်းချသူအဖြစ် မှတ်ယူရမည်၊ ထို့ပြင်

(၂) လွှဲပြောင်းရယူသူသည် ယင်းရရန်ပိုင်ခွင့်အား ပုဒ်မခွဲငယ် (၁) တွင် သတ်မှတ်သည့် ငွေကြေးပမာဏနှင့် ညီမျှသည့် အဖိုးစားနားဖြင့် ရယူသည်ဟု မှတ်ယူရမည်။

(ဃ) ဤပုဒ်မတွင် **“အခွန်လွတ်ငြိမ်းခွင့်နယ်မြေ”** ဆိုသည်မှာ အောက်ပါတစ်ရပ်ရပ်ရှိသည့် ပြည်ပနိုင်ငံတစ်ခု သို့မဟုတ် ပြည်ပနိုင်ငံတစ်ခု၏ အစိတ်အပိုင်းကိုဆိုသည် –

(၁) ထိရောက်သောကုမ္ပဏီအခွန်နှုန်း (effective corporate tax rate) ၁၀ ရာခိုင်နှုန်းအောက်လျော့နည်းခြင်း၊

(၂) ဝင်ငွေ သို့မဟုတ် ရရန်ပိုင်ခွင့်တစ်ရပ်၏ ပိုင်ရှင်အစစ်အမှန်မည်သူမည်ဝါဖြစ်ကြောင်းကို ဖုံးကွယ်နိုင်ရာ၌ အထောက်အကူပြုသည့် ဘဏ္ဍာရေးဆိုင်ရာ သို့မဟုတ် ကုမ္ပဏီဖွဲ့စည်းမှုဆိုင်ရာ သတင်းအချက်အလက်များကို လျှို့ဝှက်ထားခွင့်ပြုသည့် ဥပဒေများရှိခြင်း။

**အခန်း (၈)**

**အထွေထွေ လုပ်ထုံးလုပ်နည်းဆိုင်ရာ စည်းမျဉ်းများ**

## အခွန်ဆိုင်ရာ စီမံအုပ်ချုပ်မှုဥပဒေကို ကျင့်သုံးခြင်း

၈၇။ ဤအခန်းနှင့် အခန်း (၉) ပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်စေဘဲ အခွန်ဆိုင်ရာစီမံအုပ်ချုပ်မှု ဥပဒေသည် ဤဥပဒေကို စီမံအုပ်ချုပ်ခြင်းဆိုင်ရာ ရည်ရွယ်ချက်များအလို့ငှာ အကျိုးသက်ရောက်စေရမည်။

## မှတ်တမ်းများထိန်းသိမ်းခြင်း

၈၈။ (က) ပုဂ္ဂိုလ်တစ်ဦးသည် အောက်ပါကိစ္စများအတွက် လိုအပ်သည့်စာရင်းများ၊ စာတမ်းအမှတ်အသားများနှင့် မှတ်တမ်းများကို ထိန်းသိမ်းထားရမည် –

(၁) အခွန်နှစ်တစ်နှစ်အတွက် ယင်းပုဂ္ဂိုလ်၏ အခွန်မပေါ်ပေါက်ခြင်း (nil amount) အပါအဝင် ပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန်နှင့် အခြေပစ္စည်းမှ မြတ်စွန်းခွန် သို့မဟုတ် ယင်းပုဂ္ဂိုလ်၏ အသားတင်အရှုံးကို တွက်ချက်နိုင်စေရန်၊

(၂) ယင်းပုဂ္ဂိုလ်က အခွန်နှစ်တစ်နှစ်အတွက် ရရှိသည့် ကင်းလွတ်ခွင့်ပြုထားသော ဝင်ငွေအတွက် အထောက်အထားတင်ပြရန်။

(ခ) ပုဂ္ဂိုလ်တစ်ဦးသည် နုတ်ပယ်မှုတစ်ရပ်ကို တောင်းဆိုခြင်း သို့မဟုတ် ရရန်ပိုင်ခွင့် တစ်ရပ်၏ ကုန်ကျစရိတ်တွင် ငွေကြေးပမာဏတစ်ရပ်ကို ထည့်သွင်းခြင်း ပေါ်ပေါက်စေသည့် အခြေအနေများနှင့် စပ်လျဉ်းသည့် စာတမ်းအမှတ်အသား သက်သေခံကို တင်ပြနိုင်ခြင်းမရှိလျှင် ယင်းပုဂ္ဂိုလ်အား ယင်းနုတ်ပယ်မှု သို့မဟုတ် ယင်းရရန်ပိုင်ခွင့်၏ ကုန်ကျစရိတ်တွင် ယင်းငွေကြေးပမာဏကို ထည့်သွင်းမှုအား ခွင့်မပြုရ။

(ဂ) ဤဥပဒေ၏ ရည်ရွယ်ချက်များအလို့ငှာ ပုဂ္ဂိုလ်တစ်ဦးက ထိန်းသိမ်းထားရှိရမည့် စာရင်းများ၊ စာတမ်းအမှတ်အသားများနှင့် မှတ်တမ်းများကို စည်းမျဉ်းများဖြင့် သတ်မှတ်နိုင်သည်။

## အခွန်ကြေညာလွှာများ

၈၉။ (က) ပုဒ်မ ၉၀ နှင့် မဆန့်ကျင်စေဘဲ –

(၁) အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေခွန် ထမ်းဆောင်ရန်ရှိသည့် ပုဂ္ဂိုလ်တစ်ဦးသည် ယင်းအခွန်နှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာကို ယင်းနှစ် ကုန်ဆုံးပြီး နောက်ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းရမည်၊

(၂) အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းအတွက် အခြေပစ္စည်းမှ မြတ်စွန်းခွန်ကျသင့်သည့် ပုဂ္ဂိုလ်တစ်ဦးသည် အခြေပစ္စည်းမှ မြတ်စွန်းခွန် ကြေညာလွှာကို ယင်းသို့ ထုခွဲရောင်းချသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံ တင်သွင်းရမည်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) ၏ ရည်ရွယ်ချက်များအလို့ငှာ ပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွက် အခွန်ကင်းလွတ်ခွင့်ရှိသည့် ဝင်ငွေသာရရှိစေကာမူ သို့မဟုတ် အခွန်စည်းကြပ်ရန်ငွေ သုည ဖြစ်စေကာမူ သို့မဟုတ် အသားတင်အရှုံး ပေါ်ပေါက်စေကာမူ ယင်းပုဂ္ဂိုလ်ကို ယင်းအခွန်နှစ်အတွက် ဝင်ငွေခွန်ထမ်းဆောင်ရန် တာဝန်ရှိဘိသကဲ့သို့ မှတ်ယူရမည်။

(ဂ) ပညာသည် အစုစပ်လုပ်ငန်းတစ်ခုသည် အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာကို ယင်းနှစ်ကုန်ဆုံးပြီးနောက် ရက်ပေါင်း ၉၀ အတွင်း ညွှန်ကြားရေးမှူးချုပ်ထံသို့ တင်သွင်းရမည်။

(ဃ) ဝင်ငွေခွန်ကြေညာလွှာ သို့မဟုတ် အခြေပစ္စည်းမှမြတ်စွန်းခွန် ကြေညာလွှာကို သတ်မှတ်ထားသည့်ပုံစံဖြင့် တင်သွင်းရမည်။

## အခွန်ကြေညာလွှာတင်သွင်းရန် မလိုအပ်ခြင်း

၉၀။ (က) အောက်ပါပုဂ္ဂိုလ်များသည် အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာ တင်သွင်းရန် လိုအပ်ခြင်းမရှိစေရ –

(၁) ပုဒ်မခွဲ (ဃ) နှင့် မဆန့်ကျင်စေဘဲ တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး ယင်းနှစ်အတွက် ရရှိသည့် စည်းကြပ်ထိုက်သည့် တစ်ခုတည်းသောဝင်ငွေသည် အလုပ်အကိုင်မှ ဝင်ငွေသာဖြစ်ပြီး ယင်းငွေကြေးပမာဏကို ပုဒ်မ ၉၃ အရ နုတ်ယူထားပြီးဖြစ်လျှင် ယင်းတစ်ဦးချင်းပုဂ္ဂိုလ်၊

(၂) အောက်ပါအခြေအနေများနှင့် ကိုက်ညီသည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး –

(ကက) ယင်းအခွန်နှစ်အတွက် ယင်းပုဂ္ဂိုလ်၏ စည်းကြပ်ထိုက်သည့်စုစုပေါင်းဝင်ငွေသည် ကျပ်၄၈သိန်းထက်မပိုခြင်း၊ ထို့ပြင်

(ခခ) ယင်းပုဂ္ဂိုလ်၏ အခွန်စည်းကြပ်ရန်ဝင်ငွေသည် ဇယား (၁) တွင် သတ်မှတ်ထားသည့် အခွန်ထမ်းဆောင်ရန် အနိမ့်ဆုံးဝင်ငွေ သတ်မှတ်ချက်အောက်တွင်ဖြစ်၍ ယင်းနှစ်အတွက် ထမ်းဆောင်ရန် ဝင်ငွေခွန်မရှိခြင်း၊

(၃) ပြည်ပနေပုဂ္ဂိုလ်တစ်ဦး၏ မြန်မာနိုင်ငံရင်းမြစ်မှ ရရှိသည့် တစ်ခုတည်းသော ဝင်ငွေသည် ပုဒ်မ ၁၂၊ ပုဒ်မခွဲ (က) ပုဒ်မခွဲငယ် (၂) အရ ဝင်ငွေခွန်ကျသင့်လျှင် ယင်းပြည်ပနေပုဂ္ဂိုလ်၊

(၄) ဝင်ငွေခွန်ကြေညာလွှာ တင်သွင်းရန် မလိုအပ်ဟု စည်းမျဉ်းများဖြင့် သတ်မှတ်ထားသော ပုဂ္ဂိုလ်။

(ခ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) သို့မဟုတ် ပုဒ်မခွဲငယ်(၂) အရ အခွန်နှစ် တစ်နှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာတင်သွင်းရန် မလိုအပ်သည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသည် ယင်းနှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာတစ်စောင်ကို အောက်ပါအခြေအနေများတွင် တင်သွင်းရန် ဆုံးဖြတ်နိုင်သည် –

(၁) ပုဒ်မ ၉၃ အရ နုတ်ယူထားသည့် ယင်းတစ်ဦးချင်းပုဂ္ဂိုလ်၏ ယင်းနှစ်အတွက် အလုပ်အကိုင်မှ ဝင်ငွေပမာဏသည် ယင်းနှစ်အတွက် ယင်းတစ်ဦးချင်း ပုဂ္ဂိုလ်၏ အခွန်ထမ်းဆောင်ရန်တာဝန်ကို ကျော်လွန်နေလျှင်၊

(၂) ယင်းတစ်ဦးချင်းပုဂ္ဂိုလ်သို့ ပေးရန်ရှိသည့် ပြန်အမ်းငွေပမာဏသည် စည်းမျဉ်းများဖြင့် သတ်မှတ်ထားသည့် ငွေကြေးပမာဏကို ကျော်လွန်နေလျှင်။

(ဂ) ပုဒ်မခွဲ (ခ) နှင့် အကျုံးဝင်သည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦးသည် ဝင်ငွေခွန်ကြေညာလွှာကို ယင်းကြေညာလွှာနှင့် စပ်လျဉ်းသည့် အခွန်နှစ်ကုန်ဆုံးပြီးနောက် နှစ်နှစ်အတွင်း တင်သွင်းရမည်။

(ဃ) ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၁) အရ အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေခွန်ကြေညာလွှာ တင်သွင်းရန် မလိုအပ်သည့် တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး၏ ယင်းအခွန်နှစ်အတွက် အခွန်ထမ်းဆောင်ရန် တာဝန်သည် အဆိုပါနှစ်အတွက် အလုပ်အကိုင်ဝင်ငွေမှ နုတ်ယူထားသည့် ငွေကြေးပမာဏထက်ကျော်လွန်နေလျှင် ညွှန်ကြားရေးမှူးချုပ်သည် ယင်းပုဂ္ဂိုလ်အား အဆိုပါ အခွန်နှစ်အတွက် ဝင်ငွေခွန် ကြေညာလွှာတစ်စောင်ကို တင်သွင်းစေနိုင်ပြီး ထပ်ဆောင်းကျသင့်သည့်အခွန်အတွက် စည်းကြပ်မှုအကြောင်းကြားစာ တစ်စောင်ကို ယင်းပုဂ္ဂိုလ်ထံ ပေးပို့အတည်ပြုနိုင်သည်။

(င) ညွှန်ကြားရေးမှူးချုပ်သည် ပုဒ်မခွဲ(ဃ) အရ စည်းကြပ်မှု အကြောင်းကြားစာတစ်စောင်ကို အောက်ပါအတိုင်း ပေးပို့အတည်ပြုနိုင်သည် –

(၁) လိမ်လည်မှု သို့မဟုတ် အခွန်ရှောင်တိမ်းမှု ဖြစ်ပါက မည်သည့်အချိန်တွင်မဆို၊

(၂) အခြားကိစ္စရပ်ဖြစ်ပါက စည်းကြပ်မှုနှင့် သက်ဆိုင်သည့် အခွန်နှစ်ကုန်ဆုံးပြီး နောက်နှစ်နှစ်အတွင်း။

## အခွန်ပေးဆောင်ခြင်း

၉၁။ (က) ပုဒ်မ ၉၂ နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦး အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေခွန် ကြေညာလွှာ တင်သွင်းရန် အချိန်စေ့ရောက်သည့်နေ့တွင် ယင်းနှစ်အတွက် ပေးဆောင်ရန်ရှိသည့် ဝင်ငွေခွန်ကို ပေးဆောင်ရန် အချိန်စေ့ရောက်သည်။

(ခ) ပုဂ္ဂိုလ်တစ်ဦး အခွန်ကျသင့်သော ရရန်ပိုင်ခွင့်တစ်ခုကို ထုခွဲရောင်းချခြင်းနှင့် စပ်လျဉ်းသည့် အခြေပစ္စည်းမှ မြတ်စွန်းခွန် ကြေညာလွှာ တင်သွင်းရန် အချိန်စေ့ရောက်သည့်နေ့တွင် ယင်းသို့ထုခွဲရောင်းချမှုနှင့် စပ်လျဉ်းသည့် ပေးဆောင်ရန်ရှိသည့် အခြေပစ္စည်းမှ မြတ်စွန်းခွန်ကို ပေးဆောင်ရန် အချိန်စေ့ရောက်သည်။

## အခွန်အရစ်ကျပေးဆောင်ခြင်း

၉၂။ (က) ပုဒ်မခွဲ (ခ) နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးသည် အခွန်နှစ်တစ်နှစ်အတွက် ဝင်ငွေခွန်ကို ယင်းနှစ်၏ ၃ လမြောက်၊ ၆ လမြောက်၊ ၉ လမြောက်နှင့် ၁၂ လမြောက်လတို့ ကုန်ဆုံးပြီး နောက်တစ်လ၏ ၁၅ ရက်တွင် နောက်ဆုံးထား၍ အရစ်ကျပေးဆောင်ရန် တာဝန်ရှိသည်။

(ခ) ဤပုဒ်မသည် အခွန်နှစ်တစ်နှစ်အတွက် အောက်ပါ အခြေအနေ တစ်ရပ်ရပ်တွင် သက်ရောက်ခြင်းမရှိစေရ –

(၁) ပုဂ္ဂိုလ်တစ်ဦး၏ ယခင်အခွန်နှစ်အတွက် စည်းကြပ်ထားသည့် ပေးရန်တာဝန်သည် –

(ကက) ကျပ် ၁၀ သိန်းအောက်လျော့နည်းလျှင် သို့မဟုတ်

(ခခ) ပုဒ်မ ၉၀၊ ပုဒ်မခွဲ (ဃ) ကို ကျင့်သုံးသည့်အတွက်သာ ပေါ်ပေါက်ခြင်း ဖြစ်လျှင်၊

(၂) တစ်ဦးချင်းပုဂ္ဂိုလ်တစ်ဦး၏ ယင်းအခွန်နှစ်အတွက် အခွန်စည်းကြပ်ရန်ဝင်ငွေသည် ဇယား (၁) တွင်သတ်မှတ်ထားသည့် ဝင်ငွေခွန်အတွက် အခွန်ထမ်းဆောင်ရန် အနိမ့်ဆုံးဝင်ငွေ သတ်မှတ်ချက်အောက်သို့ ကျရောက်နေရန် ကျိုးကြောင်းဆီလျော်စွာ မျှော်လင့်ထားလျှင်။

(ဂ) ပုဒ်မခွဲ (ဃ) နှင့် ပုဒ်မခွဲ(င) တို့နှင့် မဆန့်ကျင်စေဘဲ အရစ်ကျပေးသွင်းမှုတစ်ခုစီ၏ ငွေကြေးပမာဏကို အောက်ပါပုံသေနည်းဖြင့် တွက်ချက်ရမည် –

၂၅ % x (A – B)

ယင်းတွင် –

A သည် ယင်းပုဂ္ဂိုလ်၏ ယခင်အခွန်နှစ်အတွက် စည်းကြပ်ထားသည့် ဝင်ငွေခွန် ထမ်းဆောင်ရန် တာဝန်ရှိသည့် ပမာဏဖြစ်ပြီး ယင်းပုဂ္ဂိုလ်အား ယင်းနှစ်အတွက် ခွင့်ပြုထားသည့် မည်သည့် ပြည်ပအခွန်ခုနှိမ်မှုမဆို နုတ်ယူပြီးနောက် ငွေကြေးပမာဏ ဖြစ်သည်၊

B သည် အခန်း(၉) အရ နုတ်ယူထားသည့် ငွေကြေးပမာဏများကို A အနက်မှ ပေးဆောင်ခဲ့သည့် ငွေကြေးပမာဏဖြစ်သည်။

(ဃ) ပုဒ်မခွဲ (င) နှင့် မဆန့်ကျင်စေဘဲ ပုဂ္ဂိုလ်တစ်ဦးသည် ယခင်အခွန်နှစ်အတွက် ဝင်ငွေခွန်ထမ်းဆောင်ရန် တာဝန်မရှိပါက ပုဒ်မခွဲ (ဂ) အရ ပေးသွင်းသည့် အရစ်ကျပေးသွင်းမှု တစ်ခုချင်းစီ၏ ငွေကြေးပမာဏသည် ယင်းပုဂ္ဂိုလ်၏ ထိုအရစ်ကျ ပေးသွင်းသည့် ကာလအတွက် စုစုပေါင်းစည်းကြပ်ထိုက်သော ဝင်ငွေ၏ ၀.၅ ရာခိုင်နှုန်းဖြစ်သည်။ *(ဆက်လက်ဖော်ပြပါမည်)*

## နိုင်ငံတကာအနုပညာသတင်းပဒေသာ

### တေလာဆွစ်ဖ်၏ အယ်လ်ဘမ်သစ် Folklore အရောင်းရဆုံးအဖြစ် စံချိန်ချိုး

တေလာဆွစ်ဖ်ရဲ့ ရှစ်ခုမြောက်အယ်လ်ဘမ်ဖြစ်တဲ့ Folklore ကတော့ စတင်ရောင်းချတဲ့ ပထမသီတင်းပတ်မှာတင် လူကြိုက်အများဆုံးသီချင်းများ ဖော်ပြတဲ့ အပတ်စဉ်စာရင်းအချို့ကို စံချိန်ချိုးလိုက်နိုင်တယ်လို့ သိရပါတယ်။

Folklore မှာ ပါရှိတဲ့ သီချင်းတွေကို ကိုဗစ် – ၁၉ ကာလအတွင်း ရေးစပ်အသံသွင်းထားတာဖြစ်ပြီး သူ့ရဲ့နောက်ဆုံးအယ်လ်ဘမ်သုံးခုမှာပါတဲ့ သီချင်းတွေနဲ့ မတူတာကို တွေ့ရပါတယ်။ တစ်ရက်တည်းမှာတင် နားထောင်သူ ၈၀ ဒသမ ၆ သန်းရှိပြီး ဒါဟာ အမျိုးသမီးအဆိုတော်တစ်ယောက်အတွက်တော့ အမြင့်ဆုံးစံချိန်ပဲ ဖြစ်ပါတယ်။

အမေရိကန်ပြည်ထောင်စုမှာတော့ အချပ်ရေပေါင်း ၈၄၆၀၀၀ ရောင်းချထားရပြီး တစ်နှစ်တာတွင်းမှာ အရောင်းရဆုံးစံချိန်ပါပဲ။ Folklore ဟာ အမေရိကန်မှာတင် လူကြိုက်အများဆုံးသီချင်းများဇယားမှာ ထိပ်ဆုံးက ရပ်တည်နေတာမဟုတ်ပါဘူး။ ယူကေ၊ ဖင်လန်၊ ဩစတြေးလျ၊ နော်ဝေနဲ့ နယူးဇီလန်တို့မှာလည်း ထိပ်ဆုံးမှာ ရပ်တည်နေတယ်လို့ သိရပါတယ်။ Folklore အယ်လ်ဘမ်ဟာ ကြိုတင်မိတ်ဆက်ထားတာမရှိဘဲ ပရိသတ်များအားလုံး အံ့အားသင့်ဖွယ် ထွက်ရှိလာတဲ့အယ်လ်ဘမ်လည်း ဖြစ်ပါတယ်။

**စကိုင်းစိန်ယူး**



အဆိုတော်တေလာဆွစ်ဖ်

### လေးစားမှု ပျောက်ကွယ်သွားပြီလို့ ဝေဖန်ခဲ့တဲ့ အမျိုးသမီးကို အမီတာဘချမ်း ပြန်လည်တုံ့ပြန်

အမီတာဘချမ်းဟာ မကြာသေးခင်ကာလတုန်းက ကိုဗစ် – ၁၉ ကူးစက်ခံရပြီး ဆေးရုံတက်ခဲ့ရပါတယ်။ အခုအခါမှာတော့ အမီတာဘချမ်းဟာ သူတက်ရောက်ကုသမှုခံယူခဲ့တဲ့ဆေးရုံကို ကြော်ငြာပေးတယ်ဆိုပြီး အမျိုးသမီးတစ်ဦးက ဖေ့စ်ဘုတ်ပေါ်မှာ ရေးသားခဲ့ပါတယ်။

အဲဒီအတွက်လည်း အမီတာဘချမ်းအပေါ်မှာ လေးစားမှုလုံးဝပျောက်ကွယ်သွားပြီလို့ အဲဒီအမျိုးသမီးက ရေးသားခဲ့ပါတယ်။ အမီတာဘချမ်းဟာ အဲဒီဆေးရုံမှာ ၂၃ ရက်ကြာ ကုသမှုခံယူပြီးတဲ့နောက်မှာတော့ ဆေးရုံကနေ ဆင်းခွင့်ရသွားပါပြီ။ သားဖြစ်သူ အဘီရှက်ခ်ဘချမ်းကတော့ ရောဂါပိုးမကင်းစင်သေးတဲ့အတွက် ကုသမှုဆက်လက်ခံယူရဆဲပါ။ အမီတာဘချမ်းကို ဝေဖန်ခဲ့တဲ့အမျိုးသမီးက သူ့ရဲ့အသက် ၈၀ အရွယ်အဖေ ဆေးရုံတက်ရတုန်းကတော့ ဆေးရုံကလူတွေဟာ သင့်တော်တဲ့ ကုသမှုတွေ မပေးခဲ့ကြဘူး။ အဲဒီလို ဆေးရုံမျိုးကို အမီတာဘချမ်းက ကြော်ငြာပေးတာ လူတွေရဲ့ အသက်ကိုမကြည့်ဘဲ ငွေမျက်နှာကိုပဲကြည့်တယ်လို့ အဲဒီအမျိုးသမီးက ပြောဆိုခဲ့ပါတယ်။ အမီတာဘချမ်းကတော့ သူဟာဆေးရုံကို ကြော်ငြာပေးတာမဟုတ်ဘဲ ဆေးရုံကို ကျေးဇူးတင်စကားပြောဆိုတာသာဖြစ်တယ်လို့ ပြောဆိုခဲ့ပါတယ်။ “သင့်အနေနဲ့ ကျွန်တော့်အပေါ် လေးစားမှုပျောက်ကွယ်ချင်ကွယ်လိမ့်မယ်၊ ကျွန်တော်ကတော့ တိုင်းပြည်မှာရှိတဲ့ ဆရာဝန်တွေအပေါ်ထားရှိတဲ့ လေးစားမှုကတော့ ပျောက်ကွယ်သွားမှာမဟုတ်ဘူး။ ကျွန်တော့်ရဲ့ လေးစားမှုဆိုတာဟာလည်း သင်ဆုံးဖြတ်လို့ရတဲ့အရာမဟုတ်ဘူးလို့” ပြန်လည်တုံ့ပြန်ခဲ့ပါတယ်။

**ဘောလိဝုဒ်လိုက်ဖ်**



ဘောလိဝုဒ်မင်းသားကြီး အမီတာဘချမ်း

## ဥပဒေအတွေး ရေးပါရစေ အပိုင်း(၂၃၀)

# စိတ်ပေါ့သွပ်သူ၏ပြုလုပ်မှု

ဦးဟန်ညွန့် (ဥပဒေ)



**မောင်ပျင်းရိ၏မေးခွန်း**

“ဆရာကြီးခင်ဗျာ ပြီးခဲ့သည့်အပတ်က ကင်းလွတ်ရမြဲအချက်များခေါင်းစဉ်နဲ့ ဆရာကြီး ဆွေးနွေးနေစဉ် ကျွန်တော်အိပ်ပျော်သွားပါတယ်။ မိုးအေးအေးနဲ့ အိပ်ပျော်သွားတာမို့ ကင်းလွတ်ရမြဲအချက်ထဲမှာ အကျုံးမဝင်သော်လည်း အကျုံးဝင်တဲ့အနေနဲ့ သတ်မှတ်ပြီး ခွင့်လွှတ်ပေးပါခင်ဗျာ။ ဆက်ပြီးတော့လည်း သိမှတ်စရာအကြောင်းအရာများကို ရှင်းလင်းရေးသားပေးပါ ဆရာကြီး” ဟု အလုပ်သင်ရှေ့နေမောင်ပျင်းရိက မေးခွန်းလည်းမေး၊ သူ့အပြစ်ကိုလည်း ခွင့်လွှတ်ပါရန် တင်ပြလာပါသည်။ ထို့ကြောင့် ဤစာကို ရေးပါသည်။

**စိတ်ပေါ့သွပ်သူ၏ပြုလုပ်မှု**

**ရာဇသတ်ကြီးပုဒ်မ ၈၄ ။** စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုစဉ်အခါက မိမိ၏ ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုလည်းကောင်း၊ မတော်မမှန်သည်ကို လည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကို လည်းကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟု ပြဋ္ဌာန်းထားပါသည်။

**ရည်ရွယ်ချက်**

စိတ်ပေါ့သွပ်နေသဖြင့် မိမိစိတ်ကို မိမိမနိုင်သည့်အတွက် ကျူးလွန်သည့် ပြစ်မှုမှကင်းလွတ်ခွင့်ပြုခြင်းဖြစ်သည်။ အသက်(၇)နှစ်အောက်ကလေးတစ်ဦးသည် မိမိ၏စိတ်ကို ထိန်းသိမ်းနိုင်သည့်အခြေအနေရှိကောင်း ရှိနိုင်မည်ဖြစ်သော်လည်း စိတ်ပေါ့သွပ်နေသူ၌ ထိုကဲ့သို့ ထိန်းသိမ်းနိုင်သည့် အခြေအနေမရှိနိုင်ပေ။ သို့ရာတွင် စိတ်ပေါ့သွပ်သူတိုင်း ဤကင်းလွတ်ချက်နှင့် အကျုံးမဝင်ပေ။ မိမိ၏ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ဟု သော်လည်းကောင်း၊ မတော်မမှန်သည်ကိုလည်းကောင်း၊ ဥပဒေနှင့်ဆန့်ကျင်သည်ကိုသော်လည်းကောင်း မသိမှသာ ဤကင်းလွတ်ချက်ကို ခံစားခွင့်ရှိရမည် ဖြစ်သည်။ တရားခံအနေဖြင့် ပြစ်မှုကျူးလွန်စဉ်အချိန်က အဆိုပါ အချက်(၃)ရပ်အနက်တစ်ခုခုရှိကြောင်း သက်သေထူရန်လိုသည်။

ဥပဒေအရ ရူးသွပ်သည်ဆိုခြင်းမှာ ဆေးဘက်ဆိုင်ရာအရ ရူးသွပ်သည်ဆိုခြင်းနှင့် မတူပေ။ အကြောင်းကြောင်းကြောင့် နဂိုအတိုင်းမရှိသည့်စိတ်ကို ဆေးဘက်ဆိုင်ရာအရ ရူးသွပ်သည့်စိတ်ဟု ခေါ်ဆိုနိုင်မည်ဖြစ်သော်လည်း ဥပဒေအရဆိုပါမူ ပြစ်မှုကျူးလွန်စဉ် အချိန်၌ တရားခံသည် ဤပုဒ်မတွင် ဖော်ပြထားသည့်အတိုင်း စိတ်ချို့ယွင်းနေမှသာ ရူးသွပ်နေပါသည်ဆိုသည့် ထုချေချက်ကိုတင်ပြနိုင်မည်ဖြစ်သည်။ ဤပုဒ်မနှင့်အကျုံးမဝင်လျှင် တရားခံသည် လူကောင်းတစ်ယောက်ဖြစ်သည်ဟု မဆိုနိုင်စေကာမူ ကင်းလွတ်ခွင့်မရနိုင်ဟု အငြိမ်းစားတရားရုံးချုပ် တရားသူကြီး ဦးသက်ဖေက ပြစ်မှုဆိုင်ရာဥပဒေ၏ သိကောင်းစရာများစာအုပ်တွင် ရေးသားခဲ့ပါသည်။

**သက်သေခံအက်ဥပဒေပုဒ်မ ၄၅**

ရာဇသတ်ကြီးပုဒ်မ ၈၄ သည် ပြုစဉ်အခါက စိတ်ပေါ့သွပ်ခြင်းကြောင့် တော်မတော်၊ မှန်မမှန် မသိဘဲ ရူးသွပ်ပြီးပြုလုပ်မှုကို ကင်းလွတ်ခွင့်ပေးထားခြင်းဖြစ်သည်။ တရားခံသည် ရူးသွပ်ခြင်း ရှိ၊ မရှိနှင့် စပ်လျဉ်း၍ သက်သေခံအက်ဥပဒေပုဒ်မ ၄၅ အရ ဆေးပညာပါရဂူဖြစ်သည့် ဆရာဝန်၏ ထင်မြင်ချက်ကို ရယူရမည်ဖြစ်ပါသည်။ ဤပုဒ်မသည် ရာဇသတ်ကြီးပုဒ်မ ၄၀ အရ ပြစ်မှုဆိုင်ရာ အထူးဥပဒေများ၊ ဒေသန္တရဥပဒေများနှင့်လည်း သက်ဆိုင်ပါသည်။

သူတစ်ပါးတို့၏ ထင်မြင်ချက်များ စပ်ဆိုင်ခြင်းအကြောင်းကို သက်သေခံအက်ဥပဒေပုဒ်မ ၄၅ တွင် ပြဋ္ဌာန်းထားပါသည်။ ရှုပါ။

**သက်သေခံအက်ဥပဒေပုဒ်မ ၄၅။** ထိုးထွင်းမြော်မြင်၍ လိမ္မာရေးခြားရှိသူတို့၏ ထင်မြင်ချက်။

(က) အခြားတိုင်းနိုင်ငံဆိုင်ရာ တရားဥပဒေအချက်အလက်များ၊
(ခ) သိပ္ပံပညာဆိုင်ရာအချက်အလက်များ၊
(ဂ) ဝိဇ္ဇာပညာရပ်ဆိုင်ရာအချက်အလက်များ၊
(ဃ) လက်ရေးလက်သား တူမတူသိလိုသော အချက်များ၊
(င) လက်ထိပ်နှိပ်ဖွေ့အမှတ်အသား တူမတူ သိလိုသော အချက်များနှင့်ပတ်သက်၍ တရားရုံးက စဉ်းစားဆင်ခြင်ရန်ရှိသည့်အခါ အဆိုပါအချက်အလက်များနှင့် အထူးကျွမ်းကျင်သူတို့၏ ထင်မြင်ချက်များသည် စပ်ဆိုင်သည့် အခြင်းအရာ ဖြစ်သည်။

၎င်းကျွမ်းကျင်မှုများကို ထိုးထွင်းမြော်မြင်၍ လိမ္မာရေးခြားရှိသူများဟု ခေါ်ပါသည်။

**ဥပမာ– A** သည် အဆိပ်ကြောင့်သေခြင်း ဟုတ်၊ မဟုတ်ကို ၎င်းပညာရပ်ကျွမ်းကျင်သောသူ၏ ထင်မြင်ချက်နှင့် စပ်ဆိုင်ပါသည်။ A သည် အမှုတစ်မှုကိုပြုစဉ် စိတ်မကောင်းခြင်းကြောင့် ပြုလုပ်ကြောင်းသိနိုင်ရန် ချင့်ချိန်ဖို့ လိုပါသည်။ ထိုသို့ ချင့်ချိန်နိုင်ရန် ထိုးထွင်း၍ လိမ္မာရေးခြားရှိသူတို့၏ ထင်မြင်ချက်များသည် စပ်ဆိုင်ကြောင်း သက်သေခံအက်ဥပဒေက ဖော်ညွှန်းပြဋ္ဌာန်းထားပါသည်။

**မှတ်ချက်**

(၁) လက်ရေးသည် မည်သူ၏လက်ရေး၊ မည်သည့်အခါက ရေးခဲ့သည်ကို ကျွမ်းကျင်နားလည်သူ။
(၂) သေနတ်နှင့် ပတ်သက်၍ မည်သည့်နေ့က ပစ်ဖောက်သည်၊ ကျည်ဆန်ခွံသည် မည်သည့်သေနတ်မှ ပစ်ဖောက်သည်တို့ကို ကျွမ်းကျင်နားလည်သူ။
(၃) ခြေရာနှင့် ပတ်သက်၍ မည်သူ၏ ခြေရာဖြစ်သည်ဟု ခွဲခြားရေးတွင် ကျွမ်းကျင်နားလည်သူ။
(၄) သိပ္ပံပညာ တိုးတက်ထွန်းကားလာသည်နှင့်အမျှ သိပ္ပံဆိုင်ရာပစ္စည်းများကို အသုံးပြု၍ ကျွမ်းကျင်နားလည်စွာ ခွဲခြားထုတ်ဖော်နိုင်သူ။
(၅) လူ့သွေး ဟုတ်မဟုတ်၊ သွေးရှိမရှိ စသည်တို့နှင့်ပတ်သက်၍ ခွဲခြားထုတ်နိုင်သော ဓာတုဗေဒစစ်ဆေးသူ။
(၆) လက်နှိပ်စက်ရိုက်ခြင်းနှင့် ပတ်သက်၍ မည်သည့် လက်နှိပ်စက်မှ ရိုက်ခြင်းဖြစ်သည်ကို ခွဲခြားပေးနိုင်သော ကျွမ်းကျင်သူ။
(၇) လက်ဗွေပုံစံနှင့် ပတ်သက်၍ မည်သူ၏ လက်ဗွေဟု ခွဲခြားဖော်ထုတ်ပေးရန် ကျွမ်းကျင်သူ။
(၈) ဆရာဝန်–စသူများသည် ထိုးထွင်း၍ လိမ္မာရေးခြားကျွမ်းကျင်သူများအဖြစ် တရားဝင် သတ်မှတ်ထားပြီး မှုခင်းများတွင် ၎င်းတို့၏ထင်မြင်ချက်များကိုရယူ၍ သက်သေခံချက်ဝင်သည်။ သို့ရာတွင် ၎င်းတို့ သက်သေခံချက်တစ်ခုတည်းဖြင့် အပြစ်မပေးနိုင်။ အထောက်အထားတစ်ခုအဖြစ်ဖြင့်မူ သက်သေခံဝင်ပေသည်။ အပြစ်ပေးနိုင်ရန်အတွက် အခြားသက်သေခံချက်များရှိရန်လိုအပ်ကြောင်း ဥပဒေ ပါရဂူများက ထောက်ပြခဲ့ပါသည်။

**သက်သေထူရန်တာဝန်**

စိတ်ပေါ့သွပ်စဉ်ပြု၍ ပြစ်မှုမမြောက်ကြောင်း ထင်ရှားအောင် ပြသရန်တာဝန်မှာ တရားခံအပေါ်၌ တည်ရှိသည်။ အရွယ်ရောက်သူတိုင်းသည် စိတ်မချို့ယွင်းသည့် လူကောင်းဖြစ်သည်ဟုလည်းကောင်း၊ ရူးသွပ်သူပင်ဖြစ်လင့်ကစား စိတ်ကောင်းနေချိန်၌ ပြစ်မှုကျူးလွန်ခဲ့ခြင်းဖြစ်သည်ဟု လည်းကောင်း၊ ဥပဒေအရ ယူဆရမည်ဖြစ်၍ ပြစ်မှုကျူးလွန်စဉ်က တရားခံသည် ရူးသွပ်နေသည်ဟု ဆိုလျှင် ရူးသွပ်နေကြောင်းတင်ပြရန် တာဝန်ကို တရားခံအပေါ် ချထားခြင်းဖြစ်သည်။ ထိုအတိုင်းပင် သက်သေခံအက်ဥပဒေပုဒ်မ ၁၀၅ ၌လည်း ပြဋ္ဌာန်းထားသည်။ သို့ရာတွင် တရားခံက မိမိ၏ပြုလုပ်မှုမှာ ရာဇသတ်ကြီးပုဒ်မ ၈၄ နှင့် အကျုံးဝင်သည်ဟု ထုချေခဲ့ခြင်း မပြုစေကာမူ၊ အမှုတွဲတွင် စိတ်ပေါ့သွပ်နေကြောင်း ထင်ရှားလျှင် ဤပုဒ်မ၏ အကျိုးကျေးဇူးကို ခံစားခွင့်ရှိသည်။

**ရာဇသတ်ကြီးပုဒ်မ ၈၄ ။ စိတ်ပေါ့သွပ်ခြင်းကြောင့် ပြုစဉ်အခါက မိမိ၏ ပြုလုပ်မှုသည် မည်သို့သဘောရှိသည်ကိုလည်းကောင်း၊ မတော်မမှန်သည်ကို လည်းကောင်း၊ ဥပဒေနှင့် ဆန့်ကျင်သည်ကို လည်းကောင်း မသိနိုင်သောသူ၏ ပြုလုပ်မှုသည် ပြစ်မှုမမြောက်ဟု ပြဋ္ဌာန်းထား**

**စိတ်ပေါ့သွပ်ခြင်း**

စိတ်ပေါ့သွပ်သူများကို အောက်ပါအတိုင်း လေးမျိုးလေးစား ခွဲခြားနိုင်သည်–

(၁) **ဝမ်းတွင်းရူး**၊ ငယ်စဉ်ကပင် ဝမ်းတွင်းရူးဟု အခေါ်ခံရသူ။ လက်ပြခြေပြဖြင့် နားလည်နိုင်သည့် အခြေအနေရှိလျှင် ထိုသူ၏ပြုမှုချက်သည် ဤပုဒ်မနှင့်အကျုံးမဝင်။
(၂) ရောဂါတစ်ခုခုကြောင့် စိတ်ပေါ့သွပ်သူ။
(၃) **သူရူး**၊ ရူးသွပ်နေသူဖြစ်သော်လည်း တစ်ချိန်ချိန်၌ လူကောင်းစိတ်ပြန်ပေါ်လေ့ရှိသည်။
(၄) အရက်သေစာကြောင့် ရူးသွပ်သူ။

**စေတနာ**

အလုပ်သင်ရှေ့နေမောင်ပျင်းရိ မေးမြန်းသော သိမှတ်စရာအကြောင်းအရာ(စိတ်ပေါ့သွပ်သူ၏ ပြုလုပ်မှု)ကို ရှင်းလင်းတွေးခေါ်မိသော ကျွန်တော်၏ စေတနာ ဥပဒေအတွေးမျှသာပါ.....။

# ရေကြီးရေလျှံမှု ဖြစ်ပွားနေသည့် ပိန်းဇလုပ်မြို့သို့ တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ကွင်းဆင်းကြည့်ရှု

ပဲခူး ဩဂုတ် ၄

ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြို့နယ်/ရပ်ကွက်/ကျေးရွာအချို့တွင် ရေဝင်မှုများ ဖြစ်ပေါ်လျက်ရှိပြီး ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့တွင်လည်း ရေများဝင်လျက်ရှိရာ ဆေးရုံအတွင်းရေဝင်ရောက်လာမှုကြောင့် ဩဂုတ် ၃ ရက်က တိုင်းဒေသကြီးပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင် ကွင်းဆင်းသွားရောက်ကြည့်ရှုသည်။

ပဲခူးတိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး ဒေါက်တာရန်နိုင်မောင်နှင့်အဖွဲ့အား ညောင်လေးပင်မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသောင်းဒန်ဦးနှင့် ပိန်းဇလုပ်တိုက်နယ်ဆရာဝန် ဒေါက်တာဇော်သူအောင်တို့က တိုက်နယ်ဆေးရုံအတွင်း နံနက်အစောပိုင်းမှစတင်၍ ရေများရုတ်တရက်ဝင်ရောက်လာမှုအခြေအနေ၊ ဆေးရုံအတွင်း လတ်တလောအခြေအနေတွင် (၄) ပေကျော်ခန့်အထိ ရေများဝင်ရောက်နေမှုအခြေအနေ၊ လူနာများနှင့် ဆေးရုံသုံးပစ္စည်းများအား ပြည်သူများ၊ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့/မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဆေးရုံဝန်ထမ်းများ ပူးပေါင်း၍ ရေလွတ်ရာသို့ ရွှေ့ပြောင်းထားရှိမှုအခြေအနေ၊ ဆရာဝန်နေအိမ်နှင့် ဝန်ထမ်းအိမ်ရာများအတွင်း ရေဝင်ရောက်နေမှုအခြေအနေ၊ ဘုန်းတော်ကြီးကျောင်း နှစ်ကျောင်းတွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိမှုအခြေအနေ၊ ကျန်းမာရေး စောင့်ရှောက်ကုသမှုပေးရန် စီစဉ်ထားရှိမှုအခြေအနေတို့ကို ရှင်းလင်းပြောကြားသည်။



ထို့နောက် တိုင်းဒေသကြီးဦးစီးဌာနမှူးနှင့်အဖွဲ့သည် လူနာများ ယာယီရွှေ့ပြောင်းထားရှိသော သုဓမ္မာရာမစာသင်တိုက် ဘုန်းတော်ကြီးကျောင်းသို့သွားရောက်၍ လူနာများ၊ သူနာပြုများနှင့် ဝန်ထမ်းများအား အားပေးစကားပြောကြားခဲ့ပြီး ယာယီကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ရေဘေးဒဏ်ခံရသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကားပြောကြားကာ အရေးပေါ်အခြေအနေအရ ကျန်းမာရေးလိုအပ်ချက်များကို အတတ်နိုင်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

တိုင်းဒေသကြီး ဦးစီးဌာနမှူးသည် ပိန်းဇလုပ်တိုက်နယ်ဆရာဝန်နှင့် ဝန်ထမ်းများအနေဖြင့် မိမိတို့၏ နေအိမ်များတွင် ရေဝင်နေသော်လည်း ဆေးရုံမှလူနာများနှင့် ပစ္စည်းများ ပျက်စီးဆုံးရှုံးမှု နည်းပါးစေရန် အထူးဂရုစိုက်စီစဉ်ဆောင်ရွက်ထားရှိမှုအတွက် ချီးကျူးဂုဏ်ယူပါကြောင်း၊ ပျက်စီးဆုံးရှုံးမှုစာရင်း ရရှိပါကလည်း တင်ပြပေးစေလိုပါကြောင်း၊ ဓာတ်မှန်စက် အစိတ်အပိုင်းအချို့ အပါအဝင် ရေနစ်မြုပ်သွားခဲ့သည့် စက်ပစ္စည်းများ၊ Transformer အပါအဝင် လျှပ်စစ်ပစ္စည်းများအား မသုံးစွဲမီ အန္တရာယ်မဖြစ်စေရန် ကျွမ်းကျင်သူများနှင့် စမ်းသပ်စစ်ဆေးပြီးမှ သုံးစွဲစေလိုပါကြောင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအား အထူးအလေးထား၍ ဆောင်ရွက်ပေးစေလိုပါကြောင်း စသည်ဖြင့် မှာကြားသည်။

ညောင်လေးပင်မြို့နယ်၊ ပိန်းဇလုပ်မြို့တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် အုန်းနဲ့သာချောင်းရေလျှံမှုဖြစ်ပေါ်ခဲ့ရာ လူနေရပ်ကွက်များအတွင်း ဩဂုတ် ၃ ရက် နံနက်ပိုင်းမှစတင်ကာ ရေဝင်မှုဖြစ်ပွားနေကြောင်း၊ ရေဝင်ရပ်ကွက်များမှ ဒေသခံများအနေဖြင့် နေအိမ်များတွင် နေထိုင်ရန် မဖြစ်တော့၍ ဘုန်းတော်ကြီး ကျောင်း ၂-ကျောင်းတွင် ယာယီကယ်ဆယ်ရေးစခန်းဖွင့်လှစ်ထားရကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# တောင်ဥက္ကလာပမြို့နယ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ဝေသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပိုစတာများချိတ်ဆွဲခြင်း ဆောင်ရွက်

ရန်ကုန် ဩဂုတ် ၄

ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ထုတ်ဝေသည့် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းနှင့် ပိုစတာများ ချိတ်ဆွဲခြင်းကို ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများမှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် ဖြန့်ဝေကြောင်း သိရသည်။



ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးစဉ်

အဆိုပါလက်ကမ်းစာစောင်နှင့် ပိုစတာများ၌ လာမည့် နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ပြည်သူများ အနေဖြင့် မဲပေးပိုင်ခွင့်ဆုံးရှုံးမှုမရှိစေရေး အသိပညာပေးအကြောင်းအရာများ၊ မဲဆန္ဒရှင်ဆိုင်ရာ မေးခွန်းနှင့် အဖြေများ၊ မဲဆန္ဒရှင်စာရင်းတွင် အမည်မပါဝင်ပါက ဆောင်ရွက်ရမည့် အချက်များ၊ ကိုယ်ရေးအချက်အလက်များ မှားယွင်းနေပါက ဆောင်ရွက်ရမည့်အချက်များ၊ မပါဝင်သင့်သူ ပါဝင်နေပါက ပယ်ဖျက်ရန် ဆောင်ရွက်ရမည့် အချက်များ အစရှိသည်များကို ပြည့်စုံစွာ ထည့်သွင်း ဖော်ပြထားသည်။

အသိပညာပေး လက်ကမ်းစာစောင်နှင့် ပိုစတာများ ဖြန့်ဝေခြင်းဖြင့် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်း ရရှိရန် ပြည်သူများအနေဖြင့် အိမ်ထောင်စု တစ်စုလျှင် အနည်းဆုံး တစ်ဦး မပျက်မကွက် လာရောက် ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးစေလိုကြောင်းနှင့် တောင်ဥက္ကလာပမြို့နယ်တွင် ၂၀၂၀ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဝင်းထက်ထက်အောင်**

# ဓနုဖြူမြို့၌ ငါးသယံဇာတပြန့်ပွားရေး စပါးစိုက်ခင်းများအတွင်း ငါးမျိုးများစိုက်ထည့်

ဓနုဖြူ ဩဂုတ် ၄

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးသယံဇာတများ ရေရှည် တိုးပွားစေရေးနှင့် ငါးမျိုးစိတ်များမျိုးသုဉ်း ပျောက်ကွယ်မှုမရှိစေရေးအတွက် စပါးစိုက်ခင်းအတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၄ ရက်က နန်းတော်ကုန်းကျေးရွာရှိ စိုက်ပျိုးရေး စံပြစပါးစိုက်ခင်းတွင် ကျင်းပသည်။

ငါးမျိုးစိုက်ထည့်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်နိုင်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်ဦး၊ မြို့နယ် ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးဇော်မင်း၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ လယ်သမားကြီးများနှင့် ကျောင်းသား ကျောင်းသူများက ထိုင်းငါးခုံးမကြီး ငါးသားပေါက်ကောင်ရေ ၇၀၀၀၀၊ တီလားဗီးယားငါးသားပေါက်ကောင်ရေ ၄၀၀၀၀ စုစုပေါင်းငါးသားပေါက်ကောင်ရေ ၁၁၀၀၀၀အား နန်းတော်ကုန်းကျေးရွာအုပ်စုရှိ စပါးစိုက်ခင်း ဧက ၂၂၀ အတွင်းသို့ ငါးမျိုးစိုက်ထည့်ကြသည်။

ထို့နောက် တက်ရောက်လာကြသည့် ကျောင်းသားကျောင်းသူများအား ငါးသယံဇာတ ထိန်းသိမ်းရေး စာအုပ်များပေးအပ်ခြင်းနှင့် သရုပ်ပြစိုက်ခင်း ၁၀ ဧကတွင် ငါးခိုမြောင်း၊ ငါးခိုကျင်းများပြုလုပ်၍ ငါးထည့်သွင်းမွေးမြူထားခြင်းကို တောင်သူများ လေ့လာနိုင်စေရန် သရုပ်ပြမွေးမြူကြောင်း သိရသည်။

**ထက်ဝေဖြိုး(ပြန်/ဆက်)**



# ရှမ်းရွာသစ်-လှိုင်းဘွဲကားလမ်းပေါ်ရှိ တံတားမြေထိန်းနံရံနှင့်ရေလမ်းကြောင်းပြုပြင်ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီး

ရှမ်းရွာသစ် ဩဂုတ် ၄

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ လမ်းဦးစီးဌာနက ဒေသနေပြည်သူများ ရာသီမရွေးသွားလာရလွယ်ကူစေရန်နှင့် မြို့အင်္ဂါရပ်နှင့်အညီ ဒေသဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ရှမ်းရွာသစ်-လှိုင်းဘွဲကားလမ်းပေါ်ရှိ ပေ ၃၀ တံတား မြေထိန်းနံရံနှင့် ရေလမ်းကြောင်း ပြုပြင်ရေးလုပ်ငန်းကို ၂၀၂၀ ပြည့်နှစ် ဧပြီလပထမပတ်က စတင်ဆောင်ရွက်ခဲ့ပြီး ယခုအချိန်တွင် ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းတွင် လှိုင်းဘွဲ-ရှမ်းရွာသစ်ကားလမ်းပေါ်ရှိ မိုင်တိုင်အမှတ် (၃၅)km နှင့် (၃၅ ဒသမ ၂)km ကြားရှိ ၆/၂၂ ပေ ၃၀ တံတားသည် နှစ်စဉ်မိုးရာသီကာလတွင် တောင်ကျရေများ တိုက်စားမှုကြောင့် နိမ့်ကျနေပြီး ဒေသနေပြည်သူများ သွားလာရေးအခက်အခဲများ ကြုံတွေ့နေကြောင်း သိရှိရ၍ ယခုဘဏ္ဍာနှစ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဘားအံခရိုင် ရှမ်းရွာသစ်မြို့ လမ်းဦးစီးဌာနက တာဝန်ယူပြီး ပြည်နယ်အထွေထွေ ပိုလျှံခွင့်ပြုရန်ပုံငွေကျပ် ၄၅ သန်းဖြင့် ဆောက်လုပ်လျက်ရှိရာမှ ယခုအချိန်တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ဒေသနေပြည်သူများ အဆင်ပြေစွာသွားလာနိုင်ပြီဖြစ်ကြောင်း လမ်းဦးစီးဌာနမှ မြို့ပြအင်ဂျင်နီယာ ဦးဘိုဘိုလွင်ထံမှ သိရသည်။ **ဇင်လေး(ပြန်/ဆက်)**



တံတားမြေထိန်းနံရံနှင့် ရေလမ်းကြောင်း ပြုပြင်ထားစဉ်

# ငဖဲမြို့နယ် ပဒါန်းတိုက်နယ်ဆေးရုံနှင့် စာသင်ကျောင်းများသို့ အားကစားပစ္စည်းများပေးအပ်

ငဖဲ ဩဂုတ် ၄

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နှင့် မြို့နယ်အားကစားနှင့် ကာယပညာ ဦးစီးဌာနမှ ပြည်သူများ၊ ကျောင်းသားကျောင်းသူများ ကျန်းမာကြံ့ခိုင်ပြီး ကိုယ်ကာယဖွံ့ဖြိုးတိုးတက်စေရန်နှင့် ကိုယ်ကာယ လေ့ကျင့်ခန်းများ ဆောင်ရွက်နိုင်စေရန်ရည်ရွယ်၍ Outdoor Fitness အားကစားပစ္စည်းများ ပေးအပ်ခြင်းကို ဩဂုတ် ၂ ရက်က မြို့နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာနရုံး၌ ကျင်းပသည်။ ပဒါန်းကျေးရွာ တိုက်နယ်ဆေးရုံ၊ လိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းနှင့် သာယာကုန်းကျေးရွာ အခြေခံပညာ အထက်တန်း ကျောင်း(ခွဲ)တို့အတွက် Outdoor Fitness အားကစားပစ္စည်း လေးမျိုးပါ တစ်စုံစီကို ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် တိုက်နယ်ဆရာဝန်တို့ထံ သက်ဆိုင်ရာတာဝန်ရှိသူများက လွှဲပြောင်းပေးအပ်ကြောင်း သိရသည်။

**မယု(ငဖဲ)**

## ငွေတောင်ဆည်တွင် ပြည်တွင်းခရီးသွားများ လာရောက်မှုရှိ

**ဒီးမော့ဆို ဩဂုတ် ၄**

အစိုးရရုံးပိတ်ရက် လေးရက်တာကာလအတွင်း လွိုင်ကော်ခရိုင် ဒီးမော့ဆိုမြို့နယ် ငွေတောင်ဆည်တွင် ပြည်တွင်းခရီးသွားပြည်သူများ ပြန်လည်လာရောက်လည်ပတ်မှုရှိကြောင်း သိရသည်။ ယခင်က ငွေတောင်ဆည် အပါအဝင် ကယားပြည်နယ်အတွင်းရှိ အထင်ကရနေရာများ၌ ကိုရိုနာဗိုင်းရပ်စ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်တားဆီးနိုင်ရန်အတွက် လာရောက် လည်ပတ်ခွင့် ပိတ်ထားခဲ့ပြီး ယခုအခါ အဆိုပါနေရာများအား လည်ပတ်ခွင့် ပြန်လည်ဖွင့်လှစ်သည့်အတွက် အစိုးရရုံးပိတ်ရက် လေးရက်အတွင်း အနယ်နယ်အရပ်ရပ်မှ ပြည်တွင်းခရီးသွား ပြည်သူများ လာရောက်လည်ပတ်ကြခြင်း ဖြစ်သည်။

ငွေတောင်ဆည်သို့ လာရောက်လည်ပတ်ကြသော ပြည်တွင်းခရီးသွားပြည်သူများသည် ဆည်ကန်၏ သဘာဝအလှအပကို ကြည့်ရှုခံစားခြင်း၊ ဒေသခံတိုင်းရင်းသူများနှင့် အမှတ်တရ ဓာတ်ပုံရိုက်ကူးခြင်း၊ ရိုးရာဝတ်စုံများ ဝတ်ဆင်၍ ဓာတ်ပုံရိုက်ကူးခြင်း၊ ဆင်အပျော်စီးခြင်း၊ ရိုးရာအသုံးအဆောင်ပစ္စည်းများ ဝယ်ယူခြင်းများ ဆောင်ရွက်ကြသည့်အတွက် ဒေသခံပြည်သူများ အပိုဝင်ငွေရရှိစေကြောင်း သိရသည်။

**ရီရယ်(ဒီးမော့ဆို)**

## ဘူတာသစ်နှင့် တဇန်းကျေးရွာတွင် Cash For Work စီမံကိန်းကို ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်

**ဂန့်ဂေါ ဩဂုတ် ၄**

ကိုဗစ်-၁၉ ကာလ စီးပွားရေးကုစားမှုအစီအစဉ် (CERP)အရ ကျေးလက်နေပြည်သူများ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကုစားနိုင်ရန်အတွက် ဂန့်ဂေါမြို့နယ် Cash For Work စီမံကိန်းကို ခေါင်းတုံကျေးရွာအုပ်စု ဘူတာသစ်ကျေးရွာနှင့် တဇန်းကျေးရွာတွင် ကျေးရွာလူထုကိုယ်တိုင် အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ကိုဗစ်-၁၉ ကာလတွင် ကျေးလက်နေပြည်သူများအား မိမိတို့၏ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကိုယ်တိုင်ဆောင်ရွက်၍ လုပ်အားခထောက်ပံ့ပေးခြင်းအစီအစဉ်ဖြင့် ပြည်သူများဝင်ငွေရရှိစေရန် ရည်ရွယ်၍ ခေါင်းတုံကျေးရွာအုပ်စု၊ ဘူတာသစ်ကျေးရွာနှင့် တဇန်းကျေးရွာတို့တွင် နိုင်ငံတော်ထောက်ပံ့ငွေကျပ်သိန်း ၁၀၀ စီဖြင့် ရွာတွင်းလမ်းပြုပြင်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများကို တာဝန်ယူဆောက်လုပ်နေခြင်းဖြစ်ကြောင်း သိရသည်။

ရွာတွင်းလမ်းပြုပြင်ခြင်းနှင့် ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်းများပြီးစီးပါက ဘူတာသစ်ကျေးရွာတွင် အိမ်ခြေ ၂၈ အိမ်၊ လူဦးရေ ၁၂၉ ဦးနှင့် အိမ်ခြေ ၂၃၁ အိမ်၊ လူဦးရေ ၁၀၃၈ ဦးတို့ကို အကျိုးပြုမည်ဖြစ်ကြောင်း သိရသည်။

**ထင်အောင်နိုင်(ဂန့်ဂေါ)**



## စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် မုံရွာမြို့နယ်အတွင်း ရေဝင်ကျေးရွာများ သွားရောက်ကြည့်ရှု

**မုံရွာ ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်နှင့် တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဝင်းတင်စိုး၊ တိုင်းဒေသကြီး အတွင်းရေးမှူး ဦးတင်မောင်ဆွေ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်၊ မုံရွာခရိုင်/မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများသည် ယနေ့ က မုံရွာ မြို့နယ်အတွင်း ရေဝင်ကျေးရွာများသို့ သွားရောက်ကြည့်ရှုပြီး ရေဝင်သဖြင့် အခက်တွေ့မိသားစုများအား အားပေးခဲ့ကြောင်း သိရသည်။



စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ရေဝင်ကျေးရွာများ သွားရောက်ကြည့်ရှုစဉ်။

တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆည်ကြီးတောကျေးရွာတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်သည့် အိမ်ထောင်စု ၃၀ အတွက် ဆန်ဖိုးငွေကျပ် ၃၀၀၃၀၀၊ နှာခေါင်းစည်း ၁၄၃ ခု၊ဆပ်ပြာ ၃၀ တောင့် ကိုလည်းကောင်း၊ မြေနဲကျေးရွာ အိမ်ထောင်စု ၁၉၉ စုအတွက် ဆန်ဖိုးငွေကျပ် ၂၄၉၉၀၀၊ နှာခေါင်းစည်း ၁၁၉ခု၊ ဆပ်ပြာ ၂၆ တောင့်တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေလျှံဝင်ရောက်သည့် ကမ်းနီမချောင်းအား ရေစီးရေလာ ကောင်းမွန်စေရေးနှင့် ရေလမ်းကြောင်းပြန်လည်တူးဖော်ရေးတို့အတွက် ကြည့်ရှုစစ်ဆေးပြီး သက်ဆိုင်ရာ တာဝန်ရှိသူများအား မှာကြားခဲ့သည်။

အောင်သာကျေးရွာတွင် အိမ်ထောင်စု ၁၈၇စု အတွက် ဆန်ဖိုးငွေကျပ် ၁၉၆၃၅၀၀၊ နှာခေါင်းစည်း ၉၃၅ ခု၊ ဆပ်ပြာ ၁၈၇ တောင့်နှင့်ဒဏ်ရာရသူ တစ်ဦးအတွက် ငွေကျပ် ၅၀၀၀၀ ကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ပြီး ဗောဓိတထောင်-ကျောက္ကာလမ်းဘေးရှိ ကမ်းနီမချောင်း ကျောက်စီ မြေထိန်းနံရံ ပေ ၂၀၀ တည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

**ထွန်းကိုကို(ယင်းမာပင်)**

## ဝန်းသိုမြို့နယ်၌ Cash For Work စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်

**ဝန်းသို ဩဂုတ် ၄**

စစ်ကိုင်းတိုင်းဒေသကြီး ဝန်းသိုမြို့နယ် သဖန်းဆိပ်ကျေးရွာတွင် Cash For Work စီမံကိန်းရန်ပုံငွေဖြင့် ရွာတွင်းလမ်း ဂျင်းမြေခင်းခြင်းနှင့် ရေပြွန်ထည့်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအပြင် ကျေးရွာပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများရရှိ၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ကျေးရွာ Cash For Work စီမံကိန်းဆောင်ရွက်တဲ့နေရာမှာ မရှိတဲ့သူ၊ လက်လုပ် လက်စားလေးတွေနဲ့ ကိုဗစ်-၁၉ကြောင့်ထိခိုက်နစ်နာလွယ်တဲ့ မိသားစုတွေအတွက် ရည်ရွယ်ပြီးတော့ ဆောင်ရွက်ပေးနေပါတယ်၊ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ရွာမှာ ဆင်းရဲနွမ်းပါးသူတွေကများ၊ နောက်ပြီး အမျိုးသမီးဦးဆောင်တဲ့ မိသားစုတွေများတဲ့အတွက် သူတို့ကို ဦးစားပေးအစီအစဉ်နဲ့ဆောင်ရွက်စေပါတယ်၊ အခုလည်း အမျိုးသမီးတွေ အများစုပါဝင်ဆောင်ရွက်နေပါတယ်၊ အလုပ်ချိန်သတ်မှတ်ထားတာကတော့ မနက် ၈နာရီမှ ညနေ ၄နာရီအထိဖြစ်ပါတယ်၊ ကျွန်တော်တို့ကျေးရွာမှာ ယခုစီမံကိန်းကို ချပေးတဲ့အတွက် နှစ်စဉ်နှစ်တိုင်းဗွက်တောထဲမှာ သွားလာနေရတဲ့ ကျောင်းသားလေးတွေ၊ စက်ဘီး၊ ဆိုင်ကယ်တွေ သွားရေးလာရေးမှာ အဆင်ပြေချောမွေ့ပြီး မိသားစုဝင်ငွေရလုပ်ငန်းလေးတွေလည်း လုပ်ကိုင်နေရတဲ့အတွက် များစွာအဆင်ပြေပါတယ်၊ ဒါကြောင့် နိုင်ငံတော်အစိုးရနဲ့ မြို့နယ်ကျေးလက်ဦးစီးဌာနကိုလည်း အများကြီး ကျေးဇူးတင်ပါတယ်"ဟု ကျေးရွာစီမံကိန်းကော်မတီဥက္ကဋ္ဌ ဦးဇော်မျိုးက ပြောသည်။

အဆိုပါကျေးရွာအတွင်းလမ်းခင်းခြင်းလုပ်ငန်း အရှည်ပေ၄၀၀၀၊ အကျယ် ၁၂ ပေ၊ ၈လက်မထုနှင့် ရေပြွန် သုံးစင်း ဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၉-၂၀၂၀ခုဘဏ္ဍာရေးနှစ် Cash For Work စီမံကိန်းရန်ပုံငွေကျပ် သိန်း၁၀၀ဖြင့် ကျေးရွာလူထုကိုယ်တိုင် စီမံကိန်းကာလနှစ်လအတွင်းအပြီးသတ်ဆောင်ရွက်လျက်ရှိပြီး ဝန်းသိုမြို့နယ်တွင် Cash For Work စီမံကိန်းကို ကျေးရွာ ၆ရွာတွင် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်မြိုင် (ပြန်/ဆက်)**



## ရေစကြိုမြို့နယ် ပခန်းကြီးမြို့ဟောင်းအား အကြီးစားပြင်ဆင်ထိန်းသိမ်းမှုများလုပ်ဆောင်ရန် ပြင်ဆင်နေ

**ရေစကြို ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်ရှိ ပခန်းကြီးမြို့ဟောင်းအား အကြီးစားပြင်ဆင်ထိန်းသိမ်းမှုများ လုပ်ဆောင်ရန် တိုင်းတာတွက်ချက်မှုများလုပ်ဆောင်လျက်ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မကွေးဌာနခွဲ) က သိရသည်။

အဆိုပါဒေသတွင် သမိုင်းမတင်မီ ကျောက်ခေတ်ကာလမှ လူများနေထိုင်ခဲ့သော ကြေးရိုးကုန်း၊ ရွှေဥမင်တောင်ရိုး၊ ဝါကျကုန်း စသည့်နေရာများနှင့် သမိုင်းတင်ခေတ်ဖြစ်သော ပုဂံခေတ် မှ ကုန်းဘောင်ခေတ်ထိ ဘုရားစေတီပုထိုး၊ အုတ်ကုန်း သာသနိကအဆောက်အအုံ ၃၃၀ ခန့် တည်ရှိသည်။

"ဌာနအနေနဲ့ အသေးစားပြင်ဆင်ထိန်းသိမ်းမှုတွေတော့ ရှိခဲ့ပါတယ်။ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်း မပြင်ဖြစ်တာနှစ် ၂၀ လောက်တော့ ရှိပြီ။ ခုကတော့ အကြီးစားပြင်ဆင်မှုလုပ်ဖို့ စနစ်တကျ ထိန်းသိမ်းဖို့ ၊ တူးဖော်တာကအစပြန်လုပ်ပါမယ်။ သဲ၊ ခဲတွေ မြုပ်နေတဲ့အပိုင်းကို အစရှာပြီး သုတေသနလုပ်ရတော့မှာပေါ့။ ခုကတော့ မြေပြင်မှာ တိုင်းထွာပြီး ခန့်မှန်းခြေငွေစာရင်း တွက်တာလုပ်နေတယ်။ တွက်ချက်ပြီးရင် တိုင်းဒေသကြီး အစိုးရကိုရော၊ ပြည်ထောင်စု အစိုးရကိုရော တင်ပြသွားပါမယ်"ဟု ရှေးဟောင်း သုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မကွေးဌာနခွဲ) ဦးစီးအရာရှိ ဦးရဲလွင်က ပြောသည်။



ရေစကြိုမြို့နယ်ရှိ ပခန်းကြီးမြို့ဟောင်းကို တွေ့ရစဉ်။

ပခန်းကြီးမြို့ဟောင်း၏ အရှေ့ဘက်၊ တောင်ဘက်၊ အနောက်ဘက်မြို့ရိုးများပေါ်တွင် ပေါက်ရောက်နေသော သစ်ပင်ချုံနွယ်များကို ယခုနှစ် ဇွန် ၆ ရက်မှ ဇူလိုင် ၂၅ ရက်အထိ ၅၃ ရက်ကြာ ရှင်းလင်းမှုများ လုပ်ဆောင်ထားပြီးဖြစ်ကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (မကွေးဌာနခွဲ) တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်သိန်းထံက သိရသည်။

"မြို့ဝင်ပေါက်တွေမှာ ဆွေးနေတဲ့အုတ်တွေရှိတယ်။ ဒါတွေကိုဖယ်ပြီး အစားထိုးတာ၊ အုတ်နီမှုန့်၊ သဲ၊ ထုံး၊ ဥသျှစ်စေးစပ်ပြီး အနားသတ်ချိုင့်တွေ၊ နှာဟနေတဲ့ နေရာတွေကို အစာသိပ်တာ လုပ်ရမယ်။ ပွိုင့်တီထိုးတယ်လို့ခေါ်တာပေါ့။ နောက်ပြီး အုတ်ရိုးပေါ်ကနေ ရေပိတ်လွှာလောင်းဖို့ ရှိတယ်။ လုပ်ငန်းမှာ တူးဖော်ရေးနဲ့ ထိန်းသိမ်းရေး နှစ်ဖွဲ့ခွဲရမယ်။ ရိုးရိုးမြေကျင်း တူးသလို တူးလို့မရဘူး။ အရေးပါတဲ့ နေရာတွေဆို သန်လျက်ကလေးနဲ့ခြစ်ရတာမျိုး အသေးစိတ်လုပ်ရမှာပါ"ဟု ဦးစီးအရာရှိ ဦးရဲလွင်က ရှင်းပြသည်။

ယဉ်ကျေးမှုထွန်းကားရာဒေသဖြစ်၍ ပခန်းကြီးမြို့ရိုးကိုခေတ်အဆက်ဆက် ငါးကြိမ်တိုင်ပြုပြင်ခဲ့ပြီး ညောင်ရမ်းခေတ် မဟာဓမ္မရာဇာဓိပတိမင်း လက်ထက်တွင် ခံတပ်မြို့အဖြစ် တည်ဆောက်ခဲ့ကြောင်း၊ ကုန်းဘောင်ခေတ်၌ ခရိုင်အဆင့်မြို့ အဖြစ်ထားရှိခဲ့ပြီး မြို့ဝန်များခန့်ထားအုပ်ချုပ်စေခဲ့သည့် ပခန်းကြီးဒေသအနီးရှိ ရွာများတွင် မြေ၊ ဝါး၊ ချည် တို့နှင့် ပြုလုပ်သည့် မြန်မာ့ရိုးရာအတတ်ပညာများထွန်းကားကာ သနပ်ခါးအလွန်ပေါသည့် ဒေသလည်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

**ဇေယျာတု(မကွေး)**

# သရက်ချဉ်ပုရပိုက် အခေါ်အဝေါ်

အမျိုးသားစာပေဆုရ အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)

ပေ၊ ပုရပိုက်များဟူသော ဝေါဟာရကို ရှင်းလင်းဖော်ပြသည့် ဆောင်းပါးမဟုတ်ပါ။ သရက်ချဉ် ပုရပိုက်အခေါ်အဝေါ်နှင့်ပတ်သက်၍ အငြင်းပွားဖွယ် ရှိနေပါသဖြင့် လက်တွေ့ကွင်းဆင်းသုတေသနပြုမှတ်တမ်းတို့မှ အဖြေပေး ဆုံးဖြတ်နိုင်မည်ဖြစ်ပါ၍ ပေပုရပိုက်အကြောင်းကို နိဒါန်းသွယ်၍ တင်ပြအပ်ပါသည်။

ပေနှင့် ပုရပိုက်ကို မြန်မာနိုင်ငံတွင် မည်သည့်ခေတ်ကာလအချိန်တွင် စတင်ပေါ်ပေါက်အသုံးပြုခဲ့သည်ဟူ၍ တိတိကျကျ၊ မူရင်းပေချပ်၊ ပုရပိုက်လွှာများကို သက်သေအထောက်အထားပြပြီး တင်ပြရန် ခဲယဉ်းပါသည်။သရေခေတ္တရာ၊ မှော်ဇာခင်ဘကုန်းမှ တူးဖော်ရရှိခဲ့သော ပေချပ်အသွင်သဏ္ဌာန်ရှိသည့် ရွှေချပ်ပေစာများက သမိုင်းခေတ်ကို ဖော်ပြနေပါသည်။ ထို့ပြင် ပုဂံခေတ်အနော်ရထာဘုရင် (သက္ကရာဇ်–၄၀၆) မတိုင်မီကပင် အရည်းကြီးတို့၏ ဘာသာစာပေများကို ပုရပိုက်နှင့် ရေးသားကြကြောင်းနှင့် ကြေးနီပုရပိုက်တွင်လည်း ရေးသွင်းထားကြောင်းကို မှတ်သားရပါသည်။

ဆရာ ဦးမောင်မောင်ညွှန့် (မန်းတက္ကသိုလ်) ၏ ၁၉၉၈ ခုနှစ် ပခုက္ကူ ဦးအုံးဖေစာပေဆုရ "မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုအမွေ ပေစာပုရပိုက်'' စာအုပ် စာမျက်နှာ(၂၁)တွင် သာသနာနှစ် ၆၂၉ ခုနှစ် သရေခေတ္တရာပြည် သုပညာနာဂရဆိန္နာမင်းလက်ထက် ဥတ္တမသီရိမထေရ်သည် ကပ္ပါရလင်္ကာရကျမ်းကို ပေထက် အက္ခရာတင်ခဲ့သည်ဟူ၍ လည်းကောင်း ယင်းစာအုပ်စာမျက်နှာ (၄၈)၌ မြန်မာသက္ကရာဇ် ၆၃၀–၆၆၂ ပုဂံခေတ် ရွှေကွန်ချာကျောက်စာ (စာအတွဲ၃–ခတ်ပုံ ၃၁၀/၁ – စာကြောင်းရေ ၃၀)၌ "ပုရပိုက်၊ ကန့်ကူဆံ" ဟုရေးသားထားသည့် အထောက်အထားကို လည်းကောင်း ရည်ညွှန်းပြဆိုထားပါသည်။

**ပုရပိုက်အမျိုးအစား**

ပုရပိုက်ကို ပုရပိုက်ဖြူနှင့် ပုရပိုက်နက်ဟူ၍ အရောင်အဆင်းပေါ်မူတည်ပြီး ခေါ်ဆိုကြသည်။

ပုရပိုက်အဖြူမှာ မိုင်းကိုင်စက္ကူကို ပြုလုပ်ကြသည်။ ပုရပိုက်အဖြူဟုခေါ်သော်လည်း အရောင်မှာ ဝါကျင့်ကျင့်ရှိသည်။ ဆေးရောင်စုံရေးနိုင်သည်။

**ပုရပိုက်နက်**

(၁)ရှမ်းပုရပိုက်၊ (၂) သရက်ချဉ်ပုရပိုက်၊ (၃) ဝါးရာထိုးပုရပိုက်၊ (၄)ဝါးရိုးရိုးပုရပိုက်ဟူ၍ ခေါ်သည်။

ရှမ်းပုရပိုက်မှာ ရှမ်းလူမျိုးစက္ကူဖြင့်လုပ်သည်ကို အစွဲပြု၍ခေါ်သည်။ ယင်းပုရပိုက်ကို ထမင်းရည်၊ မီးသွေးမှုန့်များရော၍ သုတ်လိမ်းခြင်းဖြင့် ပုရပိုက်နက်ကို ရနိုင်သည်။ ထို့ကြောင့် ပုရပိုက်နက်၏ စက္ကူသားမှာ ပုရပိုက်ဖြူကဲ့သို့ နူးညံ့ခြင်း၊ ရောထွေးခြင်းမရှိနိုင်ပေ။

ရှမ်းပုရပိုက်၊ ဝါးရာထိုးပုရပိုက်၊ ဝါးရိုးရိုးပုရပိုက်တို့သည် အသွင်ကွဲပြားခြင်း ထူးခြားမှုမရှိပါ။ ဝါးနှင့်ကောက်ရိုးတို့ဖြင့် ပြုလုပ်သည့်ပုရပိုက်များ ဖြစ်၍ ခြားနားခြင်းမရှိပါ။ ရှမ်းလူမျိုး၊ မြန်မာလူမျိုးတို့ ပြုလုပ်တတ်ကြသည်။ ကုန်ကြမ်းပြုလုပ်သည့် နည်းပညာပိုင်းအဆင့်ဆင့်တို့တွင် အနုစိတ် အသေးစိတ်မပြုလုပ်သဖြင့် ပုရပိုက်ဖြူ ပုရပိုက်နက်တို့မှာ အရည်အသွေးအားဖြင့် ကွဲပြားသွားရခြင်း ဖြစ်သည်။

**သရက်ချဉ်ပုရပိုက်**

ရှမ်းပုရပိုက်ကို ရှမ်းပြည်နယ်မှ ထွက်သောကြောင့် ခေါ်သည်။ သရက်ချဉ်ပုရပိုက်ကိုမူ သရက်ချဉ်ပင်ဖြင့် လုပ်ရသည်ကို အစွဲပြုခေါ်သည်ဟု ပုဂံဝန်ထောက်မင်း ဦးတင်၏ မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းပေါင်းချုပ် (စာ–၆၁၃) တွင် ဖော်ပြပါရှိသည်။ ယင်းသို့ သရက်ချဉ်ပုရပိုက်ကို သရက်ချဉ်ပင်ဖြင့် ပြုလုပ်သည်ဟူ၍ မြန်မာ့စွယ်စုံကျမ်းအတွဲ (၁၀)၌ လည်းကောင်း၊ ၁၉၉၁ခုနှစ် စာပေဗိမာန်စာမူဆု ' မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာစာပေ' ဒုတိယဆုရ ဦးမြတ်ကျော်၏ "မြန်မာ့ရိုးရာ အမွေအနှစ်ရေးဟောင်းပေ၊ ပုရပိုက်''စာအုပ်တွင်လည်းကောင်း၊ ဆရာနန်းညွန့်ဆွေ၏ ၁၉၉၄ ခုနှစ်နိုဝင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်းတွင် ဖော်ပြခဲ့သည့် "ရွှေစာပုရပိုက်"ဆောင်းပါး၌လည်းကောင်း ရေးသားကြသည်ကို ဖတ်ရှုရပါသည်။ ယင်းစာအုပ်ဆောင်းပါးများတွင် ရေးသားထားသော သရက်ချဉ်ပင်မှဖြစ်သော သရက်ချဉ်ပုရပိုက်ဟူ၍ ဖော်ပြပါရှိသည်မှာ ပုဂံဝန်ထောက်မင်း ဦးတင်၏ မြန်မာမင်းအုပ်ချုပ်မှုစာတမ်းကို ကိုးကားရည်ညွှန်းမှု အငွေ့အသက်မကင်းဟု ယူဆရပါသည်။

ယင်းသို့ပညာရှင် ဆရာတစ်ဆူ၏အဆိုအမိန့်ကို မငြင်းပယ်ကောင်းသော်လည်း စာရေးသူ၏ ဘဝပတ်ဝန်းကျင် စာပေလေ့လာချက်အရ သရက်ချဉ်ပုရပိုက်သည် သရက်ချဉ်ပင်မှပြုလုပ်သည်ဟူသည့် ယူဆချက်ကို ဘဝင်မကျမိပေ။ သို့သော် အထက်ပါပြုစုရေးသားဆိုမိန့်ကြသည့် ဆရာကြီးများနှင့် ကျွန်တော်မှာ စာပေပညာအရာ၌ မိုးနှင့် မြေကြီး ပမာကွာခြားလှသည်ဖြစ်၍ ထင်မြင်ယူဆချက်ကို ဖော်ပြနိုင်ရန် မတတ်သာပါ။

၁၉၉၃ ခုနှစ် ဆောင်းဦးကာလတစ်နေ့တွင် ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်မှူး ဦးမြတ်စိုး၊ ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက် ပေ၊ ပုရပိုက်ခန်းမှူး ဦးမောင်မောင်သိန်းတို့နှင့်အတူ စာရေးသူတို့ စကားစပ်မိရာမှ ပေ၊ ပုရပိုက်အကြောင်းရောက်သွားပါသည်။ စာရေးသူက သရက်ချဉ်ပုရပိုက်သည် သရက်ချဉ်ပင်မှ ပြုလုပ်ခြင်း မဟုတ်ပါကြောင်း၊ ရှမ်းလူမျိုးများ ပြုလုပ်သောကြောင့် ရှမ်းပုရပိုက်ခေါ်သလို၊ မြန်မာပြည်တွင်အရပ်ဒေသ ထွက်ကုန်၊ မန္တလေးထိုးမုန့်၊ ပုသိမ်ထီး၊ ပုသိမ်ဟာလဝါ၊ ပြည်လို့ပြောင်းဖူး၊ ကျောက်ကာထည်၊ သရက်မလိုင်လုံး၊ အင်းလေးလုံချည်၊ အင်းမလုံချည် စသည်တို့ကို ဒေသအစွဲပြု၍ ခေါ်ဝေါ်ကြပါကြောင်း၊ သရက်ချဉ် ပုရပိုက်မှာမူ သရက်ချဉ်ပင်ဟူ၍လည်း မရှိပါကြောင်း၊ စလင်းမြို့နယ် သရက်ချဉ်ကျေးရွာမှပြုလုပ်သဖြင့် သရက်ချဉ် ပုရပိုက်ဟုခေါ်ပါကြောင်း၊ သရက်ချဉ်ကျေးရွာတွင် ရှေးအခါက ပုရပိုက်ပြုလုပ်သည့်နေရာကို ပုရပိုက်တန်းဟု ခေါ်ပါကြောင်း၊ ယခုအခါ ရွာအဖြစ်တည်ရှိနေပြီး ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၏ဇာတိ ရမ်ဘိုကုန်းရွာသစ်နှင့် နီးကပ်နေသည့်ရွာဖြစ်ပါကြောင်း၊ ဆင်ဖြူကျွန်းအောင်သိန်းမှလည်း သရက်ချဉ်ရွာကို အစွဲပြု၍ သရက်ချဉ်ပုရပိုက်ဟု ခေါ်ဆိုသည်ဖြစ်ပါကြောင်းနှင့် သရက်ချဉ်ပုရပိုက်ကို အုန္နဲပင်ခေါက်မှပြုလုပ်ပါကြောင်း စသည်ဖြင့် ပြောကြားပါသည်။

**စလင်းမြို့နယ်သို့ ကွင်းဆင်း**

သရက်ချဉ်ပုရပိုက်ကို သရက်ချဉ်ပင်မှပြုလုပ်သည်ဟု ဆိုမိန့်ရာတွင် သရက်ပင်ဟူ၍ မြန်မာ့စာပေဝေါဟာရတွင် သုံးသည့် သရက်ပင်အမျိုးအစားမှာ သရက်သီးကိုစွဲ၍ အမည်သညာကွဲပြား ခေါ်ဝေါ်ထားကြသော်လည်း သရက်ချဉ်ပင်ဟူ၍ မကြားဖူးပါ၊ မတွေ့ရဖူးပါ။ ထို့ပြင် သရက်ပင်၏ အခေါက်သည် အစေးအလွန်များသည်။ သစ်စေးပြုလုပ်ရာတွင်သာအသုံးဝင်သည်။ ပျော့ဖတ်ပြုလုပ်ရန် မလွယ်ကူပါပေ။ အခေါက်ယူရာတွင်လည်း ပင်စည်ထက် ကိုင်းဖျားကိုင်းနား အခက်အလက်မှသာအခေါက်ခွာယူ၍ ပြုလုပ်ခြင်းက လွယ်ကူသည်ဟု ယူဆရပါသည်။ သရက်ပင်အမျိုးအစားတွင် ချဉ်သောအပင်နှင့် ချိုသောအပင်ဟူ၍သီးခြားမရှိပါ။ သရက်သီးနုစဉ်တွင် ဖန်၏၊ ရင့်လျှင်ချဉ်၏။ မှည့်သောအခါ ချို၏။ ယင်းတို့မှာ သဘာဝပင်ဖြစ်သည်။ သရက်ချဉ်ပင်ဟု သီးသန့်ခေါ်ဝေါ်ခြင်း မရှိပါဟူ၍လည်း ဆရာနှစ်ဦးက ပြန်လှန်ဆွေးနွေးသုံးသပ်ကြပါသည်။

ကနဦးကတည်းကပင် သရက်ချဉ်ပုရပိုက်ကို သရက်ချဉ်ပင်မှ ပြုလုပ်သည်ဆိုသည့် အယူအဆကို လက်မခံချင်သော ဦးမြတ်စိုးနှင့် ဦးမောင်မောင်သိန်းတို့က လေ့လာရာလမ်းစ ပေါ်သည်ဖြစ်၍ တက္ကသိုလ်များဗဟိုစာကြည့်တိုက်မှူး ဦးသော်ကောင်းထံတင်ပြခွင့်ပြုချက်ရယူပြီး စာရေးသူနှင့်အတူ စလင်းမြို့နယ် သရက်ချဉ်ကျေးရွာသို့ ကွင်းဆင်းခဲ့သည်။

စလင်းမြို့နယ် သရက်ချဉ်ကျေးရွာသို့ ရောက်သည့်အခါ သရက်ချဉ်ကျေးရွာ အလယ်တန်းကျောင်းအုပ်ဆရာကြီး ဦးထွန်းဝနှင့် ရွာဦးဘုန်းတော်ကြီးကျောင်းဆရာတော်တို့က ကူညီကြပါသည်။ သရက်ချဉ်ရွာ၏ တောင်ဘက်ရှိ ပုရပိုက်တန်းဟုခေါ်သည့် အိမ်ခြေ ၂၀ ကျော်ခန့်ရှိသောအစုတွင် ရှေ့မီနောက်မီအဘိုးအဘွားများနှင့် တွေ့ဆုံမေးမြန်းခွင့် ရခဲ့သည်။ ပုရပိုက်တန်းရွာ အသက် (၇၀)ကျော် ဦးဖိုးထွားက ကိုယ်တိုင်လုပ်ကိုင်ခဲ့ခြင်း မရှိသော်လည်း မိဘများ၏ ပုရပိုက်လုပ်ငန်းများကို တွေ့ခဲ့၊ မြင်ခဲ့၊ သိခဲ့သည်များ ရှင်းလင်းပြောပြခဲ့သည်ကို မှတ်သားရပါသည်။

**သရက်ချဉ်ပုရပိုက်လုပ်ဆောင်ပုံ**

သရက်ချဉ်ပုရပိုက်ဖြစ်လာရေးအတွက် ရှေးဦးပထမ စက္ကူပြုလုပ်နည်းမှာ မိုင်းကိုင်စက္ကူ၊ ရှမ်းစက္ကူ၊ ဝါးစက္ကူများကဲ့သို့ပင်ဖြစ်ပါကြောင်း၊ ရှမ်းပုရပိုက်အတွက် ကုန်ကြမ်းမှာ ရှမ်းပြည်နယ်တွင် ပေါက်ရောက်သည့် "ဆား"ဟု ခေါ်သည့် အပင်ငယ်တစ်မျိုးပင်ဖြစ်သည်။ သရက်ချဉ်ပုရပိုက်ကိုမူ အုန္နဲ (Streblus asper Lour) အပင်၏ အခေါက်ဖြင့်ပြုလုပ်ကြောင်း သိရသည်။ အုန္နဲပင်သည် အမြဲစိမ်းလန်းသော သဘာဝပေါက်ပင်ဖြစ်သည်။ လုံးပတ်နှစ်ပေ၊ သုံးပေခန့်ရှိပြီး အပင်လတ်ဖြစ်သည်။ အသားမှာ နူးညံ့၍ အဖြူရောင်ရှိသည်။ ဆေးလိပ်သောက်ဆေးနှင့် ရော၍ ဆေးရိုးအဖြစ်သုံးသည်။ အပင်အကိုင်းအခက်များကို ခုတ်၍ နုပ်နုပ်စဉ်းကာ မြေအိုး သို့မဟုတ် သံဒယ်အိုးနှင့် ပြုတ်သည်။ ရှမ်းပြည်နယ်တွင် "အုန္နဲ"ပင် အခေါက်ကို "ပြာ"ထည့်၍ ပြုတ်သည်။ သရက်ချဉ်ရွာတွင်မူ "သဲဆပ်ပြာ" ထည့်၍ပြုတ်သည်။ သရက်ချဉ်ရွာအနီးတွင် သဲဆပ်ပြာများကိုလည်း တွေ့ရှိရသည်။

အုန္နဲခေါက်ကို ရေနှင့်သန့်စင် ဆေးကြောပြီး နှစ်ရက်ခန့် နေလှန်းရသည်။ တစ်မနက်ခန့်ရေစိမ်ထားကာ ဆယ်ယူ၍ ပြုတ်အိုးဖြင့် ၅နာရီမှ၆နာရီခန့်ပြုတ်ရသည်။ ပြုတ်အိုးကို ချကာ အေးသောအခါ အရည်များကို သွန်၍ အခေါက်လွှာများကို ဆယ်ယူရသည်။ ဆယ်ပြီးပြုတ်ဖတ်အလွှာများကို ရေနှင့် နိုင်နိုင်ဆေး၍ သန့်စင်ပြီးရေစိမ်ထားရသည်။

ယင်းပြုတ်ဖတ်များကို ပိတ်ဇာခြင်ထောင်စများဖြင့် ပေါင်းကျစ်ထားသည့် ဆန်ခါကွက်ပေါင်အတွင်း ညီညာစွာဖြန့်လျက် လက်ခတ်ဖြင့်ပွတ်တိုက်ပါ။ ဆန်ခါကွက်ပေါင်ချပ်ထက် ပတ်လည် တစ်ပေ–နှစ်ပေခန့်ကျယ်၍ ဇောက်နှစ်ပေခန့်ရှိသည့် ရေကန်ထဲသို့ချပြီး ညီညာစွာပြန့်ပြူးစေရန် ပေါင်ကို လှုပ်ခါပေးခြင်း၊ ရေထဲမှ အထက်အောက် မတင်ခြင်းဖြင့် စက္ကူချပ်ပြားသဖွယ် ဖြစ်လာသည်။ ထို့နောက် ရေစစ်ပြီး အခြောက်ခံထားပါက ပုရပိုက်စက္ကူထူထူရရှိသည်။ ထိုစက္ကူကို ရေစီးလွှာလိုက်ခေါက်၍ အသုံးပြုနိုင်ပါသည်။ ပုရပိုက်နက်ဖြစ်လာစေရန်အတွက် ပုရပိုက်ကို ထမင်းရည်၊ မီးသွေးမှုန့်ရော၍ သုတ်လိမ်းရပါသည်။

**ရွာအမည်ကိုစွဲ၍ခေါ်သည်ဟု ရေးသားကြ**

ကျွန်တော်တွေ့ရှိလေ့လာ မှတ်သားချက်များကို သရက်ချဉ်ပုရပိုက်သည် သရက်ချဉ်ပင်မှ ပြုလုပ်သည် မဟုတ်ဘဲ အုန္နဲပင်ကိုသာပြုလုပ်ခြင်းဖြစ်ကြောင်း၊ ၁၉၉၅ ခုနှစ် မေလထုတ် ငွေတာရီမဂ္ဂဇင်းတွင် ဖော်ပြရေးသားခဲ့ပါသည်။ စာပေဗိမာန်စာတည်းမှူးချုပ် ဆရာမောင်ဆုရှင်ထံသို့တင်ပြရာ ဆရာကစွယ်စုံကျမ်းအသစ် ပြန်လည်ထုတ်ဝေသည့်အခါ ပြင်ဆင်ချက်ထည့်သွင်းရမည်ဟု သဘောထားမှတ်ချက်ပေးခဲ့ပါသည်။ ယခုအခါ ထွန်းဖောင်ဒေးရှင်း၏ အကူအညီဖြင့် စွယ်စုံကျမ်းအသစ်ကို ခေတ်နှင့်လျော်ညီအောင်ပြင်ဆင်ထုတ်ဝေမည်ဟု သိရပါ၍ ၂၉ – ၉– ၂၀၁၇ နေ့တွင် စာပေဗိမာန်စာတည်းမှူးချုပ်ထံ ထပ်မံ၍ တင်ပြခဲ့ပါသည်။

ကျွန်တော်နှင့်အတူ စလင်းမြို့နယ် သရက်ချဉ်ကျေးရွာသို့ ပေ၊ ပုရပိုက်လေ့လာရေးခရီးစဉ်တွင် ပါဝင်ခဲ့သည်။ ဦးမောင်မောင်သိန်း (ရန်ကုန်တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၊ မိုက်ခရိုဖလင်ဌာနစိတ်၌ စက်မှူလ/ထ (၁)ခတ်ပုံ ဆရာ)၏ ၁၉၉၇ခုနှစ် ပခုက္ကူဦးအုံးဖေစာပေဆု "ပေပုရပိုက် မျက်နှာပြင်များပေါ်မှ လေ့လာတွေ့ရှိချက်များ''စာအုပ်(စာ– ၇၀၊ ၇၁၊ ၇၂၊ ၇၃)နှင့် ၁၉၈၈ ခုနှစ်ပခုက္ကူ ဦးအုံးဖေ စာပေဆု မောင်မောင်ညွှန့် (မန်းတက္က သိုလ်) "မြန်မာတို့၏အမျိုးသားယဉ်ကျေးမှုအမွေ ပေစာပုရပိုက်'' စာအုပ် (စာ–၈၇) တို့တွင် သရက်ချဉ်ပုရပိုက်ဟူသည် သရက်ချဉ်ပင်ကို ပြုလုပ်ခြင်းမဟုတ်ဘဲ သရက်ချဉ်ရွာက ပြုလုပ်ခြင်းကြောင့် ရွာအမည်ကို အစွဲပြု၍ သရက်ချဉ်ပုရပိုက်ဟု ခေါ်ဆိုကြောင်း ပြဆိုထားကြပါသည်။

ဆရာဦးမြတ်ကျော်၏ (၁၉၉၁ ခုနှစ် စာပေဗိမာန်စာမူဆု၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာ စာပေဆုရ) စာအုပ်နှင့် ဆရာမောင်မောင်သိန်း၏ (၁၉၉၇ ခုနှစ် ပခုက္ကူဦးအုံးဖေစာမူဆုရ ပေပုရပိုက်မျက်နှာပြင်ပေါ်မှ တွေ့ရှိချက်များ) စာအုပ်၊ ဆရာဦးမောင်ညွှန့် (မန်းတက္ကသိုလ်) ၏ (၁၉၈၈ ခုနှစ် ပခုက္ကူ ဦးအုံးဖေစာပေဆုရ မြန်မာတို့၏အမျိုးသားယဉ်ကျေးမှုအမွေပေစာပုရပိုက်စာအုပ်) တို့တွင် နှိုင်းယှဉ်ကြည့်ပါက စာအုပ်တို့တွင် သရက်ချဉ်ပုရပိုက် အခေါ်အဝေါ်ကွဲလွဲနေမှုမှာ နောက်ဆုံးသုတေသနပြုတွေ့ရှိချက်များကို အလေးထား၍ နိုင်ငံတော်အဆင့်စာမူဆုနှင့် စိစစ်ရွေးချယ်ရေးအဖွဲ့မှ သရက်ချဉ်ပုရပိုက်သည် သရက်ချဉ်ရွာမှပြုလုပ်သည်ဟု အဆိုအမိန့်ကို လက်ခံသည်ဟု ယူဆမိပါသည်။

**အမည်ကွဲလွဲနေမှု**

ယခုတစ်ဖန် ၂၀၂၀ပြည့်နှစ် မတ်လ ၁၉ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ (စာ–၁၉/၂၀)တွင် သိပ္ပံစာရေးဆရာ ကိုကိုအောင်ရေးသားသည့် ရှေးမြန်မာ့လက်မှုပစ္စည်းများ (ပန်းတမော့၊ ပန်းပဲ၊ ပန်းတဉ်း၊ ပုရပိုက်) ဆောင်းပါး၌ -------

"ပုရပိုက်အဖြူနှင့်အနက်ဟူ၍ရှိရာ ပုရပိုက်အနက်တွင် ထုတ်လုပ်ပုံနှင့်အသုံးပြုသည့် ကုန်ကြမ်းကို လိုက်၍ လေးမျိုးရှိသည်။ ပထမအမျိုးအစားဖြစ်သော ရှမ်းပုရပိုက်မှာ ရှမ်းစက္ကူဖြင့် ပြုလုပ်ထားသော ပုရပိုက်ဖြစ်သည်။ အကြမ်းစားစက္ကူဖြစ်သော်လည်း တာရှည်ခံသည်။ ဒုတိယအမျိုးအစားမှာ သရက်ချဉ်ပုရပိုက်ဖြစ်ပြီး ပုရပိုက်ပြုလုပ်သော သစ်ပင်၏အမည်ကို စွဲ၍ခေါ်တွင်ခြင်း ဖြစ်သည်။ သရက်ချဉ်ပင်မှပုရပိုက် သို့မဟုတ်စက္ကူထုတ်လုပ်ထားကြောင်းသိသာသည်"ဟု ပြဆိုမှုကို မူရင်းအတိုင်း ဖတ်ရှုဖော်ပြအပ်ပါသည်။

ယင်းသို့သိပ္ပံစာရေးဆရာကိုကိုအောင်၏ "သိပ္ပံပညာရပ်ဖြင့် သုတေသနပြုရေးသားမှု၏ တွေ့ရှိတင်ပြချက်ကို ကျွန်တော်ဝေဖန်သုံးသပ်ခြင်း မပြုနိုင်လင့်ကစား ပညာရှင်များအနေဖြင့် သမိုင်းအယူအဆတစ်ခုအဖြစ် အမှန်ထင်မြင်ယူဆချက်ကိုဖော်ထုတ်ကြပါရန်ပန်ကြားအပ်ပါသည်။ သို့မှသာ သမိုင်းဝင်ပုရပိုက် အမည်ကွဲလွဲနေသည့် ယူဆချက်တစ်ခုကို မျိုးဆက်သစ်များအတွက်အမှန်တရားပေါ်ပေါက်အောင် ဆုံးဖြတ်သုံးသပ်ပေးကြရန်ကိုလည်း လေးစားစွာဖြင့် ပန်ကြားအပ်ပါသည်။ ။


**ရည်ညွှန်းစာအုပ်များ–**

(၁) ပုဂံဝန်ထောက်မင်းဦးတင်–မြန်မာမင်းအုပ်ချုပ်ပုံ စာတမ်းနှင့်ဘိုးတော်ဘုရားကြီး၏ ရာဇသတ်ခေါ်သောအမိန့်တော်တမ်းကြီး (၅တွဲပေါင်းချုပ်) စိတ်ကူးချိုချိုစာပေ တတိယအကြိမ် ၂၀၁၂။

(၂) မြန်မာ့စွယ်စုံကျမ်း – အတွဲ (၁၀)– မြန်မာနိုင်ငံ ဘာသာပြန် စာပေအသင်း (၁၉၆၈)

(၃) ဦးမြတ်ကျော်– မြန်မာ့ရိုးရာအမွေအနှစ်၊ ရှေးဟောင်းပေစာပုရပိုက်စာ စာပေဗိမာန် ရန်ကုန် (၁၉၉၃)

(၄) ဦးမောင်မောင်သိန်း– ပေပုရပိုက်မျက်နှာပြင်ပေါ်မှ တွေ့ရှိချက်များ၊ စာပေဗိမာန်ရန်ကုန် (၂၀၀၀)။

(၅) ဦးမောင်မောင်ညွှန့် – မြန်မာတို့၏ အမျိုးသားယဉ်ကျေးမှုအမွေ ပေစာပုရပိုက်၊ (မန်းတက္ကသိုလ်) စာပေဗိမာန်ရန်ကုန် ( ၁၉၉၉)

(၆) သိပ္ပံစာရေးဆရာ ကိုကိုအောင်– ရှေးမြန်မာ့လက်မှုပစ္စည်းများ (ပန်းတမော့၊ ပန်းပဲ၊ ပန်းတဉ်း၊ ပုရပိုက်) ဆောင်းပါး မြန်မာ့အလင်းသတင်းစာ (၁၉.၃.၂၀၂၀) စာ–၁၉/၂၀

(၇) အောင်စိုး (တိရစ္ဆာန်ဆေးကုဆရာဝန်)– နယ်ချဲ့စစ်သားဆင့်ခေါ်မှုကို ဖော်ပြခဲ့သည့် ပုရပိုက်တစ်ဆူ (ဆောင်းပါး)၊ ငွေတာရီမဂ္ဂဇင်း (၅/၁၉၉၅)(စာ၇၅–၇၉)

## တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့တွင် ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃ ရက်တွင် မန္တလေး-မူဆယ်ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၁၅ စီး၊ သွင်းကုန် ၃၁၁ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၁၈၃ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၃ ရက်က မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းမှ တားဆီးမှု ကိုးမှု စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃ ဒသမ ၂၃၁ သန်းတန်ဖိုးရှိ တရားမဝင်ကန့်သတ် ကုန်ပစ္စည်းဖြစ်သော သိုဝှက် သယ်ဆောင်လာသည့် အမိုနီယမ်နိုက်ထရိတ် (1x38Kg) (343PKgs)၊ သံပိပါခွံ C/O–Thailand အလုံး ၈၀၊ ဒေသထွက် ဆား C/O–MM(1x38kg) (400Pkgs)၊ ပစ္စည်းတင်ဆောင်လာသည့် ယာဉ် Nissan UDGK4XAD C/O Japan နှင့် ကျိုက်ထိုမြို့ဘက်သို့ ကင်းလှည့်စစ်ဆေးနေစဉ်အတွင်း ဖမ်းဆီးရမိသော Toyota Kluger C/O Japan၊ Toyota Noah C/O Japan၊Toyota Voxy C/O Japan၊ Mitsubishi Canter C/O Japan၊ Mazda Bongo C/O Japan ပစ္စည်းသယ်ဆောင်လာသည့်ယာဉ်နှင့် လိုင်စင်မဲ့ယာဉ်များအား ဖမ်းဆီးရမိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား AA အကြမ်းဖက်သောင်းကျန်းသူများက ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်

**နေပြည်တော် ဩဂုတ် ၄**

ရခိုင်ပြည်နယ် မောင်တော တောင်ဘက်ခြမ်းဒေသတွင် နယ်မြေလုံခြုံရေးဆောင်ရွက်နေသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက ချောင်းမြောင်းပစ်ခတ်တိုက်ခိုက်မှုဖြစ်စဉ် ဖြစ်ပွားခဲ့ကြောင်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် ဩဂုတ် ၃ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များသည် တရားဥပဒေစိုးမိုးရေး၊ နယ်မြေလုံခြုံရေးနှင့် တရားမဝင် ဝင်ရောက်မှုများ မရှိစေရေးအတွက် အင်းဒင်နှင့် စေတီပြင်ကျေးရွာ တစ်ဝိုက်၌ လုံခြုံရေးတာဝန်များ ဆောင်ရွက်နေစဉ် မေယုတောင်ကြောပေါ်ရှိ အင်းဒင်တောင်ကျော်လမ်းတွင် AA အကြမ်းဖက်သောင်းကျန်းသူများက လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ၂ ကြိမ် ချောင်းမြောင်းတိုက်ခိုက်သဖြင့် ပြန်လည်ပစ်ခတ်တိုက်ခိုက်ရာ အကြမ်းဖက်သောင်းကျန်းသူများ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း၊ ယင်းဖြစ်စဉ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်တချို့ ထိခိုက်ကျဆုံး ဒဏ်ရာရရှိခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ ဦးစီးမှူးတစ်ဦး သေဆုံးခဲ့ကြောင်း ဖော်ပြထားသည်။

ဩဂုတ် ၂ ရက်ကလည်း မေယုတောင်တန်းပေါ်၌ နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များကို AA အကြမ်းဖက်သောင်းကျန်းသူများက ချောင်းမြောင်းတိုက်ခိုက်မှုများ ပြုလုပ်ခဲ့ပြီး နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး ပျက်ပြားစေရန် ရည်ရွယ်ချက်ရှိရှိ နှောင့်ယှက်လျက်ရှိသောကြောင့် AA အကြမ်းဖက်သောင်းကျန်းသူများကို အကြမ်းဖက်နှိမ်နင်းမှုစစ်ဆင်ရေး Counter – Terrorism Operation ဆက်လက်ပြုလုပ်လျက်ရှိကြောင်း သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**

## AA အကြမ်းဖက်သောင်းကျန်းသူ အမာခံနှစ်ဦး ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်၌ AA အကြမ်းဖက်သောင်းကျန်းသူ အမာခံနှစ်ဦး ဖမ်းဆီးရမိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် ကျောက်ဖြူမြို့နယ် ကြံ့ချိုင်ကျေးရွာနေ ဦးစံသိန်းတင်(ခ) ဘေထုပ် (၅၇ နှစ်) သည် AA အကြမ်းဖက်သောင်းကျန်းသူတို့၏ စေခိုင်းချက်အရ ကြံ့ချိုင်ကျေးရွာမှ ဆက်ကြေးကောက်ခံပေးနေကြောင်း အခြားသတင်းများအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇူလိုင် ၃၁ ရက် မွန်းလွဲ ၂ နာရီတွင် ၎င်းအား သွားရောက်ဖမ်းဆီးခဲ့ကြောင်း၊ စစ်ကြောမေးမြန်းချက်အရ ကွင်းဆက်အမာခံဖြစ်သူ စီမော်ကျေးရွာနေ ဦးခင်ညွှန့် (၃၈ နှစ်) အား ဩဂုတ် ၁ ရက် မွန်းလွဲ ၂ နာရီခွဲခန့်တွင် ၎င်း၏ နေအိမ်၌ သွားရောက်ဖမ်းဆီးခဲ့ကြောင်း။

စံသိန်းတင်(ခ)ဘေထုပ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများအတွက် ၂၀၁၈ ခုနှစ်အတွင်း ဇွန်လ၊ ဩဂုတ်လနှင့် စက်တင်ဘာလများအတွက်ပါ ကြံ့ချိုင်ကျေးရွာမှ ဆက်ကြေးကောက်ခံပြီး ပေးအပ်ခဲ့ရကြောင်း၊ ခင်ညွှန့်မှာ AA အကြမ်းဖက်သောင်းကျန်းသူများအတွက် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီ၊ မတ်၊ ဧပြီနှင့် မေလများတွင် ဆက်ကြေးကောက်ခံပေးရသည်ဟု ဝန်ခံထွက်ဆိုခဲ့ကြကြောင်း ဖော်ပြထားသည်။

အဆိုပါ AA အကြမ်းဖက်သောင်းကျန်းသူ အမာခံများဖြစ်သော စံသိန်းတင်နှင့် ခင်ညွှန့်တို့အား လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာသို့ လွှဲပြောင်းအပ်နှံသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

## ယူရိုပါလိဂ်ပွဲစဉ်များ ယနေ့ညတွင် ပြန်လည်ယှဉ်ပြိုင်ကစားမည်

ကိုဗစ် – ၁၉ ကပ်ရောဂါကြောင့် ရပ်နားထားသည့် ယူရိုပါလိဂ်ပွဲစဉ်များကို ဩဂုတ် ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ပြန်လည်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

ယူရိုပါလိဂ် ၁၆ သင်းအဆင့် ပွဲစဉ်ရှစ်ပွဲအနက် ခြောက်ပွဲကို ပြီးခဲ့သည့် မတ် ၁၂ ရက်က ယှဉ်ပြိုင်ကစားခဲ့ပြီးဖြစ်သည်။ ကျန်ရှိနေသေးသည့် ပထမအကျော့ပွဲစဉ်နှစ်ပွဲနှင့် ဒုတိယအကျော့ပွဲစဉ်များကို ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယူအီးအက်ဖ်အေက ရပ်နားထားလိုက်ရခြင်းဖြစ်သည်။ သို့သော်လည်း ဇွန် ၁၇ ရက်တွင် ယူအီးအက်ဖ်အေက ဒုတိယအကျော့ပွဲစဉ်များကို ဩဂုတ် ၅ နှင့် ၆ ရက်တို့တွင် ပြန်လည်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ ဇူလိုင် ၂၀ ရက်တွင် ဒုတိယအကျော့ပွဲစဉ်များကို သက်ဆိုင်ရာအိမ်ကွင်းတွင် ပုံမှန်အတိုင်း ကျင်းပခွင့်ရှိကြောင်း အတည်ပြုထုတ်ပြန်ကြေညာခဲ့သည်။ ပထမအကျော့ပွဲစဉ်တွင် ယှဉ်ပြိုင်ကစားခဲ့ရခြင်းမရှိသည့် အင်တာမီလန်နှင့် ဂီတာဖေး၊ ဆီဗီလာနှင့် ရိုးမားအသင်းတို့ အနေဖြင့် တစ်ကျော့တည်းစနစ်ဖြင့် ကြားကွင်းတွင် ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။

ဩဂုတ် ၅ ရက် **(ယနေ့)** ည ၁၁ နာရီ ၂၅ မိနစ်တွင် ကိုပင်ဟေဂင်အသင်းနှင့် အစ္စတန်ဘူလ်အသင်း၊ ရှက်တာဒိုးနက်အသင်းနှင့် ဝုလ်ဘတ်အသင်းတို့ စတင်ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဩဂုတ် ၆ ရက် (မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲ) တွင် အင်တာမီလန်အသင်းနှင့် ဂီတာဖေးအသင်း၊ မန်ယူအသင်းနှင့် LASK အသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ည ၁၁ နာရီ ၂၅ မိနစ်တွင် လေဗာကူဆင်အသင်းနှင့် ရိန်းဂျားအသင်း၊ ဆီဗီလာအသင်းနှင့် ရိုးမားအသင်းတို့ ယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။ ဩဂုတ် ၇ ရက် (မြန်မာစံတော်ချိန် နံနက် ၁ နာရီခွဲ) တွင် ဝုဖ်အသင်းနှင့် အိုလံပီယာကော့စ်အသင်း၊ ဘေဆယ်အသင်းနှင့် ဖရန့်ဖတ်အသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်သည်။

ကိုပင်ဟေဂင်အသင်းနှင့် အစ္စတန်ဘူလ်အသင်းတို့ ပထမအကျော့ယှဉ်ပြိုင်ကစားခဲ့စဉ်က အစ္စတန်ဘူလ်အသင်း တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိထားသည်။ ရှက်တာဒိုးနက်နှင့် ဝုလ်ဘတ်အသင်းတို့ပွဲစဉ်တွင် ရှက်တာဒိုးနက်က ဂျူနီယာမော်ရေး၊ မားကို့စ် အန်တိုနီယိုတို့၏ သွင်းဂိုးများနှင့်အတူ နှစ်ဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိထားသည်။

အင်တာမီလန်အသင်းနှင့် ဂီတာဖေးအသင်းတို့သည် ပထမအကျော့ပွဲစဉ်ကို ကိုဗစ် – ၁၉ ကြောင့် ယှဉ်ပြိုင်ကစားခဲ့ရခြင်းမရှိသည့်အတွက် ယခုပွဲစဉ်က အဆုံးအဖြတ်ပေးသွားမည်ဖြစ်သည်။ မန်ယူအသင်းနှင့် LASK အသင်းတို့ ကစားခဲ့သည့် ပထမအကျော့ပွဲစဉ်တွင် မန်ယူအသင်းက အီဂါလို၊ ဂျိမ်းစ်၊ မာတာ၊ ဂရင်းဝုဒ်၊ ပါရဲရားတို့၏ သွင်းဂိုးများနှင့်အတူ ငါးဂိုးပြတ်ဖြင့် အနိုင်ရရှိထားသည်။

အဆိုပါ နှစ်သင်း၏ ထိပ်တိုက်တွေ့ဆုံမှုကိုကြည့်လျှင် ၂၀၂၀ ပြည့်နှစ် မတ် ၁၃ ရက်တွင် တွေ့ဆုံထားပြီး မန်ယူအသင်းက ငါးဂိုးပြတ်အနိုင်ရရှိထားသည့် တစ်ပွဲသာလျှင်တွေ့ဆုံထားသည်။ ထို့အပြင် မန်ယူအသင်းမှ ဘရူနိုဖာနန်ဒက်စ်သည် ယခုနှစ်ရာသီ ယူရိုပါလိဂ်ဂိုးအများဆုံး သွင်းယူစာရင်းတွင် ဂျိုတာ၊ ကာမာဒါ၊ မော်ရီလော့စ်၊ စပေါ်ရာ၊ ဇစ်ကာတို့နှင့်အတူ ခြောက်ဂိုးဖြင့် ပူးတွဲရပ်တည်ထားကြောင်း သိရသည်။

၂၀၁၉–၂၀၂၀ ရာသီ ယူရိုပါလိဂ်ဘောလုံးပွဲစဉ်၏ ကွာတားဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၀ ရက်၊ ၁၁ ရက်တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်ပွဲစဉ်များကို ဩဂုတ် ၁၆ ရက်၊ ၁၇ ရက်တို့တွင် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကာ ဗိုလ်လုပွဲကို ဩဂုတ် ၂၁ ရက်တွင် ယှဉ်ပြိုင်ကစားသွားရန် လျာထားကြောင်း အချက်အလက်များအရ သိရသည်။

**အောင်ဇော်**

# ရွှေကူ၊ မိုးကုတ်၊ တာချီလိတ်နှင့် နောင်ချိုမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဩဂုတ် ၄**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် ဩဂုတ် ၃ ရက် နံနက်ပိုင်းက ရွှေကူမြို့နယ် ဗန်းမော်–မန္တလေးကားလမ်း ရွှေကမ္ဘာကျေးရွာဇရပ် အနီးတွင် ဆိုင်ကယ်တစ်စီးနှင့်အတူ မသင်္ကာဖွယ်တွေ့ရှိသူ မျိုးဝင်းနိုင်နှင့် စန်းဦးတို့ နှစ်ဦးအား ရှာဖွေရာ ဘိန်းဖြူ ၁ ဒသမ ၅၄ ကီလို၊ လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ အဆိုပါနေရာတွင် မသီတာဝင်းအား ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်း တစ်လုံးနှင့် လည်းကောင်း၊ ဆက်လက်၍ ရွှေကူမြို့ အမှတ် (၄) ရပ်ကွက်ရှိ စားသောက်ဆိုင်အနီးတွင် ဗျာတားဖာနှင့် မရွှေဝူမီးတို့အား ဆိုင်ကယ်တစ်စီး၊ လက်ကိုင်ဖုန်း တစ်လုံးတို့နှင့် လည်းကောင်း၊ ထို့ပြင် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၈) ဟံသာဝတီလမ်း အမှတ်(မ–၃/၇၉)တွင် လှစိုး(ခ)ပီလျှန်နှင့် မယန်လွင်ဖန်တို့အား ၎င်းနေအိမ်တွင် လက်ကိုင် ဖုန်းနှစ်လုံးနှင့် လည်းကောင်း ဖမ်းဆီးရမိသည်။

အလားတူ ယင်းနေ့ ညနေ ၅ နာရီခွဲတွင် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မိုးကုတ်မြို့နယ် လယ်ကြီးကျေးရွာအုပ်စု လယ်ကြီးကျေးရွာ စစ်ဆေးရေးဂိတ်တွင် အားဆာဖာ (ခ) ကေသဝ မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းစိမ်း ၇ ဒသမ ၈ ကီလိုနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို လည်းကောင်း။

ထို့အတူ ဩဂုတ် ၂ ရက် ညနေပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တာချီလိတ်မြို့ ပါဆပ်ရပ်ကွက်ရှိ တည်းခိုခန်းကားပါကင်သို့ အားတုန်(ခ) အိုက်ဘုန်း မောင်းနှင်ပြီး အားဝေလိုက်ပါလာသည့် Tiger အမျိုးအစား မော်တော်ယာဉ်နှင့် ယားပါ (ခ) ကျကမောင်းနှင်လာသည့် ဆိုင်ကယ်တို့အား ရပ်တန့်ရှာဖွေရာ အားတုန် (ခ) အိုက်ဘုန်းမောင်းနှင်သည့် ယာဉ်နောက်ခန်းမှ အိုက်စ် ၃၀ ကီလိုနှင့် လက်ကိုင်ဖုန်း နှစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့ပြီး ဆက်လက်၍ ဩဂုတ် ၃ ရက် နံနက်ပိုင်းတွင် တာချီလိတ်မြို့ ရန်အောင်မြေရပ်ကွက်ရှိ အားတုန် (ခ) အိုက်ဘုန်း ငှားရမ်းနေထိုင်သည့် အခန်းကို ရှာဖွေရာ အိုက်စ် ၁ ဒသမ ၉ ကီလို ထပ်မံသိမ်းဆည်းရမိသည်။



အားတုန်(ခ) အိုက်ဘုန်း၊ အားဝေ၊ ယားပါ(ခ) ကျကတို့အား ဖမ်းဆီးရမိသည့် အိုက်စ်များနှင့်အတူ တွေ့ရစဉ်။

အလားတူ ဩဂုတ် ၃ ရက် မွန်းလွဲပိုင်းက မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် နောင်ချိုမြို့နယ် မူဆယ်–မန္တလေးကားလမ်း ဘန့်ဘွေးကျေးရွာ အိုရီယမ်တယ်တိုးဂိတ်အနီးတွင် မင်းသူကို မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၈၀၀ သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# အောင်လံမြို့နယ်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် လူနေအိမ်နှင့် သစ်သားတံတားများ ပျက်စီးပြီး နှစ်ဦးပျောက်ဆုံး

**အောင်လံ ဩဂုတ် ၄**

အောင်လံမြို့နယ်အရှေ့ ပဲခူးရိုးမဘက်တွင် မိုးသည်းထန်စွာရွာသွန်းသဖြင့် တောင်ကျချောင်းရေများ ပြင်းထန်စွာ စီးဆင်းမှုကြောင့် အောင်လံမြို့နှင့် ၃၅ မိုင်ခန့် ကွာဝေးသည့် ကျေးရွာအုပ်စုများရှိ လူနေအိမ်များနှင့် သစ်သားတံတားများ၊ တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှု ဖြစ်ပွားပြီး လူနှစ်ဦး ပျောက်ဆုံးခဲ့သည်။




ဖြစ်စဉ်မှာ တောင်ကျချောင်းရေစီးဆင်းမှုကြောင့် ကျေးရွာအုပ်စု ရှစ်အုပ်စု၊ ကျေးရွာပေါင်း ကိုးရွာတွင် အိမ်ထောင်စု ၁၉စု၊ အိမ်ခြေ ၁၉လုံး၊ ကျား/မ စုစုပေါင်း ၆၅ ဦး၏ လူနေအိမ်များနှင့် သစ်သားတံတား ငါးစင်း ပျက်စီးခဲ့သည်။ သုံးရွာဆိုင်အုပ်စု၊ လက်ပခံကျေးရွာနေ ဦးမောင်ဆယ် ၇၁ နှစ်၊ ဒေါ်စာဥ ၇၁ နှစ်၊ မပျိုပျိုမေ ၂၀နှစ်၊ ဒေါ်တင်တင်အေး ၄၈ နှစ်နှင့် ၎င်းကျေးရွာရှိ ပဒဲချောင်းရေအား ဖြတ်ကူးသည့် သစ်ချိုးကျေးရွာနေ ဦးထွန်းမြင့် ၂၉ နှစ်တို့ ငါးဦးမှာ ရေစီးဖြင့် မျောပါသွားခဲ့ပြီး သုံးဦးအား ပြန်လည်ဆယ်ယူနိုင်ခဲ့သည်။ ဒေါ်တင်တင်အေးနှင့် ဦးထွန်းမြင့်တို့ နှစ်ဦးမှာ ပျောက်ဆုံးနေဆဲဖြစ်ပြီး ၎င်းကျေးရွာရှိ ဝက်အကောင်ရေ ၈၀ ခန့်မှာလည်း ချောင်းရေဖြင့် မျောပါပျောက်ဆုံးခဲ့၍ ရေဘေးသင့်ပြည်သူများအား နီးစပ်ရာ ဆွေမျိုးများအိမ်တွင် ယာယီနေရာချထားပေးလျက်ရှိသည်။

အခင်းဖြစ်နေရာသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်စိုးနှင့် မြို့နယ် မီးသတ်ဦးစီးမှူး ဦးထက်ဇော်မင်းနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ဒေသခံများနှင့် ပူးပေါင်း၍ ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မိုးကိုကို (အောင်လံ)**

# မြစ်ရေမြင့်တက်လာ၍ ပွန်တွန်း အတက်အဆင်းလမ်းကို တစ်ဖက်လျှင် ပေ ၈၀ စီတပ်ဆင်

**ဘားအံ ဩဂုတ် ၄**

မိုးသည်းထန်စွာရွာသွန်းပြီး ဂျိုင်းမြစ်ရေ မြင့်တက်လာသည့်အတွက် ဘားအံ - ကော့ကရိတ် - မြဝတီ ကားလမ်းပေါ်တွင်ရှိသည့် ဂျိုင်းမြစ်ကူး ပွန်တွန်း အတက်အဆင်းလမ်းကို ယနေ့ နံနက်ပိုင်းမှစ၍ တစ်ဖက်လျှင် ပေ ၈၀ စီ စုစုပေါင်း ပေ ၁၆၀ တပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။ **(အောက်ပုံ)**

အဆိုပါ တန် ၆၀ ပွန်တွန်း တံတားတွင် ပွန်တွန်း အတက်အဆင်းလမ်း တပ်ဆင်နေသည့် ကာလအတွင်း မော်တော်ယာဉ်များကို နှစ်နာရီခြား၊ သုံးနာရီခြား တစ်ကြိမ် ဖြတ်သန်း သွားလာစေသည့် အတွက် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှုမရှိဘဲ ပုံမှန်အခြေအနေတွင်သာရှိကြောင်း သိရသည်။




ထိုသို့ ဖြတ်သန်းစေရာတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ခွင့်ပြုထားသည့် တန်ချိန်အတိုင်း ကုန်တင်ယာဉ်ကြီးများအားလုံးကို ဖြတ်သန်းခွင့်ပေးထားကြောင်း၊ ဂျိုင်းမြစ်ရေသည် ယနေ့ နံနက် ၆ နာရီအချိန် တိုင်းတာချက်များအရ စိုးရိမ်ရေအမှတ် ၅၅၀ စင်တီမီတာအောက် ၄၀၀ စင်တီမီတာသို့ ရောက်ရှိနေပြီး ၃၆ နာရီအတွင်း တစ်မီတာခွဲခန့် မြင့်တက်လာရာ ပွန်တွန်းတံတားပေါ်မှ ဖြတ်သန်းသွားလာနေကြသော မော်တော်ယာဉ်များ၏ ဘေးအန္တရာယ် ကင်းရှင်းရေးကို စိုးရိမ်ရသည့် အနေအထားသို့ ရောက်ရှိလာသည့်အတွက် အရန်အဖြစ်ထားရှိသည့် ပွန်တွန်း အတက်အဆင်းလမ်းကို တပ်ဆင်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ပန်းတနော်မြို့နယ်တွင် မြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ၁၅ လုံး ယာယီပြောင်းရွှေ့

**ပန်းတနော် ဩဂုတ် ၄**

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် ရေပေါ်ကြီးကျေးရွာအုပ်စု အထက်ကဇင်းတောကျေးရွာတွင် ယနေ့ နံနက် ၁၁ နာရီက မြစ်ရေတိုက်စား၍ မြစ်ကမ်းပါးပြိုကျမှုကြောင့် လူနေအိမ် ၁၅ လုံးကို အန္တရာယ်လွတ်ကင်းမည့် နေရာများသို့ ယာယီပြောင်းရွှေ့ပေးခဲ့ကြောင်း သိရသည်။

အဆိုပါမြစ်ကမ်းပါးပြိုကျမှုကြောင့် အိမ်ထောင်စု ၁၅ စုအတွင်းရှိ အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၄၆ ဦးအား အန္တရာယ်လွတ်ကင်းမည့် နေရာများသို့ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများက ယာယီပြောင်းရွှေ့ထားရှိခဲ့ကြောင်း၊ ကမ်းပြိုကျမှုကြောင့် လူနှင့် တိရစ္ဆာန်တစ်စုံတစ်ရာ ထိခိုက်မှုမရှိကြောင်း သိရသည်။

**အေးချမ်းအောင် (ပန်းတနော်)**

# ချောင်းရေတိုက်စား၍ ပျက်စီးသွားသော သဲတောလေးကျေးရွာ ချောင်းကူးတံတား အသစ်တည်ဆောက်ရန် ဆောင်ရွက်

**မိတ္ထီလာ ဩဂုတ် ၄**

မိုးအဆက်မပြတ်ရွာသွန်းပြီး ချောင်းရေတိုက်စားမှုကြောင့် ပျက်စီးသွားသော သဲတောလေးကျေးရွာ ချောင်းကူးတံတားအား အသစ်ပြန်လည် ဆောက်လုပ်နိုင်ရန် ရှင်းလင်းရေးလုပ်ငန်းများကို ဩဂုတ် ၄ ရက်က တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ကျေးရွာဒေသခံများက ဝိုင်းဝန်းပူးပေါင်း ရှင်းလင်းဆောင်ရွက်ကြောင်း သိရသည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ချောင်းရေ တိုက်စားပြီး ပျက်စီးသွားသော အဆိုပါ သဲတောလေး ကျေးရွာချောင်းကူး တံတားမှာ အရှည်ပေ ၄၀၊ အကျယ် ၁၂ ပေ၊ သံကူကွန်ကရစ်အမျိုးစားဖြစ်သည်။ သဲတောလေး ကျေးရွာတွင် ချောင်းကူးတံတား ပျက်စီးခဲ့သည့်အပြင် ကျေးရွာဒေသခံများ စိုက်ပျိုးထားသော နှမ်း၊ ဝါ၊ ပြောင်း သီးနှံစိုက်ခင်းဧက ၂၀ ခန့်လည်း မိုးရေဝင်ရောက်ပြီး ပျက်စီးဆုံးရှုံးမှုရှိကြောင်း ဂဠုန်ကုန်း ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးက ပြောသည်။

**ချမ်းသာ (မိတ္ထီလာ)**

# ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ရေနံချောင်းမြို့နယ် ဝက်လွတ်ကျေးရွာ အ.ထ.ကကျောင်း ယာယီပိတ်ထား

**ရေနံချောင်း ဩဂုတ် ၄**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ဝက်လွတ်ကျေးရွာအုပ်စု ဝက်လွတ်ကျေးရွာ အခြေခံပညာ အထက်တန်းကျောင်းတွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုကြောင့် ဩဂုတ် ၄ ရက်ကစတင်၍ ယာယီပိတ်ထားရကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

အလားတူ ဝက်လွတ်ကျေးရွာအုပ်စု ကုန်းသောင်ကျေးရွာ အ.ထ.က(ခွဲ)ကျောင်းကိုလည်း မြစ်ရေဝင်ရောက်မှုကြောင့် ဇူလိုင် ၃၀ ရက်က ယာယီပိတ်ထားခဲ့ရပြီး အဆိုပါကျောင်းပိတ်ရက်များကို မြစ်ရေပြန်လည် ကျဆင်းချိန် အဖိတ်နေ့များတွင် ပြန်လည်အစားထိုး သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုစိုးကြီး**

# ဖားကန့် ဝှေခါမှော် မြေပြိုကျမှုဖြစ်ပွားခဲ့ရာ ကျင်းဘက်ရှိ ရပ်ကွက်အချို့မှ နေအိမ်များအား ယာယီပြောင်းရွှေ့ရန်နေရာစီစဉ်

**ဖားကန့် ဩဂုတ် ၄**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဝှေခါကျေးရွာအနီး ကျောက်မျက်လုပ်ကွက်ရပ်နားထားရာ ကျင်းဘက်သို့ မြေပြိုကျနိုင်သည့် ရပ်ကွက်အချို့မှ နေအိမ်များအား ဩဂုတ် ၃ ရက်က ယာယီပြောင်းရွှေ့ရန် နေရာစီစဉ်လျက်ရှိကြောင်း မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ထံမှ သိရသည်။

“ဝှေခါမှာ အဓိက မြေပြိုကျနိုင်တဲ့အန္တရာယ်ရှိနေရာ သုံးခုရှိပါတယ်။ မှော်သစ်ကုန်းရပ်ကွက်ရယ်၊ ခကျန်ရပ်ကွက်ရယ်၊ လခူးချောင်းရပ်ကွက် (၆) ရယ် ဖြစ်ပါတယ်။ မှော်သစ်ကုန်းမှာဆိုရင် ၃၉ အိမ်ကို ပြောင်းရွှေ့ပေးပြီးပါပြီ၊ နောက်ထပ် ၃၃ အိမ်ကို ပြောင်းရွှေ့ဖို့စီစဉ်နေပါတယ်။ ခကျန်က ၁၃ အိမ် ရွှေ့ပြီးပါပြီ၊ နောက်ထပ် ၂၈ အိမ်ကို ပြောင်းဖို့စီစဉ်နေပါတယ်။ လခူးချောင်း (၆)မှာတော့ ၁၈ အိမ်ပြောင်းရွှေ့ပြီးပါပြီ၊ နောက်ထပ် ၁၈ အိမ်ကို ပြောင်းရွှေ့ဖို့ စီစဉ်နေပါတယ်” ဟု မြို့နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့ အဖွဲ့ (၅) ခေါင်းဆောင် မြို့နယ်စီမံကိန်းဦးစီးမှူး ဦးစိုးဝင်းကျော် က ပြောသည်။

မြေပြိုကျနိုင်သည့် အန္တရာယ်ရှိနေအိမ်များအား ပြောင်းရွှေ့စေရေးဆောင်ရွက်ရာ၌ ဘေးလွတ်ရာ နေရာများဖြစ်သည့် ဝှေခါကျေးရွာပိုင် ခန်းမဆောင်တွင် မိသားစု ၂၀ ခန့်နှင့် ကျေးရွာ ငြိမ်းချမ်းရေးခန်းမဆောင်တွင် မိသားစု ၃၀ ခန့် ယာယီနေထိုင်စေနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်နေမှုများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ဝင်များ၊ အန္တရာယ်ရှိနေအိမ်များ ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ လုံးခင်း-ဖားကန့် ကျောက်စိမ်း တူးဖော်ရေးဌာနမှ တာဝန်ရှိသူများနှင့် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့တို့က ကြည့်ရှုစစ်ဆေးကြသည်။

ဝှေခါမှော်၌ ကျောက်မျက်လုပ်ကွက်များ ရပ်နားထားသည့် ကျင်းဘက်သို့ ဇူလိုင် ၂ ရက်က မြေပြိုမှုဖြစ်စဉ်ပြီးနောက် မြေပြိုကျမှုများဆက်လက်ဖြစ်ပွားလျက်ရှိပြီး ကျေးရွာမြေသား အက်ကွဲမှုများထပ်တိုးဖြစ်ပေါ်လျက်ရှိနေသည့်အတွက် နေအိမ်ပြောင်းရွှေ့ရန် စီစဉ်ရမှု ပိုတိုးလာရခြင်းဖြစ်ကြောင်း ဝှေခါကျေးရွာအုပ်ချုပ်ရေးအဖွဲ့ထံမှ သိရသည်။



လက်ရှိတွင် ပြောင်းရွှေ့ရန် စီစဉ်ထားသည့် နေအိမ်များမှ မိသားစုဝင်များ၊ ကျေးရွာ ရပ်မိရပ်ဖများနှင့် သက်ဆိုင်ရာကုမ္ပဏီများ သုံးဦးသုံးဖလှယ် ညှိနှိုင်းဆွေးနွေးကာ နေအိမ် ပြောင်းရွှေ့စရိတ်များ စီစဉ်ပေးလျက်ရှိကြောင်း သိရသည်။

**တာလင်းမောင် (ပြန်/ဆက်)**

KOICA
Korea International Cooperation Agency

# NOTICE OF TENDER
## For Construction Work

Date: 05 August, 2020

1. The Korea International Cooperation Agency (KOICA) Myanmar Office invites prospective bidders for the Construction Work of "Establishment of the Agricultural Marketing Center and Agricultural Product Processing Center"(hereinafter referred to as "AMC/APC"). The Project is to be constructed with the grant aid of the Government of the Republic of Korea.

Brief of Bidding

- **Bid Title:** Establishment of the Agricultural Marketing Center and Agricultural Product Processing Center in Nay Pyi Taw and Kalaw
- **Contract Duration:** 18 months from the effective (contract)date
- **Estimated Budget: Approx. USD3,685,199 (Taxes excluded)**
- **Summary of Construction Services**
  - Type: New construction
  - AMC / APC
    - Gross Floor Area: approx. 4,700 m2 (AMC) / 2,750 m2 (APC)
    - Loading work, Work Place, Material Storage, Cold Storage, Office, Toilets, Lockers
    - Construction Duration: The end of contract period from the commencement of construction.
    - Location: Nay Pyi Taw (AMC) and Kalaw (APC), MYANMAR

① Employer: Korea International Cooperation Agency (KOICA) Myanmar Office

② Bid Type: International Open Competitive Bidding with Prequalification (PQ)

③ Prequalification(PQ) for Bid Eligibility
- **Interested applicants should obtain the prequalification documents by sending E-mail till 20 August, 2020, 17:00**

④ Selection of the Successful Bidders:
- Selection by Lowest Bidding Price with Eligibility Evaluation.
- Only the prequalified bidders are subject to bid.
- Eligibility Evaluation consist of Bid Price Evaluation of Seventy (70) Points and Performance Ability Evaluation of Thirty (30) Points. Total of One hundred (100) points.
- Details of Selection of the Successful Bidder should be referenced at the Request for Proposals (RFP): RFP will be provided to the prequalified bidders at the date of Pre-Bid Meeting.

⑤ **Instructions and Schedule:**

**[Prequalification]**
- Distribution of Prequalification Instructions and Application Forms: **Contact KOICA Myanmar Office**
- Submission of Prequalification Document: **27 August, 2020 by 16:00 at KOICA Myanmar Office and by E-mail**
- Notification of Invitation to Bid: **02 September, 2020 by E-mail**

**[Pre-Bid Meeting]**
- *Note: Prequalified Bidders Only, Not mandatory
- Pre-bid Meeting: **04 September, 2020, 14:00 at KOICA Myanmar Office**
  (The venue and time of the Pre-Bid Meeting are subject to change in accordance with the quarantine guideline of Myanmar government authority for COVID-19 prevention.)
- Site visit will not be conducted by KOICA Myanmar Office.

**[Bid]**
- *Note: Prequalified bidders may attend the Pre-Bid Meeting.
- Submission of Letter of Bid Intent: **02 October, 2020, by 16:00 at KOICA Myanmar Office**
- Place for Bid Submission: **KOICA Myanmar Office**
- Bid Closing (Submission): **05 October, 2020, 16:00 at KOICA Myanmar Office**
- Bid Opening: **06 October, 2020, 11:00 at KOICA Myanmar Office**

⑥ Currency of Financial Proposal (Bid Price): **United States Dollar (USD)**

⑦ Currency of Contract: **United States Dollar(USD)**

⑧ Consortium or Joint Venture is allowed for this Bid.

2. Price proposal shall be equal or less than the 'Estimated Price' and equal or more than the 'Minimum Price'. Any bid exceeding the above limitation may result in rejection of its bid.
- Estimated Price' will be announced at the Bid Opening by a random draw and 'Minimum Price' will be determined based on the announced 'Estimated Price'.
- Details of Selection of the Successful Bidder, Eligibility Evaluation, Determination of 'Estimated Price' and 'Minimum Price' will be explained during the Pre-Bid Meeting.

3. The announced Estimated Budget for this project is exclusive of Taxes shall be levied by Tax Law and Regulation of the Republic of the Union of Myanmar.

As this bid is a part of ODA (Official Development Assistance) project between the Government of the Republic of Korea and the Republic of the Union of Myanmar, this project may be benefit on exemption or refund of Taxes according to the Framework Agreement for Grant Aid between the Governments and Record of Discussion (ROD) between KOICA and Ministry of Agriculture, Livestock and Irrigation (MOALI). Thus, KOICA Myanmar Office does not have authority and is not responsible for any Taxes exemption or refund. All inquiries regarding Taxes exemption or refund for the bid price and contract price shall be referred to Ministry of Agriculture, Livestock and Irrigation (MOALI) and Ministry of Planning, Finance and Industry (MOPFI) of Myanmar in case needed. All cases needed for the exemption and refund of Taxes during bidding and contract period, the contractor shall be responsible for all administration and documentations with the relevant government offices.

4. The Request for Proposal (RFP) includes following documents but not limited to:
*Note: RFP including below documents will be provided to Prequalified Bidders at the date of Pre-Bid Meeting.
① Instructions to Bidders
② Conditions of Contract including Contract Form
③ Bidding Forms
④ Attachment (Technical Specifications, Design Drawings, Unpriced Bills of Quantity(BOQ))

5. Language of Proposal: All documents shall be in English. If the other languages documents delivered by the government administration, bank, educational, professional organizations and others for the proof of Prequalification Criteria and Bid Evaluation Criteria, the NOTARIZED English documents shall be attached.

6. The **KOICA Myanmar Office** requires that Bidders and Contractors observe the highest standard of ethics during the procurement and execution of such contracts. In pursuance of this policy, KOICA;
(a) will reject a proposal for award if it determines that the Bidder recommended for award has engaged in corrupt or fraudulent practices in competing for the contract in question.
(b) will recognize such a Contractors as ineligible, for a period determined by KOICA

7. The **KOICA Myanmar Office** will invite sealed bids from Prequalified Bidders.

8. All bids must be accompanied by a Bid Security of amount equivalent to three percent (3%) of the **"Bid Price"** with its guarantee period from no later than Bid Closing Date (before 05 October, 2020) to not earlier than Thirty Days (30 Days) after the Bid Opening Date (after 05 November, 2020).

*Note: For more information regarding the submission and restoration of Bid Security will be included in RFP and its supplementary documents.

9. KOICA Myanmar Office shall not be responsible for any costs or expenses incurred by Bidders in connection with the preparation or delivery of bids.

10. All bidders are expected to examine all instructions, forms, terms and specifications of the bidding documents. Failure to furnish all information required by the bidding documents or submission of a bid not substantially responsive to the bidding documents in every respect shall be at the Bidder's risk and may result in the rejection of the bid.

11. Contact Information

**KOICA Myanmar Office**
Address: No.514(A), 4 Ward, Waizayandar Road, South Okkalapa Township, Yangon, Myanmar
Tel: +95-1-3500801, +95-1-3500803, Fax: +95-1-3500802
**E-mail:** john@koica.go.kr
**Attention:** Mr. Jihoon Kim, Senior Deputy Representative, KOICA Myanmar Office

---

## Alliance Myanmar (Mahamate) NGO
## အိတ်ဖွင့်တင်ဒါ (Open Tender) ခေါ်ယူခြင်း

Alliance Myanmar (Mahamate) ရုံးမှ အောက်ဖော်ပြပါပစ္စည်းကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါ (Open Tender) ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | New Born Kit (Baby Kit) | 2683 pcs |
| | 1. Baby clothes 100% Cotton – 4 Sheet/set | |
| | 2. Baby shirt 2 pcs/set | |
| | 3. Baby Hat, Glove & Sock | |
| | 4. Baby Soap | |
| | 5. Baby Towel | |
| | 6. Baby Bed sheet | |
| | 7. Recycle Bag | |
| | 8. Materials List A5 with Art paper | |

(၁) **တင်ဒါလျှောက်လွှာတင်ရမည့်ရက်/အချိန်** – ၆–၈–၂၀၂၀ ရက်(နံနက်၉:၃၀ နာရီမှ ၅:၀၀ နာရီ ရုံးချိန်အတွင်း)
(၂) **တင်ဒါလျှောက်လွှာနောက်ဆုံးတင်သွင်းမည့် ရက်/အချိန်** – ၂၈–၈–၂၀၂၀ ရက် (နံနက် ၉:၃၀ နာရီမှ ၅:၀၀ နာရီ ရုံးချိန်အတွင်း)
(၃) **တင်ဒါပုံစံ ထုတ်ယူရမည့်နေရာ** – အမှတ်(၂၄)၊ လှိုင်ရတနာမွန်အိမ်ရာ(၂)လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
(၄) တင်ဒါလျှောက်လွှာပုံစံကို Alliance Myanmar (Mahamate)ရုံးတွင် လာရောက်ထုတ်ယူရမည်ဖြစ်သည်။ (သို့မဟုတ်) Email ဖြင့် လျှောက်လွှာပုံစံကို တောင်းယူနိုင်ပါသည်။

**တင်ဒါတင်ရမည့်နေရာ – အမှတ်–၂၄၊ လှိုင်ရတနာမွန်အိမ်ရာ (၂)လမ်း၊ လှိုင်မြို့နယ်။**
**ဖုန်း–၀၉–၈၆၃၅၇၀၇၂၅၊ ၀၉–၄၃၁၅၁၇၃၂၊ ၀၉–၄၃၁၅၂၁၈၄၊ ၀၁–၅၀၀၆၁၀၉၊**
**Alliance Myanmar (Mahamate) ရုံး။**
la. alliancemm@gmail. com, **admin@mahamate.org**

---

## ဖခင်အမည်မှန်
လယ်ဝေးမြို့၊ အထက(၁) နဝမတန်း K မှ မောင်ဖိုးလပြည့်၏ ဖခင်အမည်မှန်မှာ ဦးစံမြင့်သိန်း MTNT ၀၃၁၇၂၃ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်
ဆိပ်ဖြူမြို့၊ FEC ကိုယ်ပိုင်အထက်တန်းကျောင်း တက္ကသိုလ်ဝင်တန်းမှ ကျောင်းဝင်အမှတ်(၃၁၈) မအိရတနာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးအောင်ဆန်း ၈/ဆဖန(နိုင်)၀၅၀၃၉၆ ဖြစ်ပါကြောင်း။
**ဦးအောင်ဆန်း**

## ဖခင်အမည်မှန်
မွန်ပြည်နယ်၊ သထုံမြို့နယ်၊ အထက(ကြာပန်း) တက္ကသိုလ်ဝင်တန်းမှ မောင်ဇော်ဦး၏ ဖခင်အမည်မှန်မှာ ဦးဖိုးကို ၁၀/သထန(နိုင်) ၁၈၂၀၂၃ ဖြစ်ပါကြောင်း။
**ဦးဖိုးကို**

## ဖခင်အမည်မှန်
ဂန့်ဂေါမြို့နယ်၊ ဇာဟောရွာ အထက(ခွဲ) G–7 မှ မောင်ရဲထက်အောင်၏ ဖခင်အမည်မှန်မှာ ၈/ဂဂန(နိုင်)၀၉၁၃၄၄ အရ ဦးအောင်ကိုလတ် ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 6J/8989 FORD RANGER ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရှောင်ဟွန်ကျိန်း ၁၃/ကခန(နိုင်)၀၁၂၆၇၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန(မူဆယ်)**

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၃၉/အေ၊ သစ္စာ(၆)လမ်း၊ မြေကွက်အမှတ်–၂၀၆၊ အကျယ်အဝန်း ပေ(၄၀ x ၆၀) ရှိ ဒေါ်ငွေကြည်အမည်ပေါက်ပါမစ်မြေနှင့် ယင်းမြေ၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟုဝန်ခံသူ ဦးဟရန်လောမ်ထန် ၄/ဖလန(နိုင်)၀၀၄၁၄၁ ထံမှ ကျွန်ုပ်၏မိတ်ဆွေက လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့် ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **စဉ်–၂၅၁၆၅** | **စဉ်–၂၆၁၉၉** | **စဉ်–၄၆၃၂၈** |

**အထက်တန်းရှေ့နေများ**
**အမှတ်–၆၀၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၅၁၄၅၇၆၇၊ ၀၉–၄၂၀၀၂၈၃၆၆၊ ၀၉–၄၂၅၂၈၈၆၅၁**

## ကန့်ကွက်နိုင်ပါကြောင်း
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်၇/အနောက်၊ မြခွာညိုရိပ်မွန်၊ မြေကွက်အမှတ်– ၁၂၄၊ အကျယ်အဝန်း ပေ(၆၀ x ၆၀)ရှိ ဒေါ်ရင်ရင်လှ အမည်ပေါက်နှစ်(၆၀)မြေငှားဂရန်မြေနှင့်ယင်း၏အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လွှဲပြောင်းရောင်းချခွင့်ရှိသည်ဟု ဝန်ခံသူထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ကိုပေးချေပြီးဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့်ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိကြောင်း ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားစာရွက်စာတမ်း မူရင်းများဖြင့် ကျွန်ုပ်ထံသို့ ၁၄ရက်အတွင်း ကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့် မြောက်သည်အထိ လာရောက်ကန့်ကွက်ခြင်းတစ်စုံတစ်ရာမရှိပါက အရောင်းအဝယ်ကိုပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးမျိုးမြင့်အောင်** | **ဦးအေးမင်းသူ** | **ဒေါ်လင်းလင်းကြည်** |
| **စဉ်–၂၅၁၆၅** | **စဉ်–၂၆၁၉၉** | **စဉ်–၄၆၃၂၈** |

**အထက်တန်းရှေ့နေများ**
**အမှတ်–၆၀၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း–၀၉–၅၁၄၅၇၆၇၊ ၀၉–၄၂၀၀၂၈၃၆၆၊ ၀၉–၄၂၅၂၈၈၆၅၁**

## အများသိစေရန်
ကျွန်မ မနုဝါထွေးနှင့် ကြည်း ၆၆၅၀၃ ဗိုလ်ကြီးရဲသွေးအောင်တို့သည် ၂–၁၁–၂၀၁၄ရက်တွင် ပြင်ဦးလွင် ခရိုင်တရားသူကြီး ရှေ့မှောက်၌လက်မှတ်ရေးထိုးခဲ့ကြကြီး ၎င်းနောက်သားတစ်ယောက် မွေးဖွားခဲ့ပါသည်။ ကျွန်မနှင့် ဗိုလ်ကြီးရဲသွေးအောင်တို့သည် လက်ထပ်ခဲ့သည့်အချိန်မှစ၍ ယခုနှစ် ၂၀၂၀ အချိန်ထိ လူသိရှင်ကြား ပေါင်းသင်းနေထိုင်လျက်ရှိပါသောကြောင့် ကျွန်မ မနုဝါထွေးသာလျှင် ဗိုလ်ကြီးရဲသွေးအောင်၏ တရားဝင်ဇနီးမယားဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ဒေါ်နုဝါထွေး ၉/အမဇ(နိုင်)၀၃၅၁၂၉**

---

## အမည်ပြောင်း
ဇန်းမော်မြို့၊ ညောင်ပင်ရပ်နေ ဦးလှသောင်း၏သား မောင်မင်းမော်ကွန်း ၁/ဗမန(နိုင်)၀၉၅၇၄၈ အား ယနေ့မှစ၍ မောင်ဖွဲ့ထက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ်(ပ–၂၃၈၀၇)၊ ဒေါ်အေးအေးခိုင် ၁၄/မမန(နိုင်)၀၄၅၆၆၇ (ဘ)ဦးအွန်ကိုခိုင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်ဝင်းယဉ်ချော ၁၂/ရကန(နိုင်)၀၀၀၃၅၅ (ဘ)ဦးတင်ဝင်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၈၈၀/၁၈–၇–၂၀၁၈ တင်ပြ၍ ဦးသန်းထွန်း ၁၃/ရစန(နိုင်)၀၀၄၈၃၁ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း
ပုဗ္ဗသီရိမြို့၊ သုခဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၁/ပုဗ္ဗသီရိမြောက်ရပ်၊ မြေရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ်(ပ–၂၂၉၀၇)၊ ဒေါ်ခင်ညွန့် ၉/မကန(နိုင်)၀၄၀၆၄၁ (ဘ)ဦးသန်းမောင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဦးမိုးဇော်သူ ၉/မတရ(နိုင်)၁၀၇၁၀၄ (ဘ)ဦးသန်းမောင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၄၉၃/၃၀–၁၂–၂၀၁၀ တင်ပြ၍ ဦးစိုင်းထွေးမောင် ၁၃/မကန(နိုင်)၀၆၂၉၇၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။
**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး**
**ကော်မတီ**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 1K/4490 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်အနောက်ပိုင်း)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 2H/4759 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**ကညန(ရွာသာကြီး)**

## ဖောင်းကြွနံပါတ်ပြားပျောက် လျှောက်ထားခြင်း
ယာဉ်အမှတ် 8D/8437 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။
**ကညန၊ခရိုင်ရုံး**
**(ရန်ကုန်အရှေ့ပိုင်း)**

## မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ ရန်ပုံငွေအစီအစဉ်အောက်ရှိ တည်ဆောက်မှုလုပ်ငန်းကန်ထရိုက်အတွက် တင်ဒါဖိတ်ခေါ်စာ

ရခိုင်ပြည်နယ်အစိုးရသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် UNDP ၏ မြို့နယ်ဖွံ့ဖြိုးမှုအထောက်အပံ့ ရန်ပုံငွေအစီအစဉ်အောက်မှ ရန်ပုံငွေများကို လက်ခံရရှိပြီး ထိုရန်ပုံငွေတစ်စိတ်တစ်ဒေသကို အောက်ဖော်ပြပါမြို့နယ်ရှိ အောက်ပါ စီမံကိန်းအတွက် ခွဲဝေချထားပေးပါသည်။

**ပေါက်တောမြို့နယ်**

စိတ်ပါဝင်စားသည့် ကုမ္ပဏီများသည် အောက်တွင် ဖော်ပြထားသည့်အချိန်နှင့် နေရာတွင် တင်ဒါစာရွက်စာတမ်းကို အခမဲ့ကြည့်ရှုစစ်ဆေးနိုင်ပြီး တင်ဒါစာရွက်စာတမ်းများကို ဝယ်ယူမည်ဆိုပါက အောက်ဖော်ပြပါဈေးနှုန်းဖြင့် ဝယ်ယူနိုင်ပါသည်။ တင်ဒါတင်သွင်းသူများအားလုံးသည် တင်ဒါစာရွက်စာတမ်းတွင် အသေးစိတ် ဖော်ပြပါရှိသည့် လိုအပ်သောအရည်အချင်းသတ်မှတ်ချက်များ မိမိတို့ပြည့်မီကိုက်ညီသည်ကို မှန်ကန်ကြောင်း အတည်ပြုရန် တာဝန်ရှိပါသည်။

| | |
|---|---|
| **ဝယ်ယူသည့်ဌာန** | ပေါက်တောမြို့နယ်<br>ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ |
| **တာဝန်ခံအရာရှိ** | ဦးပြည့်ဖြိုးမောင်<br>အငယ်တန်းအင်ဂျင်နီယာ-၁(မြို့ပြ)<br>ဖုန်း-၀၉-၄၂၁၇၁၂၅၆၅<br>ပေါက်တောမြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ |
| **တည်ဆောက်မှုလုပ်ငန်း ဖော်ပြချက်** | ပေါက်တော-တောင်ညို-တောင်းဖူးလမ်း(9.5 km) အား လိုအပ်သောနေရာများတွင် မြေသားလမ်းပခုံး ဖို့ခြင်း၊ လမ်းပုံဖော်ခြင်း၊ လိုအပ်သောနေရာများတွင် မြေကြီးဖို့ခြင်း လုပ်ငန်းဆောင်ရွက်ခြင်း၊ ကျောက်ချော လမ်းခင်းခြင်း၊ ဗြုန်းကျောက်စရစ် (0.15m) ထုခင်း ကြိတ်ခြင်းလုပ်ငန်း (1.5km-1.7 km) ကြား ကျောက်စီမြေကာနံရံ တည်ဆောက်ခြင်း 2(76m) (1.5mx7.32m)Box Culvert (၄)စင်း တည်ဆောက်ခြင်း |
| **တည်ဆောက်မည့်နေရာ အရည်အသွေး စံချိန်စံညွှန်းများ** | ပေါက်တော-တောင်ညို-တောင်းဖူးလမ်း ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၏ သတ်မှတ်ထားသည့် ပြည့်မီစံညွှန်းအတိုင်း |
| **ဝယ်ယူမှုနည်းလမ်း** | အကြီးစား |
| **အရည်အချင်းသတ်မှတ် ချက်များ** | * ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာနတွင် မှတ်ပုံတင်ထားသော ကုမ္ပဏီဖြစ်ရမည်။<br>* လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိရမည်။<br>* အရည်အချင်းမီ အင်ဂျင်နီယာဝန်ထမ်းများ ရှိရမည်။<br>* အလားတူ ကန်ထရိုက်အနည်းဆုံး (၃)ခုကို ဆောင်ရွက်ဖူးရမည်။<br>* ဘဏ္ဍာရေး တည်ငြိမ်မှုရှိရမည်။<br>* ၂၀၁၉-၂၀၂၀ သို့မဟုတ် နောက်ဆုံးဆောင်ရွက်ခဲ့သော လုပ်ငန်းများ၏ ဝင်ငွေခွန်နှင့် ကုန်သွယ်လုပ်ငန်းခွန်များ ပေးဆောင်ထားရမည်။<br>* တင်ဒါစာရွက်စာတမ်းထဲရှိ အခြားလိုအပ်ချက်များ။ |
| **တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူ နိုင်မည့်နေရာ** | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊<br>ပေါက်တောမြို့။ |
| **တင်ဒါစာရွက်စာတမ်းကို ကြည့်ရှုစစ်ဆေး၊ ဝယ်ယူ နိုင်မည့်အချိန်** | ၅-၈-၂၀၂၀ရက်မှ<br>၄-၉-၂၀၂၀ ရက်ထိ<br>ရုံးချိန်အတွင်း |
| **တင်ဒါစာရွက်စာတမ်း ကျသင့်ငွေ** | ၁၀၀၀၀ိ/- |
| **တင်ဒါတင်သွင်းရမည့်နေရာ** | မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊<br>ပေါက်တောမြို့။ |
| **တင်ဒါတင်သွင်းရမည့် သတ်မှတ်ထားသော နောက်ဆုံးအချိန်** | ၄-၉-၂၀၂၀ ရက်<br>နံနက် ၁၀:၀၀နာရီအထိသာ |

**ဦးပြည့်ဖြိုးမောင်**
**အငယ်တန်းအင်ဂျင်နီယာ-၁ (မြို့ပြ) ပေါက်တောမြို့နယ်**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန**

**ဖခင် အမည်မှန်**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၃ မာန်ပြေ ရပ်ကွက်၊ အမက(၅)ကျောင်းမှ ပထမတန်းအောင်မြင်သူ မဇင်ယုနွယ်၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်းသူ ၁၄/မအပ(နိုင်)၂၄၅၁၃၈ ဖြစ်ပါကြောင်း။




## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)**
**ကျောက်ဆည်ခရိုင် တရားရုံးတော်**
**၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ် -၄၀ နှင့် ဆက်နွယ်သည့်**
**၂၀၂၀ ပြည့်နှစ် တရားမဇာရီမှုအမှတ် -၁၈**

ဦးလှမြင့် နှင့် ၁။ ဦးတင်မျိုးဝင်း
၂။ ဦးဇော်ဦး
၃။ မကွီး

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

မန္တလေးတိုင်းဒေသကြီး၊ မန္တလေးခရိုင်၊ မဟာအောင်မြေမြို့နယ်၊ ၅၃ လမ်း၊ ၄၃ x သိပ္ပံလမ်းကြားနေ တရားရှုံးများဖြစ်သည့် (၁)ဦးတင်မျိုးဝင်း၊ (၂)ဦးဇော်ဦး၊ (၃)မကွီး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၁၈ ခုနှစ် တရားမကြီးမှုအမှတ်-၄၀တွင် ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဦးလှမြင့်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေသို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ရက်) မွန်းမတည့်မီ ၁၀:၀၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်ရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၈ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ဆွေဦး)**
**ခရိုင်တရားသူကြီး**
**ကျောက်ဆည်ခရိုင်တရားရုံး**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးကိုဓဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**မော်လမြိုင်ခရိုင်တရားမရုံးတော်၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၁၁၂**

မလှယမင်းဖြူ နှင့် မောင်အောင်ပိုင်ဖြိုး
**တရားလို** **တရားပြိုင်**

မုဒုံမြို့၊ ကျောက်တစ်လုံးကျေးရွာ၊ နဂါးမောက်လမ်း၊ အမှတ်၄၇နေ မောင်အောင်ပိုင်ဖြိုး (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလို က နစ်နာကြေးငွေ ၃၀၀၀၀၀၀ိ/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍၊ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၂၀ ရက် (၁၃၈၂ ခုနှစ် ဝါခေါင်လဆန်း ၂ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ ပြည့်နှစ် ဇူလိုင် ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(စောဖြူဖြူလှိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**မော်လမြိုင်ခရိုင်တရားရုံး**

## ထိမ်းမြားလက်ထပ်ပြီးစီးခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျိုက္ကဆံလမ်း အမှတ်(၃၃၅)နေ
ဦးခင်မောင်စိုး-ဒေါ်မေမေခင်တို့၏ သားကြီး

**မောင်ဇော်မင်းမင်း**

BA. Eco (Fielder ကားရောင်းဝယ်ရေး)

**နှင့်**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့၊ အောင်မင်္ဂလာရပ်၊ အမှတ်(၃) နယ်မြေ
ဦးခင်မောင်ညို-ဒေါ်တင်ရီတို့၏ သမီးကြီး

**မယဉ်ဝေခိုင်**

BA. (OS)

တို့သည် ၂၄-၆-၂၀၂၀ ရက် (ဗုဒ္ဓဟူးနေ့)တွင် နှစ်ဖက်မိဘများ၏ သဘောတူခွင့်ပြုချက်အရ ညောင်ဦးခရိုင် တရားရုံး၌ မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုး ထိမ်းမြားလက်ထပ်ပြီးစီးပါကြောင်း။

**နှစ်ဖက်မိဘများနှင့်**
**မောင်ဇော်မင်းမင်း-မယဉ်ဝေခိုင်**

## ကြော်ငြာဆိုင်းဘုတ်လျှောက်လွှာခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီသည် ရန်ကုန်မြို့တော်အား သန့်ရှင်းသပ်ရပ်မှုရှိစေရေး ဆောင်ရွက်ရာတွင် ကြော်ငြာဘုတ်များကို ၄၅ပေx ၁၅ပေ အရွယ်အစား သတ်မှတ်၍ စနစ်တကျ စိုက်ထူထားရှိပြီး ဖြစ်ပါသည်။ စိုက်ထူပြီး ကြော်ငြာဆိုင်းဘုတ်များအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေး နှစ်အတွက် ပြန်လည် အငှားချထားမည်ဖြစ်ပါသဖြင့် ကြော်ငြာလုပ်ငန်းဆောင်ရွက်ရန် လျှောက်ထားလိုပါက အသေးစိတ်အချက်အလက်များကို ၁၀-၈-၂၀၂၀ရက်မှ ၂၁-၈-၂၀၂၀ ရက်အထိ ရုံးချိန်အတွင်း စီမံရေးရာဌာန၊ စီမံဌာနခွဲ၊ ကြော်ငြာဌာနစိတ်တွင် လာရောက်စုံစမ်းကြည့်ရှုရွေးချယ်လျှောက်ထား ဆောင်ရွက်နိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**စီမံခန့်ခွဲရေး၊ ပြည်သူ့ဆက်ဆံရေးနှင့် ပြန်ကြားရေးဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အမှတ်(၃/၀)၊ (A,1) အခန်း၊ ဘုရင့်နောင်လမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းနှင့် ပတ်သက်၍ ဦးကိုကိုနိုင် ၁၂/ကတတ(နိုင်)၀၁၃၄၉၃၊ ဒေါ်မို့မို့ဦး ၁၂/မဂတ(နိုင်)၀၆၇၆၃၅ နှင့် အများသိစေရန် ကြေညာချက်

ဦးကိုကိုနိုင် ၁၂/ကတတ(နိုင်)၀၁၃၄၉၃နှင့် ဒေါ်မို့မို့ဦး ၁၂/မဂတ( နိုင်)၀၆၇၆၃၅ လင်မယားနှစ်ဦးပိုင် တိုက်ခန်းဖြစ်သော အမှတ်(၃/၀)၊ (A,1)အခန်း၊ ဘုရင့်နောင်လမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းအား ဒေါ်ယဉ်ယဉ်သန်း N/OKA 056605 မှ ၂၂-၈-၂၀၁၆ရက်တွင် ကာလပေါက်ဈေးငွေကျပ်သိန်း(၈၀၀)ဖြင့် အပြီးအပိုင် ဝယ်ခဲ့ပြီးဖြစ်ပါသည်။ ထိုသို့ဝယ်ယူစဉ်က (၉)လပိုင်း ၂၀ ရက်နေ့တွင် တိုက်ခန်းသော့ကို ဦးစွာပေးထားမည်ဖြစ်ကြောင်း၊ လူနေထိုင်ခွင့်ကျပါက အပြီးလွှဲပြောင်းစာချုပ် ချုပ်ဆိုပေးမည်ဖြစ်ကြောင်း နှစ်ဖက်သဘောတူခဲ့သော်လည်း ဦးကိုကိုနိုင်နှင့် ဒေါ်မို့မို့ဦး တို့ဘက်မှ ပျက်ကွက်နေပါသောကြောင့် ဤသတင်းစာကြေညာပါပြီး ခုနစ်ရက်အတွင်း တိုက်သော့နှင့်တိုက်ခန်းကို လက်ရောက်ပေးအပ်ရန်နှင့် အမှတ်(၃/၀)၊ (A,1) အခန်း၊ ဘုရင့်နောင်လမ်း၊ ၂၉ ရပ်ကွက်၊ သုဝဏ္ဏ၊ သဃ်န်းကျွန်းအခန်းမှာ ကျွန်မ ဒေါ်ယဉ်ယဉ်သန်း ဝယ်ယူထားသောအခန်းဖြစ်ပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဒေါ်ယဉ်ယဉ်သန်း N/OKA 056605၊**
**ဖုန်း-၀၉-၅၀၅၁၆၉၉**

## ဖခင်အမည်မှန်

ဝက်လက်မြို့၊ အထကမှ ၂၀၁၉-၂၀၂၀ ပြည့်နှစ် ပညာသင်နှစ် နဝမတန်း(A)မှ အောင်မြင်ခဲ့သော မောင်ညာဏ်မင်းထက်၏ ဖခင်အမည်မှန်မှာ ဦးဗိုလ်ထွေး ၅/ဝလန(နိုင်)၁၆၀၂၈၁ ဖြစ်ပါကြောင်း။ **ဦးဗိုလ်ထွေး**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2H/5356 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ခရိုင်းရုံး(ရန်ကုန်အနောက်ပိုင်း)**




## တစ်ဦးတည်းဖြစ်ပါကြောင်း

ဟုမ္မလင်းမြို့နယ်၊ မာန်ဟုန်အုပ်စု၊ နန်ကောင်ကောင်း (မူလွန်)မှ (လယ်/ပြ) ဒေါ်သူဇာဝင်း(ခ)ဒေါ်တလွန်သင်တဲ့ဘလ် ၄/ဖလန(နိုင်)၀၀၁၃၅၂ သည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဒေါ်သူဇာဝင်း(ခ)ဒေါ်တလွန်သင်တဲ့ဘလ်**

## ဖခင်အမည်မှန်

နမ့်ခမ်းမြို့၊ အထက(၃) Grade-7 မှ နန်းဖွေးလောဝ်၏ ဖခင်အမည်မှန်မှာ ဦးအိုက်စံအေး ဖြစ်ပါကြောင်း။

**ဦးအိုက်စံအေး**

## ဖခင်အမည်မှန်

နမ်းခမ်းမြို့၊ အထက(၃) Grade-6 မှ မိုင်းအိုက်စိုးဂျာနှင့် မိုင်းညီအောင်စိုးတို့၏ ဖခင်အမည်မှန်မှာ ဦးညီဝင်း ဖြစ်ပါကြောင်း။

**ဦးညီဝင်း**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၉၉၅၂ ယာဉ်လက်ဝယ်ရှိသူ ဦးထိန်ဝင်း ၇/ဒဥန(နိုင်)၀၀၇၇၇၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊ မော်လမြိုင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၅) ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ် ၈၈၄ ဟုခေါ်တွင်သော ဒေါ်ခင်မြသွင် အမည်ပေါက် (အလျား ၄၀ပေ x အနံ ၆၀ပေ) မြေဧရိယာအနက် ခေါင်းရင်းဘက်အခြမ်း (အလျား ၂၉ ပေ x အနံ ပေ၆၀)ရှိ နှစ်(၆၀) အငှားဂရန်မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော (၃)ပင်၊ (၂)ခန်း၊ (၂)ထပ်၊ သမံတလင်းခင်း၊ အပေါ်ထပ်ပျဉ်ခင်း၊ ပျဉ်ကာ၊ သွပ်မိုးအဆောက်အအုံနှင့် လျှပ်စစ်မီတာ၊ ရေမီတာအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို ဦးမိုးဇော်အောင် ၁၂/ဒဂမ(နိုင်)၀၁၃၃၀၉၊ (ဒေါ်ခင်မြသွင်(ခ)ဒေါ်ခင်မြချို၏ တရားဝင် အထူးကိုယ်စားလှယ်လွှဲစာရသူ စာချုပ်အမှတ် ၆၇၂၆/၂၀၂၀) ကို လက်ရှိထားပိုင်ဆိုင်အကျိုးခံစားခွင့်ရှိပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသည့်အပေါ် ကျွန်ုပ်၏မိတ်ဆွေမှ ယုံကြည်၍ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပါသောကြောင့် ကန့်ကွက်မည့်သူရှိပါက ယနေ့မှစ၍ ၁၄ ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့် ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ထက်ကျော်လွန်ပြီး ကန့်ကွက်မည့်သူ မရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စုဝေလွင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၅၈၀၃)**
**အမှတ် ၁၄၆၀၊ ယောမင်းကြီး ၄လမ်း၊ (၄)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉- ၂၅၀၃၆၉၂၄၆**

## အမည်မှန်

ကောလင်းမြို့နယ်၊ စွယ်ရအုပ်စု၊ မုတ်ဝကျေးရွာနေ ဦးချစ်ဖောင်း-ဒေါ်ဝင်းကြိုင်တို့၏သား မောင်ချစ်ဝင်းဇော်၏ အမည်မှန်မှာ မောင်ခိုင်ဝင်းဇော် ၅/ကလတ(နိုင်)၁၀၃၉၄၄ ဖြစ်ပါကြောင်း။

## မွေးသက္ကရာဇ်အမှန်

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်နေ ဦးကျော်လွင် ၁၀/မလမ(နိုင်) ၀၂၃၀၁ ၏သား မောင်မင်းသက်ကျော်၏ မွေးသက္ကရာဇ် အမှန်မှာ ၁၉-၆-၂၀၀၅ ဖြစ်ပါကြောင်း။

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၂ယ/၈၃၉၂၉ Honda Click 125 M/C ယာဉ်လက်ဝယ်ရှိသူ Yin Min San Co, Ltd. က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။**ကညန၊ခရိုင်ဦးစီးမှူးရုံး(မြိတ်)**

## ဖခင်အမည်မှန်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ မြောင်းပုလဲရပ်၊ အထက(၆) ထားဝယ်၊ တက္ကသိုလ်ဝင်တန်းမှ မသက်မြတ်နိုး၏ ဖခင်ဦးအောင်မျိုးထွေး၏ အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးသန်းလွင် ၆/ထဝန(နိုင်)၀၉၇၅၀၈ ဖြစ်ပါကြောင်း။ **ဦးသန်းလွင်**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ ညောင်ပင်ကြီးစုကွက်သစ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/ညောင်ပင်ကြီးစုရပ်၊ မြေဧရိယာ ၀ဒသမ၀၈၂ ဧကရှိ မြေကွက်အမှတ် (ပ-၆၈)၊ ဦးမောင်မောင်ဇော် ၉/စကန(နိုင်)၀၀၀၁၃၀ (ဘ)ဦးကြီးညို အမည်ပေါက်နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဦးကြံတိုင်းအောင် ၁၂/အစန(နိုင်)၀၀၂၅၂၆(ဘ)ဦးဝင်းထွန်း မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၂၀၀၇/၂၀၂၀ တင်ပြ၍ ဒေါ်နိုင်နိုင်ထွန်း၊ ဒေါ်ခိုင်ရီမြင့် ၅/ဝလန(နိုင်)၁၂၆၉၇၈၊ ၈/ပခက(နိုင်)၂၇၆၆၇၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်**
**စည်ပင်သာယာရေးကော်မတီ**

## မော်တော်ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 7G/5720 KIA PICKUP ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာနှင်း ၁၂/ဥကမ(နိုင်)၀၀၂၅၈၁ က ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊**
**ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)၊**
**ရန်ကုန်မြို့**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ပြည်သူလူထု ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများတွင် အသုံးပြုရန်အတွက် လိုအပ်သည့် Van car for mobile eye clinic တစ်စီးအား ဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူလိုပါသည်။

တင်ဒါစည်းမျဉ်း၊ စည်းကမ်းများကို ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ ၊ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

| | | |
|---|---|---|
| **တင်ဒါတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** | - | ၅-၈-၂၀၂၀ ရက် |
| **တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန်** | - | ၁၈-၈-၂၀၂၀ ရက် ညနေ ၄:၀၀ နာရီ |
| **ဆက်သွယ်ရန်ဖုန်းနံပါတ်** | - | ၀၆၇-၄၃၁၄၄၉၊ ၀၆၇-၄၃၁၁၈၂ |

**ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ- ၂၀)**
**အမရပူရမြို့နယ်တရားရုံးတော်၌**
**၂၀၂၀ ပြည့်နှစ် တရားမကြီးမှုအမှတ် - ၂၇**

| | | |
|---|---|---|
| ဒေါ်ဖြိုးသဲလှိုင် | **နှင့်** | ဒေါ်ဇာခြည်ကိုဝင်း |
| **တရားလို** | | **တရားပြိုင်** |

မန္တလေးမြို့၊ အမရပူရမြို့နယ်၊ ဆင်စွယ်ပွတ်ရပ်ကွက်၊ အင်္ကျီတန်းရပ်နေ ဒေါ်ဇာခြည်ကိုဝင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

ဒေါ်ဇာခြည်ကိုဝင်း သင့်အပေါ်၌ ဒေါ်ဖြိုးသဲလှိုင်က ငွေကျပ်သိန်း(၇၀)တိတိရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁၇ ရက် (၁၃၈၂ ခုနှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် အထက်ပါရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၀ပြည့်နှစ် ဇူလိုင် ၂၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(နန်းလဲ့ရည်စိုးဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**အမရပူရမြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3F/6150 Suzuki Carry DA 63 T Van, (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရုကီယာဘီ(ခ)ချိုချို ၁၂/ပဘတ(နိုင်)၀၁၉၁၃၆ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃/မြို့မတောင်၊ မြေဧရိယာ ၀ ဒသမ ၁၄၆ ဧကရှိ မြေကွက်အမှတ်(ပ-၁၃၄၇)၊ဦးသန်းထွန်း ၁၂/ကမတ(နိုင်)၀၁၅၅၆၅ (ဘ)ဦးငွေအုတ် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်နန်းကျော့ခိုင် ၉/ပမန(နိုင်)၁၂၄၆၄၈ (ဘ)ဦးကျော်စိုးမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၉၉၀၃/၈-၉-၂၀၁၀ တင်ပြ၍ ဦးလှဝင်းအောင် ၉/မဥလ(နိုင်)၀၁၁၀၈၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အမည်ပြောင်း

ရခိုင်ပြည်နယ်၊ အမ်းမြို့နယ် အောက်ရွာကျေးရွာနေ (ဘ)ဦးကိုကိုလေး၏သား မောင်သူရကိုကို ၁၁/စတန(နိုင်)၀၆၆၉၄၄ အား မောင်သက်ကိုဟု ပြောင်းလဲခေါ်ပါ ရန်။

**မောင်သက်ကို**

## ဖခင်အမည်မှန်

ခါမ်းပါတ်မြို့ အထက(ခွဲ) ကနန်အဌမတန်း(အောင်)မှ မောင်ဖွန်နိုင်မန်း၏ဖခင်အမည်မှန်မှာ ဦးဘွဲဒင် ၄/ဖလန(နိုင်)၀၃၃၂၃၁ ဖြစ်ပါကြောင်း။ **ဦးဘွဲဒင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာချက်

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ်ကွက် ဆင်များရှင်ဘုရား အနောက်ဘက်နေ ကျွန်မ ဒေါ်စောသိဂီမှ အောက်ဖော်ပြပါ-

အမည်တံဆိပ်ဖြင့် ကုလားပဲ အကျက်မှုန့်နှင့် အစိမ်းမှုန့် ထုတ်လုပ်ရောင်းချလျက်ရှိပါသည်။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတစ်ဝန်းရှိသော ကုလားပဲမှုန့်လုပ်ငန်းများမှ အမည်တူရှိပါက ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း မိမိထံသို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ၊ဖုန်းဖြင့်ဆက်သွယ်၍ဖြစ်စေ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက သတင်းစာကြေညာချက်နှင့် ဆေးဝါးကွပ်ကဲဦးစီးဌာနသို့ အမည်တူထောက်ခံချက် ဆက်လက်လျှောက်ထားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**ဒေါ်စောသိဂီ ၅/စကန(နိုင်)၀၃၆၈၃၈**
**ပန်းဘဲတန်းရပ်ကွက်၊စစ်ကိုင်းမြို့**
**ဖုန်း-၀၉-၇၉၇၉၇၈၃၉၉၊**
**၀၉-၉၇၀၃၀၉၃၀၆၊ ၀၇၂-၂၁၇၂၁**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၂၃၅၃ YUNDE 110, M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြတ်သူမော် ၉/ပသက(နိုင်)၁၃၉၆၂၈ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက် အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ မြေဧရိယာ ၀ဒသမ၁၁၀ ဧကရှိ၊ မြေကွက်အမှတ် (ပ-၂၄၇၄)၊ ဦးတိုးမောင် ၁၂/သဃက(နိုင်)၀၁၈၉၀၂ (ဘ)ဦးညီထွန်း အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ကို ဒေါ်တင်ညိုဦး ၇/ပမန(နိုင်)၀၆၆၉၃၅ (ဘ)ဦးတင်ဦးမှ ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၂၂၄၃/၁-၃-၂၀၁၇)တင်ပြ၍ ဦးဝင်းမြင့်ချစ် ၇/ပမန(နိုင်)၀၆၆၉၃၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ၊မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြော်ငြာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ဦးမြင့်သိန်း ၁၂/ဥကမ(နိုင်)၀၂၀၅၂၀ ပိုင်ဆိုင်သော မြောက်ဥက္ကလာပမြို့နယ်၊ဝေဘာဂီမြို့သစ်၊ မြေတိုင်းရပ်ကွက်အမှတ်-၆၊ ခမ္ဘာသုခလမ်း၊ မြေကွက်အမှတ်(၁၉၄)ဟုခေါ်တွင်သော ပေ (၃၀x၆၀) အကျယ်အဝန်းရှိ မြေကွက်နှင့် နှစ်ထပ်အဆောက်အအုံတစ်လုံးတို့အား ဦးမြင့်သိန်း၏ သဘောဆန္ဒအရ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၂၅ ရက်တွင် မိသားတစ်စုစီမံမှုကတိစာချုပ်ကိုပြုလုပ်ချုပ်ဆိုပြီးဖြစ်ကြောင်းနှင့် ထိုနေ့ရက်၌ ချုပ်ဆိုခဲ့သော စာချုပ်ပါအတိုင်းသာ လိုက်နာဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းစိန် ၁၂/သကတ(နိုင်)၁၄၁၀၉၇**
**ဖုန်း-၀၉-၄၂၆၃၂၇၂၃၂**

## အများသိစေရန် ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၂၅)၊ မြေကွက်အမှတ် ၂၄၀၊ အကျယ်အဝန်း ပေ(၄၀ x ၆၀) အနက် တရားဝင်မခွဲ မစိတ်ရသေးသော ခေါင်းရင်းခြမ်း၊ မြေအကျယ် ပေ(၂၀x ၆၀)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် ရေမီး အစုံအလင်နှင့် အကျိုးခံစားခွင့် အရပ်ရပ်တို့ကို အမည်ပေါက် ဦးသောင်းလှိုင် ၁၂/ အစန(နိုင်)၀၅၂၈၅၆မှ တရားဝင်ပိုင်ဆိုင်ပါကြောင်းနှင့် ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပါသောကြောင့် ၎င်းထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးမင်း ၁၂/အစန(နိုင်)၁၆၀၉၉၆ က ဝယ်ယူရန် စရန်ငွေအချို့ပေးချေထားပြီးဖြစ်၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကန့်ကွက်မည့်သူကိုယ်တိုင် တရားဝင်ခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းနှင့်အတူ ကျွန်ုပ်ထံသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးမျိုးမင်း၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဂရေစီအေးမြင့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်- ၁၃၆၈၇/၁၇)**
**အိမ်- အမှတ်(၃၆၇)၊သုတစလမ်း၊(၄)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး**
**ရုံး- အမှတ်(၄၃၈/က)၊ သစ္စာလမ်း၊(၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဒက္ခိဏခရိုင်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၄/ရွှေကြာပင်၊ မြေကွက်အမှတ်(၁၃၇၃)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်ချိုချိုစိုး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၉၂၁/၂၀၂၀ ဖြင့် ကိုယ်စားလှယ်ရရှိထားသူ ဦးဇော်ဇော်ဦး (ဘ)ဦးထွန်းဦး ၁၀/သထန(နိုင်)၀၇၀၃၇၃ မှ ဒေါ်မိနန္ဒာကျော် (ဘ)ဦးကျော်မြင့် ၃/ကကရ(နိုင်)၀၇၇၃၉၆ နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပါရန် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ကြော်ငြာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ရေတာရှည်မြို့နယ်၊ သိုင်းဝကျေးရွာအုပ်စု၊ သိုင်းဝကျေးရွာတွင် နေထိုင်သော ဦးမြင့်စိုးအောင် ၇/ရတရ(နိုင်)၁၀၈၄၁၉ မှ ၎င်းလုပ်ပိုင်ခွင့်ရရှိထားသော ရေတာရှည်မြို့နယ် သိုင်းဝကျေးရွာအုပ်စု၊ကွင်းအမှတ်(၆၁၅) ဦးပိုင်အမှတ်(၂/၁)ရှိ လယ်မြေဧက ၉ ဒသမ ၄၇ ဧကကို ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ် အနောက်ရွှေဂုံတိုင်ရပ်ကွက်၊ခြံအမှတ်(၈၉)နေ ဦးလှမြင့် ၁၂/စခန(နိုင်)၀၂၇၀၈၆ မှ အပြီးအပိုင်ဝယ်ယူခဲ့ပါသည်။၎င်းမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိသူမှ စာချုပ်စာတမ်းမူရင်းနှင့်အတူ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်**
**ဦးလှမြင့်**
**ဖုန်း-၀၉-၅၁၀၁၄၈၂၊၀၉-၄၅၀၂၆၆၆၀၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဇဋ္ဌိလ(၃)လမ်း၊ ၁၆/၁ ရပ်ကွက်၊ အမှတ် (၈၀၂/က)ဟု ခေါ်တွင်သော ဧရိယာ(၂၀x၆၀)ပေရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၆)ထပ်(၅ လွှာ)တိုက်ခန်း အကျယ်အဝန်း (၁၈x၆၀)ပေရှိ) တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့် ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်၍ တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်နီလာသိန်း ၆/ထဝန(နိုင်)၀၂၁၆၁၀ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက တိုက်ခန်းအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမြင့် (LL.B, DBL)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၂၉၇) (၅-၁၂-၂၀၁၉)**
**အမှတ်(C-1)၊ အခန်း(၃၀၁)၊ နှင်းဆီလမ်း၊ Hi-Way Complex အိမ်ရာ၊**
**ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း-၀၉-၄၂၈၁၂၉၄၉၈**

## ဖခင်အမည်မှန်

မော်လမြိုင်မြို့၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်း (A) တွင် ပညာသင်ကြားနေသော မဇင်မာဝေ၏ဖခင်အမည်မှန်မှာ ဦးအောင်ထွန်းဝင်း ၁၃/လရန(နိုင်)၂၀၇၀၉၉ ဖြစ်ပါကြောင်း။

**ဦးအောင်ထွန်းဝင်း**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကျင်းပ

## ချင်းပြည်နယ် ထန်တလန်မြို့နယ် လုံဇာရ်ကျေးရွာအုပ်စု ခွာဖိုးကျေးရွာ ရေရရှိရေးလုပ်ငန်းအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်ရန်ပုံငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် လျာထားပြီးဖြစ်

**နေပြည်တော် ဩဂုတ် ၄**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၄)မှ ဦးလှဦး၏ မန္တလေး-စစ်ကိုင်း- မုံရွာ-ရေဦးလမ်း (ပြည်ထောင်စုလမ်း၊ မုံရွာမြို့ရှောင်လမ်း)တွင် မိုင်တိုင်အမှတ် ၈၆ မိုင် ၁ ဖာလုံနှင့် ၈၈ မိုင် ၅ဖာလုံကြား လမ်းအရှည် ၂ မိုင် ၄ ဖာလုံ လက်ရှိလမ်းအား အကျယ်ပေ ၃၀ ချဲ့ပြီး ကတ္တရာကွန်ကရစ်လမ်းခင်းရန်အတွက် ၂၀၂၀ - ၂၀၂၁ ဘဏ္ဍာရေးနှစ်တွင် ထည့်သွင်းလျာထားပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဟန်ဇော်က မုံရွာမြို့ရှောင်လမ်းပိုင်း၏ မိုင်တိုင်အမှတ်(၈၁/၂) မှ (၈၄/၀)အထိ ၂ မိုင် ၆ ဖာလုံအား ၄၈ ပေအကျယ်နှင့်

*စာမျက်နှာ ၈ ကော်လံ ၁* ❁




ဒုတိယအကြိမ် အမျိုးသားလွှတ်တော် (၁၇)ကြိမ်မြောက် ပုံမှန်အစည်းအဝေး အဋ္ဌမနေ့ ကျင်းပစဉ်။ သတင်းစဉ်

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာချက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် မဲဆန္ဒရှင်စာရင်းများကို ပထမအကြိမ်အဖြစ် ၂၅-၇-၂၀၂၀ ရက်နေ့မှ ၇-၈-၂၀၂၀ ရက်နေ့အထိ ၁၄ ရက်ကြာ သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲရုံးများနှင့် ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများတွင် ကပ်ထားကြေညာလျက်ရှိပါသည်။ မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာစဉ် မဲဆန္ဒရှင်များက မဲစာရင်း လာရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်ပါက ပုံစံ (၃) ဖြင့် မဲစာရင်းတွင် အမည်ထည့်သွင်းပေးရန်တောင်းဆိုခြင်း၊ မပါဝင်သင့်သူများပါဝင်နေပါက ပုံစံ (၄) ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါ အချက်အလက်များ မှားယွင်းနေပါက ပုံစံ (၄-က) ဖြင့် ပြင်ဆင်လွှာ တင်သွင်းခြင်းများကို ဆောင်ရွက်လျက်ရှိပါသည်။

၂။ မဲဆန္ဒရှင်များက တင်သွင်းသည့် တောင်းဆိုလွှာ၊ ကန့်ကွက်လွှာ၊ ပြင်ဆင်လွှာများကို သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၏ ကြီးကြပ်မှုဖြင့် ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိနိုင်ရန်အတွက် ဖြည့်စွက်၊ ပယ်ဖျက်၊ ပြင်ဆင်ခြင်းများ ပြုလုပ်ကာ ပြန်လည်ပြုစုလျက်ရှိပါသည်။

၃။ ထိုသို့ မဲဆန္ဒရှင်များ၏ တင်သွင်းလွှာများအရ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းတို့ ဆောင်ရွက်ပြီးပါက အဆိုပါမဲဆန္ဒရှင်စာရင်းကို ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလတွင် ၁၄ ရက်ကြာ **(ထပ်မံ)** ကပ်ထားကြေညာမည်ဖြစ်ပါသည်။ ပထမအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာစဉ် အကြောင်းအမျိုးမျိုးကြောင့် တောင်းဆိုလွှာ၊ ကန့်ကွက်လွှာ၊ ပြင်ဆင်လွှာများ မတင်သွင်းနိုင်ခဲ့သည့် မဲဆန္ဒရှင်များအနေဖြင့် နောက်ဆုံးအကြိမ်အဖြစ် လိုအပ်သော တောင်းဆိုမှု၊ ကန့်ကွက်မှု၊ ပြင်ဆင်မှုများကို **(ထပ်မံ)** ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

၄။ မဲစာရင်းတွင် မိမိအမည်ပါရှိမှသာ မဲပေးခွင့်ရရှိနိုင်မည်ဖြစ်ပြီး ပြည့်စုံမှန်ကန်သော မဲဆန္ဒရှင်စာရင်းရရှိရန်အတွက် မဲဆန္ဒရှင် ပြည်သူများအနေဖြင့် အိမ်ထောင်စုတစ်စုလျှင် အနည်းဆုံး တစ်ဦး (မပျက်မကွက်) လာရောက်ကြည့်ရှုစစ်ဆေးခြင်းဖြင့် ပူးပေါင်းကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

## ကြည့်မြင်တိုင်မြို့နယ်တွင် အထွေထွေရွေးကောက်ပွဲအတွက် မဲစာရင်းများကြေညာထားပြီး မဲရုံပေါင်း ၇၁ ရုံနှင့် မဲဆန္ဒရှင် ၈၁၀၀၀ ကျော်ရှိ

**ရန်ကုန် ဩဂုတ် ၄**

၂၀၂၀ အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာထားပြီးဖြစ်သည်။ ရွေးကောက်ပွဲတွင် ပါဝင်မဲပေးနိုင်ရေးအတွက် ပထမအကြိမ် ထုတ်ပြန်ထားသည့် မဲစာရင်းများကို ဇူလိုင် ၂၅ ရက်မှစတင်၍ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာများအလိုက် ကြေညာကပ်ထားပြီးဖြစ်သည်။

ပထမအကြိမ် ပြုစုထားသော မဲစာရင်းများအရ ရန်ကုန်တိုင်းဒေသကြီး ကြည့်မြင်တိုင်မြို့နယ်အတွင်း ၂၂ ရပ်ကွက်၌ မဲဆန္ဒရှင် အမျိုးသား ၃၇၄၉၂ ဦးနှင့် အမျိုးသမီး ၄၃၈၈၀ စုစုပေါင်း ၈၁၃၇၂ ဦးရှိပြီး မဲရုံပေါင်း ၇၁ ရုံ ဖွင့်လှစ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

*စာမျက်နှာ ၁၅ ကော်လံ ၁* ✻



## ၂၀၂၀-ပြည့်နှစ်၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်စာရင်း ထုတ်ပြန်ခြင်းလုပ်ငန်း အသိပေးကြေညာခြင်း

၁။ COVID–19 ရောဂါကာကွယ်ထိန်းချုပ်တားဆီးရေး အဓိကဦးစားပေး ဆောင်ရွက်နေရသော ကာလဖြစ်ပါသဖြင့် ၂၀၂၀ –ပြည့်နှစ်၊ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲ အောင်စာရင်းများကို သတ်မှတ်ရက်တွင် ကြေညာရာ၌ ယခင်နှစ်များကဲ့သို့ စာစစ်ဌာနများနှင့် အခြေခံပညာအထက်တန်းကျောင်းများတွင် လုံးဝ**(လုံးဝ)** ကပ်ထားခြင်းမပြုဘဲ ပညာရေးဝန်ကြီးဌာန၏ Website များဖြစ်သော www.moe.gov.mm နှင့် www.myanmarexam.org တို့တွင် ကြည့်ရှုနိုင်ရန် ( ၉.၈.၂၀၂၀ )ရက်နေ့ (တနင်္ဂနွေနေ့)၊ နံနက် ( ၀၀ : ၃၀ ) နာရီမှစတင်၍ အသိပေးထုတ်ပြန် ကြေညာပေးပါမည်။

၂။ တက္ကသိုလ်ဝင်ခွင့်စာမေးပွဲအောင်စာရင်းများကို Website မှ အသိပေးထုတ်ပြန်ကြေညာသည့်အပြင် ဝေးလံသော ဒေသများရှိ စာစစ်ဌာနများနှင့် အင်တာနက်အဆက်အသွယ်မရရှိသော စာစစ်ဌာနများ၏ အောင်စာရင်းများကို မြန်မာ့အသံရေဒီယိုအစီအစဉ်၊ SKYNET Education Channel တို့မှလည်း အောင်စာရင်းထွက်သည့်နေ့တွင် ကြေညာပေးပါမည်။

၃။ Online ဖြင့် အောင်စာရင်းထုတ်ပြန်ပြီး နောက်တစ်နေ့( ၁၀.၈.၂၀၂၀ )ရက်နေ့၊ (တနင်္လာနေ့)၌ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန မှ ( COVID–19 ) ရောဂါ ကာကွယ်ထိန်းချုပ် တားဆီးနိုင်ရေးအတွက် လိုက်နာဆောင်ရွက်ရန် ညွှန်ကြားချက်များ၊ လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာ စာစစ်ဌာနဖွင့်လှစ်သော ကျောင်းများတွင် ဖြန့်ဝေပေးထားသည့် သက်ဆိုင်ရာစာစစ်ဌာန၏ အောင်စာရင်းများကို ကျောင်းအုပ်ကြီးနှင့် တာဝန်ကျ ဆရာ/ဆရာမများ၏ ကြီးကြပ်မှုဖြင့် တစ်ဦးနှင့်တစ်ဦး (Physical Distancing ) အနည်းဆုံး (၆)ပေကွာခြား၍ ကြည့်ရှုနိုင်ရန် နံနက် ( ၉ )နာရီ မှ ညနေ (၄)နာရီအတွင်း ကြည့်ရှုခွင့်ပြုရန်အတွက် အောက်ပါအတိုင်း စီစဉ်ထားရှိမည် ဖြစ်ပါသည်။

*စာမျက်နှာ ၈ ကော်လံ ၁* ❄

မြန်မာ့အလင်း

ယနေ့ရန်ကုန်
Yangon Today

၁၃၈၂ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၂ ရက်

၂၀၂၀ ပြည့်နှစ်၊ ဩဂုတ် ၅ ရက်၊ ဗုဒ္ဓဟူးနေ့

# အခုတော့ ပေါ်လာပါပြီ



YPS ကတ်စမ်းသပ်အသုံးပြုနေသူကို တွေ့ရစဉ်။

■ တင်ဝင်းလေး (ကြည့်မြင်တိုင်)

**၂၄-၆-၂၀၂၀ နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ရန်ကုန်စာမျက်နှာကနေ YBS ကတ်တွေနဲ့ပတ်သက်လို့ "မျှော်သာမျှော်သည် မပေါ်လာနိုင်သေးသည့် YBS ကတ် " ဆိုပြီး ဆောင်းပါးတစ်ပုဒ် ရေးခဲ့ဖူးပါတယ်။**

အခုတော့ စာရေးသူတို့ ငယ်ငယ်က အငြိမ့်မင်းသမီးကြီးတစ်ဦး သီဆိုခဲ့ဖူးတဲ့ သီချင်းတစ်ပုဒ်ထဲက စာသားလေးကို ခေတ္တ ငှားသုံးလိုက်ပါရစေ။ ''မျှော်တုန်းမျှော်ဆဲသူလည်းရောက်လာ ပျို့ချစ်သူမောင့်ကိုသာ" ဆိုတဲ့စာသားလေးလိုပါပဲ ''အခုတော့ ပေါ်လာပါပြီ '' လို့ ပြန်ရေးပါရစေ။ ရေးမှလည်း စာရေးသူဘက်က တာဝန်ကျေမှာလို့လည်း ခံယူမိပါတယ်။

**ခရီးသွားပြည်သူတွေ အသုံးပြု**

YBS စတင်ပြောင်းလဲတဲ့နေ့က ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၆ ရက်နေ့ပါ။ အခုဆို YBS သက်တမ်းသုံးနှစ်နဲ့ ခြောက်လအကျော်မှာ Yangon Payment Service (YPS) ဆိုပြီး ထင်ရှားစွာထွက်ပေါ်လာခဲ့ပါပြီ။ တိတိပပ ဆိုရမယ်ဆိုရင်တော့ YBS သက်တမ်းသုံးနှစ် ခြောက်လနဲ့ ခြောက်ရက်စွန်းတဲ့ ၂၀၂၀ ဇူလိုင် ၂၁ ရက်မှာ ခရီးသွားပြည်သူတွေ တကယ်အသုံးပြုနိုင်ခဲ့တာ ဖြစ်ပါတယ်။

မကြာမီ ၂၀၂၀ ပါတီစုံ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပတော့မှာပါ။ အဲဒီအခါမှာ အနိုင်ရပါတီက အစိုးရဖွဲ့ရမှာမို့ လက်ရှိအစိုးရသက်တမ်းဟာ အများကြီး မကျန်တော့ ပါဘူး။

**အချပ်ပို (ဃ) သို့**




# ရန်ကုန်မြို့နေပြည်သူတွေ ဟင်းသီးဟင်းရွက်ဝယ်ယူစားသုံးရေးအဆင်ပြေစေဖို့

■ ဆွေဦးဝေ

ရန်ကုန်မြို့ဟာ ကိုဗစ်-၁၉ နဲ့ကြုံတွေ့နေရတဲ့ကာလမှာ နေ့စဉ်လူမှုဘဝနေထိုင် စားသောက်တဲ့ ပုံစံတွေပြောင်းလဲမှု ရှိလာပါတယ်။ အစားအသောက်၊ အဝတ်အထည်နဲ့ လူသုံးကုန်ပစ္စည်းတွေပါမကျန် အွန်လိုင်းက ရောင်းဝယ်မှုတွေ တွင်တွင်ကျယ်ကျယ် ဖြစ်ထွန်းလာပါတယ်။ မိမိလက်ကိုင်ဖုန်းနဲ့ ချိတ်ဆက်ပြီး လိုချင်တဲ့ပစ္စည်းကို မှာယူလိုက်ရင် နေ့ချင်းရောက်ရှိလာတဲ့ စနစ်ကိုလည်း ရန်ကုန်မြို့နေပြည်သူတွေ နှစ်သက်လာကြတာ တွေ့နေရပါတယ်။ အခုဆိုရင် ရန်ကုန်မြို့မှာ အစားအစာနဲ့ အသုံးအဆောင်



ပစ္စည်းတွေအပြင် ဟင်းသီးဟင်းရွက်တွေ လိုက်လံရောင်းချပေးမယ့် တောင်သူဈေးကားတွေ ထွက်ရှိလာပြီး ပြည်သူတွေကို ရောင်းချပေးနေပြီ ဖြစ်ပါတယ်။

**လိုက်လံထောက်ပံ့ဖြည့်ဆည်း**

ကိုဗစ်-၁၉ နဲ့ ရင်ဆိုင်နေရတဲ့ ကာလမှာ အခြေခံစားကုန်ပစ္စည်းတွေကို ရန်ကုန်မြို့နေအခြေခံပြည်သူတွေအတွက် လိုက်လံထောက်ပံ့ဖြည့်ဆည်းပေးခဲ့တဲ့ ပရဟိတအဖွဲ့တွေရှိပါတယ်။ အတိုင်းအတာတစ်ခုအထိတော့ ဖြည့်ဆည်းပေးနိုင်ကြပေမယ့် ရေရှည်မှာ နေ့စဉ်ရက်ဆက်အတွက် အခက်အခဲရှိလာပါတယ်။ ဒီအခြေအနေကို တတ်နိုင်သမျှ ဖြေရှင်းဖို့နဲ့ မြန်မာနိုင်ငံက တောင်သူတွေအတွက် ထုတ်ကုန်သီးနှံတွေ ဈေးကွက်ရရှိစေဖို့ အခုလို ရန်ကုန်တောင်သူဈေးကားတွေကို စီစဉ်အကောင်အထည်ဖော်ခြင်းဖြစ်တယ်လို့ မြန်မာနိုင်ငံသစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက်စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ တာဝန်ရှိသူတွေက ပြောကြားထားပါတယ်။

ဒီလိုတောင်သူဈေးကားတွေ ရန်ကုန်မြို့မှာ ထွက်ရှိရောင်းချနိုင်ဖို့အတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီထံ လုပ်ကိုင်ခွင့် လျှောက်ထားခဲ့တာဟာ ၂၀၂၀ ပြည့်နှစ် ဇွန်လ ၂၉ရက်ကတည်းက ခွင့်ပြုချက်ရရှိခဲ့တာ ဖြစ်ပါတယ်။ ကနဦးမှာတော့ တောင်သူဈေးကားနှစ်စီးနဲ့ ဟင်းသီးဟင်းရွက်တွေကို စမ်းသပ်ရောင်းချခဲ့တာဟာ ပြည်သူတွေ

**အချပ်ပို (ဃ) သို့**

# အသစ်တစ်ဖန် ပြန်လည်နိုးထလာသော Yangon Water Bus

**ရှင်နော်၊ ဓာတ်ပုံ - အာကာစိုး**



ရန်ကုန်မြစ်တစ်ဖက်ကမ်းနေ ပြည်သူတို့အတွက် Yangon Water Bus ၏ ရေယာဉ်ခရီးစဉ်က အသစ်တစ်ဖန် နိုးထမှုနှင့်အတူ အစပြုပြီဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၁ ရက်တွင် ပြန်လည်မွေးဖွားလာသော Yangon Water Bus က လမ်းသစ်-ဆာပါချောင်ရေလမ်းခရီးဖြင့် ရန်ကုန်မြစ်၏ ရေလမ်းခရီးကို စတင်နေပြီဖြစ်သည်။

ရန်ကုန်တိုင်း ဒေသကြီးအတွင်းရှိ မြစ်ချောင်းများကို အသုံးပြု၍ အများပြည်သူသယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် တစ်တပ်တစ်အား ပါဝင်မည်ဟူသောရည်ရွယ်ချက် ဖြင့် Yangon Water Bus သည် ၂၀၁၇ ခုနှစ် အောက်တိုဘာလတွင် တင်ဒါအောင်ပြီး ရန်ကုန်မြစ်တစ်ဖက်ကမ်း ခရီးစဉ်များကို စတင်ပြေးဆွဲခဲ့သည်။ စတင်ပြေးဆွဲစဉ်က ရန်ကုန်မြစ်တစ်ဖက်ကမ်းခရီးစဉ်များ၊ တွံတေး၊ ရေလယ်ကျောက်တန်းခရီးစဉ်များ၊ ရန်ကုန်မြစ်တွင်း ညနေခင်း နေဝင်ချိန်ဆည်းဆာအလှကြည့်ရှုသည့် အပန်းဖြေခရီးစဉ်များကို သင်္ဘော အစင်းရေ ၁၁ စင်းဖြင့် ဝန်ဆောင်မှုပေးခဲ့သည်။

## လုပ်ငန်းအရှုံးပေါ်

ထိုစဉ်အချိန်များက မိုးလေကင်းလွတ်ချိန်တွင် Yangon Water Bus ၏ တစ်ရက်တာ ခရီးစဉ်ကို လိုက်ပါစီးနင်းရန် အမြဲလိုလို စိတ်ကူးဖြစ်ခဲ့သည်။ သို့သော် နေ့စဉ်ဖြစ်ပေါ်နေသောသတင်းများ၊ အပတ်စဉ် ဆောင်းပါးအစီအစဉ်များကြောင့် Yangon Water Bus ကို စီးခွင့်မသာခဲ့ပေ။ ထိုသို့နေရင်း Yangon Water Bus ခရီးစဉ်များသည် ၂၀၁၉ ခုနှစ် စက်တင်ဘာလတွင် ရပ်နားခဲ့သည်။ မူလသတ်မှတ်ထားသော အစီအစဉ်များအရ Yangon Water Bus ၏ အရှုံးခံကာလမှာ နှစ်နှစ်ဖြစ်သော်လည်း လုပ်ငန်းအရှုံးပေါ်မှုကြောင့် ရပ်တန့်လိုက်သည်မဟုတ်ဘဲ ငွေကြေးပိုင်းဆိုင်ရာ၊ စီမံခန့်ခွဲမှုပိုင်းဆိုင်ရာ၊ သင်္ဘောပိုင်းဆိုင်ရာတို့တွင် အားနည်းချက်များရှိသည့်အတွက် လုပ်ငန်းကိုယာယီရပ်ဆိုင်းခဲ့ပြီး ပြန်လည် ပြင်ဆင်မှုများ ပြုလုပ်ခဲ့ရသည်ဟု Yangon Water Bus များ၏ ပိုင်ရှင် တင့်တင့်မြန်မာကုမ္ပဏီများအုပ်စုဥက္ကဋ္ဌ ဒေါ်တင့်တင့်လွင်ထံမှ သိခွင့်ရခဲ့သည်။

ဘဏ်ဥပဒေအပြောင်းအလဲကြောင့် စီမံကိန်းချေးငွေများ ရပ်ဆိုင်းခံရခြင်း၊ လုပ်ငန်းဆောင်ရွက်မှုပိုင်းတွင် စီမံခန့်ခွဲမှုအမှားအယွင်းဖြစ်ခြင်း၊ ရေယာဉ်အရည်အသွေးများ နိမ့်ကျခြင်းတို့ကြောင့် လုပ်ငန်းကို ယာယီရပ်ဆိုင်းကာ ပြန်လည်ပြင်ဆင်မွမ်းမံမှုများ ပြုလုပ်ခဲ့ရသည်။ ရေလမ်းခရီးသယ်ယူပို့ဆောင်ရေးလုပ်ငန်းများ ပြန်လည်လည်ပတ်နိုင်ရန် ပူးပေါင်းဆောင်ရွက်လိုသူများကို ရှာဖွေခဲ့ရာတွင် တိကျစွာ စီမံခန့်ခွဲနိုင်ပြီး အတွေ့အကြုံနှင့် နည်းပညာပိုမိုမြင့်မားသည့် စင်ကာပူအခြေစိုက် SAM အလူမီနီယံ သင်္ဘောဆောက်လုပ်ရေးကုမ္ပဏီကြီးနှင့် ဆက်သွယ်နိုင်ခဲ့သည်။

အသစ်တစ်ဖန် ပြန်လည်မွေးဖွားလာသည့် Yangon Water Bus ၏ အစီအစဉ်များနှင့်ပတ်သက်၍ ဒေါ်တင့်တင့်လွင်က “လုပ်ငန်းကို ပြန်လည်ဖွဲ့စည်းတဲ့နေရာမှာ ငွေပေးချေမှုစနစ်ကအစ အလိုအလျောက်ငွေပေးချေမှုစနစ် နည်းပညာတွေ မြှင့်ထားတယ်။ ငွေပေးချေမှုစနစ်တွေကို KIWI Pay Myanmar ကုမ္ပဏီနဲ့ ချိတ်ဆက်ပြီးတော့ နိုင်ငံတကာစံနှုန်းတွေအတိုင်း KBZ Pay, CB Pay, Wave Pay တွေကို QR Code လေးနဲ့ စမတ်ဖုန်းသုံးတတ်တဲ့သူတိုင်း ကြိုတင်လက်မှတ်ကို တစ်ပတ်၊ တစ်လ၊ တစ်နှစ် ဝယ်လို့ရတဲ့ပုံစံမျိုးလုပ်ထားတယ်။ ကိုဗစ်-၁၉ အရ တန်းစီစနစ်မသုံးတော့ဘဲ လာတာနဲ့ QR Code နဲ့ Scan ဖတ်ပြီးဝင်တဲ့စနစ် ပြန်လုပ်ထားပါတယ်။”

**လုပ်ငန်းကို ပြန်လည်ဖွဲ့စည်းတဲ့နေရာမှာ ငွေပေးချေမှုစနစ်ကအစ အလိုအလျောက်ငွေပေးချေမှုစနစ် နည်းပညာတွေ မြှင့်ထားတယ်။ ငွေပေးချေမှုစနစ်တွေကို KIWI Pay Myanmar ကုမ္ပဏီနဲ့ ချိတ်ဆက် ပြီးတော့ နိုင်ငံတကာစံနှုန်းတွေအတိုင်း KBZ Pay, CB Pay, Wave Pay တွေကို QR Code လေးနဲ့ စမတ်ဖုန်းသုံးတတ်တဲ့သူတိုင်း ကြိုတင်လက်မှတ်ကို တစ်ပတ်၊ တစ်လ၊ တစ်နှစ် ဝယ်လို့ရတဲ့ပုံစံမျိုးလုပ်ထား**

“အခုတော့ လူအများဆုံးစီးတဲ့ လမ်းသစ်နဲ့ ဆာပါချောင်ကို စပြေးဆွဲတယ်။ ဒီခရီးစဉ်ဟာ မနက် လူ ၃၀၀၀၊ ညနေ လူ ၃၀၀၀ အနည်းဆုံးစီးတယ်။ တစ်နေ့ကို ၆၀၀၀ ကနေ တစ်သောင်းရှိတယ်။ အဲဒါကြောင့် ကျွန်မတို့အတွက် တော်တော်လေးကို တွက်ခြေကိုက်တယ်။ အရင်ကတော့ နာရီတိုင်းမှာ အရှုံးပေါ်တယ်။ အခုဟာ နာရီတိုင်းမှာ အမြတ်ပါတယ်။ ဒီတစ်ခါမှာတော့ အရှုံးခံပြီးပြေးဆွဲစရာမလိုတော့ဘူး။ အများကြီးမဟုတ်ပေမယ့် အမြတ်တော့ ပေါ်တယ်။ ဒီစနစ် အောင်မြင်လိမ့်မယ်ဆိုတာ ယုံကြည်တယ်။ ဒီကနေ ထပ်ပြီးတိုးချဲ့သွားမယ်။”

## ဆိပ်ကမ်းခုနစ်ခုတင်ထား

“နိုင်ငံတော်ရဲ့ပံ့ပိုးမှုအနေနဲ့ နောက်အစိုးရတစ်ခု အပြောင်းအလဲမလုပ်ခင်မှာ ငမိုးရိပ်ချောင်းကို အမြန်လေးရရှိဖို့ ဆောင်ရွက်ပေးစေချင်တယ်။ ငမိုးရိပ်ချောင်းမှာ ဆိပ်ကမ်းခုနစ်ခုတင်ထားတယ်။ အစိုးရအနေနဲ့ သူတို့ကိုယ်တိုင်ဆောက်ပေးမယ်လို့ ပြောထားတယ်။ အားလုံးလည်း သူတို့ဆက်ပြီး ကူညီပေးနေပါတယ်။ လက်ရှိအခြေအနေမှာ ပြန်လည်မွေးဖွားလာတဲ့ Yangon Water Bus ကို ပထမတစ်ကြိမ်လို အမှားမျိုးမဖြစ်အောင် စည်းကမ်းတကျ၊ စနစ်တကျ ဆက်ပြီး လုပ်ဆောင်သွားမှာပါ။”

“အခုနှစ် ဒီဇင်ဘာလမတိုင်ခင် ပန်းဆိုးတန်းနဲ့ ဗိုလ်တထောင်ဆိပ်ကမ်းကိုဖွင့်မယ်။ ဟိုဘက်အခြမ်းကတော့ အုံ့ကြီးနဲ့ သမ္မတကမ်းခြေပေါ့။ ဒီလေးခုကို လိုင်းနံပါတ် ၂၊ ၃ အနေနဲ့ ပြန်ဖွင့်မယ်။ ဒီလိုင်းတွေက အဓိကဆိပ်ကမ်းတွေဖြစ်သွားပြီးမှ အင်းစိန်ဘက်ကို ရွှေ့မယ်။ အင်းစိန်ဘက်အပိုင်းကတော့ YBS နဲ့ ချိတ်ဆက်မှာ ဖြစ်တဲ့အတွက် YRTA ကို သွားပြီးချိတ်ဆက်ရဦးမယ်။ နောက်တစ်ခုက ငွေပေးချေမှုစနစ်၊ YBS ကိုစီးတဲ့ Yangon Payment Service ကတ် ကိုင်ဆောင်ထားသူတွေက Yangon Water Bus ကိုပါ အသုံးပြုလို့ရအောင် ဝန်ကြီးချုပ်နဲ့ ကုမ္ပဏီကို ပြောပြထားပါတယ်။ ကတ်တစ်ခုတည်းနဲ့ ရေရော၊ ကုန်းရော သုံးလို့ရတဲ့စနစ်မျိုး ဆက်လုပ်သွားမှာပါ” ဟု Yangon Water Bus ၏ ရှေ့လုပ်ငန်းစဉ်များအကြောင်းကို ဒေါ်တင့်တင့်လွင်က ဆက်လက်ရှင်းပြသည်။

## တော်တော်လေး အားပေး

ထို့ပြင် ဒေါ်တင့်တင့်လွင်က Yangon Water Bus အသုံးပြုနေသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ခရီးသွားပြည်သူများနှင့်ပတ်သက်၍ “ကျွန်မတို့အဆင်မပြေဖြစ်နေတဲ့အချိန်မှာပဲဖြစ်ဖြစ်၊ အဆင်ပြေနေတဲ့ အချိန်မှာပဲဖြစ်ဖြစ် Water Bus ကို စီးနင်းတဲ့သူတွေက ဒါကိုပြန်ဖွင့်ဖို့ တောင်းဆိုတယ်။ မျှော်လင့်နေတယ်လို့လည်း ပြောကြတယ်။ သူတို့အနေနဲ့ ကျွန်မတို့ရေယာဉ်တွေအပေါ်မှာ မကောင်းမြင်တာမျိုး လုံးဝမရှိခဲ့ဘဲ အကောင်းမြင်စိတ်တစ်မျိုးတည်းရှိခဲ့တဲ့အတွက် အဲဒီအပေါ်မှာ Yangon Water Bus စီးနင်းသူအားလုံးကို ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။ သူတို့ပေးတဲ့ခွန်အားနဲ့ ကျွန်မတို့ လုပ်ငန်းပြန်စတာပါ။ လူမှုကွန်ရက်ကနေလည်း ကျွန်မတို့ကို တော်တော်လေး အားပေးပါတယ်။ အဲဒီအတွက်လည်း ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်” ဟု Water Bus စီးနင်းသူတို့အတွက် မြန်မာ့အလင်းမှတစ်ဆင့် နှုတ်ခွန်းဆက် စကားဆိုခဲ့သည်။

## ပြန်လည်ပြေးဆွဲမည်

ယခုအခါ Water Bus များကို စင်ကာပူနည်းပညာဖြင့် မြန်မာနိုင်ငံတွင် လိုသလောက်ဆောက်လုပ်နိုင်ပြီဖြစ်သည်။ Yangon Water Bus များကို လက်ရှိတွင် လေးစင်းထုတ်လုပ်ထားပြီးဖြစ်သည်။ ပြန်လည်ပြေးဆွဲလျက်ရှိသော လမ်းသစ်-ဆာပါချောင် ခရီးစဉ်အတွက် အသုံးပြုနေသော ရေယာဉ်မှာ ခရီးသည် ၈၅ ဦး တင်ဆောင်နိုင်သည်။ ပြည်ပခရီးသွားဧည့်သည်များ၊ သီးသန့်ငှားရမ်းအသုံးပြုသူများအတွက် ခရီးသည် ၁၈ ဦးဆံ့ သင်္ဘောတစ်စင်းထားရှိသည်။ ညနေခင်း နေဝင်ဆည်းဆာအလှ ကြည့်လိုသူများအတွက် သီးသန့်ခရီးစဉ်ကို လူ ၂၀၀ ခန့် တင်ဆောင်နိုင်သည့် သင်္ဘောဖြင့် အောက်တိုဘာလအတွင်း ပြန်လည်ပြေးဆွဲမည်ဖြစ်ပြီး တွံတေးခရီးစဉ်၊ ကျောက်တန်းခရီးစဉ်များကိုလည်း ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲမည်ဟု ဆိုသည်။

ထို့ကြောင့်ပင် လာမည့်ပွင့်လင်းရာသီ၌ ရန်ကုန်မြစ်ပြင်တစ်လျှောက် လူးလာခေါက်တုံ့ပြေးဆွဲနေသော Yangon Water Bus များ၊ ရန်ကုန်သူရန်ကုန်သားတို့အတွက် အပန်းဖြေခရီးစဉ်ပြေးဆွဲပေးနေသော Yangon Water Bus များကို အသစ်တစ်ဖန် ပြန်လည်မြင်တွေ့ကြရတော့မည်ဖြစ်သည်။ ဤအကြိမ်တွင် အသစ်တစ်ဖန် ပြန်လည်နိုးထလာသော Yangon Water Bus ၏ နေ့ချင်းပြန်ခရီးစဉ်တစ်ခုကို မဖြစ်မနေလိုက်ပါစီးနင်းနိုင်ရန် ကြိုးစားပါဦးမည်။ ။

# သီလဝါမှာ ဂျပန်ကုမ္ပဏီတွေတည်ဆောက်မယ့် ဓာတ်အားစက်ရုံစီမံကိန်း

❍ ဆွေဦးဝေ

အိမ်ရှေ့ခန်းအမှောင်ထဲမှာ ထိုင်နေရင်း ဖျတ်ခနဲလာတဲ့ လျှပ်စစ်မီးရောင်ကြောင့် စိတ်ကျဉ်းကျပ်မှုတွေ လျော့ကျပျော့ပါးသွားပါတယ်။ လျှပ်စစ်ဓာတ်အားကို အဓိကအားထားပြီး နေ့စဉ်လူမှုဘဝကို ဖြတ်သန်းနေတဲ့ ရန်ကုန်မြို့နေပြည်သူတွေအတွက်ကတော့ လျှပ်စစ်ဓာတ်အား အပြတ်အတောက်မရှိဘဲ ဖူလုံစွာရရှိရေးက အရေးပါနေတဲ့အနေအထားမှာ ရှိပါတယ်။ အရင်ကထက်စာရင် ရန်ကုန်မြို့ဟာ ဓာတ်အားဖြတ်တောက်မှု သိသိသာသာ လျော့ကျသွားတာမို့ အတိုင်းအတာတစ်ခုထိ စိတ်ကျေနပ်မှု ရရှိနေကြတာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အား ပြည့်ပြည့်ဝဝရရှိစေဖို့ အတွက်ရန်ကုန်မြို့မှာဓာတ်အားပေးစက်ရုံသစ်တစ်ခုတည်ဆောက်ဖို့ စီစဉ်နေပြီလို့ သိရပါတယ်။




### ရင်းနှီးမြှုပ်နှံဆောင်ရွက်

ဒီလျှပ်စစ်ဓာတ်အား စက်ရုံကတော့ ရန်ကုန်မြို့ ဆင်ခြေဖုံးဖြစ်တဲ့ သီလဝါမှာ တည်ဆောက်မှာဖြစ်ပြီး ဂျပန်ကုမ္ပဏီတွေ သုံးခုက ပြည်တွင်းက ဒေင်အုပ်စုနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ ဒီစက်ရုံဟာ သဘာဝဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံ အမျိုးအစားဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံနဲ့ ၂ ဘီလီယံခန့်ကို ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမှာ ဖြစ်တယ်လို့ သိရပါတယ်။

### လျှပ်စစ်ဓာတ်အား လိုအပ်မှုရှိနေ

ရန်ကုန်မြို့နေ ပြည်သူတွေဟာ အိမ်ထောင်စုအသုံးအဆောင် လျှပ်စစ်ပစ္စည်းတွေ တဖြည်းဖြည်းနဲ့ အသုံးပြုမှုများလာတာတွေ၊ ရွှေ့ပြောင်းနေထိုင်ကြတဲ့ လူဦးရေများပြားလာတာတွေ၊ စက်ရုံ၊ အလုပ်ရုံနဲ့ စက်မှုဇုန်တွေ တိုးချဲ့လာတာတွေကြောင့် လျှပ်စစ်ဓာတ်အား လိုအပ်မှု ရှိနေဆဲဖြစ်ပါတယ်။ ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းဖို့ဆိုတာ လျှပ်စစ်ဓာတ်အားထုတ်လုပ်ပေးနိုင်တဲ့ စက်ရုံတွေ၊ လေ၊ နေ၊ ရေနဲ့ ကျောက်မီးသွေးစတဲ့ အရာတွေကတစ်ဆင့် ထုတ်လုပ်ရယူနိုင်တာမို့ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံး နည်းလမ်းနဲ့ ရယူနိုင်ရေး ကြိုးစားအကောင်အထည်ဖော်နေကြတာဖြစ်ပါတယ်။

အခုတည်ဆောက်ဖို့စီစဉ်နေတဲ့ သဘာဝဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံဟာ လျှပ်စစ်ဓာတ်အားမဂ္ဂါဝပ် ၁၂၅၀ ထုတ်လုပ်ပေးနိုင်တဲ့ အစွမ်းရှိတယ်လို့ဆိုပါတယ်။ ဒီစီမံကိန်းကို အကောင်အထည်ဖော်တည်ဆောက်မယ့် ဂျပန်ကုမ္ပဏီတွေကတော့ Marubeni, Sumitomo Corp နဲ့ Mitsui တို့ပဲဖြစ်ပါတယ်။ ဒီကုမ္ပဏီတွေက သီလဝါမှာ သဘာဝဓာတ်ငွေ့ရည်သုံးဓာတ်အားပေးစက်ရုံ တည်ဆောက်နိုင်ရေး စီစဉ်နေတာဖြစ်ပါတယ်။

### ၂၀၂၅ ခုနှစ်မှာ စတင်လည်ပတ်နိုင်

ဒီဂျပန်ကုမ္ပဏီသုံးခုက စုပေါင်းရင်းနှီးမြှုပ်နှံမှုပြုလုပ်ကာ တည်ဆောက်အကောင်အထည်ဖော်ရင် လာမယ့် ၂၀၂၅ ခုနှစ်မှာ ဓာတ်အားပေးစက်ရုံ စတင်လည်ပတ်နိုင်မှာဖြစ်ပါတယ်။ ဒီလိုလည်ပတ်ခဲ့ရင် မြန်မာနိုင်ငံရဲ့ လက်ရှိ လျှပ်စစ်ဓာတ်အားပေးစက်ရုံတွေရဲ့ ၂၀ ရာခိုင်နှုန်းနဲ့ညီမျှတဲ့ စွမ်းရည်နဲ့စတင်လည်ပတ်နိုင်မှာဖြစ်ပါတယ်လို့ သိရပါတယ်။ ဒီဓာတ်အားပေးစက်ရုံလည်ပတ်တဲ့ အချိန်မှာ မြန်မာနိုင်ငံရဲ့ ဓာတ်အားလိုအပ်ချက်ရော၊ ရန်ကုန်မြို့ရဲ့ ဓာတ်အားလိုအပ်ချက်တွေကိုပါ အတိုင်းအတာတစ်ခုအထိ ဖြည့်ဆည်းပေးနိုင်မှာ ဖြစ်ပါတယ်။

### ရင်းနှီးမြှုပ်နှံမှုတွလိုအပ်

မြန်မာနိုင်ငံရဲ့ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကိုကြည့်ရင် တစ်နှစ်ကို ၁၀ ရာခိုင်နှုန်းကနေပြီး ၂၀ ရာခိုင်နှုန်းအထိ တိုးတက်နေတာမို့ ဒီလိုဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရေးအတွက် ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံမှုတွေ လိုအပ်နေတာဖြစ်ပါတယ်။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းတွေအားလုံးဟာ ငွေကြေးရင်းနှီးမြှုပ်နှံမှုအပြင် နည်းပညာကျွမ်းကျင်သူတွေ၊ ပညာရှင်တွေလည်း လိုအပ်တာမို့ အများအားဖြင့်တော့ ပြည်ပရင်းနှီးမြှုပ်နှံမှုတွေကိုသာ ဒီကဏ္ဍအတွက် မျှော်လင့်အားကိုးနေရတာလည်း ဖြစ်ပါတယ်။

မြန်မာနိုင်ငံအနေနဲ့သာမက ရန်ကုန်မြို့ရဲ့ စက်မှုဇုန်တွေ၊ စီးပွားရေးလုပ်ငန်းတွေ၊ အထူးဇုန်နဲ့ အခြားမြို့ပြ စီမံကိန်းသစ်တွေအပြင် နောက်ထပ်စီမံကိန်းအသစ်တွေအတွက် လျှပ်စစ်ဓာတ်အားလုံလောက်စွာ ပေးနိုင်ဖို့ လိုအပ်တာတော့ အမှန်ပါပဲ။ လျှပ်စစ်ဓာတ်အားလိုအပ်ချက်ဟာ ပြည်ပက ဝင်ရောက်လိုတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို အဟန့်အတားဖြစ်စေပါတယ်။

### အဓိကအချက်တစ်ချက်

ဒါ့အပြင် ပြည်တွင်းကစီးပွားရေးလုပ်ငန်းတွေ၊ အသေးစားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်းတွေ ရှင်သန်ဖွံ့ဖြိုးတိုးတက်နိုင်စေဖို့ဆိုတာ ငွေကြေးအရင်းအနှီးအပြင် လျှပ်စစ်ဓာတ်အား ပြည့်ဝဖူလုံစွာရရှိရေးကလည်း အဓိကအချက်တစ်ချက်အနေနဲ့ တည်ရှိနေပါတယ်။ ဒါကြောင့် လိုအပ်တဲ့ လျှပ်စစ်ဓာတ်အားတွေ ဖြည့်ဆည်းနိုင်ဖို့ နိုင်ငံတော်နဲ့ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတွေက ကြိုးစားဆောင်ရွက်နေကြတာဖြစ်ပါတယ်။

### လိုအပ်နေတဲ့ဓာတ်အားဖြည့်ဆည်း

အခုတည်ဆောက်ဖို့ အစီအစဉ်ရှိနေတဲ့ သဘာဝဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံဟာ လိုအပ်နေတဲ့ဓာတ်အားဖြည့်ဆည်းဖို့ အရေးပါတဲ့ ထောက်ပံ့မှုတစ်ခုဖြစ်ပါတယ်။ LNG စွမ်းအင်ဝယ်လိုအားဟာ အရှေ့တောင်အာရှမှာ ဈေးသက်သာတဲ့ ကျောက်မီးသွေးထက် စွန့်ပစ်ဓာတ်ငွေ့များ ထွက်ရှိမှုနည်းတဲ့ အခြားရွေးချယ်စရာတစ်ခုအဖြစ် ဖွံ့ဖြိုးလာတော့မှာဖြစ်တယ်လို့ နိုင်ငံတကာ လျှပ်စစ်စွမ်းအင်ဆိုင်ရာ သုတေသနပညာရှင်တွေက သုံးသပ်ထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာ LNG မှ ဓာတ်အားမဂ္ဂါဝပ် ၃၅၀ ထုတ်လုပ်မယ့်စက်ရုံ စီမံကိန်းတစ်ခုကိုလည်း ကျောက်တန်းမြို့နယ် အတွင်းမှာ တည်ဆောက်လျက်ရှိပါတယ်။ ဒီစီမံကိန်းအတွက် လိုအပ်တဲ့ LNG သင်္ဘောဆိုက်ကပ်မယ့်ဆိပ်ကမ်း၊ ဓာတ်အားပေးစက်တွေတပ်ဆင်ဖို့ တည်ဆောက်ရေးလုပ်ငန်းတွေ၊ ၂၀ လက်မ ဓာတ်ငွေ့ပိုက်လိုင်းတွေ သွယ်တန်းတဲ့လုပ်ငန်းတွေ၊ ဓာတ်အားခွဲတိုးချဲ့ခြင်းစတဲ့ လုပ်ငန်းတွေကို အပြီးဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

ရန်ကုန်မြို့မှာ အလုံ၊ သာကေတနဲ့ သန်လျင်ဓာတ်အားပေးစက်ရုံတွေသာမကဘဲ ကျွန်းချောင်းကျောက်ဖြူ ဓာတ်အားပေးစက်ရုံ စီမံကိန်း ငါးခုကနေပြီး ဓာတ်အားပမာဏ ၁၀၇၂ ဒသမ ၀၈ မဂ္ဂါဝပ်ထုတ်လုပ်နိုင်ရေးကို တင်ဒါအောင် ကုမ္ပဏီတွေက ဆောင်ရွက်နေကြတာဖြစ်ပါတယ်။ အလုံဓာတ်အားပေးစက်ရုံ စီမံကိန်းအတွက် တရုတ်ကုမ္ပဏီတွေက တင်ဒါအောင်ပြီး ဆောင်ရွက်နေတာဖြစ်သလို သန်လျင်ဓာတ်အားပေးစက်ရုံ စီမံကိန်းနဲ့ သာကေတ ဓာတ်အားပေးစက်ရုံစီမံကိန်းကလည်း တရုတ်အခြေစိုက်ကုမ္ပဏီတွေက လုပ်ကိုင်နေတာဖြစ်ပါတယ်။

### ဂျပန်ကုမ္ပဏီတွေက အကောင်အထည်ဖော်

အခုလည်း သီလဝါမှာ သဘာဝဓာတ်ငွေ့ရည်မှ ဓာတ်အားထုတ်လုပ်ရေး စက်ရုံစီမံကိန်းကို ဂျပန်ကုမ္ပဏီတွေက အကောင်အထည်ဖော်တော့မှာဖြစ်ပါတယ်။ "ဂျပန်ကုမ္ပဏီတွေ မြန်မာနိုင်ငံမှာ ကန်ဒေါ်လာ နှစ်ဘီလီယံတန် LNG ဓာတ်အားပေးစက်ရုံတည်ဆောက်နိုင်ဖို့ အနိုင်ရခဲ့ပြီ"လို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းက သူ့ရဲ့လူမှုကွန်ရက်တွင် မှတ်ချက်ပြုထားပါတယ်။

ဒီစက်ရုံက ထုတ်လုပ်နိုင်တဲ့ဓာတ်အားဟာ ချွန်ကလီးယားဓာတ်ပေါင်းဖိုတစ်ခုစာ ရှိတယ်လို့လည်း ဂျပန်ကုမ္ပဏီတွေက ဆိုထားတာမို့ စီမံကိန်းပြီးစီးမယ့် ၂၀၂၅ ခုနှစ်မှာတော့ ရန်ကုန်မြို့အပါအဝင် စက်မှုလုပ်ငန်းတွေသာမက နိုင်ငံတော်ရဲ့ ဓာတ်အားစနစ်ထဲကို ဖြည့်ဆည်းဖြန့်ဖြူးပေးနိုင်တော့မှာ ဖြစ်ပါတယ်။ ။

❒ ဒီလျှပ်စစ်ဓာတ်အား စက်ရုံကတော့ ရန်ကုန်မြို့ ဆင်ခြေဖုံးဖြစ်တဲ့ သီလဝါမှာ တည်ဆောက်မှာဖြစ်ပြီး ဂျပန်ကုမ္ပဏီတွေသုံးခုက ပြည်တွင်းက ဒေင်အုပ်စုနဲ့ ပူးပေါင်းဆောင်ရွက်ဖို့ စီစဉ်နေ

❒ ဒီစက်ရုံဟာ သဘာဝဓာတ်ငွေ့ရည်သုံး ဓာတ်အားပေးစက်ရုံ အမျိုးအစားဖြစ်ပြီး အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဘီလီယံနဲ့ ၂ ဘီလီယံခန့်ကို ရင်းနှီးမြှုပ်နှံဆောင်ရွက်သွားမှာဖြစ်

*အခုတော့ပေါ်လာပါပြီ ..... မှ*

နောက်အစိုးရသက်တမ်းတစ်ခုဖြစ်လာမှာပါ။ အဲဒါကြောင့် လက်ရှိ အစိုးရက အစိုးရ ပြန်ဖွဲ့ခဲ့နိုင်ရင်တောင်မှ အနည်းနဲ့အများ ဆိုသလို လက်ရှိတာဝန်ယူ ဆောင်ရွက်နေကြရတဲ့ လူကြီးအချို့အပြောင်းအလဲဆိုတာကလည်း ရှိလာနိုင်ကောင်းပါတယ်။

### အလျင်အမြန် ဖွဲ့စည်း

ပြောချင်တာက ရန်ကုန်တိုင်းဒေသကြီး အစိုးရရဲ့ ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းပါ။ နှစ်တွေဆွေးနေတဲ့ မ ထ သ သယ်ယူပို့ဆောင်ရေး စနစ်ကနေ ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့ (YRTA) ကို ရဲရဲတင်းတင်းနဲ့ အလျင်အမြန်ဖွဲ့စည်းပြီး ရန်ကုန်တစ်မြို့လုံးကို ရန်ကုန်ဘတ်စ်ကားဝန်ဆောင်မှု (YBS) ကားသစ်အများစုနဲ့ လွှမ်းခြုံစေခဲ့ပါတယ်။

ပြောင်းလဲမှုအစမှာ အသံတွေ မျိုးစုံဆူညံခဲ့ပေမယ့် တဖြည်းဖြည်းနဲ့ YBS ရဲ့ဝန်ဆောင်မှုအပေါ် ခရီးသွားပြည်သူတွေ ကျေနပ်မှုရှိလာကြတယ်။ စီးရတဲ့အပေါ်စိတ်ချမ်းမြေ့လာကြတယ်။ ကောင်းသတင်းတွေ ဝေဖြာလာခဲ့တယ်။

### ကတ်စနစ်ကို ဖော်ဆောင်

ပြောင်းလဲမှုအစမှာပဲ ဝန်ကြီးချုပ်က ခရီးသွားပြည်သူတွေကို စကားလက်ဆောင်ပါးခဲ့ပါတယ်။ ခရီးသွားပြည်သူတွေ ပိုမိုအဆင်ပြေစေဖို့ ခေတ်မီမီအဆင့်မြင့်မြင့်ခရီးသွားကဏ္ဍဖြစ်စေဖို့ ယာဉ်စီးခကို ငွေထည့်ပေးဆောင်ခြင်းကနေ ကတ်စနစ်ကို ဖော်ဆောင်သွားမယ်လို့ ဆိုခဲ့ပါတယ်။

ဆောင်ရွက်ပေးနိုင်မယ့် ကုမ္ပဏီတွေနဲ့ ချိတ်ဆက် ဆွေးနွေးမှုတွေ ပြုလုပ်ခဲ့ကြပါတယ်။ အတတ်နိုင်ဆုံး လိုအပ်ချက်၊ အားနည်းချက်တွေ မရှိရလေအောင် အချိန်တွေယူ ဆောင်ရွက်ခဲ့ကြပါတယ်။ ရေတွင်းတူးပြီးနောက် ရေကြည်ရအောင် စောင့်ရတဲ့ကာလတွေ ရှိခဲ့ပါတယ်။ အဲဒီအခါမှာလည်း မျိုးစုံသော ဝေဖန်မှုတွေ မြင့်တက်ခဲ့ဖူးပါတယ်။

ဒါပေမယ့် ဝန်ကြီးချုပ် ကတိစကား တည်မြဲခဲ့ပါတယ်။ လက်ရှိဝန်ကြီးချုပ် သက်တမ်းမကုန်ခင် YBS ယာဉ်စီးကတ်တွေကို ခရီးသွားပြည်သူတွေ လက်ထဲရောက်အောင် ထည့်ပေးနိုင်ခဲ့လို့ပါပဲ။

လောလောဆယ် ကတ်စသုံးနိုင်တဲ့ ယာဉ်လိုင်းတွေကတော့ ၄၃၊ ၈၈၊ ၁၂၊ ၃၈၊ ၆၂၊ ၁၄၊ ၇၂၊ ၂၅၊ ၈၇၊ ၉၆၊ ၈၉ (မြင်တော်သာ)၊ ၈၉ (မင်းနန္ဒာ)၊ ၃၀ (ပြည်လမ်း)၊ ၃၀ (သမိုင်း) ၁၄ လိုင်းပဲ ဆောင်ရွက်နိုင်သေးတာဆိုတော့ ခရီးသွားပြည်သူတွေက စောင့်ရကျိုးမနပ်ဘူးလို့ ဆိုနေကြပါတယ်။ တာမွေမြို့နယ်ဈေးရှေ့နားက YPS အရောင်းဆိုင်က ကလေးကတော့ နောက်အပတ်ထဲမှာယာဉ်လိုင်းတွေ ထပ်တိုးဖို့ရှိတယ်လို့ သတင်းစကားပြောပါတယ်။ အချို့ယာဉ်လိုင်း အတော်များများမှာတော့ စက်တွေတပ်ထားတာတွေ့နေရပါတယ်။ အသုံးပြုခွင့်တော့ မရသေးပါဘူး။

### ပိုမိုထွန်းလင်းတောက်ပ

ဒ့ါအပြင် YBS ပြောင်းပြီးကတည်းက ပါလာတဲ့ ယာဉ်အိုယာဉ်ဟောင်းတွေကတော့ ဒီအတိုင်းပဲ ကြာဦးမယ်ထင်ပါတယ်။ အဲဒါတွေကိုပါ ဝန်ကြီးချုပ်အနေနဲ့ တစ်ခါတည်း လက်စသိမ်း ဆောင်ရွက်ပေးသွားနိုင်မယ်ဆိုရင်တော့ "ရန်ကုန်တိုင်းဒေသကြီးအစိုးရရဲ့ ဂုဏ်ပုဒ်ဟာ ပိုမိုထွန်းလင်းတောက်ပလာမယ်လို့ ထင်မိပါတယ်။




Yangon Payment Service (YPS) အရောင်းဆိုင်။

### ကတ်စနစ်ကို ဆောင်ရွက်

ဇူလိုင် ၂၁ ရက်က Yangon Payment Service ဖွင့်ပွဲမှာဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ပြောခဲ့ပါတယ်။ ရန်ကုန်မြို့တော်ရဲ့ အများပြည်သူသယ်ယူပို့ဆောင်ရေး ဝန်ဆောင်မှုမှာ YBS သယ်ယူပို့ဆောင်ရေးစနစ်က အလွန်အရေးကြီးကြောင်း၊ အဲဒီဝန်ဆောင်မှုမှာ ပြည်သူလူထုအတွက် အခက်အခဲဖြစ်နေတဲ့ ကိစ္စတစ်ခုကတော့ ငွေပေးချေရေးကဏ္ဍမှာ ငွေစက္ကူကို တိုက်ရိုက်ပေးချေနေရတဲ့အတွက် ငွေအကြွေလဲလှယ်ရတဲ့ အခက်အခဲတွေရှိနေကြောင်း၊ အဲဒီအခက်အခဲတွေ ပြေလည်အောင် ဒီကတ်စနစ်ကို ဆောင်ရွက်ရတာဖြစ်ကြောင်း ပြောကြားမှု ရှိခဲ့ပါတယ်။

ဆက်ပြီး အခုလို ကိုဗစ် – ၁၉ ကာလမှာ ငွေစက္ကူကိုင်တွယ်စရာမလိုဘဲ ကိုယ့်အိတ်ထဲမှာရှိတဲ့ ကတ်တစ်ခုနဲ့ ဘတ်စ်ကားစီးလာနိုင်တဲ့ အခြေအနေတစ်ခု ဖြစ်လာတော့မှာပါ။ ဒီစနစ်ကို ကျင့်သုံးခြင်းအားဖြင့် ငွေအကြွေလဲလှယ်ဖို့ မလိုဘဲ လိုရာခရီးကို ချောချောမောမောနဲ့ အရောက်သွားနိုင်မှာပါ။

**ရန်ကုန်မြို့နေပြည်သူတွေ ဟင်းသီးဟင်းရွက် ဝယ်ယူစားသုံးရေးအဆင်ပြေစေဖို့ . . .မှ**

စိတ်ဝင်စားမှုရှိခဲ့တာမို့ အခုဆိုရင် တောင်သူဈေးကား ခုနစ်စီးနဲ့ လိုက်လံရောင်းချမှုတွေ ပြုလုပ်နေတာ ဖြစ်ပါတယ်။

"တောင်သူတွေကိုယ်တိုင် စိုက်ပျိုးထုတ်လုပ်ထားတဲ့ ဟင်းသီးဟင်းရွက်တွေကို ဈေးကားနဲ့ရောင်းချခြင်းဟာ ကိုဗစ်-၁၉ ကြောင့် ပြည်သူတွေနေအိမ်ကနေပြီး ဝယ်ယူနိုင်သလို သစ်သီးဝလံ၊ ပန်းမန်နဲ့ ဟင်းသီးဟင်းရွက်ဈေးကွက် တစ်ခုလည်း ထွက်ပေါ်လာအောင်ဖြစ်ပါတယ်"လို့ မြန်မာနိုင်ငံ သစ်သီးဝလံ၊ ပန်းမန်နှင့် ဟင်းသီးဟင်းရွက် စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအသင်း (MFVP) အတွင်းရေးမှူး ဦးကျော်သူက ပြောထားပါတယ်။

ရန်ကုန်မြို့မှာ ရန်ကုန်တောင်သူဈေးကား စတင်ရောင်းချခြင်းကိုတော့ ဇူလိုင် ၂၀ ရက်က ပြုလုပ်ခဲ့တာဖြစ်ပြီး မင်္ဂလာတောင်ညွန့်မြို့နယ် အထက်ပုဇွန်တောင်လမ်းမှာရှိတဲ့ စက်ဆန်းသိုလှောင်ရုံမှာ ကျင်းပပြုလုပ်ခဲ့တာဖြစ်ပါတယ်။ "တောင်သူကိုကူ ပြည်သူကိုလှူ" ဆိုပြီး ဥယျာဉ်ခြံတွေထဲက သီးနှံတွေကို ထိုက်သင့်တဲ့ဈေးနှုန်းနဲ့ ပြည်သူတွေဆီရောက်အောင်၊ တောင်သူတွေလည်း ထိုက်သင့်တဲ့ ဈေးနှုန်းရသွားမယ်"လို့ MFVP အသင်းဥက္ကဋ္ဌက ပြောကြားပါတယ်။

### ဈေးနှုန်းကြီးမြင့်တာတွေရှိ

ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေကို တောင်သူတွေတိုက်ရိုက်ရောင်းချတဲ့ ဈေးကွက် မရှိတာကြောင့် တစ်ဆင့်ခံပွဲစားတွေက တစ်ဆင့် စားသုံးသူထံသို့ ရောက်ရှိခြင်းဖြစ်တာမို့ ဈေးနှုန်းကြီးမြင့်တာတွေ ရှိနေတာဖြစ်ပါတယ်။ အခုလို ရန်ကုန်တောင်သူဈေးကား စီစဉ်ပေးနိုင်တာက အဲဒီဈေးနှုန်းကြီးမြင့်တာကို အထိုက်အလျောက် အထောက်အကူပြုပေးနိုင်မှာ ဖြစ်ပါတယ်။

ရန်ကုန်တောင်သူဈေးကားပေါ်မှာတော့ သစ်သီးဝလံနဲ့ ဟင်းသီးဟင်းရွက်တွေကိုသာ အဓိကထားရောင်းချသွားမှာဖြစ်ပြီး ရေရှည်လုပ်ငန်းအဖြစ် ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ တောင်သူဈေးကားပေါ်မှာ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေကို သူ့အကန့်နဲ့သူထားရှိပြီး တောင်သူရောင်းချလိုတဲ့ ကုန်ပစ္စည်းတွေကို လူလိုက်စရာမလိုဘဲ MFVP က ယာဉ်မောင်း၊ ကြီးကြပ်မယ့်သူ၊ ရောင်းပေးမယ့် ဝန်ထမ်းတွေကို ငှားပေးထားတာ ဖြစ်ပါတယ်။ ဒီစရိတ်တွေကိုတော့ တောင်သူတွေက မျှဝေအကုန်အကျခံကြရမှာဖြစ်ပြီး လောလောဆယ်တော့ ကုန်ကျစရိတ်က အသေးစိတ် မတွက်ချက်ရသေးပါဘူး။




ရန်ကုန်တောင်သူဈေးကား၌ ဈေးဝယ်သူများအား တွေ့ရစဉ်။

### ပို့ကုန်ဈေးကွက်အထိ ရောက်ရှိ

ဒီလို ရန်ကုန်တောင်သူဈေးကားနဲ့ တိုက်ရိုက်ရောင်းချတာဟာ ရောင်းသူရော၊ ဝယ်သူရော အဆင်ပြေနိုင်စေပါတယ်။ နောက်ပိုင်းမှာ ပြည်တွင်းလက်ကား ဈေးကွက်ရော၊ ပြည်ပဈေးကွက်ရော ချဲ့နိုင်ရင် ပြည်ပပို့ကုန်ဈေးကွက်အထိ ရောက်ရှိသွားမှာ ဖြစ်ပါတယ်။ နိုင်ငံခြားသားတွေ ဝယ်ယူနိုင်အောင်အထိ မျှော်မှန်းထားပြီး ဆောင်ရွက်နေတာဖြစ်လို့ အခက်အခဲတွေရှိပေမယ့် ကျော်လွှားနိုင်ဖို့တော့ လိုအပ်နေပါတယ်။

### ပြည်တွင်း ဈေးကွက်ဖြစ်

ကိုဗစ်ကာလမှာ မြန်မာနိုင်ငံတောင်သူတွေအနေနဲ့ စိုက်ပျိုးထားတဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေ ဈေးကွက်ပျက်တာတွေကြောင့် အခင်းလိုက်စွန့်ပစ်လိုက်ရတာတွေ ပြည်ပဝယ်လက်တွေအခက်အခဲကြောင့် ကားအစီးလိုက် စွန့်ပစ်လိုက်ရတာတွေ ရှိခဲ့တာမို့ အခုလို အစီအစဉ်ဟာ တောင်သူတွေအတွက် အထောက်အကူပြုပေးနိုင်မှာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ ရန်ကုန်ဈေးကွက်ဟာ ကြီးမားပြီး ရန်ကုန်နဲ့ ဆက်စပ်နေတဲ့ဈေးကွက်တွေလည်း ဖြန့်ဖြူးနိုင်တာမို့ တောင်သူတွေအားထားရတဲ့ ပြည်တွင်းဈေးကွက်ဖြစ်ပါတယ်။

### ရပ်တန့်ရောင်းချပေး

ရန်ကုန်တောင်သူဈေးကားကို ရန်ကုန်မြို့ရှိ အိမ်ရာများ၊ လူစည်းကားရာနေရာများနှင့် ဖိတ်ခေါ်ကမ်းလှမ်းလာတဲ့ နေရာတွေမှာ လာရောက်ရောင်းချပေးနေတာ ဖြစ်ပါတယ်။ တစ်နေရာမှာအနည်းဆုံး နှစ်နာရီခန့်ကြာအောင် ရပ်တန့်ရောင်းချပေးသွားမှာ ဖြစ်ပါတယ်။ ဒီလို ရောင်းချတဲ့အခါမှာလည်း လက်ရှိဈေးတွေမှာ ရောင်းချနေတဲ့ လက်လီဟင်းသီးဟင်းရွက် အရောင်းသမားတွေ မထိခိုက်အောင် ဆောင်ရွက်နေတာ ဖြစ်ပါတယ်။

### ဦးစားပေးရောင်းချ

ရန်ကုန်တောင်သူဈေးကားမှာ ရောင်းချတဲ့ ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံတွေဟာ တစ်ဆင့်ခံ လက်ကားဒိုင်တွေက လာတာမဟုတ်ဘဲ တောင်သူစိုက်ခင်းထွက်ကုန်တွေကို တိုက်ရိုက်ရောင်းချတာမို့ ဝယ်ယူတဲ့ စားသုံးသူတွေအနေနဲ့ သန့်ရှင်းလတ်ဆတ်မှုနဲ့ ဈေးနှုန်းအတိုင်း ပစ္စည်းထိုက်ထိုက်တန်တန် ရရှိစေမှာဖြစ်တဲ့ အားသာချက် ရှိပါတယ်။ ရောင်းချတဲ့ ပစ္စည်းတွေမှာလည်း ဈေးကွက်ယူထားတဲ့ ပစ္စည်းတွေထက် ဈေးကွက်ပျောက်ပစ္စည်းတွေကို ဦးစားပေးရောင်းချနိုင်ဖို့လည်း ဆောင်ရွက်လျက်ရှိပါတယ်။

### ရောင်းအားအပေါ်မူတည်ပြီး သတ်မှတ်

ဒါပေမယ့် ပုပ်သိုးလွယ်တဲ့ ကုန်စိမ်းတောင်သူတွေရဲ့ ပစ္စည်းတွေကို ဦးစားပေးရောင်းချသွားမှာဖြစ်ပြီး တောင်သူကိုယ်တိုင်တိုက်ရိုက်ရောင်းချတာမဟုတ်ဘဲ MFVP ကို ကုန်ပစ္စည်းအပ်နှံပြီးလည်း ရောင်းချနိုင်ပါတယ်။ ကုန်စည်ဈေးနှုန်းကိုလည်း ဈေးကွက်ပေါက်ဈေးနဲ့ ရောင်းအားအပေါ်မူတည်ပြီး သတ်မှတ်ပေးမှာ ဖြစ်ပါတယ်။

အခုဆိုရင် ရန်ကုန်မြို့မှာ တောင်သူဈေးကားတွေ ထွက်ရှိနေတာဖြစ်ပြီး ပြည်သူတွေအနေနဲ့ ကိုယ့်အိမ်ရာဝင်းအတွင်းကပဲ ဝယ်ယူလို့ရအောင် ဆောင်ရွက်ပေးနေပါတယ်။ တောင်သူတွေလည်း အဆင်ပြေပြီး စားသုံးသူတွေလည်း ဝယ်ယူရတာမပင်ပန်းတာမို့ ရန်ကုန်တောင်သူဈေးကားတွေ ဒီထက်ကျယ်ကျယ်ပြန့်ပြန့်နဲ့ ရောင်းချနိုင်ရင် ရေရှည်မှာ အောင်မြင်မှုရရှိနိုင်မှာ ဖြစ်ပါတယ်။ ။